WHISPER OF WORDS

ဂင်ဝေါး

ရေသေအိုင်

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

လင်းခါး

Whisper Of Words

ပုံနှိပ်မှတ်တမ်း

စာမူမူပိုင် © လင်းခါး

All rights reserved.

ငါတို့စာပေမှပထမအကြိမ်အဖြစ် ၂၀၁၉၊ဇူလိုင်လတွင် အုပ်ရေ၁၀၀၀၊ ဒုတိယအကြိမ်ကို စက်တင်ဘာလတွင် အုပ်ရေ ၁၀၀၀၊ တတိယအကြိမ်ကိုအောက်တိုဘာလတွင် အုပ်ရေ၁၀၀၀ ၊စတုတ္ထအကြိမ်ကို ဒီဇင်ဘာလတွင် အုပ်ရေ၁၀၀၀၊ ပုံနှိပ်ပြီးပဥ္စမအကြိမ်ကိုဧပြီလ၂၀၂၀တွင် အုပ်ရေ ၁၀၀၀၊ ဆဋ္ဌမအကြိမ်ကိုဖေဖော်ဝါရီလ ၂၀၂၂တွင်အုပ်ရေ ၁၀၀၀ ပုံနှိပ်သည်။ ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်(၀၀၇၀၇)တွင်ပုံနှိပ်ထုတ်ဝေသည်။ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် သိုးထိန်းက ပြုလုပ်သည်။

ယခုစာအုပ်တွင်ဖော်ပြထားသည်များမှတစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက် ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန်အသိပေးအပ်သည်။

(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)

တန်ဖိုး - ၇၀၀၀ကျပ်

Pdf creator – Nay Nyo Thway

Ebook Creator – whisper Of Words

အခန်း(၁)

နိဂုံး

နေ့လယ် နှစ်နာရီလောက်နေတော့ နွေနေပူထဲ လူတွေ ဟိုကဒီက တစ်ယောက်စ နှစ်ယောက်စနဲ့ ရောက်လာကြတယ်။ အဘွားအိုတွေ၊ မိန်းမငယ်တွေ၊ ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကောင်မလေး တစ်ယောက် နှစ်ယောက်တောင် ပါတယ်။ ပျံကျအလုပ်သမားတွေရဲ့ ရပ်ကွက်ဆိုတော့ အလုပ်နဲ့အကိုင်နဲ့ အတော်များများက တော့ လာနိုင်မယ်မထင်ဘူး။ ဒီတော့ အများစုက အိမ်မှာ မှီခိုနေရတဲ့ သက်ကြီးရွယ်အိုနဲ့ ကလေးပဲပေါ့။ သူတို့ဟာ ခိုင်မြဲကို သိမှသိပါ့မလားလို့ တွေးမိတယ်။

"မသာ တစ်ခေါက်၊ ကျောင်း ဆယ်ခေါက် လေ" တဲ့။ တစ်ခေါင်းလုံး ဖြူနေတဲ့ အဘွားကြီး တစ်ယောက်က မျက်နှာအဆီတွေ ပြန်နေတဲ့ မိန်းမငယ် တစ်ယောက်ကို ပြောနေတယ်။ နာရေးပို့တာ ကုသိုလ်ရ တယ်လို့ ပြောနေတာ နေမှာ။

အိမ်ထဲဝင်ဝင်ချင်း ကမ်းပေးတဲ့ စက္ကူယပ်တောင်အဝိုင်းလေးတွေကိုယူကြတယ်။

အဘွားကြီးတစ်ယောက်ကတော့ ယပ်တောင်ပေါ်မှာ စာရိုက်ထားတဲ့ သံဝေဂလင်္ကာလေးကို အသံထွက် ရွတ်ကြည့်နေလေရဲ့။ ရှေ့က စာကြောင်းတွေ မှာ ပါးစပ်လှုပ်ရုံပေမယ့်လည်း နောက်ဆုံးအချမှာတော့ အသံထွက်သွားတယ်..

"ကွေကွင်းနောက်ဆုံး ရှိချေတကား" တဲ့။ ပြီးတော့ ယပ်တောင်ကို လှန်လို့ တခြားတစ်ဖက်က စာကိုဖတ်တယ်။

ကိုခိုင်မြဲ အသက် သုံးဆယ့်သုံးနှစ် ၊ အယ် ကျွတ် ကျွတ် ကျွတ် ငယ်ငယ်လေးပါလား" တဲ့။ သူဟာ သူပို့ရမယ့် နာရေးရဲ့ သေသူကို အခုမှ သိသွားတယ်။ စာဖတ်နေရလို့ မေးပြီး အားစိုက်ဖတ်နေရာက မျက်လုံးဟာ

ပိုကျယ်လာတယ်။ အဘွားကြီးရဲ့ မျက်နှာတစ်ခုလုံးဟာ အရေ တွန့်တွေနဲ့ ဆိုပေမယ့် မျက်လုံးထောင့်က အရေးအကြောင်းတွေကတော့ အထင်ရှားဆုံးပဲ။

နှစ်နာရီခွဲမှာ နာရေးကူညီမှုအသင်းက ကားရောက်လာတဲ့အချိန်အထိ လူက သိပ်များလှတယ် မဆိုနိုင်သေးဘူး။ လူအယောက် လေးငါးဆယ် လောက်ပဲ ရှိဦးမယ်လို့ ထင်တယ်။ အသိအကျွမ်းများတဲ့ လူခင်များတဲ့ ခိုင်မြဲနာရေးကလည်း ခပ်ခြောက်ခြောက်ပါပဲလားလို့ တွေးနေမိတယ်။ ဒီအတိုင်းဆို ဟိုင်းလတ်ကား လေးစီးငှားထားတာမှာ တစ်စီး၊ နှစ်စီးလောက် ကတော့ လူမပါဘဲ သင်္ချိုင်းကို မောင်းလာရလိမ့်မယ်။ ဇော်ပိုင် တစ်ယောက် များ ရောက်လာလိမ့်မလားလို့ ကျွန်တော် မျှော်နေမိသေးတယ်။ မျှော်လို့သာ မျှော်နေရတယ်။ ဇော်ပိုင် အခု ဘယ်မှာနေတယ်၊ ဘယ်ဆီရောက်နေမယ် ကျွန်တော်မသိဘူး။ ဒီကောင့်ကို မမြင်တာ လေးငါးနှစ်လောက်တော့ ရှိရော ပေါ့။ တစ်ခါတလေ အလုပ်အားလို့ မြို့ကို ပြန်လာဖြစ်တိုင်းမှာ ကျောင်းရှေ့ ရောက်တိုင်း ကျောင်းထောင့်ကို လှမ်းလှမ်းကြည့်ဖြစ်တယ်။ ဇော်ပိုင့် ကွမ်းယာ ဆိုင်ကလေးများ ပြန်ဖွင့်လေဦးမလားဆိုတဲ့စိတ်နဲ့။ ဒီကောင့်ဆိုင်ကလေး ပိတ်သွားတာကို တော်တော်ကြာပြီပဲ။ ဘယ်တွေရောက်ပြီး ဘာတွေဖြစ်နေမယ် မသိနိုင်ဘူး။ ခိုင်မြဲ သေတာတောင် ဒီကောင် သိချင်မှ သိမှာ။

သုံးနာရီထိုးတော့ နာရေးကူညီမှုအသင်းကလူတွေဟာ ခိုင်မြဲ အလောင်းကို ထည့်ထားတဲ့ အလူမီနီယမ် အခေါင်းကို ကားပေါ် တင်လိုက် ကြတယ်။ ခိုင်မြဲရဲ့မိသားစုတွေကတော့ အိမ်စီးကား လုံးလုံးသေးသေးလေး တစ်စီးပေါ် တက်လိုက်ကြတယ်။ လူတွေလည်း နီးရာ ဟိုင်းလတ်ကားတွေ ပေါ် တက်ကြပြီ။ ကျွန်တော်လည်း နောက်ဆုံးမှာရှိနေတဲ့ ဟိုင်းလတ်ကားပေါ် တက်လိုက်တယ်။ ကားပေါ်မှာ ကျွန်တော်ရောမှ လူသုံးယောက်ပဲ။ နောက်မြီး နားမှာ ယပ်တောင် တဖျတ်ဖျတ်ခတ်နေတဲ့ အဘိုးကြီးတစ်ယောက်။ ဂတ်စ်အိုး ကြီးကိုမှီရင်း ထိုင်ခုံပေါ် ခြေထောက်တင်ရင်း ခေါင်းငိုက်စိုက်ကျနေတဲ့ အရက်နံ့ တထောင်းထောင်းနဲ့ လူတစ်ယောက်။ ခိုင်မြဲရဲ့ သောက်ဖော် သောက်ဖက်တွေထဲက တစ်ယောက်ဖြစ်မယ်ထင်တယ်။ စွပ်ကျယ်အင်္ကျီကို ဝတ်ထားတယ်။ စွပ်ကျယ်ကြိုးနေရာမှာ လည်ပင်းရိုးကြီးဟာ ငေါထွက်နေ လေရဲ့။ ဆံပင်က ခပ်ပါးပါး၊ အသားအရေက ခြောက်ကပ်လွန်းလို့ နွေရာသီ ကြီးမှာတောင် အသားတွေ ပက်နေသလား ထင်ရတယ်။ အရေပြားမှာ အဖြူကွက်တွေ အနီကွက်တွေအများကြီးနဲ့။ ဖောသွပ်နေတဲ့ မျက်နှာပေါ်က ဖူးအစ်နေတဲ့ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေတယ်။ ဘာတွေရွတ်နေ တယ်တော့ ဘယ်သူမှ မသိနိုင်ဘူး။ သူ့ဘာသာသူတောင် သိချင်မှသိမှာ။

ရှေ့ကို လှမ်းကြည့်လိုက်တော့ နာရေးကားတန်းဟာ စထွက်ပြီ။ ခိုင်မြဲရဲ့ ယောက်ဖဟာ ရေအိုးတစ်လုံးကိုင်လို့ အိမ်ရှေ့ ထွက်လာပြီး ရေအိုးကို ခွမ်းခနဲနေအောင် ပစ်ချခွဲလိုက်တယ်။ ကျွန်တော့်ဘဝမှာ နာရေးတွေ အတော်များများ ပို့ခဲ့ဖူးတယ်။ သိပ်မရင်းနှီးလှသူတွေရဲ့ နာရေးတွေရော၊ ရင်းနှီးကျွမ်းဝင်သူတွေရဲ့နာရေးတွေရောပေါ့။ ညစောင့်အတူလုပ်ခဲ့ဖူးတဲ့ ကိုဝင်းသိန်းရဲ့ နာရေး၊ အချစ်ဆုံးသူငယ်ချင်းတွေထဲကတစ်ယောက်ဖြစ်တဲ့ ဖိုးသက်ရဲ့နာရေး။ အဲဒီလိုနာရေးတွေ လိုက်ပို့တိုင်းမှာ ရေအိုးကိုခွဲလိုက်တိုင်း ကျွန်တော့် ရင်ဘတ်ကို ပစ်ဖောက်ခွဲလိုက်သလို နာကျင်ခဲ့ရတယ်။ သေဆုံးသွားကြသူ တွေနဲ့ အဆုံးမဲ့စည်းခြားလိုက်သလို ကြီးမားတဲ့ လစ်ဟာမှုကို ခံစားရတယ်။ ဒါပေမဲ့ ဘာကြောင့် ရေအိုးကိုခွဲရတယ် မေးမကြည့်ခဲ့ဖူးလို့ ဘာအဓိပ္ပာယ်မှန်း တော့ မသိခဲ့ဘူး။ ဒါပေမဲ့ ပါဖောမန့်အနုပညာတင်ဆက်မှုတစ်ခုကို ကြည့်ရသလိုမျိုး အစိတ်စိတ်ကွဲထွက်သွားတဲ့ ရေအိုးကိုကြည့်ရင်း တစ်စုံတစ်ခုကိုတော့ ခံစားရစမြဲပဲ။ အခုလည်း ဒီလိုပဲ ကျွန်တော့်မှာ ခံစားနေရတယ်။ ခိုင်မြဲနဲ့ ကျွန်တော်ဟာ ကြီးခါမှ ဆုံရ၊ ပေါင်းရတယ်ဆိုပေမယ့် ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေထဲကတစ်ယောက်။

ကျွန်တော် တက်စီးလိုက်တဲ့ကားကသာ လူသုံးယောက်ပဲ ပါတာ ဆိုပေမယ့် ရှေ့က ဟိုင်းလတ်သုံးစီးကတော့ လူပြည့်တယ်။ ကားထဲမှာ ထိုင်နေရင်း အရက်နံ့ရယ်၊ လူအိုနံ့ရယ် ပြင်းပြင်းထန်ထန်ကြီးကို ရနေလို့ ကားနောက်မှီး ခြောက်ခုံမှာ မတ်တတ်ရပ်စီးရင်း ရှေ့ကကားတန်းကို ကြည့်နေမိတယ်။ နာရေးလိုက်ပို့တဲ့လူတွေရဲ့ မျက်နှာတွေ။ မြို့ထဲကနေ ဖြတ်တော့ နာရေးကားတန်းမို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြတဲ့ လူတွေရဲ့ မျက်နှာတွေ။ မျက်နှာတွေရဲ့နောက်က ခံစားမှုတွေ။ လူတစ်ယောက်သေတာပဲ ဆိုပေမယ့် ကိုယ်နဲ့ ဝေးလွန်းလှတဲ့၊ ပတ်သက်မှုလုံးဝမရှိတဲ့ လူစိမ်းတစ်ယောက် ရဲ့ သေခြင်းတရားဟာ လူတွေကို ဘာခံစားမှုဝေဒနာမှ ပေးလိမ့်မယ် မထင် ဘူး။ ဒီလိုပဲ နေ့စဉ် လူတွေ သေနေကြတာပဲ။ လူသေတာ ဘာများဆန်းကြယ် နေလို့လဲ။

ကားတန်းဟာ တဖြည်းဖြည်းနဲ့ မြို့ပြင်ကို ထွက်လာတယ်။ မြို့ပြင် ရောက်ခါနီးတာနဲ့ လမ်းဟာ ရှောင်လို့မရနိုင်အောင် လမ်းလုံးပြည့် ချိုင့်ခွက် ကြီးတွေ၊ ကမူကြီးတွေနဲ့မို့ လူသုံးယောက်သာပါတဲ့ ကျွန်တော်တို့ကားဟာ ခုန်ချင်တိုင်းခုန်၊ ရမ်းချင်တိုင်း ရမ်းနေတယ်။ အမူးသမားဟာ ခုံပေါ် နောက်ပြန် ထိုင်ရင်း လက်နှစ်ဖက်စလုံးနဲ့ သံတန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား တယ်။

မျက်လုံးကို အားထည့်မှိတ်ထားရင်း ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေဆဲ။ ခိုင်မြဲ အသက်ပြန်ရှင်လာအောင် ဂါထာမန္တန်တွေ ရွတ်နေတာ များလားလို့တောင် စိတ်ပေါက်ပေါက်နဲ့ ကျွန်တော် တွေးမိတယ်။ ခိုင်မြဲရဲ့ အလောင်းဟာလည်း သူ့ကားထဲမှာ ခန်ပေါက်လို့တောင် နေမယ်ထင်တယ်။ အသေကောင်ဘဝမှာတောင် နူးညံ့သိမ်မွေ့မှုကို မရရှာတာပါလားနော်။ အဲဒီလို တွေးမိတော့ ကျွန်တော် ဖိုးသက်သေရတဲ့အဖြစ်ကို သတိရမိတယ်။ ကြာခဲ့ပါ ပြီ။

မြို့ပြင်ရောက်တော့ လယ်ကွင်းတွေ၊ ဟိုးအဝေးကြီးက လှည်းလမ်း ဖွေးဖွေးပေါ်မှာ တအိအိရွေ့နေတဲ့ နွားလှည်းတစ်စီး၊ သူ့နောက်က ဖုန်လုံးတွေ။ ဖုန်လုံးကြီးရဲ့ အထက်မှာတော့ ခြောက်သယောင်းနေတဲ့ အစိမ်းရောင် မြက်ခြောက်ပုံကြီးတစ်ပုံလိုဖြစ်နေတဲ့ တောင်ကတုံးတွေ။ မီးသဂြိုလ်စက် အဆောက်အဦကို အဝေးကနေ လှမ်းမြင်နေရပြီ။ ခေါင်းတိုင်ထိပ်မှာတော့ မီးခိုးရောင်လို့သာ ဆိုရမယ့် မီးခိုးတွေပေါ့။ ကျွန်တော်မသိတဲ့ လူတစ်ယောက် ယောက်ရဲ့ ကျန်ရစ်ခဲ့တဲ့ ကိုယ်ခန္ဓာကို မီးရှို့နေဆဲ။ အဲဒီနာရေးရဲ့ ကားတန်းက တော့ တောင်တန်း၊ ခေါင်းတိုင်နဲ့ မီးသဂြိုလ်စက်ကို နောက်ခံပြုလို့ ပြန်ထွက် လာနေကြပြီ။ လိုက်ပို့တယ်ဆိုရုံပဲ။ ကားချင်းရှောင်လိုက်တော့ နာရေးပို့ ပြန်လာကြတဲ့ ကားပေါ်က လူတစ်စုရဲ့ရယ်သံဟာ ပူပြင်းတဲ့ နေရောင်နဲ့ စိတ်ပျက် စရာ ဖုန်မှုန့်တွေကြား ယင်တစ်အုပ်လို ပျံ့ဝဲသွားတယ်။ ဘာတွေများ ရယ်စရာ တွေ့နေပါလိမ့်။ ဂစ်တာသမားတစ်ယောက်လို မုဒ်အပြည့်နဲ့ ယပ်တောင်ကို ဂစ်တာလုပ်တီးနေသူတစ်ယောက်ကိုတောင် လှမ်းမြင်လိုက်ရတယ်။

အဲဒီနောက် ခိုင်မြဲအလှည့်ကို ရောက်လာခဲ့တယ်။ တချို့လူတွေဟာ ကားပေါ်ကဆင်း သုဿန်ဇရပ်ထဲ ဝင်ကြတယ်။ ခိုင်မြဲကို သရဏဂုံတင်ကြ ဦးမယ်။ ဘုန်းကြီးသုံးပါး။ ဘုန်းကြီးသုံးပါးရှေ့မှာ ကန်တော့ပွဲတစ်ပွဲ၊ လိမ္မော်ရည် သုံးဘူး။ ကျွန်တော့်အနေနဲ့တော့ တခြားဘယ်သူမှ မငိုရင်တောင် ခိုင်မြဲရဲ့အမေ အန်တီနွယ်တော့ ငိုဦးမယ်လို့ ထင်ထားမိတာ။ အန်တီနွယ်ဟာ သားယောကျ်ားကလေးဆိုလို့ ခိုင်မြဲတစ်ယောက်သာ ရှိတာ။ အရက်နဲ့ သေရတော့ သူ ရင်ကျိုးမှာပဲ။ တက်မတက် ချက်မတက် ငိုလိမ့်မယ်လို့ ကျွန်တော်က မျှော်လင့်ထားတာ။ ဒါပေမဲ့ အိပ်ရာထဲ လပေါင်းများစွာ လဲနေရင်း အိပ်ရာပူနာတွေ ပေါက်လာတဲ့အထိတိုင်အောင် ပါးစပ်ထဲ အရက် မှဲ့ထည့်ခိုင်းပြီး သောက်နေတာကို နေ့စဉ်မြင်တွေ့နေရတာမို့ မျက်ရည်ခမ်းသွား ပြီနဲ့ တူပါတယ်။ မငိုတော့ဘူး။ တကယ့်ကို မငိုတော့တာ။ ယူကျုံးမရဖြစ်ရပုံ မျက်ရိပ်မျက်ဝန်းတွေတော့ ရှိတာပေါ့လေ။

ခိုင်မြဲရဲ့ တစ်ဦးတည်းသော အစ်မလည်း မငိုဘူး။ ခိုင်မြဲရဲ့ ပထမမိန်းမ မသွယ်၊ မိန်းမဟောင်းပေါ့။ သူလည်းပဲ တစ်ချိန်ကအကြောင်းတွေပြန်မြင်ယောင်စဉ်းစားနေတဲ့ပုံရှိပေမယ့်၊ ငိုမယ့်အရိပ်အယောင်တော့ မတွေ့ရ ဘူး။ ဒါပေမဲ့လည်း ရင်ထဲကအကြောင်းတွေကိုဘယ်သူသိနိုင်မှာလဲ။ သူလည်းပဲ ငိုချင်ရှာမှာပေါ့။ ခိုင်မြဲနဲ့ မသွယ်တို့ရဲ့ သားလေးနဲ့ သမီးလေး။ ခိုင်မြဲရဲ့သားလေးကတော့ ဖအေကို သိပေမယ့် ခြောက်နှစ်သားလောက်မှာ ဖအေ မအေကွဲ၊ အနေဝေးသွားခဲ့ရတာဆိုတော့ မျက်နှာလေး ညှိုးနေရုံလောက်ပဲ။ သမီးငယ်လေးကတော့ ငယ်သေးတယ်။ ဖအေဆိုတာကိုလည်း မွေးက တည်းက အတူလည်း မနေဘူး၊ မြင်လည်းမမြင်ဖူးခဲ့တော့ မသိဘူး။ သိလည်း သေခြင်းတရားဆိုတာကို ကောင်းကောင်းနားမလည်သေးတဲ့ အရွယ်မျိုး မအေရဲ့ အင်္ကျီအနားစကို ဆွဲထားရင်း မအေမျက်နှာကို မော့ကြည့်လိုက် ရုပ်ထွေးများမြောင်လှတဲ့ လူတွေကို ကြည့်လိုက်နဲ့ လောကအလယ်မှာနေပူမှာ ကြောင်တောင်တောင်ကလေး ဖြစ်လို့နေလေရဲ့။

ကလေးတွေကိုကြည့်ပြီး ကျွန်တော့်အတွေးထဲမှာ ခိုင်မြဲရယ်၊ မသွယ် ရယ်၊ သားကလေး သမီးကလေးရယ် ပျော်နေရွှင်နေကြတဲ့ ပုံရိပ်ကလေး တစ်ခုကို ကြိုးစားပုံဖော်ကြည့်နေမိတယ်။ ခိုင်မြဲဟာ သမီးငယ်ကလေးကို တစ်ဖက်က ချီထားရင်း၊ တစ်ဖက်က သားကြီးကို လက်တွဲလို့၊ မသွယ်က တော့ သူတို့ဘေးမှာ၊ ခိုင်မြဲလက်ပေါ်က သမီးလေးကို လှမ်းကျီစယ်နေမယ်။ ခိုင်မြဲသာ သူ့သားကလေးနဲ့ သမီးကလေးကို အခုလိုမြင်ရရင် သူလည်းပဲ ကျွန်တော်စိတ်ကူးယဉ်သလို စိတ်ကူးယဉ်နေမှာ သေချာတယ်။ ခိုင်မြဲကိုယ်စား စိတ်ကူးယဉ်ပေးတယ်ဆိုပေမယ့်လည်း ကျွန်တော့်မှာ မျက်ရည်ဝဲမိတယ်။

“မင်းနှယ် မိုက်လိုက်တာ ခိုင်မြဲရာ” လို့ ပါးစပ်က ခပ်တိုးတိုးညည်းမိတယ်။

ခိုင်မြဲရဲ့ ဒုတိယမိန်းမဖြစ်တဲ့ မိဖြူဆိုတဲ့ ကောင်မလေးကတော့ ခိုင်မြဲသေတာပဲ မသိလို့လား။ ကွာပြီးရှင်းပြီးမို့ သံယောဇဉ် ပြတ်သွားလို့ပဲလား မတွေ့မိဘူး။ တခြားမြို့မှာနေတာကြောင့်ရော ခိုင်မြဲမိသားစုနဲ့ အဆင်မပြေ တာကြောင့်ရော မလာဖြစ်တာလည်း ဖြစ်ချင်ဖြစ်မယ်။ သို့သော်လည်း သူ့မိန်းမ မိဖြူကို ကောင်းကောင်းမမြင်ဘူးလို့ သူလာလည်းကျွန်တော်သိမှာမဟုတ်ပါဘူး။ အိမ်ထောင်တစ်ခုကို ကြားဝင်ဖျက်ဆီးသူလို့ ခိုင်မြဲမိသားစု၊ဆွေမျိုးတွေနဲ့ ပတ်ဝန်းကျင်က ပြောကြဆိုကြ မြင်ကြပေမယ့်၊ ကျွန်တော့်အနေနဲ့ တော့ အဲဒီလို

တစ်ဖက်သတ်ကြီး တွေးမနေချင်တော့ပါဘူး။ သူ့ခများလည်း ကံဆိုးရှာတယ်လို့ပဲ ဆိုရလိမ့်မယ်ထင်ပါတယ်။ ခိုင်မြဲနဲ့ ပတ်သက်သမျှမှာ တော့ အားလုံးဟာ သူ့နည်းသူ့ဟန်နဲ့ ကံဆိုးကြသူတွေချည့်ပါပဲ။ ခိုင်မြဲ ကိုယ်တိုင်ဟာလည်း ကံဆိုးကောင်ပဲလို့ ထားပါတော့လေ။

ငိုသံ လုံးဝမရှိ ပကတိတိတ်ဆိတ်တဲ့ နာရေးတစ်ခုပေါ့။ ခိုင်မြဲဟာ နေ့လား၊ ညလား အသက်ထွက်တော့မယ်ဆိုတာ သိနေခဲ့ကြတာကိုက ကိုးလ ဆယ်လ ကြာခဲ့ပြီဆိုတော့ အထိတ်တလန့်ဖြစ်တာတွေ၊ အံ့ဩတာတွေ ဘယ်သူမှ ဖြစ်မနေကြတော့ဘူးလေ။ အိပ်ရာထဲ အကြာကြီးလဲနေရင်း ကိုးလ ဆယ်လ အသက်ဆက်ရှင်နေတာကိုက ဝဋ်တစ်ခုမျှပါပဲ။ မျှော်လင့်ချက်မဲ့စွာနဲ့ပဲ ပြုစုစောင့်ရှောက်နေကြရတာကိုက သူ့မိသားစုမှာ ဒုက္ခများလှပြီ။ ဒီလိုဆိုတော့ ခိုင်မြဲအပေါ် ပစ်ပစ်ခါခါနိုင်လှတယ်လို့ စွပ်စွဲချင်စရာပဲ။ ဒီလိုမဟုတ်သော် ငြားလည်း နေ့စဉ်စားရဖို့ နေ့စဉ်ရှာဖွေနေရတဲ့ မိသားစုအဖို့ ဝန်ပိုတွေဟာ စိတ်ညစ်စရာသက်သက်ပဲ မဟုတ်လား။ ကျွန်တော်ဆိုရင် လွန်ခဲ့တဲ့ နှစ်နှစ် ကျော်လောက်ကတည်းက ခိုင်မြဲတော့ အလွန်ဆုံးခံလှ နှစ်နှစ်၊ သုံးနှစ်ပဲလို့ သိနေခဲ့တာ။ ဒီလမ်းကိုလည်း သူကိုယ်တိုင်ပဲ ရွေးချယ်ခဲ့တာပဲကိုး။ သေသူကို အပြစ်ဖို့လိုက်တာပဲ အားလုံးအတွက် စိတ်သက်သာရာရကြရမှာ။ မတတ်နိုင် ဘူး။

နာရေးလိုက်ပို့သူတချို့ကတော့ ကားပေါ်ကကို မဆင်းတော့ဘူး။ ကားတွေဟာ အချိန်မရွေး ပြန်မောင်းထွက်သွားနိုင်တော့လည်း မီးသင်္ဂြိုဟ်စက် နံဘေးက သုသာန်ဇရပ်မှာတော့ ဘယ်သူမှ ကျန်ရစ်မနေခဲ့ချင်ဘူးလေ။ နာရေးလိုက်ပို့ဖို့ ငှားကြတဲ့ ကားတွေမှာ တချို့ကားတွေဆိုရင် စက်တောင် မသတ်တော့ဘဲ မီးသင်္ဂြိုဟ်စက်ရှေ့ကနေ ပြန်လှည့်ကွေ့ ပြန်သွားကြတာမျိုး ရှိတယ်။ တကယ်စိတ်ပျက်ဖို့ကောင်းတဲ့ အပြုအမူပါ။ အဲဒီနောက် တရား နာတယ်။ ငြိမ်ငြိမ်ဆိတ်ဆိတ်ပဲ။ ကျွန်တော်ဟာ ဇရပ်ထောင့်မှာ ထိုင်ရင်း ရှေ့က ခန္ဓာတစ်ခုကို မီးရှို့နေရာက ထွက်နေဆဲဖြစ်တဲ့ ခေါင်းတိုင်က မီးခိုးတွေ ကို ငေးကြည့်နေမိတယ်။ ခေါင်းတိုင်က ထွက်လာတဲ့ အဲဒီမီးခိုးပေါင်းများစွာဟာ သင်္ဂြိုစက်နောက်က တောင်ရဲ့တစ်နေရာမှာ အခိုးစွဲနေတာကိုတောင် ထင်ထင်ရှားရှား မြင်နေရတယ်။ တဖြည်းဖြည်း မီးခိုးဟာ နည်းသွားတယ်။ ခေါင်းတိုင်ထိပ်ဖျားမှာ အပူငွေ့မျှင်းမျှင်းနဲ့ မြင်ကွင်းဟာ တွန့်လိပ်လို့နေတယ်။ နောက်တစ်လောင်း ထပ်ရှို့လို့ရတဲ့ အခြေအနေရှိပြီပေါ့။

သရဏဂုံတင်လို့ပြီးတဲ့နောက်တော့ ခိုင်မြဲရဲ့အလောင်းကို အခေါင်းထဲ ကနေ သစ်သားပြားတွေစပ်ပြီး ရိုက်ထားတဲ့ အလောင်းတင်အခင်းပြားပေါ် တင်တယ်။ ပြီးတော့ မီးသင်္ဂြိုဟ်စက်ဆီ သယ်သွားကြတယ်။ ကျွန်တော် လည်း မီးသင်္ဂြိုဟ်ရုံ အပေါက်ဝထိ တိုးသွားပြီး ခိုင်မြဲအလောင်းကို နောက်ဆုံး အနေနဲ့ လှမ်းကြည့်နေလိုက်တယ်။ အသက်ထွက်ခါနီး ခက်ခက်ခဲခဲ အသက် ရှူခဲ့ရလို့ ထင်တယ်။ ခိုင်မြဲရဲ့ ထူထဲတဲ့ နှုတ်ခမ်းသားညိုညိုကြီးတွေနဲ့ ပါးစပ်ဟာ ပွင့်လို့။ ခြေမနှစ်ချောင်းကို ပူးချည်ထားတယ်။ အပေါ်က လွှားထားတဲ့ အင်္ကျီနဲ့ ပုဆိုးအကွက် အရောင်အဆင်အသွေးတွေဟာ ပိန်လှီ ခြောက်သွေ့ပြီး ပုပ်တော့မယ့် အသွေးအသားကြီးတစ်ခုအတွက် ဘာအဓိပ္ပာယ် မှ မပေးနိုင်တော့ဘူး။ ခိုင်မြဲရဲ့ ကိုယ်ခန္ဓာကြီးပဲဆိုပေမယ့် ခိုင်မြဲ မရှိတော့ဘူး။

ခိုင်မြဲရေ နှုတ်ဆက်တယ်ကွာ။“မင်းဟာ ဒီထက်ကောင်းတဲ့ ဘဝ မျိုးနဲ့ ထိုက်တန်ပါတယ်။ သူငယ်ချင်းရေ ငါ… နှုတ်ဆက်လိုက်ပါတယ် ကွာ” လို့ စိတ်ထဲကနေ ရေရွတ်မိတော့ ကျွန်တော့်ရင်ဘတ်တွေအောင့်၊ ပူလည်းပူလာပြီး ဝေဒနာဟာ အပေါ်ကို ကန်တက်လာတယ်။ မျက်ရည်အဖြစ် စိမ့်ထွက်လာတယ်။ ဒီနာရေး လိုက်ပါပို့ဆောင်မှုတစ်ခုလုံးမှာ တစ်ဦးတည်း သော မျက်ရည်ကျသူအဖြစ်နဲ့ စက်နှိုးနေပြီဖြစ်တဲ့ ဟိုင်းလတ်ကားတစ်စီးပေါ် ကျွန်တော် အပြေးကလေး တက်လိုက်တယ်။ ကားပေါ်မှာ လူ လေး ငါး ဆယ်ယောက်မက နေရာယူနှင့်ပြီးကြပြီ။ ကျွန်တော် တက်တက်ချင်းပဲ ကားဟာ ထွက်ပြီ။ မျက်ရည်စတွေနဲ့မို့ အလာတုန်းကလိုပဲ ခြေတက်ခုံပေါ် မတ်တတ်ရပ်လို့ လိုက်လာခဲ့တယ်။

အသက်သုံးဆယ့်သုံးနှစ်ဆိုတာ ဘောလုံးသမားတစ်ယောက်ဆိုရင် တောင်ကစားသမားဘဝကနေ အနားမယူချင်သေးရင် အောက်တန်းအသင်း လေးတွေမှာ ဆက်ကစားနေဦးမယ့်အရွယ်။ ခိုင်မြဲကတော့ လူ့လောကကနေတောင် ထွက်ခွာသွားခဲ့ပြီ။ ဖိုးသက်ကတော့ အဲဒီထက်ကို အများကြီး စောခဲ့သေးတာ။ ခိုင်မြဲ၊ ဇော်ပိုင်၊ ဖိုးသက်၊ ကျွန်တော်။ ကျွန်တော်တို့ လေးယောက်ရဲ့ ဟိုးတုန်းကနေ့တွေ ပြန်လွမ်းမိတယ်ဆိုပေမယ့် ပြန်တော့လည်း မလိုချင်တော့ပါဘူး။

အခန်း(၂)

မိုးကုပ်စက်ဝိုင်းကိုစားတဲ့နေ့တွေ

အဲဒီတုန်းကတော့ မနက်မိုးလင်းပြီဆိုတာနဲ့ အမေက ကျွန်တော်နဲ့ ကျွန်တော့်အစ်ကိုတို့ အိတ်ထဲကိုပိုက်ဆံ တစ်ရာစီ ထည့်ပေးလိုက်တယ်။ ပြီးတော့…

"ဒီနေ့တော့ ဘာအလုပ်ဖြစ်ဖြစ် ရအောင်သာ ရှာခဲ့တော့သားတို့ရေ" လို့ ဆိုလေ့ရှိတယ်။ ပိုက်ဆံ တစ်ရာဟာ လက်ဖက်ရည်တစ်ခွက်၊ ခေါက်ဆွဲမုန့်အသေး တစ်ခုနဲ့ ဆေးပေါ့လိပ် နှစ်လိပ်တော့ရတယ်။ အဲဒါ တစ်နေ့တာ ကျွန်တော့်အတွက် အာဟာရပါပဲ။ ရက်သတ္တပတ် တွေ ဖြစ်လာတဲ့နောက်မှာတော့ ပိုက်ဆံ တစ်ရာတောင် အမေက နေ့တိုင်း ထည့်မပေးနိုင်တော့ဘူး။ အစ်ကိုနဲ့ ကျွန်တော်ဟာ အိမ်ကထွက် မြို့ထဲ တစ်နေရာရာမှာ လမ်းခွဲလိုက်ပြီး ကိုယ်စီ အလုပ်ရှာပုံတော်ထွက်ကြတယ်။

ကျွန်တော်ဟာ မြို့ထဲလမ်းတွေပေါ်ကို ပျင်းရိပျင်းတွဲနဲ့လျှောက်၊ ဆိုင်းဘုတ်တွေ၊ လမ်းပေါ်က စက္ကူ အမှိုက်စတွေပေါ်က တံဆိပ်တွေ စသဖြင့် မြင်ကွင်းကဲ ဝင်လာသမျှ စာတန်းတွေ အကုန်လုံးကို လိုက်ဖတ်ကြည့်။ တစ်နေနေရာမှာ အလုပ်ခေါ်ဆိုင်းဘုတ်တစ်ခုခုများ တွေ့လေမလားပေါ့။ နေဟာ တဖြည်းဖြည်း မြင့်တက်လာ။ အရေပြားတွေဟာ ပူချစ်တောက်လောင်လို့။ ပိန်လှိန်းတော့ ချွေးဟာ ဖော့ဖိနပ်စီးထားတဲ့ ခြေဖဝါးတစ်နေရာကပဲ ထွက်တယ်။

စိတ်အားငယ်မှုကြောင့် ကျွန်တော်ဟာ လူတွေကြားမှာဆိုပေမယ့် လူတွေနဲ့ အဆက်အစပ်မဲ့နေတဲ့ ဝိညာဉ်တစ်ကောင်လို တစ်ယောက်တည်း ထီးထီးဖြစ်နေတယ်။ ကျွန်တော့်ကိုယ်ခန္ဓာဟာ ပိုပြီးသေး ပိုပြီး ကျုံ့ဝင်လာ တယ်လို့ လမ်းလျှောက်နေရင်း အမြဲထင်နေမိတယ်။ ကျွန်တော့်လုပ်အားကို ထိုက်ထိုက်တန်တန်အလိုရှိမယ့် အလုပ်တစ်ခု။ ဒါပေမဲ့ ကျွန်တော့်မှာ ပင်ပင် ပန်းပန်းလုပ်နိုင်မယ့်၊ ကြမ်းကြမ်းတမ်းတမ်းဖြစ်လာမယ့် လက်တွေမရှိဘူး။ မြို့ရဲ့ အခြားအစွန်တစ်ဖက်က ခုတ်ဖုတ်တဲ့ အလုပ်ရုံမှာ `အလုပ်သမား အလိုရှိသည်"

ဆိုတဲ့ စာတန်းကလေး တွေ့ရပေမယ့် ရုံထဲမှာ အလုပ်လုပ်နေ ကြတဲ့လူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို လှမ်းကြည့်ရင်း ကျွန်တော်သာ အဲဒီအလုပ် တွေ လုပ်ရရင် တစ်ရက်တည်းနဲ့ သေသွားလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတယ်။ ဒီတော့လည်း အလုပ်ခေါ်စာရေးထားတဲ့ ဘလက်ဘုတ် ကလေးကို မသိချင်ယောင်ဆောင်လို့သာ ထွက်လာရတော့တာပဲ။

ကျွန်တော့်အစ်ကိုကတော့ အဲဒီအလုပ်တွေ လုပ်နိုင်မယ်ထင်တယ်။ သေချာတော့ မပြောနိုင်ဘူး။ အစ်ကိုက အတန်းပညာ နည်းခဲ့တယ်။ ခုနစ်တန်း နဲ့ ကျောင်းထွက်ခဲ့တာ။ အရင်နေခဲ့တဲ့ မြို့ကြီးမှာတုန်းက ကျောင်းထွက် ပြီးပြီးချင်း ဂျပန်ကားဝပ်ရှော့မှာ အလုပ်ဝင်ခဲ့တယ်။ ငါးနှစ်လောက်အတွင်း ပညာတော်တော်တတ်နေပြီဆိုပေမယ့် ဒီမြို့လေးကို ပြောင်းလာတော့ ဝပ်ရှော့ တိုင်းက "ဆရာ မလိုဘူး။ ပညာသင်တပည့်ပဲ လိုတယ် ဆိုတော့ သူမှာ ဝပ်ရှော့ပညာရှိပေမယ့် အလုပ်မရနိုင်ဘူး ဖြစ်နေခဲ့တာ။ ပညာသင်တပည့်အဖြစ် အရင်ဝင်၊ နောင် ပညာတကယ်တတ်မှန်း လက်လွှဲလို့ရမှန်းသိမှ လစာ လုပ်လို့ရနိုင်ပေမယ့်၊ အဲဒါက ဘယ်လောက်ကြာမယ်မှန်း မသိဘူး။ ပိုက်ဆံရမယ့် အလုပ်ရမှလည်းဖြစ်မယ့်အခြေအနေဆိုတော့ သူ့အတွက် အလုပ်က ပိုခက်နေခဲ့တယ်။

ကျွန်တော်ကတော့ မြို့ထဲထွက်တိုင်း ဆယ်တန်းတုန်းက လွယ်ခဲ့တဲ့ ကချင်ဘေးလွယ်အိတ်ကလေး လွယ်လို့။ လွယ်အိတ်ထဲမှာ ပလတ်စတစ် လောင်းထားတဲ့ ဆယ်တန်းအောင်လက်မှတ် အမြဲပါတယ်။ အောင်လက်မှတ် ပေါ်က ကျွန်တော့် အဖြူအမည်းဓာတ်ပုံကလေးဟာ ပြုံးလို့ပါပဲ။ အဲဒီဓာတ်ပုံ ကလေး ရိုက်ခဲ့တဲ့အချိန်ကို ပြန်သတိရမိတော့ အခုအခြေအနေဟာ ကျွန်တော် မဟုတ်တော့ဘဲ အခြားသော ဘဝတစ်ခုလို့ ထင်လာမိတယ်။ ဆယ်တန်း အောင်ပြီးစ ဆယ့်ခြောက်နှစ်အရွယ် ချာတိတ်တစ်ယောက်အတွက် သင့်တော် မယ့်အလုပ် ဆိုတာထက် ဘယ်လိုအလုပ်ပဲဖြစ်ဖြစ် အလုပ်တစ်ခုက ရှားပါး လွန်းအားကြီးတယ်။ နှစ်ပတ်၊ သုံးပတ်နေတဲ့အထိ ဘာအလုပ်မှ ရှာမရဖြစ်လာ တော့ ခုတ်ဖုတ်ရုံပဲ သွားရတော့မလို ဖြစ်လာတယ်။ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း ထောက်ခံစာ စာရွက်တွေကိုလည်း ဘာရယ်မဟုတ် ထုတ်လိုက် သွင်းလိုက်၊ စာရွက်ပေါ်က စာတွေကို ဖတ်ကြည့်မိလိုက်နဲ့မို့ စာရွက်တွေဟာ လည်း လူလိုပဲ တဖြည်းဖြည်း ရှိန္နမ်းလာတယ်။

တစ်ရက်မှာတော့ မြို့ထဲထွက်လာရင်း မြို့နယ်ဘောလုံးကွင်းကြီးရဲ့ မျက်နှာစာ ဘလတ်ဘုတ်မှာ မြေဖြူနဲ့ ဂရုတစိုက်ရေးထားတဲ့ စာတန်းကလေး တစ်ခု တွေ့တယ်။ အားကစားဝန်ကြီးဌာနလက်အောက်မှာ အလုပ်လုပ်ဖို့ ကြီးကြပ်ရေးမှူးနဲ့ရုံးအကူ ရာထူးနေရာတွေ လျှောက်ထားနိုင်ကြောင်း အလုပ်ခေါ်စာ။ ကြီးကြပ်ရေးမှူးတို့၊ ရုံးအကူတို့ စသဖြင့် နာမည်တွေဟာ ကျွန်တော့်အတွက် ခပ်စိမ်းစိမ်းပဲ။ ဘာလုပ်ရတဲ့ အလုပ်တွေမှန်း မသိပေမယ့် ကြီးကြပ်ရေးမှူးဆိုတဲ့ရာထူးကတော့ "မှူး" ပါနေလို့ ရုံးအကူဆိုတာထက် သာမှာပဲလို့ စိတ်ထဲ ခပ်ကြောင်ကြောင် တွေးထင်နေမိသေးတယ်။

အဲဒီဆိုင်းဘုတ်ကလေးတွေ့တော့ ကျွန်တော် ပျော်သွားတယ်။ ပျော်ရတာက ကြီးကြပ်ရေးမှူးရာထူးဟာ ဆယ်တန်းအောင်ရင် လျှောက်လို့ ရနေတာကိုး။ ရုံးထဲက အသက်လေးဆယ်လောက်ရှိမယ့်လူတစ်ယောက်ကို မေးကြည့်တယ်။

"ကြီးကြပ်ရေးမှူးရာထူးနေရာကို ကျွန်တော်လျှောက်လို့ရမလား"ဆိုတော့ သူက... "ရတယ်" တဲ့။

"ဘာတွေလိုမလဲဗျ" လို့ ကျွန်တော် ထပ်မေးတယ်။ ဆယ်တန်း အောင်လက်မှတ်၊ ထောက်ခံစာတွေ၊ ပြီးတော့ မှတ်ပုံတင်မူရင်း။ ကျွန်တော့်မှာက မှတ်ပုံတင်မူရင်း မပါခဲ့တော့ အိမ်ပြန်ယူရတယ်။ အမေ့ကိုလည်း ပြောခဲ့ တယ်။ သားအလုပ်ရပြီ အမေ။ မှတ်ပုံတင် လိုတယ်ဆိုလို့ ပြန်လာယူတာပေါ့။ အစိုးရဝန်ထမ်းအလုပ်ဆိုတော့ အမေက ဝမ်းသာနေတယ်။ သာမန်အရပ်ထဲက အလုပ်ကလေးတစ်ခု ဘာဖြစ်ဖြစ် ရလာခဲ့တယ်ဆိုရင်တောင် အမေဟာဝမ်းသာနေမှာပါ။ ဝန်ထမ်းအလုပ်ဆိုတော့ သူ ပိုကျေနပ်တာပေါ့။ အဲဒီတုန်းက အစိုးရဝန်ထမ်းအလုပ်က ဘာကြောင့်မှန်းမသိ ရဖို့သိပ်ခက်တာကိုး။

ကျွန်တော်ဟာ မှတ်ပုံတင်ကတ်ကလေးကိုင် ဘောလုံးကွင်းဆီ သွားရာလမ်းမှာ အရင်နေ့တွေနဲ့မတူ ပေါ့ပါးနေခဲ့တယ်။ လမ်းပေါ်က သစ်ကိုင်း တွေ၊ ကျွတ်ကျွတ်အိတ်အမှိုက်တွေကိုတောင် ဘောလုံးတစ်လုံးကို ပစ်ကန် လိုက်သလို ကန်ကြည့်နေမိတယ်။ ခြောက်သယောင်းနေတဲ့ ထနောင်းပင် အခေါက်တွေကြားက ထွက်လာတဲ့ သစ်ရွက်နုကလေးတွေလို လန်းဆန်းလို့။ ကျွန်တော် အလုပ်ရတော့မယ်။ နေ့လယ်စာတွေ လွတ်ဖို့ မလိုတော့ဘူး။ နေပူစပ်ခါး လွယ်အိတ်တစ်လုံးနဲ့ လျှောက်သွားနေဖို့ မလိုတော့ဘူး။ လက်ဖက်ရည်တစ်ခွက်ကို

ဇိမ်နဲ့ငုံလိုက် စီးကရက်ကလေးဖွာလိုက် မလုပ်ရတာ တောင် တစ်နှစ်လောက်ရှိပြီထင်တယ်။ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့နောက် တော့ အင်္ကျီ၊ ပုဆိုးအသစ် ဝယ်ဝတ်ရဦးမယ်။ အဝတ်အစားအသစ် မဝယ်နိုင် နှစ်နှစ်လောက်ရှိပြီ။ သိန်းဆုပေါက်ထားတဲ့လူတစ်ယောက် ဆုငွေထုတ်တဲ့ ဌာနဆီအသွားမှာ ဆုလက်မှတ်ကလေးကိုင်ရင်း စိတ်ကူးယဉ်နေခဲ့သလိုပါပဲ။ ကျွန်တော်ဟာ မှတ်ပုံတင်ကတ်ကလေးကိုင်ရင်း နေ့သစ်ပေါင်းများစွာ အကြောင်းကို စိတ်ကူးယဉ်နေခဲ့တယ်။

ရုံးရောက်တော့ ဦးစီးမှူးက ဖောင်တစ်ရွက်ထုတ်ပေးရင်း…"မင်းရဲ့မှတ်ပုံတင် ပြပါဦး" ဆိုလို့ မှတ်ပုံတင် ပေးလိုက်တယ်။ ဖောင်ဖြည့်ဖို့ စာရွက်ကို ဖတ်ကြည့်နေမိတယ်။ ကိုယ်ရေးအကျဉ်းပုံစံပါပဲ။ ဖောင်ဖြည့်မယ်လို့ ဦးစီးမှူးဆီကနေ "ဘောပင် ခဏငှားပါဦးခင်ဗျ" လို့ ဘောပင်ငှားရုံ ရှိသေးတယ်။ "နေဦး.. နေဦးကွ၊ မင်းအသက်က ဆယ့်ရှစ်နှစ်မှ မပြည့်သေး ဘဲ" လို့ ဦးစီးမှူးက စိတ်ရှုပ်သွားဟန်နဲ့ မေးပြောပြောတယ်။ "ဟုတ်တယ်ဗျ.. ကျွန်တော် ဆယ့်ရှစ်ပြည့်ဖို့ တစ်နှစ်လောက်လိုသေးတယ်"

"ဟာ.. အဲဒါဆို လျှောက်လို့မရဘူးလေကွာ အစိုးရဝန်ထမ်းက ဆယ့်ရှစ်နှစ်ပြည့်မှရမှာ" တဲ့။ သူက ပြုံးပြီး ပြောနေတယ်။ သူ့အတွက်က သာမန်ကိစ္စတစ်ခုပါပဲ။ ကျွန်တော့်မှာတော့ ကြောင်အသွားတယ်။ ကျွန်တော့် အတွက်က အလုပ်ဟာ အသည်းအသန်ဖြစ်နေတာဆိုတော့၊ ဟုတ်ရဲ့လား သူနောက်နေတာလားလို့ ဦးစီးမှူးရဲ့မျက်နှာကို သေချာ စူးစိုက်ကြည့်နေမိ တယ်။ သူနောက်နေတာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ အဝတ်စုတ်လို ပျော့ခွေသွားရတယ်။ ပါးစပ်ရောက်ခါနီးမှ ထမင်းလုတ် အပုတ်ခံရသလို ဖြစ်လို့၊ "နည်းနည်းကလေးများ စောမွေးလိုက်ပါတော့လား အမေရာ" လို့ မချိတင်ကဲဖြစ်ရတယ်။

"ဆယ့်ရှစ်နှစ်ပြည့်မှ လာလျှောက်ပေါ့ကွာ အဲဒီကျမှလည်း ရပါ တယ်" လို့ သူကဆိုတယ်။ ပြီးတော့ မှတ်ပုံတင်ကတ်လေး ကျွန်တော့်ဘက် ပြန်ကမ်းပေးတယ်။ ကျွန်တော်လည်း ဘေးလွယ်အိတ်ကလေးထဲ မှတ်ပုံတင် တွေ၊ ဆယ်တန်းအောင်လက်မှတ်တွေ ပြန်ထည့်လိုက်ရင်း ခေါင်းငိုက်စိုက်ချ အိမ်ဘက် ပြန်ထွက်လာခဲ့တယ်။ ညနေ မိုးချုပ် ကျွန်တော် အိမ်ပြန်ရောက်တိုင်း ကျွန်တော် အလုပ်ရှာမရသေးမှန်း သိသွားရင်၊ အမေဟာ အလွန်ကို ကျယ်လောင်ပြီး

ပြင်းထန်အားပါလှတဲ့ သက်ပြင်းရှည်ရှည်ကြီးတစ်ချက် ချလေ့ရှိတယ်။ အဲဒီသက်ပြင်းချသံကြီး ကြားလိုက်ရတိုင်း ကျွန်တော့်မှာ အမြဲ တုန်တုန်ယင်ယင် ဖြစ်သွားတတ်တယ်။ ကျွန်တော့်ကို ကုပ်ကနေဆွဲကိုင်ပြီး ဝှေ့ယမ်းလိုက်သလိုပဲ။ အဲဒီ သက်ပြင်းချသံကြီးကို ကြားရဖို့ ကျွန်တော် အိမ်ပြန်လာခဲ့ရတာပဲ။

အမေ့ကို ပြောပြတော့ အမေက ဘာမှ ထွေထွေထူးထူး မပြော တော့ပါဘူး။

"အချိန်ရှိတုန်း အလုပ်ပြန်ရှာထွက်ဦး" လို့ ပြောရင်း သူ့ရဲ့ ဘာပစ္စည်းရယ်လို့မှ စုံစုံလင်လင်မရှိတဲ့ ခြောက်ကပ်ကပ် အိမ်ဆိုင်ကလေး ပြန်ဝင်သွားပြီး ထိုင်နေတယ်။ ကျွန်တော်လည်း ရေအိုးစင်က ရေဝဝတစ်ခွက် သောက်ပြီး ပြန်ထွက်လာခဲ့တော့တယ်။ ကျွန်တော့်အိတ်ထဲမှာ ငွေတစ်ရာ ရှိသေးတယ်။ အဲဒီနေ့လယ်ခင်းတစ်ခုလုံးကို ကျွန်တော်ဟာ တောင်ပေါ်မှာ ဆေးပေါ့လိပ် ဖွာရင်း အချိန်ဖြုန်းခဲ့တယ်။ ပါးစပ်ကနေ တစ်ခုခုကို အော်ဟစ် ပစ်လိုက်ချင်ပေမယ့်လည်း ဘာအော်ရမယ် မတွေးတတ်လို့ မအော်ဖြစ်ဘူး။ တောင်ပေါ်က ကြည့်လိုက်တော့ အရာရာဟာ မှုန်ဝါးဝါးပဲ။ သေးသေး နုတ်နုတ်ကလေးတွေ။ လူတွေဆိုတာ လူတွေမဟုတ်တော့သလိုပဲ။ မြို့လယ် ကမြစ်ဟာ ကလေးတစ်ယောက်ဆွဲထားတဲ့ စာရွက်ပေါ်က မျဉ်းကောက် ကောက်လေး တစ်ကြောင်းသာသာပဲ။ ဘောလုံးကွင်းဘက်ကို လှမ်းကြည့် တော့ ဘောလုံးကွင်းဟာ လက်သန်းတစ်ပိတ်စာပဲ ရှိတယ်။

ညနေ နေဝင်ခါနီးမှာ ကျွန်တော် တောင်ပေါ်က ဆင်းခဲ့တယ်။ လက်ထဲမှာ ငွေခုနစ်ဆယ် ရှိသေးတယ်။ ဘီအီတစ်လုံးကို တစ်ရာ့ငါးဆယ် ဆိုတော့ တစ်ပိုင်းတော့ သောက်လို့ရတယ်။ တစ်ပိုင်းဆိုရင် ကျွန်တော် ကောင်းကောင်းမူးနိုင်တယ်။ အားလုံးကို မေ့ပစ်လို့ရနိုင်လောက်အောင်အထိ ဆိုရင်တော့ ဘီအီးတစ်ပိုင်းဟာ မလုံလောက်ပါဘူး။ သို့သော်လည်း ရသလောက်ပေါ့။ ဆိုင်က အလကားပေးတဲ့ နှမ်းဖတ်ချဉ်နဲ့ လျက်ဆားနဲ့ ဘီအီးဟာ တချို့အချိန်တွေမှာတော့ နတ်စည်းစိမ်ပါပဲ။ ကျွန်တော် အရက် သောက်တယ်။ ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေးကြည့်တယ်။ မူးနေတဲ့ အချိန်မှာ တောင် ခေါင်းတစ်ခုလုံးထဲမှာ အလုပ် အလုပ် အလုပ် ဆိုတာချည့်ပဲ။ စက္ကန့်တံလို တချက်ချက် မြည်နေတယ်။

ည ခုနစ်နာရီလောက်ကျတော့ အရက်ဆိုင်ကထွက် မြို့အလယ်ကနေ ဖြတ်စီးနေတဲ့ မြစ်ကမ်းနံဘေးလမ်းအတိုင်း မြစ်ကိုကြည့်ရင်း ခပ်ထွေထွေနဲ့

လျှောက်နေခဲ့တယ်။ နေ့အချိန်မှာတောင် လူအသွားအလာသိပ်မရှိတဲ့လမ်း ဆိုတော့ ညအချိန်မှာ မှောင်မိုက် တိတ်ဆိတ်နေလို့ပါပဲ။ မြစ်ရေစီးသံ သဲ့သဲ့ ကလေးရယ်၊ တစ်ခါတလေ တစ်နေရာရာက ခွေးတစ်ကောင်ကောင် ဟောင်လိုက်တဲ့အသံအချို့ကလွဲရင် ငြိမ်သက်လို့။ အဲဒီလမ်းလေးအတိုင်း လျှောက်ရင်း . ကျွန်တော့်အနာဂတ်ကို ကျွန်တော် တွေးကြည့်နေမိတယ်။ ကျွန်တော် ဘယ်လိုဖြစ်မှာပါလိမ့်။ တစ်ချိန်ချိန်မှာ ဒီလိုညတွေကို ပြန်သတိရ နေဖို့ သတိနဲ့ ဖြတ်သန်းမယ်လို့ မျှော်လင့်ချက်ထားတာရယ်၊ ရှုးသွပ်တာရယ်၊ မူးတာရယ် ရောထွေးလို့နေတယ်။

မြစ်ကို ဖြတ်ထိုးထားတဲ့ ကြိုးတံတားလေးဆီရောက်တော့ အိမ်မပြန် ချင်သေးတာနဲ့ ကြိုးတံတားပေါ် တက်ခဲ့တယ်။ လူက မူးနေတာရော၊ ကြိုးတံတားမို့ လူတက်တော့ ယိမ်းထိုး ပုခက်လွဲနေတာရောကြောင့်ရော ပျို့အန်ချင်စိတ်ပေါက်လာလို့ ထိုင်ချလိုက်မိတယ်။ တကယ်တော့ ကျွန်တော့် အစာအိမ်ထဲမှာ အန်စရာရယ်လို့လည်း ဘာမှရှိတာမဟုတ်ပါဘူး။ နမ်းဖတ်ချဉ် ထဲပါတဲ့ ကြက်သွန်နီအဖတ်ကလေးတွေလောက်သာ အမာဆုံး အစာအနေနဲ့ ရှိလိမ့်မယ်။ ကြိုးတံတားပေါ်ထိုင် တံတားအောက်ကစီးသွားတဲ့ မြစ်ရေ တိမ်တိမ်ကို ကြည့်ရင်း ခေါင်းပိုကိုက်လာလို့ တံတားပေါ်ပဲ လှဲချလိုက်တယ်။ ကြယ်တွေက လှလိုက်တာ။ တော်တော့်ကို လှတာ။

ကြယ်တွေကိုကြည့်ရင်း ကလေးဘဝတုန်းက ဘယ်သူပြောပြလို့ ကြားဖူးနေမှန်းမသိခဲ့တဲ့ သိပ္ပံပုံပြင်လေးတစ်ပုဒ်ကို သွားသတိရမိတယ်။ တန်ခိုး ရှိတဲ့အကြောင်းပြချင်လို့ ဘုရင်ကို ကြယ်ဖျောက်ပြတဲ့ ပျောက်စေဆရာ တစ်ယောက်။ သူ့ရဲ့အစွမ်းနဲ့ ကြယ်ကို ဖျောက်လိုက်ပေမယ့်လည်း ကြယ်က ပျောက်မသွားဘဲ မြင်နေရသေးလို့ ဘုရင်က ပျောက်စေဆရာကို လိမ်တယ် ဆိုပြီး သတ်စေအမိန့်ချလိုက်သတဲ့။ တကယ်တော့ ပျောက်စေဆရာရဲ့ အစွမ်း ကြောင့် ကြယ်က မရှိတော့ပါဘူး။ ဒါပေမဲ့ အလင်းနှစ်သန်းပေါင်းများစွာ ကနေ ဖြတ်လာနေတဲ့ အဲဒီကြယ်ရဲ့အလင်းက ရှိနေသေးတော့ နှစ်များစွာကြာသည့်တိုင်အောင် မြင်နေရဦးမယ်တဲ့။ ဂမ္ဘီရဆန်တဲ့ သိပ္ပံပုံပြင်ပဲ။ ဒ ကျွန်တော်မြင်နေရတဲ့ ကြယ်တွေကလည်း တကယ်ရှိချင်မှ ရှိတော့မှာ။ တချို့ကြယ်တွေဟာ လောင်ကျွမ်းပျက်စီးပြီးသားတွေ ဖြစ်ချင်ဖြစ်နေမှာ။ ဒီလောက်များပြားလှတဲ့ ကြယ်တွေ ဘာကြောင့် တည်ရှိနေကြသလဲလို့ ဉာဏ်မီသလောက် လိုက်တွေးကြည့်နေလိုက်တယ်။ ကြယ်တွေကသာ များနေတာပါ။ အလုပ်ကျတော့ ရှားလိုက်တာ။

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေတုန်း .. သီချင်းတအေးအေးနဲ့ လူတစ်ယောက် ကြိုးတံတားပေါ် တက်လာနေတာကို အမှောင်ထဲ လှမ်းတွေ့ လိုက်ရလို့ ကျွန်တော် စိတ်ညစ်သွားတယ်။ တံတားတစ်ခုလုံးလည်း ရမ်းခါနေ တာပဲ။ သူလည်း မူးနေတာပဲနေမယ်လို့ စိတ်ထဲက အလိုလို သိလိုက်တယ်။ တဖြည်းဖြည်း သီချင်းတအေးအေးနဲ့လူဟာ ကြိုးတံတားအလယ်ကို ရောက်လာတယ်။ မှောင်နဲ့မည်းမည်းမို့ ကျွန်တော့်ကိုလည်း မြင်ပုံမရဘူး။ ကျွန်တော့်ခေါင်းကို တက်နင်းတော့မတတ် နီးလာတော့မှ မြင်ပြီး သူ အံ့သြသွားတယ်။

`ဩော် လူရှိနေတာပဲ ဘာမှမဟုတ်ဘူး အိပ် အိပ်၊ ငါလည်း လေညင်းလာခံတာ” လို့ သူပြောတယ်။ ကျွန်တော်လည်း ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး ကြယ်တွေကိုပဲ ပြန်ငေးနေလိုက်တယ်။ အနားမှာ လူစိမ်း တစ်ယောက် ရှိနေတော့ အတွေးက ကောင်းကောင်းစုစည်းလို့ မရတော့ဘူး။ အာရုံက ထွေပြားသွားတယ်။ ပိုဆိုးတာက သူဟာ မူးမူးနဲ့ သီချင်းတွေ အော်ဆိုနေတာပဲ။ အစတော့ ကျွန်တော်လည်း စိတ်ပိုညစ်လာလို့ ထပြန်မယ်လို့ စိတ်ကူးမိပေမယ့် ကပေါက်တိကပေါက်ချာ ဟိုရောက်ဒီရောက်ဆိုနေတဲ့ သီချင်းသံကို နားထောင်ရင်း တဖြည်းဖြည်း ပျော်သလိုလို ဖြစ်လာတယ်။ ကျွန်တော်သီချင်းမညည်းဖြစ်တာတောင် ကြာပါပြီကောလို့ စိတ်ထဲက တွေးမိရင်း မရည်ရွယ်ပါဘဲ သူဆိုနေတဲ့ သီချင်းစာသားတစ်ခုကို လိုက်ဆိုမိ လျက်သား ဖြစ်သွားတယ်။ တံတားပေါ် ရောက်ပါပြီဆိုကတည်းက တစ်ချိန် လုံး သီချင်းအော်ဆို တစ်လောကလုံးနဲ့ အဆက်ပြတ်နေတဲ့သူဟာ ကျွန်တော် သီချင်းလိုက်ဆိုလိုက်တော့မှ ..."ဟာ ငါ့ကောင်... မင်းလည်း ဒီသီချင်းရတယ်ပေါ့ ရော့ကွာ ဒါလေးပါကစ်လိုက်၊ ပိုပြီး ဆိုကောင်းသွားအောင်” လို့ ပြောပြီး အအေးဘူး လေးတစ်ဘူး ပေးတယ်။ အချိုရည်နဲ့စပ်ထားတဲ့ ဘီအီးတွေ။ တစ်လုံး တစ်ဖုံးဆိုတာ ဒါမျိုးနေမှာလို့ အရက်ဆိုင်ဝေါဟာရတစ်ခုကို အမှတ်ရသွား တယ်။ ပြီးတော့ ကျွန်တော် ကျေနပ်သွားတယ်။ ကျွန်တော်တို့နှစ်ယောက် အပေးအယူမျှသွားတယ်။ သီချင်းတွေအတူအော်ဆိုလို့ ပခုံးတွေဖက်လို့ ငယ်ပေါင်းကြီးဖော်တွေလို ခံစားလိုက်ရတယ်။ အဲဒီည ခဏလေးအတွင်းမှာ တော့ ကျွန်တော့်မှာရှိတဲ့ ဒုက္ခဆင်းရဲတွေ၊ အလိုမပြည့်မှုတွေဟာ မြစ်ရေနဲ့အတူ ဒါမှမဟုတ် ကျွန်တော်အော်ဆိုလိုက်တဲ့ သီချင်းသံတွေရဲ့လှိုင်းနဲ့အတူ မျောပါလို့ သွားတော့တယ်။

ဒီမြို့ကလေးကို ကျွန်တော်တို့မိသားစု ပြောင်းလာပြီးကတည်းက

ကျွန်တော့်အတွက် ပထမဆုံးသော သူငယ်ချင်း။ ဒီကောင့်နာမည်က ခိုင်မြဲ။ ဖြစ်ချင်တော့လည်း ခိုင်မြဲဟာ ကျွန်တော်နဲ့ တစ်လမ်းတည်းက ဖြစ်နေတယ်။ သူ့အိမ်က လမ်းထိပ်မှာ။ ကျွန်တော့်အိမ်က အတွင်းထဲ နည်းနည်းဝင်ရတယ်။ အဲဒီကစလို့ ခိုင်မြဲနဲ့ ကျွန်တော်ဟာ ညဘက် အိပ်တဲ့အချိန်လောက်ကလွဲလို့ ကျန်တဲ့အချိန် တော်တော်များများ အမြဲတတွဲတွဲ ခွဲမရတဲ့ ဘော်ဒါအပေါင်း အသင်း ဖြစ်လာခဲ့တာပါပဲ။

ကျွန်တော်နဲ့ စခင်ချိန်က ခိုင်မြဲဟာ ဆယ်တန်း ကို သုံးကြိမ်ကျပြီးပြီ။ အသက်က ကျွန်တော့်ထက် သုံးနှစ်ကျော်လောက်ကြီးတယ် ဆိုပေမယ့် ကျွန်တော်နဲ့ ဒီကောင်ဟာ တစ်သက်လုံး မင်းနဲ့ ငါပဲ။ အဲဒီကတည်းက ခိုင်မြဲဟာ အစိုးရရုံးမှာ ရုံးအကူဝန်ထမ်း ဖြစ်နေပြီ။ နောက်ပြီး အိမ်တွေကိုလိုက်ပြီး သတင်းစာပို့တယ်။ အစိုးရ သတင်းစာနှစ်စောင်ပေါ့။ အဲဒီတုန်းက သတင်းစာ တစ်စောင်ကို တစ်လလုံး သတင်းစာဖိုးရော၊ ပို့ခရောမှ တစ်ထောင့်ငါးရာလားပဲ ရှိတယ်။ ခိုင်မြဲရဲ့ပို့ခက တစ်အိမ် မှ နှစ်ရာနီးနီးလောက်ပဲရတာဆိုပေမယ့် ပို့ရတဲ့အိမ်တွေ များတော့ တွက်ခြေကိုက်တယ်။ တစ်လတစ်လ သတင်းစာ ပို့တဲ့ အလုပ်ဝင်ငွေဟာ ဒီကောင့်ဝန်ထမ်းလစာထက် သုံးလေးဆလောက်မက များတယ်။ ခိုင်မြဲဟာ ကျွန်တော့် အတွက်တော့ သူဌေးပဲ။ တံတားပေါ်ကညမှာ ကျွန်တော် တို့ နှစ်ယောက်ဟာ အတူသောက်၊ အတူသီချင်းဆိုရင်း အိမ်ကို တစ်ယောက်ပခုံး တစ်ယောက်ဖက် ပြန်ခဲ့ကြ တယ်။

နောက်နေ့ မနက်အစောကြီး ကျွန်တော့်အိမ်ရှေ့ ခိုင်မြဲရောက်နေပြီ။ ကျွန်တော့်အမေကတောင် သူငယ်ချင်းတွေဘာတွေရနေလို့ ကျွန်တော့်အတွက် ဝမ်းသာနေလေရဲ့။ အမေက...

"သားရေ... ဒီမှာ မင်းသူငယ်ချင်း ရောက်နေတယ်" လို့ နှိုးတော့ ကျွန်တော့်မှာ ခိုင်မြဲကို သတိမရဘူး။ ကျွန်တော်တို့ ပြောင်းလာခဲ့တဲ့ အရင်မြို့က ကျွန်တော့်ငယ်သူငယ်ချင်းများလားလို့ ထင်မိပြီး အံ့ဩဝမ်းသာ လျက် ကမန်းကတန်း ထလာခဲ့တယ်။ ခိုင်မြဲကို မြင်လိုက်မှသာလျှင် ညက အဖြစ်တွေကို ပြန်သတိရတော့တာပဲ။ တစ်ညတည်းနဲ့တင် ခိုင်မြဲကို ကျွန်တော့် ဘဝဇာတ်လမ်းကို အစအဆုံးပြောပြ ရင်ဖွင့်ခဲ့မိတာ။ အဲဒီလို ပြောပြလိုက်ရ လို့လည်း ကျွန်တော့်စိတ်ထဲ တင်းသိပ်ကျပ်ခဲနေတာတွေ အတော်သက်သာ သွားခဲ့တဲ့အပြင် ခိုင်မြဲနဲ့လည်း တစ်ညတည်းနဲ့ အနှစ်နှစ်အလလ ဖြတ်သန်းခဲ့ ပြီးသူတွေလို ဖြစ်ရတာပဲလို့ ထင်မိတယ်။

ခိုင်မြဲဟာ အိမ်ရှေ့မှာ သံချေးရောင်တက်နေတဲ့ စက်ဘီးအဟောင်းကလေးကို မှီရပ်ပြီး ပြုံးဖြဲဖြဲနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ ပြီးတော့... "ဟော့ရောင်... မြန်မြန်လုပ် လက်ဖက်ရည်ဆိုင်သွားရအောင်" လို့ ပြောတယ်။

"အေး အေး... ခဏလေး မျက်နှာသစ်လိုက်ဦးမယ်၊ အထဲလာထိုင်လေကွာ"ကျွန်တော် ခေါ်တယ်။

အမေကပါ ..."လာလေ သား၊ ဒီမှာထိုင်" လို့ ခုံတစ်လုံးထိုးပေးလို့ ခိုင်မြဲဟာ အိမ်ထဲ ဝင်ထိုင်တယ်။ ကျွန်တော်ကတော့ မျက်နှာသစ်ရင်း ခင်တတ်မင်တတ် တဲ့ ခိုင်မြဲအကြောင်း စဉ်းစားရင်း မနေ့ညက မျှားထားလို့ ခေါင်းနည်းနည်း ကိုက်နေပေမယ့် ပျော်ရွှင်လန်းဆန်းလို့နေတယ်။

အမေက အိတ်ထဲ ပိုက်ဆံတစ်ရာ ထည့်ပေးတယ်။ ထုံးစံအတိုင်း... "အလုပ်ရအောင် ရှာပါဦး သားရယ်" တဲ့။ အိမ်ကအထွက်မှာ မှာလိုက်သေးတယ်။ ခိုင်မြဲက ကျွန်တော့်အမေ ပြောတာကို ကြားတော့...

"အန်တီမပူနဲ့ ကျွန်တော်ပါ ကူရှာပေးလိုက်မယ်" လို့ ခပ်တည် တည်ပဲ ပြောပြနေတယ်။ ဒီကောင် ပေါင်းတတ်သင်းတတ် စကားရောဖောရော လုပ်တတ်တာကို သဘောကျနေမိတယ်။

ဒီမြို့ကို ပြောင်းလာခဲ့တာ တစ်နှစ်ပြည့်တော့မယ်။ ကျွန်တော့်မှာ အပေါင်းအသင်းမရှိတာလည်း မပြောနဲ့၊ လူစိမ်းသူစိမ်းဆို ကျွန်တော်က သိပ်စကားမဆိုတတ်ဘူး။ ဒီတော့ အဖော်အပေါင်းလည်းမရှိ။ ခိုင်မြဲကတော့ တစ်မြို့လုံးနီးနီး သူ့အပေါင်းအသင်းချည်းလို့တောင် ချဲ့ကားဆိုနိုင်လောက် တယ်။ လက်ဖက်ရည်ဆိုင်သွားတဲ့ လမ်းတိုတိုလေးမှာ သူ နှုတ်ဆက်နေရတဲ့ လူတွေကိုက မနည်းဘူး။ စက်ဘီး ကယ်ရီယာခုံကလေးမှာ ထိုင်လိုက်ရင်း ခိုင်မြဲရဲ့ နှုတ်သွက်မှု၊ ဖော်ရွေမှုတွေကို ငေးကြည့်နေရတယ်။ အလုပ်ကလည်း တစ်မြို့လုံး ဂျောင်းဂျောင်းပြေးနေရတဲ့ သတင်းစာပို့တဲ့အလုပ်၊ နောက်ပြီး ဒီမြို့မှာမွေး၊ ဒီမြို့မှာ ကြီးပြင်းဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့။ ကျွန်တော့်ရဲ့ မွေးရပ်မြို့မှာဆိုရင်လည်း ကျွန်တော့်အပေါင်းအသင်းတွေ နည်းမှ မနည်းဘဲလေ။

လက်ဖက်ရည်ဆိုင်ဟာ ခိုင်မြဲထိုင်နေကျဆိုင်ဖြစ်မယ်။ ဆိုင်နာမည်က ခွာညိုရုန့် တဲ့။ စားပွဲထိုးကလေးဟာ ခိုင်မြဲကို မြင်လိုက်တာနဲ့ . . . "ကျစိမ့်ဝမ်း" လို့ အော်လိုက်တာ တွေ့တယ်။ ကျွန်တော့်ကိုလည်း ဘာသောက်မှာလဲလို့ ခိုင်မြဲက မေးတယ်။ "ပုံမှန်ပဲ လုပ်ပါကွာ"

"ပုံမှန်ပဲတဲ့ဟေ့၊ ဒီကောင်က မရှုးဘူး" လို့ သူ့ဘာသူ အော်ရင်း ရယ်နေသေးတယ်။ ဒီတော့လည်း အချိန်တိုအတွင်း မနေ့ညက ရင်းနှီးမှုမျိုးကို ပြန်ရသွားတော့တယ်။ ကျွန်တော်လည်း ရယ်လိုက်မိတယ်။ ပြီးတော့ ကျွန်တော်က ဆက်မေးတယ်။

"မင်း ငါ့အမေကို ပြောခဲ့တာ၊ အလုပ်တစ်ခုခုများ တွေ့ထားလို့လား"

"အဲ့လိုတော့ မရှိပါဘူးကွာ၊ ဒါပေမဲ့ ငါက တစ်မြို့လုံးအနှံ့ ရောက်နေတာ၊ ရှိရင် တွေ့မှာပဲလေ။ ငါ့ဘော်ဒါတွေ အသိတွေကိုလည်းမေးကြည့်ပါဦးမယ်ကွာ၊ ရမှာပါ လောမနေစမ်းပါနဲ့ အလုပ်များ မင်းတစ်သက်လုံး လုပ်ရမှာ" လို့ ခိုင်မြဲက ရွှတ်နောက်နောက် ပြောနေတယ်။ "မလောလို့မရဘူးကွ ငါ့အလုပ်ရှာနေတာ တစ်လတောင် ကျော်လာ နေပြီ၊ ငါ့အမေ အိမ်ဆိုင်ကလေးကလည်း သိပ်ရောင်းရတာ မဟုတ်ဘူး အဲဒါကြောင့်""

"အေးပါ ... ငါ ရှာပေးပါ့မယ်၊ လောလောဆယ် ငါ့ကူလုပ်ကွာ လစာလိုကြီးတော့ ငါမပေးနိုင်ဘူး ငါနဲ့အတူစား၊ လက်ဖက်ရည်သောက်ပေါ့၊ ထမင်းက ငါ့အိမ်မှာလိုက်စားလည်းရတယ်ဟေ့ရောင် အေးဆေး၊ ငါ့အမေက လည်း မင်းအမေလို သဘောကောင်းပါတယ်ကွာ"

လက်ဖက်ရည်ရောက်လာလို့ ခိုင်မြဲဟာ လက်ဖက်ရည် တစ်ငုံ ငုံတယ်။ စီးကရက် မီးထည့်တယ်။ ကျွန်တော်လည်းပဲ လက်ဖက်ရည် တစ်ငုံသောက်၊ စီးကရက်တစ်လိပ်ယူပြီး ဒီကောင့်ဆေးလိပ်ကနေ မီးကူးလိုက် တယ်။

"မင်းအလုပ်ကို ငါက ဘယ်လိုကူရမှာလဲ"

"မင်းအိမ်မှာ ဖီးဆင့်စက်ဘီးတစ်စီး တွေ့ခဲ့ပါတယ်ဘယ်သူစီးတာလဲ'

"ဘယ်သူမှ မစီးဘူးကွ၊ ပျက်နေတာ မပြင်နိုင်လို့၊ စက်ဘီးက ပစ်ထားတာကြာလို့ ပြင်ရင်လည်း တော်တော်ကုန်မှာ"

"အဲဒါဆို လောလောဆယ် သတင်းစာခွဲတာပဲ ကူကွာ၊ ခဏနေ ရထားဝင်တော့မှာ၊ ရထားဝင်ရင် သတင်းစာထုပ် သွားယူမယ်။ ပြီးတော့ စာရွက်တွေ ခွဲထပ်၊ အဲဒါက တော်တော်လုပ်ရတာကွ၊ တစ်နေ့ တစ်နေ့ ငါ့ခါးကို ကုန်းနေတာပဲ"

"အေးပါ.. ငါ ကူပါ့မယ် အလုပ်ရှာပေးဖို့လည်း မမေ့နဲ့ဦးနော်ဟေ့ရောင်"

"အေးပါကွာ" လို့ ပြန်ဖြေရင်း ခိုင်မြဲဟာ နာရီကို ကြည့်တယ်။ ပြီးတော့ ဘူတာဘက်ကို လှမ်းငေးနေတယ်။ ကျွန်တော်ကတော့ စိတ်ထဲနည်းနည်းအေးသွားတယ်။ အနည်းဆုံးတော့ အမေ့ဆီက တစ်နေ့ တစ်ရာ ယူစရာ မလိုတော့ဘူး။ လက်ဖက်ရည်လည်း နပ်မှန်မယ် မဆိုးဘူး။ ခိုင်မြဲ ကိုတော့ တော်တော်လေး ကျေးဇူးတင်သွားမိလို့ ဒီကောင့်မျက်နှာကို ဘာရယ် မဟုတ် ငေးကြည့်နေမိတယ်။ အသားညိုညို၊ ဆံပင်အလယ်ခွဲ၊ မည်းနက်နေတဲ့ မျက်လုံးတွေ၊ မျက်ခုံးမွှေးတွေကလည်း ဟိုဘက်ဒီဘက် ဆက်နေတယ်။ ဒီကောင့်မျက်နှာတစ်ခုလုံး အထူးခြားဆုံးကတော့ နှုတ်ခမ်းအထူကြီးတွေပဲ။ နှုတ်ခမ်းသားတွေကတော့ တော်တော်ကြီးကို ထူတယ်။ အင်ဂျလီနာဂျိုလီ ထက်တောင် ဒီကောင့်နှုတ်ခမ်းတွေက ပိုထူလိမ့်ဦးမယ်လို့ ထင်တယ်။ မျက်နှာ ကလည်း ကြည်ပြီး ရှင်းနေတော့၊ စုတ်ချွန်းချွန်း ကျွန်တော့်ပုံနဲ့တော့ အပုံကြီး ကွာနေတာပေါ့။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ့်အပေါ် အကူအညီပေးနေတဲ့လူဆိုတော့လည်း မျက်စိထဲ ကြည့်လို့ကောင်းနေတာပေါ့။

"မင်းက ဘာကြည့်နေတာတုံးကွ" လို့ ခိုင်မြဲက ရှက်ကိုးရက်ကန်းနဲ့ပြောတယ်။

"ဘာမှ မကြည့်ပါဘူးကွာ ဒီအတိုင်း ငေးမိငေးရာငေးရင်း မင်းမျက်နှာပေါ် ရောက်နေတာပါ" လို့ ပြန်ပြောရင်း ကျွန်တော်လည်း လမ်းဘက်ကို မျက်နှာလွှဲနေလိုက်မိတယ်။ ဒီလက်ဖက်ရည်ဆိုင်ကို အရင်ရက် တွေက မြို့ထဲသွားရင်း အမြဲတမ်း လှမ်းလှမ်းကြည့်ဖြစ်တယ်။ လမ်းသုံးခွ လမ်းဆုံက ဆိုင်လေးဆိုတော့ ထိုင်ချင့်စဖွယ်လေး။ ဆေးရုံသွားတဲ့လမ်း၊ တရားရုံးသွားတဲ့လမ်းရယ်၊ အထက်တန်းကျောင်းတစ်ခုရှိရာ လမ်းသုံးလမ်း ဆုံတဲ့နေရာဆိုတော့ လူကလည်း အမြဲရှုပ်ထွေးပွေလီစည်ကားနေတတ်တယ်။ တစ်နေ့တော့ ဒီဆိုင်လေး ထိုင်ဦးမှလို့ မကြာခဏ စဉ်းစားမိပေမယ့် တစ်ခါမှ မထိုင်ဖြစ်ဘူး။

"ငါ ကွမ်းသွားထုပ်လိုက်ဦးမယ် ဟေ့ရောင် မင်းရော စားဦးမလား ခိုင်မြဲက မေးလို့ မစားတော့ပါဘူးလို့ ခေါင်းခါပြလိုက်တယ်။ ဒီကောင် ဘယ်လိုကောင်ပါလိမ့် ဆေးလိပ်ရော၊ ကွမ်းရော။ ခိုင်မြဲက လမ်းတစ်ဖက်ကို ကူးသွားပြီး ကျောင်းထောင့်က ကွမ်းယာဆိုင်ကလေးဆီရောက်သွားတယ်။ ကွမ်းယာဆိုင်နာမည်က ဇော်ပိုင် တဲ့။ အဆိုတော်နာမည် နဲ့ဆိုင်။ ကွမ်းယာရောင်းနေတဲ့ကောင်ကလည်း ကျွန်တော်တို့အရွယ်ပဲ။ ခိုင်မြဲရဲ့ ဘော်ဒါပဲ နေမှာပေါ့။ ကျွန်တော် နေ့စဉ် ဖြတ်သွားနေကျ နေရာတွေဆိုတော့ ဆိုင်ထဲကလူတွေ၊ လက်ဖက်ရည်ဆိုင်က စားပွဲထိုးတွေ စသဖြင့် တော်တော် များများကို သူတို့ကမသိပေမယ့် ကျွန်တော်က သတိထားမိနေပြီ ကွမ်းယာလိပ်ကလေးကိုင်လို့ ခိုင်မြဲ ပြန်ရောက်လာပြီး စားပွဲမှာ ထိုင်ထိုင် ချင်း. . .

"ဒီနေ့ ရထားကလည်း နောက်ကျလိုက်တာကွာ" လို့ ညည်းနေတယ်။"

ဟုတ်လား" လို့ ကျွန်တော်လည်း ဝတ်ကျေတမ်းကျေ ပြန်ပြော လိုက်တယ်။ ခဏနေတော့ ကျွန်တော်တို့ဝိုင်းထဲ တစ်ယောက် ဝင်ထိုင်တယ်။ ကွမ်းယာဆိုင်ကကောင်။ အသားက ဖြူပေမယ့် နေလောင်ထားလို့ ခပ်ညစ် ညစ်၊ မျက်နှာက လေးထောင့်စပ်စပ်ကြီးလိုပေမယ့် မေးက ခပ်ချွန်ချွန်။ အကျီတွေ ပုဆိုးတွေမှာတင်မက နားရွက်တွေ မေးစေ့တွေအထိပါ ထုံးမှုန့် ဖွေးဖွေးပေကျံလို့။ ညှဉ်းသိုးသိုး၊ မှိန်တိန်တိန်ပဲ ဆိုပေမယ့် အဲဒီလိုအခြေအနေ မှာတောင် မျက်နှာတစ်ခုလုံးကို ခြုံပြီးပြောရရင် ရုပ်ခပ်ဖြောင့်ဖြောင့်ပဲလို့ ပြောနိုင်တယ်။ ခိုင်မြဲက ကျွန်တော်နဲ့ မိတ်ဆက်ပေးတယ်။

"ဒါ ငါ့သူငယ်ချင်းပဲလေကွာ ငပိုင်တဲ့၊ ကွမ်းယာဆိုင်က ဒီကောင့်နာမည်လေ၊ ပေါ်တောတောနဲ့ ဆိုင်နာမည်တောင် သူ့နာမည် သူပေးထားတာ အဆိုတော်လိုလို ဘာလိုလိုနဲ့ ဟား ဟား"ခိုင်မြဲက ပြောပြီး ရယ်နေတယ်။

ဇော်ပိုင်ကလည်း..." ယီး တဲ့မှ၊ ငါ့မယားသားလေးကလည်း ဒါပဲ၊ မင်းအဆိုတော်က ငါ့နာမည့်နဲ့ လာတူတာကွ" တဲ့။ သူလည်းပဲ ရယ်ရင်း ပြောတယ်။ ကျွန်တော့်ဘက်ကို လှည့်ပြီး ခေါင်းညိတ်ပြတယ်။ ဇော်ပိုင်နဲ့ ကျွန်တော်လည်း ကျွန်တော်နဲ့ ခိုင်မြဲလိုပဲ ချက်ချင်း ရင်းနှီးသွားတယ်။ ဒီကောင်တွေမှာ အမြဲတမ်းလိုလို ဟာသရှိနေတာ။ သိပ်ရယ်ရလှတဲ့ ဟာသတွေ မဟုတ်ပေမယ့် လည်း အပေါင်းအသင်းဖြစ်ဖို့ကျတော့ လွယ်တာပေါ့။ စိတ်ချလက်ချပေါင်းလို့သင်းလို့ရတယ်လို့ စိတ်ထဲ အလိုလိုဝင်သွားတယ်။ ကျွန်တော်လည်း ဟိုအရင်တုန်းကတော့ အမြဲတမ်း မျက်ခွက်အပြောင်မရပ်ခဲ့တဲ့ ကောင်စားမျိုးပါ။ ဒါပေမဲ့ ဗိုက်ဆာတာကြာတော့လည်း ဟာသတွေက စားလို့မရဖြစ်ကုန်တာ မျိုးပေါ့။ ဒီကောင်နှစ်ကောင်ကတော့ မရှိ၊ မရှား ဆိုတာမျိုးတွေ။ တစ်ယောက် က သတင်းစာပို့၊ တစ်ယောက်က ကွမ်းယာရောင်း။ လက်ထဲ ပိုက်ဆံ ဘယ်တော့မှ မပြတ်တဲ့ကောင်တွေ။ ဇော်ပိုင့် ကွမ်းယာဆိုင်ကမှ သူ့အမေနဲ့ သူ့ညီလေးနဲ့ရှိတဲ့ မိသားစုစီးပွားရေးမို့ ချင့်ချိန်ရသေးတယ်။ ခိုင်မြဲကတော့ ထမင်းစားချိန်သာ သူ့အမေအိမ် ပြန်စားတာ။ ရတဲ့ ပိုက်ဆံကျ တစ်ပြားမှ အပ်တဲ့ကောင် မဟုတ်ဘူး။ သူရှာလို့ရသမျှပိုက်ဆံ သူသုံးတာနဲ့ချည့် ကုန်ရ တာ။ သောက်သောက်စားစား ပျော်ပျော်ရွှင်ရွှင်ပဲ။

ကျွန်တော်တို့ အမြဲတတွဲတွဲဖြစ်တဲ့ လေးယောက်မှာ နောက်ဆုံး တစ်ယောက်ကတော့ ဖိုးသက်။ သူ့ကိုလည်းပဲ ခိုင်မြဲနဲ့ ပတ်သက်လို့ ခင်ရတာ ပဲ။ ဖိုးသက်ဟာ ကျွန်တော်တို့ လေးယောက်စလုံးထဲမှာ အဆင်းရဲဆုံး၊ အလုပ်ကြမ်းကြမ်း အလုပ်ရဆုံး။ ပန်းရံနောက်လိုက်၊ ကုန်ထမ်း၊ အိမ်သာကျင်း တူး၊ ပိုက်ဆံရမယ့် ပင်ပင်ပန်းပန်းအလုပ်မှန်သမျှ ဖိုးသက် မလုပ်ခဲ့ဖူးတာ မရှိသလောက်။ အသက် ဆယ့်ရှစ် ဆယ့်ကိုးအရွယ်လောက်ကတည်းက ဖိုးသက်ဟာ အဘိုးကြီးအိုတစ်ယောက်လို အမြဲတမ်း။ မျက်နှာမှာ ဝက်ခြံ ဗရပျစ်၊ ဝက်ခြံအပေါက်တွေထဲမှာ ဘိလပ်မြေမှုန့်တွေ၊ မြေမှုန့်တွေနဲ့ အမည်းစက်ကလေးတွေ ဖြစ်နေတယ်။ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်လို့၊ တစ်ခါတစ်ခါ ဖိုးသက်ကိုကြည့်ရင်း ငါ့မှာ ဘာဟုတ်သေးလဲ၊ ဖိုးသက်နဲ့စာရင် အများကြီးသာနေသေးတယ်လို့ ဖြေသိမ့်ရင်း၊ ဘုဘူချင်း စပိတ်နဲ့ စိတ်ကြီး ဝင်နေရသေးတယ်။

ခိုင်မြ၊ ဇော်ပိုင်၊ ဖိုးသက် သုံးယောက်တွဲဟာ ကလေးဘဝ ကတည်းက ငှက်ပစ်ဖက်၊ ရေနစ်ဖက် ပေါင်းခဲ့ကြသူတွေ၊ သူတို့အထဲ ကျွန်တော်က နောက်တိုးပေါ့။ဒါပေမဲ့ သုံးယောက်စလုံးက ကျွန်တော့်ကိုခင်ကြတယ်။ သူတို့သုံးယောက်ကတော့ ငယ်ပေါင်းမို့ နောက်တိုးကျွန်တော့်ကို နှပ်ချတာ၊ ဖယ်ကြဉ်တာ၊ လူလည်ကျတာမျိုး ဘယ်တော့မှလုပ်လေ့မရှိကြဘူး။

ပေါင်းတာသင်းတာ အချိန်ကြာလာလေလေ တစ်ခုခုဆို ကျွန်တော့်ကို ဦးစားပေးကြလေလေပါပဲ။ လေးယောက်ထဲမှာ ကျွန်တော် အငယ်ဆုံးဖြစ်တာ လည်း ပါတယ်။ သူတို့သုံးယောက်ထဲက အငယ်ဆုံး ဇော်ပိုင်ထက် ကျွန်တော် က တစ်နှစ်ကျော် ငယ်သေးတယ်။ နောက်တစ်ခုက ကျွန်တော်တို့ လေးယောက်ထဲမှာ ဆယ်တန်းအောင်ထားတဲ့ ကျွန်တော်က အနူတော လူချော လိုလို ဖြစ်နေတယ်။ ရည်ရွယ်တယ်မဟုတ်ပေမယ့်လည်း သူတို့မှာ ကျွန်တော့် အပေါ် အထင်ကြီးစိတ်ကလေး ရှိနေတယ်လို့ ထင်တာပါပဲ။ ခိုင်မြက ဆယ်တန်းထိရောက်ပြီး မအောင်တာပေမယ့် ဇော်ပိုင်ရော၊ ဖိုးသက်ရောဟာ မိသားစုမပြေလည်မှု၊ ဆင်းရဲမွဲတေမှုကြောင့် သုံး လေး ငါးတန်းနဲ့ ကျောင်းထွက်ခဲ့ကြရတာ။

ဆယ့်တစ်နာရီကျော်ခါမှ ရထားဝင်လို့ ခိုင်မြက လက်ဖက်ရည်ဖိုးရှင်းရင်း ညည်းညူနေတယ်။ နေ့လယ် နေပြင်းချိန်ကြီးမှ သတင်းစာပို့ရတော့မှာမို့ တောက် တစ်ခေါက်ခေါက် ဖြစ်နေလေရဲ့။

“ဒီလို ခဏ ခဏ နောက်ကျတတ်လား” လို့ ကျွန်တော်မေးတော့ . . .

“တစ်လကို လေးငါးဆယ်ရက် ဖြစ်တတ် တယ်”တဲ့။

“လာပါကွာ ငါလည်း ကူပေးမှာပဲ” လို့ ပြော ရင်း ဘူတာက သတင်းစာထုပ်ကို သွားသယ်ကြတယ်။ တစ်ရှူးလိပ်အလုံးတွေလို စက္ကူလုံးအကြီးကြီးနှစ်လုံးကို စက်ဘီးပေါ် တင်တွန်းလို့ နေပူပူထဲ ကျွန်တော်တို့ နှစ်ယောက် ရုံးဘက် ပြန်လာခဲ့ကြတယ်။

သတင်းစာထုပ်ဆိုတော့ ကျွန်တော်ထင်တာက လူတွေလက်ထဲရောက်လာတဲ့ စာမျက်နှာ အစဉ်လိုက် ကလေးအတိုင်း အထပ်ထပ်နဲ့ ရောက်လာမယ်ပဲ ထင်ထားတာ။

ရုံးရောက်လို့ အထုပ်ကို ဖြည်လိုက်တော့မှ တစ်မျက်နှာချင်းဆီ ဖြစ်နေတဲ့ စာရွက်တွေကို ကိုယ့်ဟာကိုယ် ထပ်ယူရမှာပါလားလို့ သိတယ်။ စာမျက်နှာတူတာတွေ အရင်ခွဲထုတ်ပြီးမှ သတင်းစာတစ်စောင်ဖြစ်အောင် စဉ်ရတာ။ စောင်ရေ တစ်ရာ့ငါးဆယ်လောက်ဆိုတော့ နှစ်ယောက်လုပ်တာတောင် တစ်နာရီကျော်ကြာအောင် လုပ်ရတာပဲ။ သြော် ဒါကြောင့် ခိုင်မြဲဆိုတဲ့ကောင် ကျွန်တော့်ကို ခေါ်တာပဲလို့ တွေးမိတယ်။ သတင်းစာ ပုံနှိပ်ထားတာကလည်း မင်ကပြန့်နေတော့ ကျွန်တော်တို့လက်တွေဆိုတာ မည်းသဲကုန်တာပဲ။ ကျွန်တော့်အတွက်က ပထမဆုံးအကြိမ်ဆိုတော့ လက်တွေ မည်းလို့ မည်းနေမှန်းမသိဘဲ ချွေးထွက်လို့ မျက်နှာချွေးသုတ်၊ စောင်ရေကုန်အောင်လည်း ထပ်ပြီးရော ကျွန်တော့်မျက်နှာဟာ မီးသွေးနဲ့ သုတ်ထားသလိုကို ဖြစ်နေတာ။ ခိုင်မြဲက ဒီလိုဖြစ်အောင် ကျွန်တော့်ကို သေချာမပြောဘဲ လွှတ်ထားတာ။ ပြီးတော့ ဟားတာပေါ့။

အကုန်စဉ်ထပ်ပြီးတော့ ခိုင်မြဲဟာ သတင်းစာစောင်ရေ တစ်ဝက်လောက်ကို သံချေးရောင်မှိုင်းညို့နေတဲ့ စက်ဘီးပေါ်တင်၊ တုပ်ကြိုးနဲ့ သေချာ တုပ်၊ ဆယ်စောင် ဆယ့်ငါးစောင်လောက်ကို လိပ်ပြီး ရှေ့ချင်းထဲထည့်၊ စက်ဘီးဟန်ဒယ်မှာလည်း တချို့ညှပ်လို့၊ နေပူထဲ ထွက်သွားတော့တယ်။ သူ တစ်ခေါက်ပြန်လာပြီး ကျန်တဲ့တစ်ဝက်ကို ပို့ရဦးမှာ။ အဲဒါ သူ့ရဲ့ နေ့စဉ်အလုပ်ပဲ။ ခိုင်မြဲထွက်သွားတော့ နေ့လယ် တစ်နာရီကျော်ပြီမို့ ကျွန်တော် လည်း အိမ်ပြန်လာခဲ့တယ်။

“ညနေ ငါးနာရီလောက် ခွာညိုရုန်နဲ့ လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ လေ၊ ငါမရောက်သေးလည်း လက်ဖက်ရည်သောက်ရင်း စောင့်နေပေါ့” တဲ့ ခိုင်မြဲက မှာသေးတယ်။

"ဟေ့ရောင် ငါ့မှာ လက်ဖက်ရည်ဖိုး မရှိဘူး” လို့ ကျွန်တော်က ပြောတော့..

“ငါလာမှာပါဟ” လို့ ပြန်ပြောတယ်။ ပြီးတော့ စိတ်ပြောင်းသွား ပုံပဲ။ ကျွန်တော့်အိတ်ထဲ တစ်ရာတန်တစ်ရွက် ထည့်ပေးခဲ့တယ်။ “ထိုင်သောက်ရင်း စောင့်နေကွာ” တဲ့။

တစ်ကယ်တော့ ကျွန်တော့်အိတ်ထဲမှာ အမေ မနက်ကထည့် ပေးလိုက်တဲ့

ပိုက်ဆံတစ်ရာ ရှိသေးတယ်။ အဲဒါကို ကျွန်တော် မေ့နေတာ။ ခိုင်မြဲပေးတဲ့ ရာတန်ကို အိတ်ကပ်ထဲ ထည့်လိုက်တော့မှ အိတ်ကပ်ထဲမှာရှိနှင့်ပြီးသား ရာတန်နဲ့ တိုးတိုက်မိနေလို့ သတိရသွားတယ်။

အိမ်ပြန်ရောက်တော့ အမေက ဘယ်လိုလဲ ဆိုတဲ့သဘော မျက်လုံး ပင့်ကြည့်တယ်။ ခိုင်မြဲလည်း ရှာပေးမယ်ဆိုတဲ့အကြောင်း၊ သူက တစ်မြို့လုံး ပတ်နေရတော့ အလုပ်တစ်ခုခုရှိရင် သူတွေ့မှာပဲဆိုတဲ့အကြောင်း၊ လောလောဆယ် အလုပ်မရသေးခင် သူနဲ့ သတင်းစာလိုက်ပို့ဖို့ စက်ဘီးပြင်ပေးမယ်လို့ ပြောတယ်ဆိုတဲ့အကြောင်း၊ အကြောင်း အကြောင်း၊ အကြောင်းတွေ ရှည်လျား စွာ ရှင်းပြရတယ်။ အမေက ဘာမှတော့မပြောဘူး၊ သိပ်သဘောမကျပုံ ရတယ်လို့ ကျွန်တော် သိလိုက်တယ်။ အိတ်ကပ်ထဲက တစ်ရာတန် တစ်ရွက် ထုတ်ပြရင်း . .

“ဒီမှာ လက်ဖက်ရည်ဖိုးတောင် ပေးသွားသေးတယ်ဗျ” လို့ အမေ့ကို လှမ်းပြောလိုက်ရင်း မနက်က အမေပေးလိုက်တဲ့ တစ်ရာတန် ကလေးကို ပြန်ပေးလိုက်တယ်။ အမေက ညင်ညင်သာသာပဲ ယူလိုက်ရင်း ကျွန်တော် နားရည်ဝနေကျ သက်ပြင်းရှည်ရှည်ကြီးတစ်ချက် ချလိုက်တယ်။ အလုပ်တွေ ဘာလို့ အဲဒီလောက်ရှားပါလိမ့်လို့ အမေ့ကို အားတော့အားနာ ဖြစ်မိလို့ ထိုင်ပဲ တွေးနေလိုက်တော့တယ်။

ညနေ လက်ဖက်ရည်ဆိုင်ထိုင်တော့ ခိုင်မြဲနဲ့အတူ ဖိုးသက် ပါလာတယ်။ ဇော်ပိုင်ကတော့ လာထိုင်လိုက်၊ ကွမ်းယာဝယ်သူလာရင် သူ့ဆိုင် ပြန်ထသွားလိုက်နဲ့ပဲ။ ခိုင်မြဲက ဖိုးသက်ကို ကျွန်တော် အလုပ်ရှာနေတဲ့ အကြောင်းပါ ပြောထားပုံရတယ်။ ဖိုးသက်နဲ့ မိတ်ဆက်ပေးတော့ ဖိုးသက်က သူလက်ရှိလုပ်နေတဲ့ ပန်းရံအလုပ်ကို လိုက်လုပ်ဖို့ ခေါ်နေသေးတယ်။ ကျွန်တော့်အစ်ကို ကျောင်းထွက်ခါစက ဝပ်ရှော့အလုပ်မဝင်ခင် ပန်းရံ ဝင်လုပ်ခဲ့သေးတယ်။ မဆလာဗန်း သယ်ရတာနဲ့ပဲ တစ်ရက်တည်းနဲ့ ဒီကောင် ဖျားသွား ခဲ့တယ်။ ဖျားသွားတယ်ဆိုတာ ဗန်းစကားမဟုတ်ဘူး။ ပင်ပန်းပြီးတော့ တကယ်ဖျားသွားတာ။ ကျွန်တော်သာဆိုရင်တော့ လစ်ပြီပေါ့။

အဲဒီတော့ ဖိုးသက်ကို အားနာမိပေမယ့်လည်း မဖြစ်နိုင်မှန်းသိတော့ အားနာနာနဲ့ပဲ ငြင်းရတယ်။ ဖိုးသက်စိတ်ထဲမှာ ခုမှတွေ့ခါစကောင်က

အလုပ်ရှာနေတယ်ဆိုလို့ ကူညီရသေးတယ် ဘာတွေဖင်ခေါင်းကျယ်နေတာ လဲ” လို့ ထင်သွားမှာကိုလည်း စိုးရိမ်ရတယ်။ အဲဒီအတွက် ခိုင်မြဲကပါ ဝင်ကူပြောပေးလို့ ကျွန်တော် စိတ်အေးရတယ်။ ခိုင်မြဲက..

“ဒီကောင်က ဆယ်တန်းအောင်ပြီးသားကွ တက္ကသိုလ်တက်ဖို့ စောင့်နေတာ၊ အလုပ်ကလည်း တစ်ခါမှ မလုပ်ဖူးတော့ လူပျော့ပါကွာ၊ မင်းလို မလုပ်နိုင်လောက်ဘူး” လို့ ရယ်ပြီး ပြောတယ်။ ဖိုးသက်လည်း သဘောပေါက်သွားတယ်။
ကျွန်တော့်စိတ်ထဲမှာတော့ပန်းရံအလုပ်ဆိုတာမျိုးတွေဟာကျွန်တော့်အတွက်အောက်ကျေ ငြင်းတာမဟုတ် ဘူး။ မင်းနဲ့ ငါဟာ အတူတူပါပဲဆိုတာကို နားလည်သွားစေချင်တာ။ အဲဒီလို ထင်မသွားစေချင်လို့ အနေရခက်ခက်နဲ့ ရှင်းပြနေရတာကို တော်တော် ကြာတယ်။ ဖိုးသက်လည်း တကယ်ပဲ နားလည်သွားပါတယ်။

“မပူပါနဲ့ကွာ အတန်းပညာရှိရင် အလုပ်တစ်ခုခုက သိပ်မခက်ပါ ဘူး ငါတော့ အဲ့လိုထင်တာပဲကွ” တဲ့ စပ်ဖြီးဖြီးနဲ့ အားပေးရှာတယ်။ ပြီးတော့ ပြောစရာစကားမရှိတော့သလို အားလုံး ငြိမ်ကျသွားရော။ ကျွန်တော့် အလုပ်အတွက် စဉ်းစားနေကြတယ်နဲ့ တူပါတယ်။ တအောင့်လောက်နေမှ ဖိုးသက်က..

“ဟုတ်တော့လည်း ဟုတ်တယ်ကွ၊ ငါ့အလုပ်က ပင်ပန်းတယ်၊ ငါတောင် မလုပ်ချင်တော့ဘူး၊ အခုဆောက်နေတဲ့ တိုက်ကလေးပြီးရင်တော့အမေ့ကိုပြောပြီး အသစ်မဟုတ်တောင် ဆိုက်ကားကလေးတစ်စီးလောက် ဝယ်ပြီး နင်းမလို့ စိတ်ကူးနေတာ။ ကြာတော့ မခံနိုင်ဘူးကွာ” လို့ ပြောတယ်။ “မင်းက ဆိုက်ကားနင်းတတ်လို့လား” ခိုင်မြဲက မေးတယ်။

“ဆိုက်ကားနင်းတာပဲဘာခက်တာမှတ်လို့ကွာ ဘီးနှစ်ဘီး တည်း လည်တတ်တဲ့ဟာကောင် နင်းတတ်သေးတာပဲ၊ ဆိုက်ကားနင်းဖြစ်ရင် အေးဆေးပဲကွ၊ ကိုယ်ပိုင်အလုပ်ပဲ၊ ပင်ပန်းရင် နေ့တွက်ကိုက်ရင် အိမ်ပြန်နှပ်နေရုံပဲ။ နေပူမရှောင် မိုးရွာမရှောင် လုပ်စရာမလိုဘူး” လို့ ဖိုးသက်က ပြောတယ်။ ဖိုးသက်စကားဆုံးတော့ဟုတ်တော့ ဟုတ်သား၊ ဆိုက်ကားနင်းရင် တောင် ကောင်းမလား မသိဘူး” လို့ ကျွန်တော်တောင် စဉ်းစားကြည့်လိုက် သေးတယ်။ နောက်တော့လည်း ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း ငါ့လိုဂျပိန် ကောင်က ပေါင်နှစ်ရာကျော်လောက်ရှိမယ့် ပုဂ္ဂိုလ်ကြီးတွေကို တင်နင်းရရင်တော့လည်း

ခက်သားလို့ ကိုယ့်အတွေးနဲ့ကိုယ်ပဲ ပြန်ပိတ်လိုက်ရတယ်။

“မင်း ဆိုက်ကားနင်းရင် ငါ့ဆိုင်အတွက် နေ့တိုင်း ဈေးထဲကနေ ကွမ်းခြင်းသယ်တဲ့ဟာ မင်းလုပ်ပေါ့ကွာ” လို့ ဇော်ပိုင်က ဖိုးသက်အကြံကို အားပေးထောက်ခံတယ်။

"အေးကွာ... မဖြစ်ဖြစ်အောင် ဖြစ်ညှစ်ဝယ်လိုက်မယ်" လို့ ဖိုးသက်ဟာ အားတက်သရောဖြစ်နေပုံ တပြုံးပြုံးနဲ့ လုပ်နေတယ်။ ပြီးတော့ ဖိုးသက်ကပဲ ခိုင်မြဲဘက်လှည့်ရင်း...

“ဟော့ရောင် .. မနက်တိုင်း သတင်းစာထုပ်တွေ ငါသယ်ပေး မယ်လေ” တဲ့။

“ဟော့ရောင် ဆိုက်ကားခနမြောလို့ ကိုယ့်ဟာကိုယ် သယ်တာကွ၊ မင့်လည်း မခိုင်းဘူး၊ ငါ့ဟာငါ စက်ဘီးနဲ့ သယ်လို့ရတယ်” လို့ ပြောရင်း ရယ်တယ်။ ဖိုးသက်ကလည်း . . .

“မအေဘေး သေရင် ကိုယ့်နောက်ပါမှကျလို့၊ ပိုက်ဆံများ နမြောနေ သေးတယ်” လို့ တစ်ချက်ဆဲရင်း ရယ်တယ်။ ဇော်ပိုင်ပါ တဟားဟားနဲ့ ဝင်ရယ်နေလို့ ကျွန်တော်လည်း လိုက်ရယ်နေလိုက်တယ်။ မောင်စပျိုးလာတော့ ဖိုးသက်က...

“ဒီနေ့ ချကြဦးမလား” လို့ ခိုင်မြဲကိုရော၊ ဇော်ပိုင့်ကိုပါ ကြည့်ပြီး ပြောတယ်။ ကျွန်တော်ကတော့ ဘာပြောမှန်းကောင်းကောင်းမသိလို့ မှုန်တေ တေနဲ့ပဲ ငေးနေလိုက်မိတယ်။ ခိုင်မြဲက ငြင်းတယ်။

“တော်ပြီလေကွာ၊ မနေ့ကပဲ များထားတာ’ ဖိုးသက်က ဇော်ပိုင့်ကို လှမ်းကြည့်တယ်။ ဇော်ပိုင်ကလည်း “ဟုတ်သားပဲ နားလိုက်ဦးလေကွာ” လို့ ပြန်ပြောတယ်။ အရက် သောက်ဖို့ ပြောနေကြတာပဲ။ ဖိုးသက်က စိတ်ပျက်သွားပုံရတယ်။

"ငါ့မယားသားလေးတွေ မင်းတို့သောက်ချင်တော့ ငါ့ကို ဇွတ်ခေါ် တယ်နော် အေးမှတ်ထား" လို့ ပြောရင်း ချစ်မွေးမပါတဲ့ ကလေးလို နှုတ်ခမ်းစူထားလိုက်သေးတယ်။ အဲဒီတုန်းက ကျွန်တော်တို့ လေးယောက် စလုံး အသက်နှစ်ဆယ်တောင် မပြည့်ကြသေးဘူး။

ခိုင်မြဲနဲ့ ခင်ပြီး နှစ်လပြည့်ခါနီးအထိ ကျွန်တော် အလုပ်ရှာမရသေး။ ကျွန်တော့်စက်ဘီးကိုလည်း သူ ပြင်မပေးနိုင်သေးဘူး။ ကျွန်တော်လည်း မနက်၊ ညနေ ဒီကောင်တွေနဲ့ လက်ဖက်ရည်အတူတူ လိုက်သောက်နေရ တာကလွဲလို့ ဒုံရင်း ဒုံရင်းပဲ ရှိနေတယ်။ အဲဒီကြားကာလကလေးမှာ ကျွန်တော့်ထက် အလုပ်ရှာရပိုခက်မယ်လို့ထင်တဲ့ အစ်ကိုက အလုပ်ရသွားလို့ အိမ်အတွက် နည်းနည်းအသက်ရှူချောင်သွားတယ်။ ကျွန်တော်လည်း နေ့စဉ် ခိုင်မြဲကို သတင်းစာထပ်ကူ၊ ပြီးရင် ပုံမှန် အလုပ်ရှာထွက်နေရဆဲ၊ ခက်ခဲ နေဆဲပဲ။ ဒါပေမဲ့ အရင်လို အထီးကျန်မှုကိုတော့ မခံစားရတော့ဘူး။ မြို့လမ်း တွေဟာ အရမ်းကြီး ပူလောင်မနေတော့ဘူး။ ကျွန်တော့်အစ်ကိုက ခြံတစ်ခုမှာ ပေါင်းသင် မြက်နုတ် ဥယျာဉ်မှူးပဲခေါ်ခေါ် ခြံသန့်ရှင်းရေးပဲခေါ်ခေါ် အလုပ် ရသွားတယ်ဆိုတော့ အမေလည်း ဝန်နည်းနည်းပေါ့သွားတယ်။ ကျွန်တော့် အလုပ်ရှာရခြင်းဖြစ်စဉ်မှာ အရမ်းကြီး တွန်းတွန်းတိုက်တိုက် မလုပ်တော့ဘူး ပေါ့။

အမေကိုယ်တိုင်က ကျွန်တော်အနေနဲ့ အလုပ်တစ်ခုခုတော့ အနေးနဲ့ အမြန်ရမှာပဲဆိုတာကို ခိုင်မြဲ နေ့စဉ်နီးနီး အိမ်လာတိုင်း အလုပ်တွေ ရှာပေး နေတယ်ပြောထားတော့ ယုံကြည်နေတယ်။ နောက်ပြီး ခိုင်မြဲဟာ ပေါင်းတတ် သင်းတတ်တဲ့ကောင်၊ တစ်ပတ်တစ်ကြိမ်လောက်ဖြစ်ဖြစ် ခိုင်မြဲဟာ ညနေခင်း ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ကပြန်တဲ့အခါ ထပ်တစ်ရာ ပလာတာ စသဖြင့် အမေ့အတွက် ပါဆယ်ထည့်ပေးလိုက်တတ်တယ်။ အဲဒီတော့ အမေဟာခိုင်မြဲကို ယုံကြည်တယ်။ သူ့တူတစ်ယောက်လိုတောင် ဖြစ်လာတယ်။ အစကတော့ ကျွန်တော့်စိတ်ထဲ ခိုင်မြဲဆိုတဲ့ကောင် ကျွန်တော်သာ အလုပ် ရသွားရင် အရင်လို သူတစ်ယောက်တည်း သတင်းစာခွဲထပ်ရတော့မှာမို့ စေတနာကောင်းလှတယ်ပဲ ထင်မိတာ။ တကယ်တော့ ခိုင်မြဲရဲ့ စိတ်ရင်းကို ဒီလိုပဲဆိုတာ နောင်များ ပေါင်းတာသင်းတာကြာလာတော့ သိလာတယ်။ သူဟာ သူ့အိမ်၊ သူ့အမေအတွက်ဆိုရင်သာ အိမ်ကို တစ်ကျပ်ပြန်မပါရင် နေမယ် အပေါင်းအသင်းအတွက်ကတော့ ဘယ်တော့မှ လက်မတွန့်တဲ့ ကောင်စားမျိုးပါ။ ဇော်ပိုင်လည်း အဲဒီလိုပါပဲ။

ဒီလိုနဲ့ ခိုင်မြတို့နဲ့ ကျွန်တော်နဲ့ အပေါင်းအသင်းဖြစ်ခြင်း နှစ်လပြည့်ပြီး တစ်ရက် ညနေခင်း ခွာညိုရုန့်မှာ ထိုင်ကြတော့ ထိုင်ထိုင်ချင်း ခိုင်မြက အလုပ်တစ်ခု ရှာတွေ့တယ်လို့ ပြောတယ်။ မြို့အရှေ့ဘက် ခုနစ်မိုင်လောက်မှာ ရှိတဲ့ စက်ရုံတစ်ခုက လုပ်သားခေါ်နေတဲ့အကြောင်း အလုပ်ခေါ် စာရွက်ပိုင်း ကလေးတစ်ခုပြလို့ ကျွန်တော် စိတ်လှုပ်ရှားသွားရတယ်။ သူ့ စာရွက်ပိုင်း ကလေးအရ ခန့်ချင်တဲ့ အလုပ်သမားက အများကြီး၊ နောက်ပြီး ဆယ်တန်း အောင်ရင် ဦးစားပေးမယ်ဆိုတော့ ကျွန်တော်ရမှာက သေချာသလောက် ရှိနေတယ်လို့ ထင်တာကိုး။ အဲဒီနေ့က ကျွန်တော့်မှာ ဒီကောင်တွေ တောင်ပြော မြောက်ပြော လျှောက်ပြောကြတဲ့ စကားဝိုင်းထဲကိုတောင် ဝင်မပါနိုင်ဘူး။ အိမ်ပြန်ချင်စိတ်က စောနေတယ်။ အမေ့ကို အလုပ်ခေါ် စာရွက်ပိုင်းကလေး ပြေးပြလိုက်ချင်ပြီ။ မနက်ဖြန်ကို စက်ရုံဆီ အလုပ်သွားလျှောက်ချင်ပြီ။ စိတ်လှုပ်ရှားလွန်းလို့ အယောင်ယောင်အမှားမှား ဖြစ်နေမိတယ်။ ထည့်ပြီးသား ရေနွေးခွက်ထဲ ရေနွေးထပ်ထည့်မိလို့၊ မီးစွဲပြီးသား ဆေးပေါ့လိပ်ကို အကြိမ် ကြိမ် မီးထတို့နေမိလို့။ ဒီအလုပ်သာရမယ်ဆိုရင် ဒါဟာ ကျွန်တော့်ဘဝရဲ့ ပထမဆုံးအလုပ်ဖြစ်မှာ။ လူတိုင်းအတွက် ပထမဆုံးအလုပ်ဆိုတာ စိတ်လှုပ်ရှား စရာချည်းပဲနေမှာပါ။ ကျွန်တော့်အတွက်က အဲဒီထက်တောင် ပိုသေးတာပေါ့။

မနက်ရောက်တော့ လမ်းစရိတ် ငွေနှစ်ရာ၊ ထောက်ခံစာတွေအပြည့်၊ တက်ကြွမှုအပြည့်၊ ယုံကြည်မှုအပြည့်နဲ့ ကျွန်တော် အိမ်ကထွက်တယ်။ စက်ရုံဘက်ဆီ ပြေးဆွဲတဲ့ ထွေလာဂျီက တစ်ယောက်ကို ငါးဆယ်ကျပ်။

အမိုးမပါတဲ့ ထွေလာဂျီခေါင်းခန်းမှာ လေတဖြူးဖြူးနဲ့ တစ်ကိုယ်လုံး တုန်ခါ လျက် ဖင်ထိုင်ခုံကို မြဲမြဲကိုင်ရင်း ကျွန်တော် ပါသွားတယ်။ ခုန်လွန်းလို့ ဖင်ညောင့်ရိုးတွေတောင် နာနေပေမယ့် အေးဆေးပဲ။ ဖုန်တလိမ်းလိမ်း လမ်းနံဘေးက မိုင်းခွဲကျောက်ထုတ်ထားလို့ ရင်ခွဲကလီစာထုတ်ထားသလို ဖြစ်နေတဲ့ သတ္တဝါကြီးတစ်ကောင်လို အဖြူသားအထစ်ထစ်တွေနဲ့ ထုံးကျောက် တောင်တွေ၊ ကန္တာရသာသာ လွင်ပြင်ကျယ်တွေ၊ ရှေးဟောင်း ဘုရားအိုး ဘုရားပျက်တွေ၊ အုတ်တံတိုင်း ငုတ်တုတ်တွေ၊ ဧကများစွာသော ဝါစိုက်ခင်း တွေ။ အဲဒီနေ့ကစလို့ နှစ်နှစ်တိတိ နေ့စဉ်မြင်နေရတော့မယ် မရိုးနိုင်တဲ့ ပျင်းရိဖွယ် ရှုခင်းတွေကြည့်ရင်း စက်ရုံကို ရောက်သွားတယ်။

စက်ရုံရဲ့ အမြင့်ဆုံးသော ခေါင်းတိုင်ကြီးကနေ ကျောက်မှုန်တွေဟာ မီးခိုးတွေလို အဆက်မပြတ် ထွက်လို့နေတယ်။ အဲဒီ ကျောက်မှုန်တွေဟာ အရပ်ရှစ်မျက်နှာကို ပျံ့နှံ့လွင့်ပါးသွားကြပြီး သူ့စက်ရုံဝင်းတင်သာမက အနီးနားက

ရွာတွေကို ဖွေးဖွေးဆုတ်သွားစေတယ်။ အင်တာဗျူးဖြေဖို့ အနယ်နယ် အရပ်ရပ်ကနေ ရောက်လာတဲ့ ကျွန်တော့်လိုလူတွေ။ စက်ရုံထဲ ခြေချလိုက်ပြီး နာရီဝက်လောက်အတွင်း ကျွန်တော်တို့ရဲ့ မျက်ခုံးမွေးတွေကအစ ဖြူပြာပြာတွေ ဖြစ်ကုန်ကြတယ်။

အင်တာဗျူးကို ဆယ်ယောက်တစ်သုတ်စီ ဝင်ကြရတယ်။ အလှည့် မရောက်သေးခင်တော့ ကျွန်တော်လည်း မြင်နေရတဲ့ အဆောက်အဦတွေ ဆိုင်လိုအလုံးကြီးတွေ၊ ဟိုးစက်ရုံရဲ့အရှေ့စွန်းကပ်လျက် ထုံးကျောက်တောင်ကြီး ပေါ်က ခပ်သေးသေးသာမြင်ရတဲ့ ကျောက်သယ်ကားကြီးတွေကို ငေးကြည့်နေ မိတယ်။ ကြည့်ရတာပျင်းလာတော့ မြေကြီးပေါ် ဖိနပ်ခုထိုင်ရင်း ကျောက်မှုန် မြေသားပေါ် ဘာပုံရယ်လို့ မရေရာဘဲ တုတ်တစ်ချောင်းနဲ့ တောင်ခြောက် မြောက်ခြစ် လုပ်နေလိုက်တယ်။ အဆုံးမှာတော့ ကျွန်တော်တို့အလှည့်ကို ရောက်လာတယ်။ အပြင်ဘက်က မြင်ကွင်း၊ အပူချိန်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အဲယားကွန်းဖွင့်ထားတဲ့ ရုံးခန်းတစ်ခုကို ခေါ်သွားတယ်။ အခန်းထဲမှာ ယူနီဖောင်းကို ကျကျနနဝတ်လို့ ဗိုလ်မှူးကြီးတစ်ယောက် ကျောဆန့်လို့ စိတ်မပါလက်မပါဟန်နဲ့ ထိုင်နေလေရဲ့။

တစ်ယောက်ချင်းစီကို ဘာအတွက်မှန်းမသေချာတဲ့ မေးခွန်းတွေ မေးတယ်။ ကျွန်တော့်အလှည့်ရောက်တော့ စားပွဲပေါ်က ကျွန်တော့် စာရွက် စာတမ်းတွေကို ကြည့်တယ်။ ပြီးတော့ မျက်မှန်ပေါ်ကနေ ကျွန်တော့်ကို ကျော်ကြည့်တယ်။

“ဒီ့အရင်က ဘာအလုပ် လုပ်ခဲ့ဖူးသလဲ"

"မလုပ်ဖူးပါဘူး၊ ဒါ ပထမဆုံးအလုပ်ပါပဲ ဗိုလ်မှူးကြီး" လို့ ကျွန်တော်ဖြေလိုက်တော့ မကျေမနပ်ဖြစ်သွားပုံပေါ်တယ်။ ကျွန်တော်လည်း သေချာတော့ မသိဘူး။

“အဘာ လို့ခေါ်"

ဘေးကတစ်ယောက်က တံတောင်နဲ့တွတ်ရင်း ခပ်တိုးတိုးပြောတယ်။

“မလုပ်ဖူးပါဘူး အဘ” ကျွန်တော် ပြန်ပြင်ပြောလိုက်တယ်။ “ဒါမှပေါ့” ဆိုတဲ့ မျက်နှာပေးနဲ့ ကျွန်တော့်အလုပ်လျှောက်လွှာပေါ် ခရက်ရှာလို့ အင်္ဂလိပ်လို ကောက်ခြစ်ပေးလိုက်တယ်။ ဒါပဲ။ နှစ်နှစ်တိတိ ကျွန်တော့်အဆုတ်ထဲ ကျောက်မှုန့်တွေ သိုမှီးဖို့ အဲဒီစက်ရုံကြီးထဲက ကျောက်ခွဲစက်ဌာနမှာ အလုပ်လုပ်ခွင့် ရသွားပါတယ်။

အလုပ်ရပြီဖြစ်လို့ အဲဒီညနေမှာ အမေ့ဆီက ပိုက်ဆံနှစ်ရာ ထပ်တောင်းတယ်။ အမေကလည်း ပေးတယ်။ ခိုင်မြ၊ ဖိုးသက်၊ ဇော်ပိုင်တို့ကို ဘီအီး နှစ်လုံး ထောင်ပေးတယ်။ လိုတာတော့ သူတို့စိုက်ပေါ့။ ဒီကောင်တွေနဲ့ ထိုင်ခဲ့သမျှ ဒီတစ်ခါမှာ ကျွန်တော့်အနေနဲ့ ဝေစုတစ်ခု ထည့်ထားလိုက်နိုင် တာရော၊ အလုပ်တစ်ခုရှိပြီဆိုတဲ့ အသိနဲ့ရော၊ အဲဒီညမှာ စကားပြောရတာ သိပ်ရှင်တယ်။ ၊

"ငါတော့ မသွယ်နဲ့ မဖြစ်တော့ဘူးကွာ စာပေးလိုက်တော့မယ်ဘယ့်နှယ်လဲ ဟေ့ရောင် ကျော်ဇော”

အရှိန်ကလေးနည်းနည်းရလာတော့ ခိုင်မြက ကျွန်တော့်ကို ဦးတည် ပြီး မေးတယ်။ ကျွန်တော်က နားမလည်ဘူး။

“မသွယ်ဆိုတာ ဘယ်သူလဲကွ” လို့ မေးတော့..

“သူတို့ရုံးကပဲလေကွာ.. အရပ်ပုပုနဲ့ ဂျပုမပါကွာ၊ အဲဒီကောင် ဖွန်နေတာ ကြာလှပေါ့” တဲ့ ဇော်ပိုင်က ဝင်ဖြေတယ်။

“ယီး ဂျပုမပါလား၊ ချောတယ်ဆိုတာ ထုံးသုတ်တဲ့ တုတ်လောက် မြင်ဖူးတဲ့ကောင်ကများ”

ခိုင်မြက ချက်ချင်း တန်းနှက်တယ်။

“နေပါဦးကွာ.. ဟို အသားညိုညို မျက်နှာဝိုင်းဝိုင်းနဲ့ စာကြည့်တိုက် ထိုင်တဲ့

အစ်မကြီးလား” လို့ ကျွန်တော်က မေးတယ်။ ဒီမြို့ရောက်ခါစ ခိုင်မြဲနဲ့ မခင်သေးခင်က ခိုင်မြဲတို့ရုံးက စာကြည့်တိုက်မှာ ကျွန်တော် စာဝင်ဝင် ဖတ်ဖူးတယ်။ အဲဒီတော့ အဲဒီတစ်ယောက်ကိုတော့ သူတို့ရုံးက လူတွေထဲမှာ မှတ်မိနေတယ်။ ခိုင်မြဲနဲ့ သတင်းစာခွဲထပ်တိုင်းမှာလည်း စာကြည့်တိုက် နံဘေးက အခန်းထဲမှာ လုပ်ရတာဆိုတော့ နေ့စဉ်မြင်နေရတာဆိုတော့ ကျွန်တော်သိတာလည်း အဲဒီတစ်ယောက်ပဲ။

“ဟုတ်တယ်လေကွာ… ဘယ့်နှယ်လဲ လှတယ်မဟုတ်လား သူ့မျက်လုံးလေးကကွာ ဝိုင်းစက်ပြီး မည်းနေတာပဲလေ” “ဖွတ်… ငါလည်းမြင်ဖူးပါတယ် ခိုင်မြဲရာ၊ သူ့မျက်လုံးတစ်ဖက် က မှေးနေတာပါ”

“ဇော်ပိုင် ငါ့မယားသားလေး မင်းတော်လိုက်တော့” ဇော်ပိုင်နဲ့ ခိုင်မြဲနဲ့ တစ်ယောက်နဲ့တစ်ယောက် အချီအချပြောနေတုန်း ဖိုးသက်ကတော့ တစ်ခွက်ပြီးတစ်ခွက် ငြိမ်ငြိမ်သက်သက်ပဲ ထည့်ထည့်ကစ်နေ တယ်။ တအားဆူလာတော့ ဖိုးသက်လည်း မနေနိုင်တော့ဘူး ဝင်ပြောတယ်။ “တော်ပါတော့ကွာ၊ ခိုင်မြဲစော်က လှပါတယ်ဟ ငါမြင်ဖူးပါတယ်၊ ဒါနဲ့နေပါဦး ခိုင်မြဲ စော်ကြီးက မင်းထက်တော့ အသက်တော်တော်ကြီးမယ် ထင်တယ်နော် ဘယ်လောက်ကြီးလဲ သိလား"

“သုံးနှစ်တည်း ကြီးတာပါကွာ၊ တအားမကြီးပါဘူး… ဟေ့ရောင် ဇော်ပိုင် တွေ့လား ဖိုးသက်တောင် လှတယ်ဆိုတာ ဘာမှန်းသိတယ်ကွ စောက်ပေါ်ရ” အာလုတ်သံကြီးနဲ့ ပြောနေတယ်။ ဇော်ပိုင်ကတော့ ဖိုးသက်ကို ကြည့်ပြီး ရယ်တယ်။ ပြီးတော့ မေးတယ်။

“မင်းက ဘယ်တုန်းကမြင်ဖူးလိုက်တာလဲ ဟေ့ရောင် ပြောစမ်းပါဦး”

"ဘယ်တုန်းက မြင်ဖူးမြင်ဖူးကွာ၊ မမြင်ဘူးလည်း လှတာဟာ လှတာပဲကွ၊ ဟုတ်တယ်မဟုတ်လား ခိုင်မြဲ ဟား ဟား ဟား" “အေး…ဟုတ်တယ်၊ ခွေးဟောင်လို့ လှည်းတန်းကြီးက အမောင်း မပျက်ဘူးကွ”

ခိုင်မြဲက ဇော်ပိုင်ကို မျက်စောင်းထိုးရင်း ပြန်ဖြေတယ်။

"ဟော့ကောင်လေးတွေ ဒီနေ့ယုန်သားရတယ်နော်၊ သိပ်ချိုတာယူဦးမလား

ဆိုင်ရှင်အဒေါ်ကြီး ဒေါ်မုန်းက ဝိုင်းထိုင်ကိုလှည့်ပြီး ယုန်သားဟင်း ကြော်ငြာထိုးနေတယ်။ ဖိုးသက်က ချက်ချင်းပဲ ခေါင်းထောင်သွားပြီး… "ဟော့ရောင် ခိုင်မြဲ၊ ယုန်သားဟင်းလေး မှာလိုက်ပါလားကွာ သိပ်ကောင်းတယ်ဟ၊ ဘီအီးလည်း တစ်လုံးလောက် မှာလိုက်ပါဦးလား" တဲ့။ စပ်ဖြဲဖြဲနဲ့ ဒီကောင် မူးနေပြီ။

"ဒေါ်မုန်း တစ်လုံးနဲ့ အဲဒီယုန်သားတစ်ပွဲပေးဗျာ၊ ခိုင်မြဲ မင်း ရှင်းလိုက်နော်" လို့ ဇော်ပိုင်က အော်မှာလိုက်ရင်း ခိုင်မြဲကိုကြည့်ပြီး ရယ်လို့ မဆုံး ဖြစ်နေတယ်။ ဖိုးသက်ကိုပါ ခေါင်းဆတ်ဆတ်ပြရင်း နှပ်လိုက်ရပြီ ဆိုတဲ့ဟန် လုပ်တယ်။

"စာပေးမယ်ဆိုတော့ မင်းက ရေးပြီးပြီလား၊ ငါ ရည်းစားစာ ရေးပေးရမလားလို့"

ကျွန်တော်က ခုနက မသွယ်ဇာတ်လမ်းကို ဆက်တယ်။

`ရေးတော့ မရေးရသေးပါဘူး။ ဒါနဲ့ မင်းက ရည်းစားစာ ဘယ်လောက်ရေးတတ်လို့လဲ" တဲ့ ဇော်ပိုင်နဲ့ ဖိုးသက် နှစ်ယောက်စလုံးကို ဝေ့ကြည့်ပြီး ခိုင်မြဲက ကျွန်တော့်ကို ပြောတယ်။

"ဟော့ရောင် ငါက ငယ်တုန်းက အတန်းထဲမှာ ရည်းစားစာ ကြေးစားရေးစားတဲ့ကောင်""

ဂုဏ်ယူဝံ့ကြွားစွာနဲ့ ကျွန်တော်က ပြောတော့….

"ငါလည်း မင်းလိုပဲဟ၊ သုံးစောင် ငါးဆယ်နဲ့ ရည်းစားစာ ရေးစားလာတာ ငါ့စာနဲ့ဆို ငြိကြတာချည့်ပဲ၊ ငါ့ရေးပေးတဲ့စာနဲ့ မငြိတာဆိုလို့ ငါတစ်ယောက်တည်းပဲ ရှိတယ် ဟား ဟား ဟား'

ခိုင်မြဲက သူ့ဟာသူ ပြောရင်း သဘောကျနေတယ်။

"အေးပါ ... မင်းဟာမင်း ရေးတတ်ရင်လည်း ပြီးတာပါပဲ၊ ငါက ရေးပေးရမလားလို့ မေးတာပါ။ ကြိုက်နေရင်လည်း စာပေးပေါ့ကွာ ဒါ... ရှိတာပဲ"

အဲဒီနောက် ဖိုးသက် ဆိုက်ကားရှာနေတယ်ဆိုတဲ့အကြောင်း၊ ဇော်ပိုင့် ညီလေးအကြောင်း၊ ကျွန်တော်လည်း အလုပ်ရပြီဆိုတော့ ဒီနှစ်တော့ အဝေးသင်တက္ကသိုလ် တက်နိုင်ပြီဆိုတဲ့အကြောင်း စသဖြင့်တွေ ပြောကြရင်း မိုးလည်း တော်တော်ချုပ်သွား၊ ကျွန်တော်တို့လည်း အတော်ကလေး မူးသွားကြ တယ်။ တစ်ချိန် ပြန်ပြောင်း အမှတ်ရစရာ ညကလေးတစ်ည ဖြစ်ခဲ့တယ်ပေါ့။

ကျွန်တော့်စက်ရုံအလုပ်က အစိုးရအလုပ်တွေလို တနင်္လာကနေ သောကြာတက်၊ စနေ တနင်္ဂနွေနား ဆိုတာမျိုး မဟုတ်တော့ ကျွန်တော်အတွက် အဆင်ပြေ တယ်။ ကျွန်တော်တို့ ကျောက်ခွဲစက်ဌာနမှာ လူ နှစ်ဆယ့်လေးယောက်ရှိတော့ အဆိုင်း သုံးဆိုင်းခွဲ၊ တစ်ရက်ကို ရှစ်နာရီစီ ခွဲလုပ်ကြရတယ်။ တစ်ပတ်လုံး နေ့ချည်းဆင်းရတဲ့ အပတ်တွေ ရှိသလို၊ တစ်ပတ်လုံး ညချည်းဆင်းရတဲ့ အပတ်တွေလည်းရှိတော့ တစ်ပတ်လုံး နေ့ပိုင်းအားနေတဲ့ အပတ်တွေ ရှိတယ်။ ဒီတော့ ခိုင်မြဲတို့ နဲ့လည်း ပုံမှန်အတိုင်း ဆုံဖြစ်၊ ခွာညိုရုန်းမှာလည်း ထိုင်ဖြစ် ကြတယ်။ နေ့ပိုင်းအနားရတဲ့ အပတ်တွေဆိုရင် အရင်လိုပဲ ခိုင်မြဲရဲ့ သတင်းစာအလုပ်တွေ ကူလုပ်ပေးမြဲ။ ညနေ ဆိုရင် အလုပ်ယူနီဖောင်း ထမင်းချိုင့်ထည့်ရင်း ည ဖယ်ရီ မလာခင် ခွာညိုရုန့်မှာ အေးအေးဆေးဆေး ထိုင်လို့ရနေ မြဲပဲ။

ကျောက်ခွဲစက်ဌာနဆိုတော့ တော်တော်ပင်ပင်ပန်းပန်းလုပ်ရတဲ့နေ့ဟာ တစ်လကို လေးငါးခြောက်ရက်ကတော့ ရှိတယ်။ ကျောက်ခွဲစက်ဌာနရဲ့ အလုပ်ကို တိုတိုနဲ့ ရှင်းရှင်း သိရအောင် ပြောရရင်တော့ ဒီလိုပေါ့။

စက်ရုံရဲ့ ဟိုးအရှေ့ဘက် ထိပ်ဆုံးမှာရှိနေတဲ့ထုံးကျောက်တောင်ကြီး ကို ယမ်းတွေသိပ်လို့ မိုင်းခွဲတယ်။ ရလာတဲ့ ထုံးကျောက်တုံးကြီးတွေကို တောင်ပေါ်ကနေ တောင်အောက်က ကျွန်တော်တို့ဌာန ဘေးမြေကွက်လပ် အထိ ကားကြီးတွေနဲ့ လာချတယ်။ အဲဒီအလွန်ကြီးမားတဲ့ ကျောက်တုံးကြီး တွေကိုမှ တစ်ခါ အနေတော်ဖြစ်အောင် ဘက်ဟိုးစက်ကြီးတွေမှာ သံမဏိချွန် ကြီးတွေတပ်ပြီး ထပ်ခွဲရပြန်တယ်။ ရလာတဲ့ ကျောက်တုံးကြီးတွေကိုမှ ကျွန်တော်တို့ဌာနရဲ့ ဟော်ပါဆိုတဲ့ အပေါက်ကြီးထဲကို ဟိုက်ဒရောလစ် ကားတွေနဲ့ သွန်ချလိုက်ကြတယ်။ အဲဒီ ဟော်ပါပေါက်အောက်ခြေမှာ တင့်ကားဘီး

ချိန်းကြိုးပါးတွေထက်တောင်ကြီးသေးတဲ့ ချိန်းပြားကြီးတွေ ရှိတယ်။ အဲဒီချိန်းပြားကြီးဟာ ကျောက်တုံးကြီးတွေကို သံတူတွေ ရက်ရက် စက်စက် လည်နေတဲ့ အလုံပိတ်အခန်းထဲကို တအိအိနဲ့ သယ်သွားပြီး ပစ်ချ လိုက်တယ်။ သံတူအလုံးပေါင်း မြောက်မြားစွာဟာ သူ့ထဲကျလာတဲ့ ကျောက်တုံးတွေကို အလွန်အင်မတန်ကြီးမားပြင်းထန်တဲ့အားနဲ့ အကြိမ်ကြိမ် အထပ်ထပ် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်ခွဲလိုက်တော့ တစ်လက်မ၊ နှစ်လက်မအရွယ် ကျောက်တုံးအသေးလေးတွေ ဖြစ်ကုန်တာပေါ့။ အဲဒါ ကျောက်ခွဲစက်ဌာနရဲ့အလုပ်ပဲ။

ခွဲပြီးသား ကျောက်သေးလေးတွေဟာ သံတူကြီးတွေရဲ့အောက်က အပေါက်ထဲကိုကျ ရာဘာပတ္တားလိုင်းပေါ် ရောက်သွားမယ်။ အဲဒီပတ္တားလိုင်း က သူ့အပေါ်ကျလာတဲ့ ကျောက်တုံးသေးလေးတွေကို တရွေ့ရွေ့နဲ့ အဆက် မပြတ် သယ်သွားပြီး စက်ရုံကို နှစ်မိုင်အဝေးလောက်ကနေ လှမ်းကြည့်ရင် မြင်ရလောက်အောင် မြင့်တဲ့ဆိုင်လို ကွန်ကရစ်အလုံးကြီးထဲကို ထည့်ချလိုက် တော့တာပဲ။ ဒါဆိုရင် ကျွန်တော်တို့ ခရက်ရှာဌာနရဲ့ ကိစ္စပြီးပါပြီ။ ဘိလပ်မြေ အမှုန့်ထိ ဖြစ်သွားမယ့်ကိစ္စက ကျန်တဲ့ဌာနတွေ ဆက်လုပ်ရမယ့်ကိစ္စပဲ။ ကျွန်တော်တို့နဲ့မဆိုင်။ ဘာတွေဘယ်လို ဆက်လုပ်ကြတယ်ဆိုတာ ကျွန်တော် လည်းမသိ။

ကျွန်တော်တို့ဌာနရဲ့ ပင်ပန်းရတဲ့ရက်တွေဆိုတာက ကျောက်တုံးကြီး တွေကို ပြင်းပြင်းထန်ထန်လှည့်ပြီး ရိုက်ခွဲတဲ့ သံတူကြီးတွေ စားကုန်ပါးကုန်လို့ လဲရတဲ့နေ့တွေပဲ။ သေ့ခလောက်ပုံစံ သံတူကြီးတွေ။ သံတူကြီး တစ်တုံး တစ်တုံးဟာ ပိဿာ ငါးဆယ်ကျော်လောက် လေးလိမ့်မယ်။ အဲဒါမျိုး သံတူကြီး အလုံးငါးဆယ်လောက်ကို နှစ်ပတ်တစ်ခါလောက် လဲရတာ။ အခုတော့ အဲဒီစက်ရုံကြီး ဘယ်အခြေအနေရှိပြီမသိရပေမယ့် ကျွန်တော် ကျောက်ခွဲစက်မှာလုပ်တုန်းကတော့ သံတူတွေ ပုံသွန်းလောင်းတဲ့ သံတွေဟာ အရည်အသွေး ညံ့လွန်းတယ်။ တစ်ပတ်လောက်အချိန်ကလေးလောက်နဲ့ သံတူအသစ် လဲတပ်ပေးရတဲ့အခါတောင် ရှိတယ်။

နေ့စဉ် ကျောက်တုံးကြီးတွေကို ရိုက်ရိုက်ခွဲနေတော့ အင်မတန် မာပါတယ်ဆိုတဲ့ သံတုံးကြီးတွေဟာ တစ်ပတ်အတွင်း ဘာမှမရှိတော့အောင် စားသွားတာများ အံ့သြစရာတောင် ကောင်းပါတယ်။ သံတုံးတွေ ဒီလိုဖြစ်ကုန် ကြတာလားပေါ့။ အဲဒီနေ့တွေမှာတော့ သေပေရော့ပဲ။ ခါးရိုးတွေ ဖျစ်ဖျစ် မြည်အောင် သံတူကြီးတွေကို ထမ်းရတယ်။ သံတူကြီးတွေရဲ့ထိပ်မှာ ဝင်ရိုးတိုင် သံမဏိချောင်း ထည့်တပ်ရတဲ့အပေါက်ပါတယ်။ ဝင်ရိုးတိုင် သံမဏိချောင်း တစ်ချောင်းကို

သံတူငါးလုံး စွပ်ထည့်ရတာဆိုတော့ အဲဒီအလေးချိန်ဟာ ပိဿာသုံးရာလောက်နီးနီး ရှိပြီပေါ့။ သံတူငါးလုံး စွပ်ထည့်ပြီးသား ဝင်ရိုးတိုင် သံမဏိချောင်းတစ်ချောင်းကို လူငါးယောက်ထက်ပိုပြီး သယ်လို့လည်း မရတော့၊ သံတူတွေ လဲတပ်ရတော့မယ့်နေ့ဆိုရင် ဌာနက လူတိုင်းအလိုလို ဖျားချင်နာချင်သလို ဖြစ်လာကြတော့တာပါပဲ။ တကယ်တော့ အဲဒီလောက် လူ့လုပ်အားတွေ အဆမတန်သုံးရတဲ့အလုပ်မျိုးကို စက်နဲ့ စနစ်တကျ လုပ်လို့ရအောင် ကြိုဆ ပြင်ဆင်သင့်တာမျိုးပါ။ ဒါပေမဲ့လည်း ဒီနိုင်ငံမှာ အပေါ်ဆုံးက လူ့လုပ်အားပဲလေ။ လုပ်ချင်ရင်လုပ်၊ မလုပ်ချင်ရင် လစ်၊

သာမန်နေ့တွေမှာဆိုရင်တော့ တစ်ဆိုင်းကို လူရှစ်ယောက်ဆိုတာများတောင်နေသေးတယ်။ အားလုံး အူလှိုက်သည်းလှိုက် အေးအေးဆေးဆေး ပဲ။ ကျောက်တုံးကြီးတွေကို ရိုက်ခွဲတဲ့ဌာနဆိုတော့ မိုးပြိုလောက်အောင် ဆူညံသံတွေကြားနေရတာတော့ တစ်ပိုင်းပေါ့။ ကြာတော့လည်း နားတောင်ယဉ်လာတယ်။ သံတူ လဲရလို့မဟုတ်ဘဲ အခြားအကြောင်းကြောင့် စက်မလည် ဖြစ်တဲ့နေ့တွေမှာ တအုန်းအုန်းမြည်နေတဲ့အသံကြီး မကြားရရင်တောင် နေမထိထိုင်မသာ ရင်မှာ ဟာတာတာ ဖြစ်ရတယ်။

စက်လည်ချိန်တွေမှာတော့ လူရှစ်ယောက်ရှိတဲ့အနက် တစ်ယောက်က ဟော်ပါထဲ ကျောက်လာလာချတဲ့ ကားတွေကို စောင့်ကြည့်ပြီး ကားသမားတွေအတွက် ခေါက်ရေ တာလီမှတ်ပေးနေမယ်။ ဟော်ပါထဲ ပြည့်နေရင် ခဏစောင့်ခိုင်းမယ်။ တစ်ယောက်က ကွန်ထရိုးပန်နယ်ပုံး ဘေးနား မှာရှိတဲ့ ရေဒီယိုလိုင်းရှာသလို လှည့်တဲ့ခလုတ်ကလေးကို ဟိုလှည့်ဒီလှည့်နဲ့ ကျောက်သယ်ချိန်ကြိုးကြီးတွေရဲ့ အမြန်နှုန်း၊ သံတူကြီးတွေရဲ့ ရိုက်အားအရှိန်ကို ချိန်ညှိနေမယ်။ တစ်ယောက်က ပတ္တားလိုင်းလမ်းတစ်လျှောက် ကျလာတဲ့ ထုံးကျောက်လေးတွေရဲ့ အရွယ်အစားဟာ အရမ်းကြီးနေသလား စောင့်ကြည့် နေမယ်။ (ကျောက်အရွယ်အစားကြီးတာတွေ အရမ်းပါနေပြီဆိုရင်တော့ သံတူတွေ လဲရတော့မယ်ပေါ့)၊ နောက်တစ်ယောက်က ဆိုင်လို အလုံးကြီး ထိပ်မှာထိုင်ရင်း ပတ္တားလိုင်းတစ်လျှောက် တက်လာတဲ့ကျောက်တွေ ဆိုင်လို ထဲ အဆင်ပြေပြေကျရဲ့လားလို့ စောင့်ကြည့်ရင်း တဝါးဝါးသမ်းလို့ ဟိုငေးဒီငေး ငေးနေမယ်။ လိုအပ်ချက်က အားလုံးမှ လေးယောက်ပဲ။ ကျန်တဲ့ လေးယောက် ကတော့ တောင်လိုလို မြောက်လိုလိုပေါ့။ အဲဒီလိုနေ့တွေဆိုရင်တော့ ကျွန်တော် ဟာ အငှားဆိုင်ကငှားလာတဲ့ မဂ္ဂဇင်းထဲက မော်ဒန်ကဗျာတွေကို အနက်

ဖော်ကြည့်နေမယ်။ ဝတ္ထုစာအုပ်တစ်ခုခုကိုင်ပြီး တစ်နေရာရာမှာ ခွေချင်ခွေနေ မယ်။ သာယာမှုတွေနဲ့ သာသနာပြုနေရုံပဲ။ ဘယ်သူကမှ ဘာမှပြောမနေဘူး။

ကျွန်တော်တို့ရဲ့ ဌာနခွဲမှူး ကိုဇော်နီက သဘောကောင်းပါတယ်။အသက်က သုံးဆယ်လောက်သာ ရှိဦးမယ်။ စက်လည်တဲ့နေ့တွေမှာတော့ ဌာနကိုတောင် သိပ်မလာဘူး။ နောက်ပြီး ကျွန်တော်တို့က အဘလို့ခေါ်တဲ့ စုမှူးအဘိုးကြီး ဦးနိုင်ဝင်း၊ သူကလည်း သဘောသိပ်အကောင်းကြီး မဟုတ်ပေ မယ့် ဆိုးလှတယ် မဆိုနိုင်ဘူး။ သူ့အရက် သူသောက်နေရရင် ဘယ်သူ့ကိုမှ ဆဲဆို ကြိမ်းမောင်းမနေဘူး။ ဘီးအီးကလေးနည်းနည်း အာဆွတ်ဖို့ အချိန်မရ အောင်ကို အလုပ်ရှုပ်တဲ့နေ့တွေမှာဆိုရင်တော့ မည်းမည်းမြင်ရာ ဆဲနေတဲ့အဘိုးကြီးတစ်ယောက်ပဲ။ နောက်တစ်ယောက် စိတ်မှူး ဦးဌေးမြင့်၊ သူက လည်း စုမှူး အဘိုးကြီးရဲ့လက်ထောက် ကစော်သမားပဲ။ သူအတော့အရက်သောက်လို့သာ ကစော်သမား ဖြစ်ရတယ်၊ အဆုတ်ကလည်းအခြေအနေတော်တော်ဆိုးနေပုံပါပဲ။ ဆေးပေါ့လိပ်ကို ဘယ်တော့မှ လက်ကမချ။ နှစ်ဆယ့်လေးနာရီ တစ်ရက်မှာ သုံးနာရီလောက်က ပါးစပ်ကနေ အူတွေထွက်ကျလာတော့မလားထင်ရအောင် ချောင်းဆိုးရင်းနဲ့ပဲ ကုန်ဆုံးနေရတာ။ ချောင်းဆိုးရပ်တာနဲ့ ဆေးပေါ့လိပ်ကို မီးညှိ၊ ရွာထဲက ဝယ်လာတဲ့ ထနောင်းခေါက်နဲ့ချက်တဲ့ အရက်ပုလင်းအကြည်ကလေးကို ဖွင့်တော့တာပဲ။

သံတူတွေ လဲတဲ့အချိန်၊ တစ်ခါတလေ ကျောက်စကျောက်နုကလေး တွေဟာ ပတ္တာလိုင်းပေါ်ကိုမကျဘဲ ဘေးကို အနည်းငယ် လွင့်စဉ်ကျလို့ ဂေါ်နဲ့ထိုး ပတ္တာလိုင်းပေါ်တင်ရတဲ့နေ့တွေကလွဲလို့ ဒီလူကြီးတွေဟာ အေးအေး ဆေးဆေးပါပဲ။ တော်ရုံတန်ရုံအလုပ်မရှိရင် ဘာလုပ်နေနေ လွှတ်ပေးထားကာ ပါပဲ။ ဒီတော့လစာရင်းအပြင် အခြားအောက်ဆိုဒ်လိုဟာမျိုးတော့ ကျွန်တော် တို့ အငယ်တွေကတော့ မရဘူးပေါ့။အထူးသဖြင့် ကျွန်တော်တော့ နှစ်နှစ်တာ ကာလအတွင်း တစ်ခါမှ မရဖူးဘူး။

အခြားအောက်ဆိုဒ်ဆိုတာက ကျွန်တော်တို့ဌာနဆီကို မိုင်းခွဲထားတဲ့ ကျောက်တွေကို လာလာချပေးတဲ့ ဖောကားကြီးတွေ ရှိတယ်။ အဲဒီကားတွေဟာ ခေါက်ရေနဲ့တွက်လို့ ဆီထုတ်ကြရတာ။ ကျွန်တော်တို့ဌာနမှာ လာချတာ ဆိုတော့ ကျွန်တော်တို့ဌာနက ခေါက်ရေ တာလီမှတ်ပေးရတာပေါ့။ အဲဒီတော့ ကားသမားတွေကို ခေါက်ရေ ပိုပိုမှတ်ပေး၊ သူတို့က ဆီခွဲတမ်းပိုရ၊

ကျွန်တော်တို့ဌာနကိုလည်း ကားသမားတစ်ယောက်ချင်းစီက ခွဲတမ်းပြန်ပေး ဆိုတော့ အဲဒီဝင်ငွေဟာ တော်တော်များတယ် ဆိုရမယ်။ နောက်ထပ် ပိုက်ဆံ ရတဲ့ အောက်ဆိုဒ်တစ်မျိုးကတော့ ကျွန်တော်တို့ဌာနအတွက်ရတဲ့ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ခါတ်ဆီ၊ ဒီဇယ် စတဲ့ ဆီခွဲတမ်းတွေကို ဌာနခွဲမှူးမသိအောင် ထုတ်ရောင်းကြတာ။

အဲဒီအကြံအဖန်ဝင်ငွေတွေကို လူကြီးတွေ သူတို့ဘာသာ သူတို့ပဲခွဲယူကြတာ။ ကျွန်တော်နဲ့ ရာထူးတူတဲ့ အခြားအငယ်တွေ ရမရတော့ကျွန်တော်လည်း တစ်ခါမှ မမေးပါဘူး၊ စိတ်မှမဝင်စားပဲကိုး။ တစ်ခါသားမှာ တော့ ကျွန်တော်က ကားတွေရဲ့ ခေါက်ရေကိုမှတ်ဖို့ တစ်လလုံးလုံး တာဝန် ကျတယ်။ စက်လည်တဲ့အချိန်တွေမှာ ကျွန်တော်က တော်ရာမှာ စာကလေး ဘာလေးဖတ်၊ သွားသွားနှပ်နေတတ်တော့ တမင်စောက်မြင်ကတ်လို့ ခိုင်းတာ ပဲ။ အဲဒီလကုန်တော့ ကျွန်တော်တို့အဆိုင်းက ကိုဝင်းချိုနဲ့ စုမှူး အဘိုးကြီး ဦးနိုင်ဝင်းတို့ စက်ခန်းထဲ ကျွန်တော်မရှိဘူးထင်ပြီး ခွဲတမ်းကိစ္စ စကား အပြန်အလှန်ပြောနေကြတာကို စက်ခန်းနောက်က လူတစ်ဝင်စာ ဂိုဒေါင် ကလေးထဲ ဝင်ခွေနေရင်း ကြားလိုက်ရသေးတယ်။ ကိုဝင်းချိုက အဘိုးကြီးကို ပြောတယ်။

“အဘ ဒီအပတ် ဟိုကောင် ကျော်ဇောလေးကိုရော ပေးလိုက်ရ မလား၊ သူ ဒီတစ်လလုံး ကားခေါက်ရေ မှတ်တာ” တဲ့။ ဒီတော့ ဦးနိုင်ဝင်းက...

“ဟာ ဟေ့ကောင်၊ အဲ့ကောင်လေး ပေးမနေနဲ့ စောက်ပျင်းလေး၊ အားတာနဲ့ ဆိုင်လိုပေါ်တက်ချင်တက်၊ မတက်ရင် ရွာဘက်လောက် လစ်ထွက်နေတာ၊ ဘာမှစောက်သုံးကျတာမဟုတ်ဘူး မင်း အစသွားမလုပ်နဲ့” တဲ့။ ပြီးတော့ တစ်ဆက်တည်း မေးသေးတယ်။

“ဘာလဲ အဲ့ကောင်လေးက တောင်းနေလို့လား”

“မတောင်းပါဘူး အဘရာ၊ ဒါပေမဲ့ ကားသမားတွေနဲ့ကလည်း သိနေကြတော့ ဟိုကောင်တွေက ပြောချင် ပြောပြနေမှာလေ။ အဲဒီကျ ကျွန်တော်တို့ မကောင်းဘူးဖြစ်နေမှာစိုးလို့” ကိုဝင်းချိုက ဖြေတယ်။ ဟုတ်တော့ဟုတ်တယ်။ ကျွန်တော့်လည်း အဲဒီအောက်ဆိုဒ်တွေကို ကားသမား တွေ ပြောပြလို့ သိတာ။

ကျွန်တော့်စိတ်ထဲတော့ ပေးရင် ယူလိုက်မယ်၊ မပေးရင်လည်း မယူဘူးလို့ စဉ်းစားပြီးသားပါ။ ဘယ့်နှယ့်မှလည်း ထွေထွေ ထူးထူး မရှိပါဘူး။ ဒါပေမဲ့ အဘိုးကြီး ဦးနိုင်ဝင်း ဆက်ပြောတဲ့စကားကြောင့် နည်းနည်းတော့ အောင့်သက်သက်ဖြစ်၊ ဒေါသတော့ ထွက်သွားခဲ့သေးတယ်။

"သိတော့ ဘာဖြစ်လဲကွာ၊ စောက်ဂရုစိုက်လို့" တဲ့။

ကျွန်တော့်အတွက်က တကယ်ပဲ ပိုက်ဆံ ပိုရခြင်း မရခြင်းအပေါ် အာရုံသိပ်မရှိခဲ့ဘူး။ အလုပ်မရှိခင်က တစ်နေ့ တစ်ရာကျပ်တောင် အိမ် ပုံမှန်မရတဲ့ ကျွန်တော့်အဖို့ မူရင်းလစာ တစ်လကို တစ်သောင်းနဲ့သုံးရာ ဆိုတာ ဟဲဗီးဂရိတ် မက်မောစရာ လစာကြီးဖြစ်နေတယ်။ အသက် ဆယ့်ခုနှစ်၊ ဆယ့်ရှစ် အရွယ်မှာ အိမ်ကို လစဉ်တိုင်း ခုနစ်ထောင် ရှစ်ထောင် ပြန်အပ်၊ သုံးထောင်လောက် အိတ်ထောင်ထဲထည့်။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သုံးနေရတဲ့ အရသာဟာ တကယ့်ကို သာယာမိန်းမူးဖွယ်၊ ကျေနပ်ဖွယ်ကြီး။ ဒီတော့ စက်ရုံအလုပ်ကသာ ကျွန်တော်ထွက်ခဲ့တယ်။ အောက်ဆိုဒ်ဆိုတာ သူတို့ သောက်တဲ့ အရက်ထဲက တစ်ခွက် နှစ်ခွက် ယူသောက်တာ၊ ဆေးလိပ် တစ်ဖွာ နှစ်ဖွာ ဝင်ဖွာတာလောက်ပဲ ရှိခဲ့တယ်။

တစ်လလောက်နေတော့ ဖိုးသက် ဆိုက်ကား ဝယ်နိုင်သွားတယ်။ တစ်စီးတည်း ဆိုပေမယ့်လည်း တစ်စီးရှင် အံ့နာကြီးပဲပေါ့။ ဆိုက်ကားဖွင့်ပွဲအနေနဲ့ ဒေါ်မုန်းဆိုင်မှာ ဝိုင်းဖွဲ့သောက်ဖြစ်ခဲ့ကြတယ်။ ဒီကောင့်ရဲ့ ဆိုက်ကားဆရာဘဝ ပထမဆုံးခရီးစဉ်အဖြစ် ပို့ရတာက အရက်ဆိုင် ဖြစ်သွားတာပေါ့။ ကျွန်တော်တို့ကတော့ ပါစင်ဂျာတွေ။ ဆိုက်ကားဆရာ လက်သစ်ကလေး တစ်ယောက်ရဲ့ ခြေနင်းခုံပေါ်ကနေ မြင်နိုင်တဲ့ အနာဂတ် မျှော်လင့်ချက်တွေအကြောင်း ကျွန်တော်တို့ ပြောဖြစ်ကြ တယ်။ ဖိုးသက်ရဲ့ မျက်အိမ်ကျယ်ကျယ် သူငယ်အိမ် မည်းမည်းထဲက တောက်ပနေတဲ့ အလင်းစက်ကလေး တစ်စက်ဟာ ရွှန်းမြနေခဲ့တယ်။

ညမိုးကြီးချုပ် ဒေါ်မုန်းဆိုင်ကပြန်တော့ ဖိုးသက် က ဆိုက်ကားကို မူးနေချိန်မှာတောင် သူ ကောင်းကောင်း နင်းတတ်ကြောင်းပြတဲ့အနေနဲ့ ကျွန်တော်တို့ သုံးယောက် စလုံးရဲ့အိမ်ရှေ့တွေအထိ လိုက်ပို့တယ်။

ကျွန်တော့်ကို နောက်ဆုံးပို့ပြီး...

"ဒိုးပြီ ယောက်ဖရေ" လို့ အော်ရင်း ထွက်သွားတယ်။ အမှောင်ထဲ

ရောက်တော့ သီချင်းတစ်ပုဒ်ကို ကျယ်ကျယ်လောင်လောင် အော်ဆိုသွားသေးတယ်။

“အရက်ကိုကြိုက်လို့ သောက်တဲ့သူ၊ စိတ်အလိုလိုက်လို့ သောက်တဲ့ သူ သောက်ပစ်လိုက်မယ် ခပ်များများ ဒန်း ဒန်း ဒန်း”

နောက်က ပါးစပ်တီးလုံးပါ ပါသေးတယ်။ အမှောင်ထဲ တစ်ချက် တစ်ချက် ကြယ်ရောင်ပြန့်တဲ့ အသစ်စက်စက် ဆိုက်ကားရဲ့ စတီးရောင် ပြောင်ပြောင်ကလေးတွေနဲ့ မီးခွက် ကျပ်ချွတ်ကလေးတွေပါ ဖိုးသက်ရဲ့ သီချင်းသံမှာ ယိမ်းထိုး ကခုန်လို့ပါပဲ။

နောက်တစ်နေ့ မနက်ခင်း နိုးလာတဲ့အခါ ဖိုးသက်ဟာ ဆိုက်ကား သမားတစ်ယောက်အနေနဲ့ ပျော်ရွှင်စွာ နိုးထလာမယ်။ သူလုပ်ဖူးခဲ့သမျှ အလုပ်တွေထဲမှာ ဆိုက်ကားနင်းရတာ အသက်သာဆုံးအလုပ်ပဲ။ ဒီတော့ ဂုဏ်တောင် ယူနေမယ်ထင်တယ်။ အဲဒီလို ဆိုက်ကားသမားတစ်ယောက်အနေ နဲ့ ဂုဏ်ရှိစွာ နိုးထလာတဲ့မနက်ရဲ့ ပထမဆုံးအလုပ်ကတော့ ဇော်ပိုင့် ကွမ်းယာဆိုင်အတွက် ဈေးထဲကနေ ကွမ်းခြင်း သွားသယ်ပေးဖို့ပဲ။

ဖိုးသက်ဟာ မြို့စွန်တစ်ဖက်က တဲကုပ်ကလေးမှာ သူ့အမေနဲ့ သူ၊ မိသားစုဆိုလို့ နှစ်ယောက်တည်းရယ်။ အမေတစ်ခု သားတစ်ခု။ ဖိုးသက်အမေက ဈေးလေးထဲမှာ ပန်းရောင်းတယ်။ သပြေ၊ သစ္စာ၊ မေမြို့၊ ဂန္ဓမာ၊ စံပယ်၊ ဇွန်၊ နှင်းဆီ အစုံပေါ့။ ဖိုးသက်အပြောအရတော့ ပန်းရောင်း တာက ကိုယ့်အတွက် အတော်လေးကျန်ပေမယ့် တစ်ခါတလေ တစ်ပတ် တစ်ခါလောက် အရင်းပြုတ်ချင် ပြုတ်နေတတ်တယ်တဲ့။

“ငါ့အမေက နှလုံးသမားကွ၊ ဗိုက်ထဲက နှလုံးတော့ မဟုတ်ဘူး နှစ်လုံးထီ ထိုးတာပြောတာ” တဲ့ ဖိုးသက်က ရယ်ပြီး ပြောတတ်တယ်။ “တစ်နေ့ တစ်နေ့ အရင်းပြုတ်လို့ ပိုက်ဆံမရှိလို့ မထိုးဖြစ်တဲ့နေ့ ရှိချင်ရှိမယ် ချိုင်းမဝယ်တဲ့နေ့တော့ မရှိဘူး၊ သူ့မှာ ထိုးစရာပိုက်ဆံမရှိလို့မထိုးနိုင်ရင်တောင် အတိတ် မရအရကောက်ပြီး သူများကို ဂဏန်းပေးသေး တာ” တဲ့။ မနိုင်ဘူးကွာဆိုတဲ့ လှောင်ရယ်သံနဲ့ ပြောတယ်။

"တချို့နေ့တွေဆိုကွာ သူက အရင်းပြုတ်၊ ငါက အလုပ်နားနေရတဲ့ အချိန်ဖြစ်၊ အဲဒီလိုရက်မျိုးဆိုရင် စိတ်ကို ညစ်ကရောပဲကွာ။ စောက်စကား တွေလည်းများရ၊ စားဖို့မရှိလို့ အပြေးအလွှား အလုပ်ရှာရတယ်၊ တစ်ခါ တလေတော့ ကန္တာရသားတွေ ခုတ်ရောင်း ဈေးဖိုးရှာရတာပဲ

ဖိုးသက်က တစ်ခါတလေ အဲဒီလို သူ့အခက်အခဲကို ညည်းညူ ဖွင့်ဟပြောတတ်တယ်ဆိုပေမယ့်လည်း ခဏတဖြုတ်ပဲ။ သူ့မျက်လုံးတွေဟာ ပြန်ပြီး ပြုံးကျယ်လာတယ်။ ဝက်ခြံဖုကို လက်နဲ့ကုတ်ရင်း ဟာသတစ်ခုခုဆီ ရောက်သွားတာပဲ။ ဒါပေမဲ့လည်း ညည်းညည်းညူညူ ခဏတဖြုတ်တွေ များလာတော့လည်း လူဟာ ဘယ်ခံနိုင်မှာလဲ။

ကျွန်တော် ပထမဆုံး လစာထုတ်ပြီးခါစ တစ်ရက်တုန်းက အဲဒီလို ထွေရာလေးပါး လျှောက်ပြောရင်း ဖိုးသက်က ကျွန်တော့်ကို လက်ကုတ်ပြီး ကပ်မေးတယ်။

"ဟေ့ရောင် မင်း ရှင်ပြုပြီးပြီလား" "ငယ်တုန်းက နှစ်ခါဝတ်ဖူးတယ်ကွ"

"အာ… စောက်ပေါရဲ့ အဲဒါပြောတာမဟုတ်ဘူး၊ ဟိုဟာ ဟိုဟာ…" ဆိုပြီး ကျွန်တော့်ပေါင်ကြားကို လက်ညှိုးထိုးတယ်။ ကျွန်တော် နည်းနည်းကြောင်သွားတယ်။ ဟာ ဒီကောင် ဂျီပုန်းလားလို့တောင် ထင်သွားသေးတာ။

"မင်းက ဘာလုပ်မလို့လဲ" လို့ ကျွန်တော်မေးတော့… "ဟာ… ငါ့အိမ်နားက အဲဒါရှိတယ်လေကွာ၊ မြို့စွန်ရပ်ကွက် ဆိုတော့ကွာ၊ သိတယ်မဟုတ်လား မင့် ပိုက်ဆံရှိရင် ဖာ၊ ဖိုး၊ ဖဲ အကုန်ရတယ်၊ မင်း ရှင်မပြုရသေးရင် ငါက ခေါ်သွားပေးမလို့ပါ" တဲ့။ အဲဒီစကား ပြောဖြစ်တဲ့ညက ကျွန်တော်တို့ လေးယောက်စလုံး ဖိုးသက်တို့ ရပ်ကွက်ကို ရောက်သွားကြတာပေါ့။ ဖယောင်းတိုင်မီးအလင်းရောင် လဲ့လဲ့လေးသာရှိတဲ့အမှောင်ထဲမှာတောင် မိန်းကလေးတွေက ရုပ်ခပ်ဆိုးဆိုးတွေ၊ မိတ်ကပ် ပေါင်ဒါနံ့ကြီးတွေက

တုံးတုံးအအတွေနဲ့ ထောင်ထလို့၊ ဆောင်ကြားမြိုင်ခန်းတွေရဲ့ အမှောင်ထဲ ကျွန်တော်တို့လေးယောက်၊ ကြိုက်ရာတစ်ယောက်လက်ညှိုးထိုးလို့ ဝင်ကြတော့၊ တစ်ခန်းနဲ့ တစ်ခန်းဟာ ပါးလှပြီး နံဟောင်နေတဲ့ စောင်တွေနဲ့သာ ကန့်လန့်ကာလုပ် ခြားထားတာကို သိလိုက်ရတယ်။

ဟိုဘက်ဒီဘက် အသံတွေက အကုန်ကြားနေရတယ်။ ခြေရင်းက ငရုတ်ဆုံပေါ်မှာ ဘာနတ်မှန်းမသိတဲ့ နတ်တစ်ပါးပါးကို ထွန်းညှိပူဇော်ထားတဲ့ ဖယောင်းတိုင်မီးရောင်ကြောင့် လှုပ်ရှားမှုတချို့ကို အရိပ်မည်းမည်းကြီးအကို မြင်နေရတယ်။ ခိုင်မြ၊ ဖိုးသက်၊ ဇော်ပိုင်တို့အတွက်တော့မသိပေမယ့် ကျွန်တော့်အတွက်ကတော့ ပထမဆုံးအကြိမ်မို့ အမှောင်ထဲ စမ်းတဝါးဝါး ခြေတုန်လက်တုန်နဲ့ တဏှာချွေးစေးတပြန်ပြန် ဖြစ်နေတယ်။ ကျွန်တော်ရှေ့က ဒူးနှစ်ချောင်းကို ခပ်ကားကားတောင်ပြီး ပက်လက်လှဲအိပ်နေတဲ့ မိန်းမကို ကြည့်ရင်း ကြောင်အနေမိတယ်။

“မောင်ညေး ငြုတ်တော့ညေ” ဆိုတဲ့ အဲဒီမိန်းမရဲ့ အသံထွက်လာ တော့ ကျွန်တော့်မှာ ထခုန်မိတော့မတတ် လန့်လို့တောင်သွားတယ်။ စောင်သာ ခြားတာမို့ ဟိုဘက်ကကောင်တွေကလည်း အဲဒီအသံကို ကြားလိုက်တယ်ထင်ပါတယ်။ သုံးယောက်စလုံး တခွိခွိနဲ့ ရယ်နေတာကို ကြားရတယ်။ ကျွန်တော်လည်း လက်ဖဝါးနဲ့ နားထင်မှာအထိ ချွေးစေးတွေပြန်လို့ နေပေမယ့်လည်း ရောက်ပြီးမှတော့ မထူးတော့ပြီ။ စမိတဲ့ ဇာတ်လမ်းတော့ အဆုံးသတ်မှရယ်လို့ တွေးပြီး မျက်လုံးစုံမှိတ်လို့ ဇွတ်အတင်း တက်နှံ့တာပါပဲ။ ဆန္ဒကလည်း ပြင်းပြင်းထန်ထန်ရှိ၊
အတွေ့အကြုံကလည်းဗလာနတ္ထိမို့တပ်ထွက်ဖြစ်သွားတော့တာပဲ။
မိနစ်ပိုင်းကလေးနဲ့အရသာထူးတက်လို့ကိစ္စပြတ်သွားတယ်။
ကိစ္စပြီးအပြင်ထွက်တော့မှမှိန်ပျပျလရောင်အောက်ကျွန်တော်ရွေးချယ်လိုက်တဲ့မိန်းမဟာနှု
ဖြစ်နေတာကို သတိထားမိတော့တယ်။ အော် ဒါကြောင့် “မောင်ညေး ငြုတ်တော့ညေ"ရယ်လို့ ဖြစ်တာကိုး။

အပြန်မှာ ဖိုးသက်အိမ်ပဲ ဝင်အိပ်ကြတယ်။ ခြေတံရှည် တဲကုပ် ကျဉ်းကျဉ်းကလေးမှာအပေါ် ဝါးကြမ်းခင်းပေါ် ခြင်ထောင်ကလေးထောင်လို့ ဖိုးသက်အမေဟာ အိပ်နှင့်နေပြီ။ ဖိုးသက်တို့ရဲ့ မြို့စွန်ရွာသာသာ ရပ်ကွက် ကလေးဟာ တစ်ရက်ကွက်လုံး လျှပ်စစ်မီးမရှိတော့ မှိန်ပျပျ လရောင်အောက် မှာ မှောင်နဲ့မည်းမည်း တိတ်ဆိတ်လျက်ပါပဲ။ ဖိုးသက်အိမ် တဲကုပ်ကလေး ကနေ အဖီဆွဲထားတဲ့ ဓနိမိုးလေးအောက်က အသားကွပ်ပျစ်ပေါ်မှာ

ကျွန်တော်တို့လေးယောက် ကျပ်ကျပ်သပ်သပ်၊ တစ်ယောက်ပေါင်ပေါ် တစ်ယောက် ခြေထောက်တင်လို့၊ ကိုယ်မှာစွဲလာတဲ့ မိတ်ကပ်ပေါင်ဒါနံ့တွေက လေးယောက်စလုံးဆီမှာ တထောင်းထောင်းနဲ့ အီတောက်စွဲမြဲလို့၊ တွေ့လာရတဲ့ အတွေ့အကြုံကို ခပ်အုပ်အုပ် တိုးတိုးပြောလို့ တော်တော်နဲ့ မအိပ်ဖြစ်ကြဘူး။ “မောင်ညေး ပြုတ်တော့ညေ” ဆိုတာကို ကြိတ်ရယ်မိကြရင်း၊ အဝေးက မှိန်ပြပြ လခြမ်းကလေးရယ်၊ ကောင်းကင်က မှန်ကွဲစတွေ လျှောက်ကြဲ ပက်ထားသလို ကြယ်တွေကို လျှောက်လက်ညှိုးထိုးကြည့်ကြရင်းနဲ့ပေါ့။

မနက်ခင်းမလင်းခင် စောစောနိုးကြတော့ မနေ့ညက ကျန်ထား တယ်ထင်တဲ့ ထမင်းကြမ်းခဲ အေးစက်စက်နဲ့ ငရုတ်သီးထောင်းကို ဖိုးသက် အမေက အတင်းကျွေးလို့ စားလိုက်ကြတယ်။ ထမင်းကြမ်းကို ငရုတ်သီး ထောင်းချည်းသက်သက်နဲ့ စားရတာဆိုပေမယ့် အဝါရောင်သံဇလုံကြီး တစ်ခုထဲထည့်၊ လေးယောက် ပလုတ်ပလောင်းစားရင်း ရေနွေးကြမ်း သောက်ရင်း အမြဲတမ်းအမှတ်ရနေမိတဲ့ မနက်စာပါပဲ။ စားပြီးသောက်ပြီး ဖိုးသက်အိမ်ကထွက်၊ ကိုယ့်အိမ်ကိုယ်ပြန်ကြဖို့ လမ်းလျှောက်ထွက်လာကြ တယ်။ မနေ့ညက ကျွန်တော်တို့ အဖွဲ့လိုက်ဝင်ခဲ့တဲ့ အိမ်ဘက်ဆီ လှမ်းကြည့်မိ တော့ ဟီးထနေတဲ့ အမှိုက်ပုံကြီးရဲ့နံဘေးမှာ အထီးတည်း ယိုင်နဲ့နဲ့ တဲတန်း ကလေး။ ဖိုးသက်အိမ်နဲ့လည်း တအားကြီးမဝေးလှ။ အဲဒီ ယိုင်နဲ့နဲ့ တဲကလေး ပေါ် ဝါးကြမ်းခင်းသံ တအီအီနဲ့ လေးယောက်သား တစ်ပြိုင်တည်း နှံ့ခဲ့ကြ သေးတာကို ပြန်မြင်ယောင်ရင်း ရှက်တာလိုလို၊ ကျေနပ်တာလိုလိုနဲ့ ပူစပ် ပူလောင်တွေတောင် ဖြစ်လာတယ်။ အဲဒီတဲဘက်ကို ကျွန်တော် လှမ်းငေးနေမှန်းသိလို့ ဖိုးသက်က လှမ်းစတယ်။

“မောင်ညေး ပြုတ်အုံးမို့ညား” တဲ့။ ဟိုနှစ်ကောင်လည်း တခွိခွိနဲ့တော်တော်ရယ်ကြတယ်။

“ငါရိုးထဲကွာ” လို့ ကျွန်တော်လည်း အရက်ပြေရယ်ရင်း တဲတန်း ကလေးဘက်ကိုပဲ လှမ်းလျှောက်ရင်း လှမ်းကြည့်နေမိတယ်။ နှုတ်ခမ်းကွဲနဲ့ မမကိုများ လှမ်းမြင်ရဦးမလားလို့ မျှော်လင့်မိသလိုလိုပေါ့လေ။

အဲဒီတဲတန်းကလေးရဲ့ ဟိုးခပ်ဝေးဝေးတစ်ဖက်မှာတော့ မီးခြစ်ဆံဘူး ကလေးတွေလိုလိုသာ မြင်ရတဲ့ ဟိုတစ်စု ဒီတစ်စု အုတ်ဂူကလေးတွေ။ နှစ်များစွာကြာလို့ ဆူးချုံကြီးတွေ တချို့တစ်ဝက် ဖုံးအုပ်၊ စိုစွတ်ခဲ့စဉ်က စိမ်းပုပ်ပုပ်၊ ခြောက်ကပ်သွားတဲ့အခါမှာ မည်းညစ်ညစ်တွေ ဖြစ်ကုန်တဲ့ ရေညှိဖတ်ခြောက်တွေ

ကပ်ငြိလို့။ အုတ်ဂူကလေးတွေဟာ ရှေးဟောင်း ဂူသင်္ချိုင်းတွေလိုတောင် ဖြစ်နေတယ်။ ဖိုးသက်ကို မေးကြည့်တော့ အဲဒါ ဟိုးအရင်နှစ်များ ဒီမြို့မှာ မီးသင်္ဂြိုဟ်စက် မပေါ်မီက မြှုပ်နှံဂူသွင်းကြတဲ့ မြို့ရဲ့သင်္ချိုင်းဟောင်းတဲ့။

သင်္ချိုင်းဟောင်းကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲ ကြောက်တာရွံတာ မဟုတ်၊ အံ့သြတာမျိုးလည်းမဟုတ်တဲ့ ဘယ်လိုအမည်တပ်ရမယ်မသိတဲ့ လေးကန်နေတဲ့ ခံစားမှုတစ်မျိုးဝင်လာပြီး သရိုးသရီ ဖြစ်နေတယ်။ အဲဒီသင်္ချိုင်း ဟောင်းရဲ့ မည်းညစ်ညစ်အုတ်ဂူတွေနဲ့ ဆူးချုံတွေရဲ့ကြား၊ တစ်ချိန်မှာ ဖိုးသက်ရဲ့ ကြေကွဲစရာမရှုမလှဇာတ်သိမ်း ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကများ သိနိုင်ခဲ့မှာ တဲ့လဲ။

မသွယ်ကို စာပေးလိုက်နိုင်တဲ့နေ့က ခိုင်မြဲဟာ ကျွန်တော်တို့သုံးယောက်ကို ခွာညိုရုန့်ကို အတင်းအဓမ္မ ဆွဲခေါ်တယ်။ အဆီပြန်နေတဲ့ မျက်နှာကြီးမှာ အူမြူး ပျော်ရွှင်မှုဟာ စပ်ဖြီးဖြီး ဖြစ်နေတယ်။ နှုတ်ခမ်းသား အထူကြီးတွေဟာ ဘေးဘက်ကို ပြဲထွက်နေတယ်။ မျက်နှာပိုးက တော်တော်နဲ့ မသတ်နိုင်ဘူး။ လက်ဖက်ရည် ဆိုင်က ခွေးခြေပေါ် ငုတ်တုတ်တက်ထိုင်လျက်၊ ဖင်ချ ထိုင်လိုက်နဲ့ နေမထိထိုင်မသာ ဖြစ်နေတယ်။

“ထမင်းချိုင့်ထည့်တဲ့ ဆွဲခြင်းထဲ ငါထည့်ပေး လိုက်တာ သူမြင်တယ်ကွ ဘာမှမပြောဘူး မသိချင်ယောင် ဆောင်ပြီး ယူသွားတယ်”

ခိုင်မြဲဟာ သူ့နှုတ်ခမ်းအထူကြီးတွေကို လျှာနဲ့ သပ်သပ်ရင်း စာပေးလိုက်တာကိုပဲ ချစ်ကြောင်း အဖြေရ သလို ကျေနပ်ပြီး ပြောနေတယ်။

“သူ့မျက်နှာကရော ဘယ်လိုလဲ ခပ်ပြုံးပြုံး ပဲလား ရုပ်တည်ကြီးနဲ့လား အဲဒါအရေးကြီးတယ်ကွ မျက်နှာအမူအရာ.. မျက်နှာအမူအရာလေကွာ ” တဲ့။

ဖိုးသက်က သူ့မျက်နှာကို လက်ဝါးနဲ့ သပ်ချလိုက်ပြီး မေးတယ်။ မသိရင် သူကပဲ အဲဒီအပိုင်းမှာ တတ်ကျွမ်းသူလိုလို။

“အဲဒါတော့ မပြောတတ်ဘူးကွာ ငါစာထည့်လိုက်တာတော့

သူမြင်တယ်ကွ.. ဘယ်လိုဖြစ်မယ်မသိဘူးကွာ၊ ငါ့ တလှပ်လှပ်နဲ့ ထမင်းဆာနေသလိုပဲ”

“သိသိရက်နဲ့ ယူသွားတာဆိုရင်တော့ အခြေအနေကောင်းမှာပါကွာ၊ မကြိုက်ရင် ဘယ်ယူမလဲကွ၊ ဦးစီးမှူးနဲ့ သွားတိုင်မှာပေါ့” လို့ ဇော်ပိုင်က တွေးတွေးဆဆနဲ့ ပြောတယ်။

ကျွန်တော်ကလည်း ဘာရယ်မဟုတ်… “မင်းတို့ကောင်တွေ စော်ကောထားဖူးကြလား” လို့ မေးမိတယ် သုံးကောင်စလုံး ကျွန်တော့်ကို မလိုတမာ မျက်ခွက်တွေနဲ့ ကြည့်နေကြတယ်။

“မင်းကကော ထားဖူးလို့လား” တဲ့ ဖိုးသက်က ခွန်းတုံ့ပြန်တယ်။ “မထားဖူးပါဘူးကွာ… အဲ့ဒါကြောင့်မေးကြည့်တာပေါ့၊ မင်းတို့ များ ထားဖူးသလားလို့”

“ဇော်ပိုင်ကတော့ ထားဖူးတယ်ကွ ဟော့ရောင် ဇော်ပိုင် ဟိုကောင်မလေးကွာ၊ ဘယ်သူ စံပယ်ဖြိုးလား . . မြို့ဦးသူလေးလေကွာ” လို့ ဖိုးသက်က ဇော်ပိုင့်ကိုကြည့်ပြီး ပြောတယ်။ မအေဘေး ဇော်ပိုင်ဟာ မျက်နှာက မှင်သေသေ ခပ်တည်တည်နဲ့ စိတ်မဝင်စားသလို လုပ်နေလို့ ခိုင်မြဲက.. “ဟော့ရောင်… ဖင်ယားမနေနဲ့ ပြောချင်ပြော မပြောချင်လည်းနေ ချီးတဲ့မှပဲ”

“အဲဒီကောင်မလေးနဲ့က သုံးလလောက်တော့ ရည်းစားဖြစ်လိုက်ပါတယ်ကွာ၊ ဒါပေမဲ့ ငါက ဆိုင်ကမှ ကောင်းကောင်းခွာလို့မရဘဲ၊ အောက်ဆည်မှာ နှစ်ခါလား ချိန်းတွေ့လိုက်ရတယ် ပြတ်သွားရော”

“မင်း နမ်းကော နမ်းလိုက်ရသေးလား” လို့ ကျွန်တော်လည်း မအောင့်နိုင်ဘဲ မေးမိတယ်။

အေးလေ -အဲလို အတင်းကုန်းကစ်ဆင်ရိုက်လိုက်တာ ပြတ်သွားတာပဲ”

"နေပါဦး... အဲဒီကောင်မလေးနဲ့ မင်းနဲ့က ဘယ်လိုဖြစ်တာလဲ၊ စာပေးတာပဲလား"

"မဟုတ်ဘူးကွ၊ ကောင်မလေးက နဂိုကတည်းက ငါ့ ကြိုက်နေတာ

"ယီးတဲ့မှ ဖွတ်" "ငါရိုးထဲ "မင်းမေရိုး"

အားလုံးဆီက မတူညီတဲ့ ဆဲသံလေးတွေ နိုင်ငံတော်သီချင်းဆိုသလို သံပြိုင်ထွက်လာကြတယ်။ ဇော်ပိုင်ကတော့ ခပ်တည်တည်ပဲ။

"ဟုတ်တယ်ဟ.. ငါ့ကြိုက်နေတာ ငါသိတာပေါ့။ ငါက ငတုံးမှ မဟုတ်ဘဲ။ သူ့အမေက ငါ့ဆီပဲ ကွမ်းစားတော့ ဆိုင်လာရင် ပါပါလာရင်းနဲ့ နောက်ကျ သူ့အမေဝယ်ခိုင်းလို့ ကွမ်းလာလာထုပ်။ ငါ့ ပရောပရည် လုပ်လုပ်နေတာ တစ်ရက်ကျတော့ ငါလည်း နင့် ငါကြိုက်တယ်ဟာ ပြောလိုက်တာပဲ။ တစ်ရက်ပဲ ဟကောင်တွေရ. နောက်နေ့ အဖြေတန်းရ တာပါပဲ" တဲ့။

ပြောပြီး လက်ဖက်ရည်တစ်ငုံသောက်ပြီး ဆေးလိပ် မီးညှိနေတယ်။ စီးကရက်ဖင်စီခံအဝါကို ကိုက်ထားတဲ့ ပါးစပ်ကြီးက ရဲပတောင်းခတ်လို့။ ဖိုးသက်နဲ့ ခိုင်မြဲလည်း တစ်ခုခုပြန်ပြောမယ်လို့ စဉ်းစားနေကြပုံရပေမယ့် ဘာမှမပြောနိုင်ကြရှာဘူး။ ငြိမ်သွားကြရတယ်။ တအောင့်လောက်နေမှ ခိုင်မြဲက မူလအစ သူ့ပြဿနာကို ပြန်တင်ပြတယ်။

"အဖြေကို ဘယ်လိုပြန်တောင်းရမလဲကွာ၊ အဲဒါခက်နေတယ်..." "စာပေးထားပြီးပြီဆိုမှ ခဏတော့ စောင့်ဦးပေါ့ကွ ခုချိန်ဆို မင်းစာတောင် ဖတ်နေပြီထင်တယ်"

"ငါ ခြေတွေ လက်တွေကို အေးနေတာပဲ၊ ကိုင်ကြည့်စမ်း ဟော့ရောင်... ခြင်းထဲ စာထည့်လိုက်တဲ့အချိန်ကဆို ငါ့ရင်တွေခုန်တာများ ငါ့နားထဲကို ဆူညံနေတာကွာ၊ ခြေလှမ်းတောင် ကောင်းကောင်းလှမ်းလို့မရဘူးဟော့၊ ဩော်

အချစ်.. အချစ်.. ငါ့ရင်ထဲ တစ်မျိုးကြီးပဲကွာ” တဲ့။ ပြောပြီး ခိုင်မြဲဟာ လက်ဖက်ရည်ဆိုင်နံဘေးက ဖြတ်သွားတဲ့လူတွေကို လိုက်ငေးနေလေရဲ့။ မှန်ပါတယ် အဲဒီအချစ်ကပဲ ဒီကောင့်ကို ဒုက္ခပေးမှာ၊ ရုပ်ရှင်တွေထဲက တောသားဆန်ဆန် မိုနိုလော့ခ်တွေပြောပြီး ငြိမ်သွားတဲ့ ခိုင်မြဲကို ဒီတစ်ခါတော့ ဘယ်သူမှ မလှောင်ကြပါဘူး။ သူ့လိုပဲ ကျွန်တော်တို့ လည်း လမ်းပေါ်ကလူတွေ ဆိုင်ကယ်တွေကိုပဲ လိုက်ငေးကြည့်နေလိုက်ရ တယ်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ခိုင်မြဲလို ဆွေးရိပ်သန်းတဲ့ မျက်နှာပေးနဲ့ မဟုတ်ဘူး။ ပြုံးစိစိတွေနဲ့။

ခိုင်မြဲရဲ့ “ထမင်းဆာသလိုလို ချီးပါချင်သလိုလိုပဲ တလှပ်လှပ်နဲ့ကွာ” ဆိုတဲ့ကာလက ဘယ်လောက်မှတောင် မကြာလိုက်ပါဘူး။ ဒီကောင်က ခုနေမှသာ စာပေးတယ်ဆိုပေမယ့် အနားသွား တဟီးဟီး တဟားဟားလုပ်၊ မျက်လုံးနဲ့ အစပျိုးနေခဲ့တဲ့ ကာလက ကြာပဲ ကြာမြင့်လှပြီပဲဟာ။ အဲဒီတော့ သူ့ကိုသာ ပြန်မကြိုက်နိုင်တဲ့ မိန်းကလေးကလည်း ဘယ်မှာ စာပေးတဲ့အထိ စောင့်နေပါ့မလဲ။ စောကတည်းက ရှေ့တိုးမလာနဲ့နော်ရယ်လို့ အဖက်မတန် သလို အမူအရာပြမှာပေါ့။ ကျွန်တော်ကတော့ အဲလိုပဲထင်တယ်။ မိန်းမတိုင်း ဒီလိုပဲရယ်လို့တော့ မှန်ချင်မှ မှန်ပေမပေါ့။ မသွယ်နဲ့ကတော့ မှန်ပါတယ်။

ခိုင်မြဲဆိုတဲ့ကောင်ကလည်း စာပေးပြီးတဲ့နေ့ကစလို့ နေ့စဉ်နေ့တိုင်း ရုံးမှာ လူလစ်တာနဲ့ သူ့နှုတ်ခမ်းကြီး လျှာနဲ့သပ်လို့၊ လည်ပင်းကြီးကိုင်းလို့ မသွယ်အနားသွား. . .

“ဟိုဟာလေ စာပေးထားတာလေ… အဲဒါလေး အဖြေ အခုပေး ပါလား မသွယ်ရယ်””၊ ““ဟိုဟာ အဖြေ ဘယ်တော့လောက် သိရမလဲဟင်” တစ်မေးတည်း မေးနေတော့ ဘယ်မှာကြာလိုက်လို့လဲ။ တစ်ပတ်လောက်နေ တော့ အဖြေရဖို့ ဖြစ်လာတာပဲ။ ကျွန်တော်ကတော့ အလုပ်အားတဲ့နေ့တွေ ဒီကောင်ကို သတင်းစာထပ်ကူပေးဖို့ရောက်တိုင်း မသွယ်ကို လှမ်းလှမ်း အကဲခတ်ကြည့်တယ်။ ကြည့်မိတိုင်းလည်း ဒင်းတို့နှစ်ယောက်ကတော့ညားကိုညားမှာပါလို့ သမီးရည်းစားပင် မဖြစ်သေးဘူး ကောက်ချက်ချနေမိတာပဲ။ သူတို့နှစ်ယောက်ပုံက မိန်းကလေးနဲ့ ယောကျာ်းလေးဆိုပေမယ့်လည်းရုပ်က ခပ်ဆင်ဆင်ကိုး။ ဒါမျိုးဆိုရင် ညားတတ်တယ်ရယ်လို့ ဘယ်သူပြောဖူး မှန်းမသိဘဲ သိနေတာပဲလေ။

မသွယ်ရဲ့ အဖြေပြန်ပေးပုံကလေးကလည်း သင်းပျံ့လှပါတယ်။ သူတစ်ပါးအချစ်ဇာတ်လမ်းကို ပစ်ပစ်ခါခါ ပြောရတာမကောင်းပေမယ့် ခပ်ချာချာ ဗမာဗီဒီယိုဇာတ်ကားတွေထဲကအတိုင်းပါပဲ။ သောကြာနေ့ ရုံးဆင်းကြတော့ ထုံးစံအတိုင်း ခိုင်မြဲဆိုတဲ့ ငတိဟာ သူ့စက်ဘီးစုတ်ကလေးနဲ့ မသွယ်ရဲ့ အိမ်အပြန်လမ်းလျှောက်ရာနောက် တရှောက်ရှောက်နဲ့လိုက်...

အဖြေမပေးသေးဘူးလား မသွယ်ရယ် ... ဒီကောင့်မှာ ရင်တွေ ပူလှပါပြီ” လို့ ငိုပြရော။ မသွယ်ကတော့ ခပ်အေးအေးပဲ လမ်းကလေး လျှောက် ပြုံးစိစိလုပ်၊ ခေါင်းငုံ့သွား၊ နောက်ကနေ ပေါ်တင်လိုက်ချောင်းတဲ့ ကျွန်တော်တောင် တကယ်ပဲ ရုပ်ရှင်ကြည့်ရသလို မရိုးမရွှေတော့ ဖြစ်လာတာပဲ။ ဒီလိုနဲ့ မသွယ်တို့အိမ်ဘက်ကိုချိုးမယ့် လမ်းသွယ်ဘက်ရောက်တော့ ခိုင်မြဲက ထကြွမ်းတယ်။ လမ်းလျှောက်နေတဲ့ မသွယ်ရှေ့မြန်းဆို စက်ဘီးကို ပိတ်ရပ် လိုက်ပြီး .

“အဖြေမပေးရင် ဒီနေ့ မပြန်ရဘူးဗျာ” လို့ လေသင်တုန်းဖြတ်လို့ တစ်ခြမ်းရွဲ့နေပုံမျိုးနဲ့ နှုတ်ခမ်းကို ထော်ထားလိုက်တယ်။

“အဲလိုတော့ မလုပ်နဲ့လေ” တဲ့။ မသွယ် ပြန်ပြောသံကြားရတယ်။ သူ့မျက်နှာပေါ်က အပြုံးရိပ်ကတော့ ပျောက်မသွားလောက်ဘူး။

“မရဘူးဗျာ.. မရဘူး၊ ခုဆို ခုပဲ ကျွန်တော် မခံစားနိုင်တော့ဘူး” ခိုင်မြဲက ကပ်စေးနဲ့တဲ့ အပျိုကြီးအိမ် ခေါ်ပြဝင်တိုက်မိတဲ့ ခိုးသား ခေါ်ပြဟန်နဲ့ ပြောတယ်။

“ခွေးမသား အိုက်တင်တွေနဲ့ဟ” လို့ ကျွန်တော်တောင် စိတ်ထဲကနေ မှတ်ချက်ချမိတယ်။

“ဒါဆို ဒီလိုလုပ် တနင်္လာနေ့ကျရင် အဖြေပေးမယ်လေ” “ဟာဗျာ... ကြားမှာ နှစ်ရက်ကြီးများတောင် ကျွန်တော် ဘယ်လိုနေရမလဲ”“အံမယ် နှစ်ရက်တော့စောင့်ပေါ့၊ မစောင့်နိုင်ရင်လည်း နေ” မသွယ်က မူပိုပို ဟန်ပါပါကလေး

ပြောလိုက်တယ်။ ခိုင်မြဲကတော့ ခေါင်းငိုက်စိုက်ကြီး ချလျက်သား ငြိမ်လို့၊ လက်ကတော့ အငြိမ်မနေဘူး။ မကြာသေးခင်ကမှ ဝယ်တပ်ထားလို့ စက်ဘီးတစ်ခုလုံးမှာ အပြောင်လက်ဆုံး ဖြစ်နေတဲ့ စတီးဘဲလ်ကလေးကို ပွတ်သပ်လို့နေတယ်။ ကြံရာမရ ဖြစ်နေပုံ ပေါ့။ စက္ကန့်ပိုင်းမျှသာကြာပြီး ခိုင်မြဲက ပြောတယ်။

"ဒါဆို ဒီလိုလုပ်ဗျာ… တနင်္လာနေ့ ရုံးလာရင် အင်္ကျီအနီကလေး ဝတ်ခဲ့၊ ရင်ဘတ်မှာ နှင်းဆီပွင့်ကလေးလည်း ထိုးခဲ့၊ အဲဒါဆို ကျွန်တော့်ကို ချစ်လို့ပဲ ဘယ်လိုလဲ"

"ဟဲ့ ရုံးယူနီဖောင်းက အဖြူလေ ဘယ်လိုလုပ် အနီဝတ်လို့ရမှာတုံး"

မခိုင်က ပြန်ပြောတယ်။ ဟုတ်သားပဲ… မအေးဘေးကလည်း ပေါက်ပေါက်ရာရာတွေ ခိုင်းပြန်ပြီလို့ ကျွန်တော်တောင် စိတ်ပေါက်သွားသေး။

"မသိဘူးဗျာ ချစ်ရင် ရအောင်ဝတ်ခဲ့ပေါ့ သဘောတူလား" ခိုင်မြဲဟာ မုန့်ဖိုးမရလို့ စိတ်ကောက်နေတဲ့ ကလေးလိုပဲ နားပူနားဆာ လုပ်နေတာပေါ့။

"အင်းပါ … အခြေအနေအရပေါ့၊ ကဲ.. လမ်းဖယ်တော့" လို့ ပြောရင်း မသွယ်ဟာ ခြေတစ်လှမ်း ရှေ့ကို ပြင်လိုက်တယ်။

"ဘာအခြေအနေအရတုံးဗျ" တဲ့ ခိုင်မြဲဆိုတဲ့ကောင်ဟာ ဇွတ်ပိတ် ဖမ်းဖို့ ကြိုးစားနေသေးတယ်။ သို့သော်လည်း မသွယ်က စက်ဘီးကိုကျော်လို့ သူတို့လမ်းထဲ ချိုးဝင်သွားခဲ့ပြီ။ အဲဒီတော့မှ ကျွန်တော်လည်း ခိုင်မြဲအနားကို သွား ဒီကောင့်ကျောကို ဖြန်းခနဲနေအောင် ခပ်စပ်စပ်ကလေး ရိုက်ရင်း" စောက်ပေါရဲ့ ဒီလောက်ဆို သိတော့ပေါ့ဟ၊ မဟားတရားကြီးသွားလုပ်မနေနဲ့လေ" လို့ ပြောလိုက်တယ်။

"ဟော့ရောင်… မင်းလိုက်ချောင်းနေတာပေါ့"

"ဘာလိုက်ချောင်းရမှာလဲ၊ ဒီလမ်းက အကျယ်ကြီးရယ်၊ ဒီအတိုင်း လိုက်ကြည့်နေတာပဲ ဘာကိစ္စ ချောင်းနေရမှာတုံးလို့" ရယ်ပြီး ပြောလိုက် တယ်။ တစ်ဆက်တည်း ခုနက ဒီကောင်လုပ်သလို ပုံစံမျိုးနဲ့…

"မရဘူးဗျာ…. ချစ်ရင် ဝတ်ခဲ့ပေါ့" လို့ နှုတ်ခမ်းစူပြီး ပြောလိုက်လို့…

"မအေဘေး မင်း နာမယ်" လို့ အော်ရင်း တဟီးဟီးနဲ့ ရယ်လို့နေတယ်။ ခိုင်မြဲဆိုတဲ့ကောင်ဟာ ဖောင်းကလွတ်လိုက်တဲ့ မြင်းလို၊ ချည်တိုင်ဖြေပေးလိုက်လို့ ရမ်းနေတဲ့ နွားထီးလို၊ ဇီးတင်ဖို့ ခြံထဲ ဝက်မ လွှတ်ပေးလိုက်လို့ ကျေနပ်နေတဲ့ ဝက်သိုးလို အူမြူးနေတာပေါ့။

နောက်နေ့မနက် ခွာညိုရုန့်မှာ ထိုင်ကြတော့လည်း ကျွန်တော်က ဇော်ပိုင်တို့ ဖိုးသက်တို့ရှေ့မှာ ဒီကောင့်ဟန်နဲ့ ...

"မရဘူးဗျာ ချစ်ရင် ဝတ်ခဲ့ပေါ့" လို့ နှုတ်ခမ်းကြီး ထော်ထော် ပြောပြီး ဟားရတယ်။ ကျွန်တော် မြင်ခဲ့ရသမျှ ဇာတ်လမ်းအစုံကိုလည်း မျက်နှာထိ မျက်နှာထားနဲ့ ပြောရင်း တဝါးဝါး တဟားဟားနဲ့ ဟာသလုပ်နေ ရတာပေါ့။ ခိုင်မြဲဟာ သွားဖြီးကြီးနဲ့ပါပဲ။ သူ့အကြောင်းပြောနေလို့ ပီတိတောင် ဖြစ်နေတဲ့ပုံ။ ဖိုးသက်ကပါ သူ့မျက်နှာ ဝက်ခြံထူလပျစ်၊ မျက်လုံးပြူးပြူးကြီးကို မေးတေးတေးလုပ်ရင်းနဲ့ ..

"ဟေ့ရောင် ကျော်ဇော၊ ဒီလိုလားကွ" လို့ ကျွန်တော့်ကို လက်တို့ရင်း . . .

"မျဘူး.. ချစ်ရင် ဝတ်ခဲ့ရမှာဘော့" လို့ လုပ်ပြတယ်။ နောက်ပြီး ဖိုးသက်ဆိုတဲ့ကောင်ဟာ အလွန်အရယ်သန်တဲ့ကောင်။ သူလုပ်ပြတာကို သူ့ဟာသူရယ်၊ သူ့ဟာသူရယ်တာကိုက ရယ်စရာဖြစ်နေလို့ ကျွန်တော်တို့က လည်း လိုက်ရယ်၊ အဲဒီတစ်မနက်လုံး လက်ဖက်ရည်တွေသီး၊ ရယ်ရင်း ရေနွေးပူတွေ သောက်မိလို့ နှုတ်ခမ်းတွေလောင်၊ မျက်ရည်တွေကျ၊ ဗိုက်တွေ တောင် အောင့်လို့နေတော့တယ်။ တော်တော်ကြာကြာ ရယ်ကြပြီးနောက်မှ တနင်္လာနေ့ကျရင် ငါတို့ပါ ဒီကနေ အတူတူ စောင့်ကြည့်ကြမယ်လို့ ဇော်ပိုင်က

ပြောတယ်။ ပြောတဲ့အတိုင်းလည်း ကျွန်တော်တို့ အတူတူ ထိုင်စောင့်ကြ တာပေါ့။

တနင်္လာနေ့မနက်မှာတော့ မနက်ခုနစ်နာရီလောက်ကတည်းက ခိုင်မြဲက ပတ်ခေါ်လို့ ကျွန်တော်တို့ ခွာညိုရုန်နဲ့မှာ ရောက်နေကြပြီ။ ဇော်ပိုင်က တော့ ထုံးစံအတိုင်း ဝယ်သူလာရင် ကွမ်းကလေး ပြေးယာလိုက်၊ လက်ဖက်ရည် ဆိုင် ပြန်ရောက်လာလိုက်ပေါ့။ ဖိုးသက်ကတော့ ဆိုက်ကားကို ဆိုင်နံဘေး ထိုးထားပေမယ့် တချို့တလေ ပါစင်ဂျာတွေ “ဆိုက်ကားအားလား” လို့လည်း မအားဘူးဗျာချည့် ပြောလွှတ်တယ်။ အကျီအနီဝတ်လာမယ့် မသွယ် ကို အလွတ်မခံချင်ပုံပဲ။ လာမေး

ခိုင်မြဲတို့ ရုံးရှေ့မှာက အစိုးရစာတိုက်ပုံးကလေးတစ်ခုရှိနေတော့ ကျွန်တော်က ခိုင်မြဲကို စာတိုက်ပုံး လက်ညှိုးထိုးပြရင်း..“အဲဒါ ကံကောင်းမယ့် အရိပ်အယောင်ကွ၊ ဖင်တကြွကြွ လုပ်မနေ စမ်းပါနဲ့” လို့ ပြောရတယ်။ ဒီကောင့်ပုံက ဥစ္စာရှုံးမအိမ် မီးလောင်သလို၊ အီးပါတုန်း မွေ့ကိုက်သလို ဆတ်စလူးခါ မရိုးမရွ ဖြစ်နေတာကိုး။ ဥစ္စာရှုံးမ အိမ် မီးလောင်တာ၊ အီးပါတုန်း မွေ့ကိုက်တာ မမြင်ဖူးပေမယ့်လည်း ဒီကောင့် လိုပဲနေမှာပါလို့တောင် တွေးမိသေးတယ်။ သို့သော်လည်း ရုံးတက်ချိန် ကိုးနာရီခွဲအထိ မသွယ်ရဲ့အရိပ်အယောင် မမြင်ဘူး။

ဆယ်နာရီအထိလည်း မသွယ် ပေါ်မလာသေးဘူး။ သွားပြီပေါ့။ ခိုင်မြဲရဲ့မျက်နှာဟာ ဆီးရွက်ထက်တောင်သေးတဲ့ မန်ကျည်းရွက်လောက် ဖြစ်လာနေပြီ။ ဖိုးသက်ကလည်း မဆီမဆိုင် မျက်လုံး ပိုပိုပြူးလာတယ်။ ဇော်ပိုင်ကတော့ တည်ငြိမ်တယ်။ ရေနွေးကြမ်းကလေး မှုတ်မှုတ်သောက်ရင်း--

“လာမှာပါကွာ... သူလည်း ရည်းစားတစ်ခါမှ ထားဖူးတာမှ မဟုတ်ဘဲ ရှက်နေလို့နေမှာပါ” လို့ ခိုင်မြဲကို အားပေးနေတယ်။ ကျွန်တော့်မှာ လည်း ခိုင်မြဲ ဖြစ်ပျက်နေပုံကိုကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေရတယ်။ အားပေးစရာစကားလည်း ရှာမရ။ ခိုင်မြဲဟာ မသွယ်လာမယ့် လမ်းဘက်ကို လှမ်းမျှော်ရင်း တိုက်ဖွိုက်ဖြစ်နေတဲ့ ကြွက်တစ်ကောင်လို ကုပ်လို့သာနေတော့တယ်။ စားပွဲခုံကို လက်သုတ်ပဝါနဲ့ သုတ်နေတာလည်း ခဏ ခဏ၊သူ့ရှေ့က စားပွဲနေရာ ကလေးဟာ မှန်ကြည့်လို့ရအောင် ပြောင်ဝင်းလို့နေပြီ။ ပါးစပ်ကလည်း တစ်မိနစ်ခြားတစ်ခါ...

“သွားပြီနဲ့ တူပါတယ်ကွာ” “သွားပြီနဲ့ တူပါတယ်ကွာ” လို့ တဖွဖွပြောနေရင်း တစ်ချက်တစ်ချက် ငိုသံကလေးတောင် စွက်လာတယ်။ ဒီကောင့်ပုံကြည့်ရတာ မသွယ်သာ ရောက်မလာရင်တော့ တကယ်ငိုလိမ့်မယ် ထင်တယ်။

လမ်းပေါ်က ဆိုင်ကယ်တချို့ ဖြတ်သွားတဲ့အသံ၊ စားပွဲထိုးကလေး တွေရဲ့ လက်ဖက်ရည်၊ ဆေးလိပ်မှာတဲ့ အသံကြားလိုက်တိုင်း ခိုင်မြဲဟာ တွန့်တွန့်သွားတယ်။ ပြီးရင် မသွယ်လာမယ့်လမ်းကိုငေး၊ ခါတ်ဘူးပေါ်က လက်သုတ်ပဝါကို ယူလိုက်ပြန်၊ စားပွဲကို သုတ်လိုက်ပြန်။ ကျွန်တော်တို့ သုံးယောက်ကတော့ ခိုင်မြဲရဲ့အခြေအနေကိုပဲ အကဲခတ်နေရင်း၊ ခြေကြွလိုက် တာနဲ့ ထကွဲမယ့် နင်းမိုင်းကို နင်းမိထားသူတွေလို မလှုပ်မယှက်ဖြစ်လို့။ ကမ္ဘာကြီးတစ်ခုလုံး ရပ်နေပုံမျိုးပဲ။ နောင်တစ်ချိန် မသွယ်နဲ့ သူတို့ရဲ့ သားဦးကလေး မွေးတော့၊ အိမ့်အပြင်မှာ ကျွန်တော်တို့တစ်တွေ မွေးချိန်ကို ငုတ်တုတ်ထိုင်စောင့်ရင်း ဖြစ်နေခဲ့တာလည်း ဒီပုံမျိုးပဲ။

ဟား. လာပြီကွ ခိုင်မြဲရ၊ ဟိုးမှာ ဟိုးမှာ” တဲ့ ဖိုးသက်က ထအော်ပြီး ခိုင်မြဲအနားကိုသွား၊ ခိုင်မြဲပါးတွေကို သူ့လက်ကြမ်းကြီးတွေနဲ့ ပွတ်ပွတ်ပြီး ပြောတယ်။ ဟုတ်တယ်။ ဒီနေ့ ထူးထူးခြားခြား မသွယ်ဟာလမ်းလျှောက်လာတာ မဟုတ်ဘူး။ သူ့အဖေနင်းလာတဲ့ စက်ဘီးနောက်က ကယ်ရီယာခုံကလေးမှာ ဘေးတစောင်းထိုင်လို့ ပါလာတယ်။ အဖြူရောင် ရင်ဖုံးအင်္ကျီ ယူနီဖောင်းအပေါ်မှာ ယောကျ်ားဝတ် ရှပ်အင်္ကျီအနီကွက်ကလေး ကို ထပ်ဝတ်ထားတယ်။ သေချာကြည့်ရင် ကြယ်သီးတွယ်မထားလို့ ဟနေတဲ့ အနီရောင်ရှပ်အင်္ကျီအောက်က ရင်ဖုံးအင်္ကျီရဲ့ ဘယ်ဘက်မှာ နှင်းဆီအနီလေး တစ်ပွင့် ထိုးချိတ်ထားတာကိုပါ မြင်ရမယ်။

ကျွန်တော်တို့ကိုတောင် စကားမပြန်တော့၊လက်ဖက်ရည်ဖိုး ရှင်းမသွားတော့ဘဲ ခိုင်မြဲဟာ လှစ်ခနဲ ရုံးထဲဝင်သွားတယ်။ မျောက်တစ်ကောင် ခုန်ဆွခုန်ဆွ ပြေးသွားသလိုပါပဲ။ ဒီကောင့်ရဲ့ နောက်ကျောကို သာမြင်လိုက်ရတယ် ဆိုပေမယ့် ဒီကောင့်မျက်ခွက်ကတော့ ပြုံးဖြဲလို့နေမှာပဲဆိုတာ တွေးကြည့်စရာတောင် မလိုပါဘူး။ ဒီတော့မှသာ ကျွန်တော်တို့လည်း သက်ပြင်းချနိုင်ကြတော့တာပေါ့။ အပြောင်းအလဲကလည်း အင်မတန်မြန်တဲ့ ကောင်။

စက်ရုံမှာ နေ့ဆိုင်းကျတဲ့ အပတ်တွေ၊ အလုပ် သိပ်မရှုပ်တဲ့ရက်တွေဆိုရင် ပေတစ်ရာအမြင့်လောက်ရှိနိုင် တဲ့ ဆိုင်လိုအလုံးကြီးပေါ်ကို ပတ္တားလိုင်းအတိုင်း တက်လိုက်သွားပြီး စာတစ်အုပ် ထိုင်ဖတ်ချင်ဖတ်၊ စာဖတ်ရတာ ငြီးလာရင် ဆိုင်လိုပေါ်ကနေ မြင်ရတဲ့ ရှုခင်းကို ကျွန်တော် ထိုင်ငေးမိတယ်။ သိပ်လှတဲ့ ရှုခင်း တော့ မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်တစ်ခုလုံး ကျောက်မှုန် တွေ ဖုံးနေလေတော့ နှစ်ရှည်လများကြာလို့ အရောင် ဖျော့သွားတဲ့ ရေဆေးပန်းချီကား တစ်ချပ်လိုပါပဲ။ ယမ်းနဲ့ ခွဲခွဲပြီး ကျောက်သားတွေ ထုတ်ထုတ်ယူထားလို့ ခြောက်သွေ့အသားတစ်ကြီးတစ်ခုလို ဟပြဲကြီး ဖြစ်နေတဲ့ ထုံးကျောက်တောင်ကြီး၊ အဲဒီဖွေးဆုတ်နေတဲ့ တောင်ပေါ် မြူတွေလို ဖုန်လုံးတွေကြားကနေ တောင်တက်လမ်းလေး အတိုင်း တက်တက်သွားကြ၊ ပြန်ပြန်ဆင်းလာကြတဲ့ ကျောက်သယ်ကားကြီးတွေ။ အဝေးကဆိုတော့လည်း မှုန်ပျပျ၊ ခပ်သေးသေးပေါ့။ ဘယ်ကို ဘာအတွက် သုတ်တီးသုတ်ပြာသွားနေမှန်း မသိရတဲ့ ပုရွက်ဆိတ်တန်း ကလေးကို ကြည့်ရသလိုပါပဲ။

ထုံးကျောက်တောင်ကြီးကို ယမ်းနဲ့ မိုင်းခွဲတဲ့ရက်များဆိုရင်တော့ မိုးခြိမ်းတာထက်ကို ကျယ်လောင်သေးတဲ့ အုန်းခနဲ အသံကြီးကို ကြားရပြီး တဲ့နောက်၊ တောင်ကြောတစ်ခုလုံးကို မီးခိုးလား.. ကျောက်မှုန်တွေလား.. ဒါမှမဟုတ် တိမ်ထုအစိုင်အခဲကြီးလား မသဲကွဲတဲ့ အဖြူရောင်အလုံးကြီးက ဖုံးအုပ်သွားတတ်တယ်။ အဲဒီအဖြူရောင်အလုံးကြီး ပျောက်ကွယ်သွားပြီး တောင်တက်လမ်းကို ပြန်မြင်ရဖို့ကိုတောင် မိနစ်နှစ်ဆယ်၊ နာရီဝက်လောက် ကြာတတ်တယ်။ နှစ်ရာစ်ဆယ်တိတိ ယမ်းခွဲပြီး ထုံးကျောက်သားကို ခွဲယူ နှိုက်ယူကြမှာ၊ ဘိလပ်မြေ ထုတ်လုပ်ကြမှာ။ အဲဒီနောက် ထုံးကျောက်တောင် ကြီး ပျောက်ကွယ်သွားမယ်ပေါ့။ နှစ်ရာစ်ဆယ်တဲ့။ လောလောဆယ်မှာ မမြင်ရ ပေမယ့် အဲဒီစိတ်ပျက်စရာတောင်ကြီးကို ကျော်ပြီး မြင်ယောင်ကြည့်မယ်ဆိုရင် ဟိုမှာဘက် ရှမ်းရိုးမတစ်ကြောနဲ့ ဆက်သွားမယ့် တောင်ကြော တောင်တန်း ခပ်ရေးရေးကလေးတွေ ရှိနေမှာ။

မြောက်ဘက်မှာတော့ အငွေ့တထောင်းထောင်း၊ တောက်လောင် တော့မတတ် အလျှံငြီးငြီးဖြစ်နေတဲ့ ကျောက်မီးသွေးပုံတွေ ရှိတယ်။ မီးပြတ်တဲ့ အချိန်တွေမှာ စက်တွေကို ကျောက်မီးသွေးလောင်စာနဲ့ လည်ဖို့ပဲ။ ဒါပေမဲ့ ကြီးမားလှတဲ့ ကျောက်မီးသွေးပုံကြီးနဲ့ ကျောက်မီးသွေး လာလာချတဲ့ တွဲကား တွေ ဥဒဟိုဝင်ထွက်နေတာကို မြင်နေရလေတော့ များသောအားဖြင့်တော့ ကျောက်မီးသွေးနဲ့ချည်း လည်နေရပုံပါပဲ။ အနောက်ဘက်မှာတော့ ရွာကလေး တွေ၊ အိမ်ခေါင်မိုးဖွေးဖွေး၊ လမ်းဖွေးဖွေး၊ နွားဖွေးဖွေး၊ ဝါခင်းဖွေးဖွေး၊ အစစအရာရာ တစ်ခွင်လုံး ဖြူဆုတ်နေတဲ့ လူနေအိမ်ခြေတွေ။

ဆိုင်လိုပေါ်တက်ရမှာကို ပျင်းရိနေတဲ့နေ့များမှာတော့ အဲဒီစက်ရုံအနီးနားပတ်လည်မှာရှိတဲ့ ရွာတွေဘက် ကျွန်တော် သွားဖြစ်တယ်။ ကျွန်တော်တို့ဌာနက စက်ရုံအုတ်တံတိုင်းအပြင်ဘက်မှာရှိတဲ့ ဌာနဆိုတော့ အဲဒီလို ကိုယ်သွားချင်ရာ လွတ်လွတ်လပ်လပ်သွားလို့ရတာတစ်ခုကတော့ ကျန်တဲ့ဌာနတွေထက် သာတယ်။ ကျန်တဲ့ဌာနတွေအတွက်က အဝင်အထွက် အလုပ်သမားကတ်ပြရတာနဲ့ အလုပ်ချိန်အတွင်းဆိုရင် တော်ရုံအကြောင်းပြချက်နဲ့ထွက်ခွင့်မပေးတာနဲ့ဆိုတော့ အလုပ်မရှိလည်း ဌာနထဲ ပူပူအိုက်အိုက်နေရုံပဲ။

ဒီလို လွတ်လွတ်လပ်လပ်သွားခွင့်ရလို့လည်း စုမှုးနဲ့ စိတ်မှုးဖြစ်တဲ့ အဘိုးကြီး ဦးနိုင်ဝင်း၊ ဦးငွေမြင့်တို့ဟာ ကျွန်တော်တို့လို ချာတိတ်တွေကို သူတို့သောက်ဖို့ အရက်ကုန်တိုင်း ရွာထဲ သွားဝယ်ခိုင်းလေ့ရှိတယ်။ အဲဒီတော့ ကိုယ်တိုင် သောက်ချင်စိတ်ကလေး ဖြစ်လာရင်လည်းသွား၊ တစ်ခါတလေ ညဆိုင်းတွေ မှာ အလုပ်ထဲမအိပ်တော့ဘဲ ရွာထဲက အရက်ဆိုင်မှာသောက်၊ သွားပါများ တော့ ဆိုင်ရှင်အဘိုးကြီးနဲ့လည်း ခင်နေလို့ ရွာထဲမှာတင် ညအိပ်တဲ့ရက်တွေ လည်း ရှိပေါ့။

စက်ရုံနီးနားချုပ်စပ်မှာ ရွာခြောက်ရွာလောက် ရှိတယ်ဆိုပေမယ့် လည်း အရက်ဆိုင်ရှိတာကတော့ အနောက်ဘက်က ရွာနှစ်ရွာပဲ။ တစ်ရွာက မြို့ပေါ်က အရက်ဆီဝယ်၊ စဥ့်အိုးကြီးနဲ့ ပြန်တည်ပြီးစပ်ရောင်းတဲ့ ဘီအီး သက်သက်ဆိုင်။ နောက်တစ်ရွာကတော့ ဘီအီးလည်းရပေမယ့် များသော အားဖြင့်တော့ တောင်ခြေမှာ သူတို့ဘာသာ သူတို့ချက်ကြတဲ့ ချက်အရက်ကို အဓိကထားရောင်းတာ။ အဲဒီချက်အရက်ဆိုင်က တောကောင် အမြည်းကလေး တွေ ရတတ်တယ်။ ဆန်းဆန်းပြားပြား ကျွန်တော်တို့ တစ်ခါမှမကြားဖူးတဲ့ အရွက်သုပ် ရောင်းတတ်တယ်။ သူတို့သုပ်တဲ့ အရွက်နာမည်တွေကို မေးကြည့် တော့ တစ်ခါမှမကြားဖူးလို့ စားဖို့တောင် ခပ်ရွံ့ရွံ့ပဲ။ သူတို့ကတော့ အေးဆေး ပါ။ များသောအားဖြင့်တော့ ချက်အရက်ဆိုင်ရှိတဲ့ရွာဟာ ကျွန်တော် အများဆုံး သွားဖြစ်တဲ့ ရွာပဲ။ အရက်ဆိုင်မှာတွေ့နေကျ ရွာသားတော်တော်များများနဲ့လည်း ခင်နေလို့ ကိုယ့်ရွာလိုတောင် ဖြစ်နေခဲ့တာ။

ကိုယ့်ရွာလိုတောင် ဖြစ်နေခဲ့တာဆိုမှ၊ အဲဒီရွာက လူတွေရဲ့ ဘဝအခြေအနေတွေ၊ မျှော်လင့်ချက်မဲ့နေတဲ့ ကျန်းမာရေးကိစ္စတွေကို ဝမ်းနည်းစွာပဲ ကြားသိလာခဲ့ရတာပါပဲ။ စက်ရုံကြီးရဲ့ စက်ရုံလည်ပတ်ရာနေရာ၊ ရုံးအဆောက်အဦးနေရာ၊ ဝန်ထမ်းအိမ်ရာ စသဖြင့်တွေအားလုံးဟာ အနီးနားက ရွာခြောက်ရွာ တောင်သူတွေရဲ့ ယာမြေတွေပေါ်မှာချည်း ဆောက်ခဲ့တာကိုး။ တချို့ဆို လျော်ကြေးရယ်လို့ တစ်ပြားတစ်ချပ်မှ မရ၊ ရတဲ့သူတွေကလည်း အဲဒီခေတ်ကာလကတောင် မြေယာတန်ဖိုးနဲ့ဆိုရင်တောင် အစွန်းထွက်မရှိနိုင်၊ တစ်ကေကို ငွေကလေးနှစ်ထောင်၊ သုံးထောင်နဲ့ ပြီးခဲ့ရသတဲ့။ သူတို့ယာမြေတွေကိုသိမ်းတဲ့နေ့တုန်းကအကြောင်းကို အရက်ဆိုင်ကို ရောက်ရောက်လာတတ်ပေ မယ့် အရက်မသောက်တတ်တဲ့ ရှုနာရှိုက်ကုန်း အဘိုးကြီးတစ်ယောက်ကပြောပြဖူးတယ်။

"ခယက ဥက္ကဋ္ဌ အောင်တင်စိန်လေကွာ၊ တပ်က ဗိုလ်မှူးကြီး အငြိမ်းစားဆိုလား မသိပါဘူးကွာ၊ ခါးမှာလည်း သေနတ်ကြီးပါတယ် ထင်တာပဲ။ သူက တို့သူကြီးအိမ်ကို ဖုန်တလုံးလုံးထအောင် သူ့ကားကြီးနဲ့ ရောက်လာတာပေါ့၊ တို့က ကွက်လပ်ကလေးမှာ စီတန်း ငုတ်တုတ်ကလေး တွေ ထိုင်နေရတာ။ သူကကွာ သူကြီးက သင်ဖြူးလေးပိုင်းပြီး ခင်ပေးထားတဲ့ တန်းလျားပေါ်တောင် မထိုင်ပါဘူး။ ခဏလေးရယ် ကားပေါ်က ဆင်းလာ ကွက်လပ်ရှေ့ ခါးကြီးထောက်လို့ ရပ်ပြီး ပြောတယ်။ "မင်းတို့ကို ကရုဏာ ကြေး တစ်ကေ သုံးထောင်နှုန်းပေးမယ် ဟုတ်လား၊ တခြားဘာသံမှ ငါ မကြားချင်ဘူးနော်၊ ဒါ နိုင်ငံတော်က မင်းတို့ကို သနားလို့ ကရုဏာကြေးအနေ နဲ့ ဒီသုံးထောင်ကိုပေးတာ ဟုတ်လား၊ ပေးတုန်း ယူထားလိုက်၊ အပိုတွေ ပြောမနေနဲ့၊ တစ်ကျပ်မှမပေးလည်း မင်းတို့မှာ ဘာပြောခွင့်မှမရှိဘူး နားလည် လား၊ မြေဆိုတာ နိုင်ငံတော်ကပိုင်တာ၊ အေး… မင်းတို့ပိုင်တဲ့မြေတော့ ရှိပါတယ် ဘာလဲသိလား မင်းတို့သေရင် မြှုပ်ဖို့ ခြောက်ပေ၊ သုံးပေ မြေကွက်ပေါ့ကွာ ဟုတ်လား ဟား ဟား ဟား" အဲဒီလိုပြောပြီး ကားပေါ် တက်၊ ဝူးခနဲ ပြန်မောင်းထွက်သွားတာပဲ။ ဘယ်သူမှ ဘာမှမေးချိန်တောင် မရလိုက်ဘူး။ ငါတို့က တော်သေးတယ်။ ဆယ်ကေလောက်ရှိတာကို ရှစ်ကေ နီးနီး ပါသွားတော့ ဘာပဲပြောပြော နှစ်ကေလောက် ကျန်ခဲ့သေးတယ်။ အဲဒီ နှစ်ကေတောင် အောက်က စာရေးကောင်တွေက ရန်ရှာချင်သေးတာ မောင်ရေ၊ တချို့ဆို လုပ်စားစရာမကျန်အောင် အကုန်သိမ်းခံရတာ၊ ဘဝတွေ ပျက်ကုန်တာပေါ့ကွာ။ တကယ်တမ်းကျတော့ မင်းတို့စက်ရုံကြီး ကြည့်ပါဦးလိုအပ်တာထက် အများကြီးကို ပိုသိမ်းထားတာ၊ တချို့မြေတွေဆို အငှားပြန်ချစားနေသေးသကွာ" တဲ့။ မမောမပန်းအရှည်ကြီး ပြောရှာတယ်။

ပဲကြီးလှော်ကလေးတွေ လက်ခုပ်ထဲထည့် လက်တစ်ဖက်နဲ့ ပါးစပ် ထဲထည့်၊ ပစ်ပစ်ထည့်ပြီး ဝါးရင်းပြောသွားတဲ့ အဲဒီ ရှူနာရှိုက်ကုန်း ဘိုးတော်ရဲ့စကားကို နားထောင်ရင်း ဪ..ကိုယ့်ထက်ဆိုးတာတွေရှိသေးတာပဲလို့ အောက်မေ့မိတယ်။ မင်းတို့စက်ရုံ၊ မင်းတို့စက်ရုံနဲ့ ညွှန်းလွှန်းတော့ သူတို့ကို ဒုက္ခပေးခဲ့တဲ့ ဒီစက်ရုံမှာ အလုပ်လုပ်နေရတာတောင် လိပ်ပြာမလုံသလို ခံစားမိတယ်။ သို့သော်လည်း အဲဒီတုန်းကတော့ တကယ်ပဲ သဘာဝပတ်ဝန်းကျင် တွေ၊ နိုင်ငံရေးတွေ၊ ဘာတွေ ညာတွေ စသဖြင့် ကောင်းကောင်းနားမလည်ပါ ဘူး။ တောသူတောင်သားတွေဆိုတာလည်း ဒီလိုပဲပေါ့။

စက်ရုံဆောက်ဖို့ လုပ်စားနေတဲ့ မြေနေရာ အသိမ်းခံရတာ၊ တချို့တွေ လွယ်လွယ်ကူကူ အသိမ်းမခံလို့ တရားစွဲ ထောင်ချခံရတာ၊ တချို့လည်း ရှိသမျှ အကုန်ပါသွားလို့ ရူးမတတ်ဖြစ်ကုန်ကြတာ၊ ကူလီဘဝရောက်၊ ပိုင်ရှင်ဘဝကနေ အငှားလုပ်သူဘဝရောက် ဘဝပျက်ကုန်ကြရတာ စတာ စတာတွေဟာ စက်ရုံအနီးအနား ရွာတွေက ရွာသူရွာသားတွေအတွက် အဆုံးစွန်သောဒုက္ခ မဟုတ်ကြသေးပါဘူး။ လက်တွေ့ မျက်တွေ့ ကြုံလိုက်ရ တဲ့ ဒုက္ခတွေပဲဆိုပေမယ့် အဲဒါတွေဟာ အစပဲရှိသေးတာ။

တကယ့်ဒုက္ခဆိုတာကို စက်ရုံကြီးတည်ဆောက်ပြီး စတင်လည်ပတ် လို့ လေးငါးဆယ်နှစ်လောက်အထိ ကောင်းကောင်းသတိမထားနိုင်ကြသေး ဘူး။ ခြေသံလုံလုံနဲ့ တိတ်ဆိတ်စွာ ချဉ်းကပ်လာနေခဲ့တာ။ အဲဒီတုန်းက သူတို့ ဒါကို မသိနိုင်ကြသေးဘူး။ စက်ရုံလည်ပတ်သမျှ ကာလပတ်လုံး တလူလူထွက်နေတဲ့ မီးခိုးခေါင်းတိုင်ကြီးထဲက ကျောက်မှုန့်မီးခိုးတွေပေါ့။ အဲဒီ မီးခိုးခေါင်းတိုင်ကြီးထဲက ကျောက်မှုန့်မီးခိုးတွေဟာ ပတ်ဝန်းကျင်က ရွာတွေအပေါ် နှစ်ရှစ်ဆယ်တိတိ ကျရောက်နေဦးမှာလေ။

ကျွန်တော့်ကို အရက်ဝယ်ခိုင်းလေ့ရှိတဲ့ စိတ်မှူး ဦးငွေမြင့်ဟာ ဒီစက်ရုံ စဖွင့်ကတည်းက အလုပ်သမား၊ ဒီစက်ရုံရဲ့သက်တမ်းက သုံးနှစ် လောက်ပဲ ရှိသေးတယ်ဆိုပေမယ့် သူ့ရဲ့ ဘိလပ်မြေစက်ရုံအလုပ်သမား သက်တမ်းက အနည်းဆုံး ဆယ့်ငါးနှစ်လောက် ရှိခဲ့ပြီ။ အခြား ဘိလပ်မြေ စက်ရုံတစ်ခုမှာ လုပ်ခဲ့တာ၊ ဒီစက်ရုံဖွင့်တော့ သူ့အထက်အရာရှိက ဒီဘက်ကိုပြောင်းလာလို့ သူ့ကိုပါ ခေါ်လာခဲ့တာ။ ဦးငွေမြင့်ဟာ တစ်နေ့တစ်နေ့ သူရဲ့ ပြင်းပြင်းထန်ထန် ချောင်းခြောက်ကြီးဆိုးနေမှုကို ဖယ်ထုတ်လိုက်ဦးမယ် ဆိုရင်တောင် သူ့ပုံစံက

လူမမာရုပ်ပဲ။

မျက်နှာအရေပြားတွေက လျော့တိလျော့ရဲ ပျော့ကျနေတယ်။ မျက်လုံးတွေက မျက်တွင်းနက်နက်ထဲမှာ ဆိုပေမယ့် ချောင်းဆိုးရလွန်းလို့ အပြင်ကို ထွက်ကျတော့မတတ် ပြူးကျယ်နေတယ်။ ပခုံးကနေ လည်ပင်း အောက်အထိ ထင်းထင်းကြီးတန်းနေတဲ့ အရိုးကြီးတွေ၊ မည်းခြောက်ခြောက် အသားအရေ၊ သူ့ကိုများ ကြည့်လိုက်ရရင် ဘယ်တုန်းကမှ သက်သောင့် သက်သာ မခံစားရဘူး။ အရေပြားကပ်နေတဲ့ အရိုးစုကို ကြည့်နေရသလိုပဲ။ သူ့အသက်ရှုပုံဆိုရင်လည်း ကြည့်နေသူကိုပါ မောဟိုက်လာအောင် မြူဆွယ်နေသလို ဖြစ်နေတယ်။ ရုပ်ကိုကြည့်ပြီး အသက်ခန့်မှန်းရရင်တော့ သူ့အသက်ဟာ ငါးဆယ်ကျော်ခြောက်ဆယ်နီးနီးလို့ပဲ ထင်ခဲ့ရတာ။ ကျွန်တော် နဲ့ အခြားသောအလုပ်သမားတွေ အကုန်လုံးနီးနီးလည်း ကျွန်တော့်လိုပဲ ထင်ခဲ့ ကြတာ။ ကျွန်တော် အလုပ်ဝင်ပြီး တစ်နှစ်ခွဲလောက်မှာ ဦးဌေးမြင့် သေတော့မှ သူ့အသက်ဟာ လေးဆယ့်လေးနှစ်သာ ရှိသေးတယ်ဆိုတာကို အံ့သြဖွယ် သိခဲ့ရတာပါပဲ။

ဦးဌေးမြင့် သေတဲ့နေ့က စက်ရုံမှာ စက်တွေပျက်၊ စက်တွေပျက်ပေ မယ့်လည်း ပြန်ဆင်ရမယ့်စက်တွေ ရောက်မလာသေး၊ တစ်ဌာနလုံး အားယား နေကြလို့ တချို့လည်း အရက်ဆိုင်သွား၊ စက်ရုံဝန်ထမ်းအိမ်ရာမှာ နေသူတွေက အိမ်ပြန်အိပ်ကြ၊ တချို့လည်း ချောင်တစ်ချောင်မှာခွေ၊ မြို့ကလာလုပ်သူတွေ ဆိုရင် လိုင်းကားဖြစ်တဲ့ ထော်လာဂျီစီးလို့ ခိုးပြန်တဲ့သူတွေတောင် ပြန်ကုန်ကြ ပြီ။ ကျွန်တော်ကတော့ အိမ်ပြန်ရမှာလည်းပျင်းတာနဲ့ ဌာနနံဘေးက ကျောက်ပုံ တစ်ခုပေါ်မှာပဲထိုင်ပြီး ဆေးလိပ်ဖွာရင်း၊ တောင်ပေါ် ဖုန်လုံးတွေထဲက ကားသေးသေးလေးတွေကို လှမ်းကြည့်နေလိုက်တယ်။ ခဏနေတော့ ကျွန်တော့်နံဘေး ဦးဌေးမြင့် ရောက်လာပြီး...

“ကျော်ဇောလေး ခြင်းပွဲသွားကြည့်ရအောင်ကွာ” တဲ့ ထုံးစံအတိုင်းမောသံကြီးနဲ့ သူပြောတယ်။ သူက အမြဲမောနေတာပါ။

“ဘယ်မှာရှိလို့တုံး ဦးဌေးရ ကျွန်တော်ကမေးတယ်။

“လာစမ်းပါကွာ.. လိုက်ခဲ့ပါ မင်းအားနေတာပဲဟာ” ဆိုပြီး ကျွန်တော့်ကို

ဖွတ်ခေါ်တာနဲ့ ကျွန်တော်လည်း သူနဲ့ ပါသွားတယ်။ ခြင်းကွင်း က စက်ရုံရဲ့ မြောက်ဘက်က စားကျက်မြေတစ်ခုမှာ တိုင်လေးတွေစိုက်၊ ထုံးဖြူလေးတွေဝိုက်၊ သပ်သပ်ရပ်ရပ်လုပ်ထားတဲ့ ကွင်းကလေး။ တစ်ခါ တလေ ရွာဘက်က ခြင်းခတ်တတ်တဲ့ ရွာသားတချို့လည်း လာလာခတ်ကြ ပေမယ့် များသောအားဖြင့်တော့ စက်ရုံထဲက ဝန်ထမ်းတွေ ပိုက်ဆံကြေး ခတ်ကြတာ။ ကျွန်တော်တော့ အဲဒီဘက် တစ်ခါမှ မရောက်ဖူးလို့ ရှိမှန်းတောင် မသိခဲ့ဘူး။ ဆိုင်လိုပေါ်က လှမ်းကြည့်ရင်လည်း စက်ရုံအုတ်တံတိုင်းနဲ့ ထနောင်းပင်တွေနဲ့ ကွယ်တယ်ထင်ပါတယ်။ တစ်ခါမှ သတိမထားမိခဲ့ဘူး။ ဘေးက လောင်းသူတွေပါရှိတဲ့ ခြင်းပွဲ၊ သူ့အရပ်နဲ့သူ စည်ကားနေတာပဲ။ ဦးဋ္ဌေးမြင့်က အကြည့်သမားသက်သက် ဘေးလောင်းရလောက်အောင်လည်း ပိုက်ဆံရှိမယ် မထင်ပါဘူး။

ခြင်းကွင်းနံဘေးက အရိပ်ရတဲ့ ကုန်းကမူကလေးတစ်ခုကနေ ကျွန်တော်တို့နှစ်ယောက် ထိုင်ကြည့်ကြတယ်။ ကျွန်တော်ကတော့ ခြင်းကို ဘောလုံးကန်တာလောက် ဝါသနာမပါဘူး။ ဦးဋ္ဌေးကတော့ ထိုင်ကြည့်နေရင်း ဟိုကောင် ညံ့တယ်၊ ဒီကောင် မဆိုးဘူး စသဖြင့် ဝေဖန်ရေးလုပ်နေသေးတာ။ မြေပေါ်မှာ ခြေနှစ်ဖက်ဆင်းလို့ အပင်ကို မှီရင်း ဆေးလိပ်ကလေးဖွာလို့။ အငြိမ်ပဲ။

“နေပါဦး.. ဦးဋ္ဌေးက ခြင်းခတ်ဖူးတယ်နဲ့တူတယ်” လို့ ကျွန်တော်မေးတော့ ဦးဋ္ဌေးက တစ်ချက်ပြုံးတယ်။

“သိပ်ခတ်တတ်တာပေါ့ကွာ.. ငယ်တုန်းကဆိုရင် ငါ ခြင်းမခတ် တဲ့နေ့ မရှိသလောက်ပဲ၊ ဒီလိုပဲ ပိုက်ဆံကြေးပဲကွ၊ ခုတော့ မရတော့ပါဘူး ကွာ” လို့ ပြုံးပြုံးနဲ့ ပြောနေရင်းကပဲ စိတ်ပျက်လက်ပျက်ပုံစံ ဖြစ်သွားတယ်။ ပြီးတော့ ချောင်းတဟွတ်ဟွတ် ဆိုးတယ်။ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး စိတ်မသက်မသာဖြစ်မိလို့ ဆက်မမေးတော့။ ခြင်းပွဲကိုပဲ စိတ်မဝင်စားဘဲငေးနေလိုက်မိတယ်။ တော်တော်လေးကြာတော့ ကျွန်တော်လည်း ပျင်းလာ တယ်။

"နေဦး ဦးဋ္ဌေးရာ… ထိုင်ဦး ကျွန်တော် ဟိုဘက်ခဏ လမ်းလျှောက်လိုက်ဦးမယ်"” ဆိုပြီး ထွက်လာခဲ့တယ်။ ပြောခဲ့တုန်းကတော့

ဟိုဘက်ခဏာဆိုပေမယ့် ကျွန်တော် ရွာထဲရောက်သွားတယ်။ ထန်းရည် ကလေးပေါ်ခါစအချိန်မို့ ဒီဘက်ရွာတွေမှာ ထန်းပင်တစ်ပင်မှ မရှိသော်ငြား လည်း အရက်ဖြူဆိုင်ကလေးမှာ ထန်းရည်ရတယ်။ ပဲကြီးလှော်ကလေးနဲ့ အဲဒီနေ့လယ်ကို အချိန်ဖြုန်းတာပေါ့။ ကြွက်တော့ ဈေးကြီးလို့ မမြည်းနိုင်ဘူး။ တော်တော်ကြာသွားတယ်။ ညနေ လေးနာရီထိုးခါနီးလောက်မှ ဌာနဘက် ပြန်ရောက်တော့တယ်။ ဌာနတံခါးကို သော့ခတ်သွားလို့ မူးတူးတူးနဲ့ ဒေါသ ထွက်နေမိသေးတယ်။ အထဲမှာ ကျွန်တော့်ထမင်းချိုင့်နဲ့ လွယ်အိတ် ကျန်ခဲ့ တယ်လေ။ စိတ်ပျက်ပျက်နဲ့ပဲ ဖယ်ရီဂိတ်သွား ကားစီးလို့ အိမ်ပြန်ရောက် တယ်။

နောက်နေ့မနက် အလုပ်ကိုလာ၊ ဌာနရှေ့ကိုရောက်တော့ အဘိုးကြီး ဦးနိုင်ဝင်းက ဆီးပြောတယ်။

"ဟေ့ရောင် ကိုဋ္ဌေးကြီး ဆုံးသွားပြီ သူ့အိမ် သွားလိုက်ဦး" တဲ့။ ကျွန်တော့်မှာ မယုံနိုင်။

"မဟုတ်သေးပါဘူး မနေ့ကမှ ကျွန်တော်နဲ့ ခြင်းပွဲ သွားကြည့် သေးတယ်လေ အဘရဲ့" လို့ ဇဝေဇဝါနဲ့ ပြောမိတယ်။ ဒီတော့မှ အဘိုးကြီးက .

"ဩော်.... အဲ့ဒါ မင်းနဲ့လား၊ ဒါကြောင့် ခြင်းဝိုင်းက ကောင်လေး တွေက သူနဲ့အတူ နောက်တစ်ယောက်ပါသေးတယ်ဗျ လို့ ပြောတာ။ အဲဒီ ထနောင်းပင်အောက်မှာပဲ ဆုံးသွားတာကွ၊ တော်သေးတာပေါ့ ဒါတောင် ခြင်းခတ်တဲ့ကောင်လေးတွေက သတိထားမိလို့ နို့မို့ဆို ဘယ်သူမှတောင် သိလိုက်မှာ မဟုတ်ဘူး။ မင်းက ကိုဋ္ဌေးကြီးထားပြီး ဘယ်ထွက်သွားက တုံး" တဲ့။ တစ်ဆက်တည်း အဒါထားပါကွာ သွားသွား ကိုဋ္ဌေးကြီးအိမ် သွားလိုက်ဦး၊ လိုတာလေး ကူကပ်လုပ်ပေးပေါ့ လို့ ပြောတယ်။

အိမ်ကိုသွားလိုက်ဦးဆိုမှ ကျွန်တော့်မှာ ဦးဋ္ဌေးနဲ့ စကားပြော၊ အလုပ်အတူတူလုပ်၊ တစ်ခါတလေ အရက်သောက်၊ ချောင်းချောက်သံကြီး နားထောင်၊ အဲဒီလို နေခဲ့တာပေမယ့် ဦးဋ္ဌေးအိမ်က ဘယ်မှာမှန်း ကျွန်တော် မသိဘူး။ ဝန်ထမ်းအိမ်ရာမှာနေမှန်းတော့ သိတယ်။ ဒါပေမဲ့ ဝန်ထမ်းအိမ်ရာ ဆိုတာက အကျယ်ကြီး။ စက်ရုံထက်တောင် ကျယ်ဦးမယ်ထင်တယ်။ စက်ရုံ ရဲ့ တောင်ဘက် နေပူကွင်းပြင်ကြီးမှာ ပုံစံတူအဆောက်အဦတွေ တန်းစီလျက် ပဲ။ ဌာနက

ဦးဌေးအိမ်သွားမယ့် တခြားတစ်ယောက်ကို စောင့်ပြီးမှ အတူ လိုက်သွားရတယ်။

ဦးဌေးအိမ်ကိုရောက်တော့ ကျွန်တော်တို့ဌာနကလူတွေ အကုန်နီးနီး ရောက်နေကြပါပြီ။ လုပ်စရာရှိတာတွေလည်း ဝိုင်းကူလုပ်ပေးထားကြတော့ ဘာမှလည်း လုပ်စရာမကျန်သလောက်ပဲ။ မြို့မှာ ယပ်တောင်အပ်၊ သင်္ဂြိုဟ်ဖို့ စည်ပင်ရုံးဆီတောင် သေစာရင်း တင်ပြီးခဲ့ကြလို့ ပြန်ရောက်နေပြီ။ မနက်ဖြန် သင်္ဂြိုဟ်မယ်တဲ့။ ဦးဌေးအလောင်းကိုတော့ အိမ်ရှေ့မှာပဲ ပြင်ထားတယ်။ ဖြစ်ချင်တော့ ဦးဌေးတို့ လိုင်းခန်းက တခြားမိသားတစ်စုနဲ့ ရောပြီး လိုင်းခန်း တစ်ခန်းကို မိသားစုနှစ်စု နေရတာ။ တကယ့်ဒုက္ခပဲ။ တစ်အိမ်တည်း အတူနေ မိသားစုအတွက်လည်း တကယ့်နေရအခက်ကြီးပါ။ သို့ပေမယ့်လည်း မတတ်နိုင်ဘူး။ ဒီလိုဖြစ်မှတော့ ဘယ်သူ ဘာတတ်နိုင်မလဲ။

ဦးဌေးရဲ့အလောင်းကို အနားကပ် ကြည့်နေမိတယ်။ ပြင်ထားတယ် ဆိုပေမယ့် ဦးဌေးဟာ မသေခင်တုန်းကလည်း ဒီရုပ်၊ သေတော့လည်း ဒီရုပ်ပါပဲ။ ဘာမှမပြောင်းလဲဘူး။ ချောင်ကျနေတဲ့ မျက်နှာ၊ ပိန်လှီသော ကိုယ်၊ အရိုးစုဖွဲ့စည်းပုံပဲ။ ခြင်းကွင်းနံဘေး သက်သက်သာသာပဲ အသက် ထွက်သွားတယ်ထင်ပါရဲ့။ ကျွန်တော် ရွာဘက်ထွက်သွားပြီးနောက် သူ ဘယ်လိုကျန်ရစ်ခဲ့မှာပါလိမ့်။ သူသေတာရော သူသိလိုက်ရရဲ့လား။ စသဖြင့် ထနောင်းပင်အောက်မှာ ခြေဆင်းလို့ထိုင်ပြီး ကျန်ခဲ့တဲ့ ဦးဌေးရဲ့ပုံပန်းသဏ္ဍာန် ကို ပြန်လည်တွေးကြည့်နေမိတယ်။ အဲဒီနောက် အခုတော့ ကိုယ်ခန္ဓာသာ ကျန်ရှိတော့တဲ့ ဦးဌေး။ ဘဝတစ်လျှောက်လုံးလည်း သောကတွေသာ အများစု ကြုံခဲ့ရမယ်ထင်တယ်။ သို့ပေမယ့်လည်း လူတိုင်းမှာ ဒုက္ခတွေ၊ သောက ဗျာပါဒတွေ ရှိခဲ့သလိုပဲ။ ဘဝအပူမီးတွေရယ်လို့ မသိတတ်သေးတဲ့ ကလေး ဘဝဆိုတာကလည်း သေချာပေါက်ရှိခဲ့မှာ။ လူမှန်ရင် ဘယ်လောက်ပဲ ဒုက္ခ ကြုံတွေ့တွေ့ ဖြတ်သန်းရ ဖြတ်သန်းရ ပျော်ရွှင်ရတဲ့ လွမ်းမောစရာ အချိန် ကလေးတွေလည်း ရှိလိမ့်မှာပဲလို့ ဦးဌေးအစား ကျွန်တော်က ဖြေသိမ့်ပေး နေမိတယ်။ ဘဝတစ်ခုလုံးမှာမှ တစ်နှစ်ခွဲကာလလောက်ကလေးပဲ သိကျွမ်း ခင်မင်ခဲ့ရတယ်ဆိုသော်ငြားပေါ့လေ။

ဦးဌေးရဲ့ ကျန်ရစ်ခဲ့တဲ့ သမီးကလေးကတော့ အပျိုပေါက်ဖြစ်နေပြီ။ အဲဒီကလေးမကလေး တရှုံ့ရှုံ့နဲ့ ဖအေအလောင်းနံဘေး ငြိမ်ငြိမ်သက်သက် ငိုနေတာကိုကြည့်ရင်း ကျွန်တော်ပါ ငိုချင်လာတယ်။ ကျွန်တော့်မှာ အဲဒါမျိုးတွေ မြင်ရရင် ဝမ်းနည်းမှုက မနေနိုင်ဘူး။ ခံစားလွယ်တဲ့ကောင်မို့ ထင်ပါတယ်။

ရင်ဘတ်ထဲကပါ အောင့်တက်လာ၊ နားထင်တွေ ပူနွေးလာ၊ ပြီးတော့ မျက်လုံးအိမ်တွေပါ စပ်လာတယ်။ ကျွန်တော် မျက်ရည်ကျတော့မယ်။

ဦးငွေးသမီးကို အဲဒီကလေးမကလေးလို့ ဆိုပေမယ့် သူဟာ ကျွန်တော့်ထက်ငယ်လည်း လေးငါးနှစ် အလွန်ဆုံးပေါ့။ သူ့မှာ တစ်လောက လုံး ဆွေမျိုးဆိုလို့ ဒီအဖေပဲ ရှိတော့တာ။ ဖအေသေတော့ ဒီကောင်မလေး ဘယ်လိုများ ရှေ့ဆက်ပါ့မလဲလို့ တွေးမပူဘဲမနေနိုင်ဘူး။ ကျွန်တော့်ရဲ့ မှတ်ဉာဏ် အလုပ်လုပ်ပုံက တစ်မျိုး။ ဘဝမှာ ကြုံခဲ့ရတဲ့ ပျော်ရွှင်စရာ ကျေနပ်စရာတွေကိုဆိုရင် ဝါးတားတားပဲ၊ နှစ်ကာလတွေကြာလေ မေ့ပျောက် ကုန်လေလေပဲ။ ဒါပေမဲ့ ဝမ်းနည်းနာကျင်စရာတွေ၊ ကြေကွဲစရာတွေ ဆိုရင်တော့ ကိုယ့်ဘဝတင်မဟုတ်ဘဲ ကိုယ်နဲ့နီးစပ်တဲ့ အခြားဘဝတွေရဲ့ အဖြစ်အပျက်တွေကိုပါ ဓာတ်ပုံရိုက်လိုက်သလို ဆေးသားဟာ တစ်ဘဝလုံး စွဲမြဲနေတော့တယ်။ အဲဒီနေ့က ဦးငွေးအလောင်းနံဘေး၊ ခါးကလေး နည်းနည်း ကွေးလို့ တစ်ချက်တစ်ချက် ရှိုက်လိုက်ရင် တုန်ယင်သွားပေမယ့်လည်း ငြိမ်သက်စွာ မျက်ရည်တွေတွေကျနေတဲ့ ဦးငွေးရဲ့ သမီးကလေးပုံဟာ ကျွန်တော့်မှတ်ဉာဏ်ထဲ ထင်ထင်ရှားရှား ရှိနေတုန်းပဲ။

မသွယ် အဖြေပေးတဲ့နေ့က နောက်ကျနေရတာ က သူ့မှာ အကျီအနီရှာမရဖြစ်နေလို့တဲ့ ခိုင်မြဲက ရယ်ပြီး ပြန်ပြောပြတယ်။ ရှာမရတဲ့အဆုံး၊ သူ့အစ်ကိုရှပ်အကျီကို ယူပြီး အပေါ်က ထပ်ဝတ်လာရ၊ ရုံးနောက်ကျနေလို့ သူ့အဖေကို လိုက်ပို့ခိုင်းရသတဲ့။ မသွယ်နဲ့ သမီးရည်းစား ဖြစ်ပြီးနောက်ပိုင်း ဒီကောင် ခွာညိုရုန့်မှာ ထိုင်ဖို့တောင် သိပ်စိတ်မပါတော့ဘူး။ မသွယ်ရှိတဲ့ ရုံးထဲသာ အမြဲ နေချင်တော့တာ။

“ခုမှ ရည်းစားထားဖူးတဲ့ကောင် ဆိုတော့ လည်း ဒီလိုပေါ့ကွာ” လို့ ဇော်ပိုင်က ပြောတယ်။ ဖိုးသက်ကလည်း . . .

ခဏပါကွာ. . . ဒီကောင် ငယ်ငယ်ကတည်းက ပေါင်းလာတာ ဒီကောင့်အကျင့် ငါသိပါတယ်” တဲ့။ တကယ်တော့ ဒီကောင်တွေ ခိုင်မြဲကို စိတ်တိုနေကြတာ။ စိတ်တိုလည်း ဟိုကောင်ကတော့ အေးဆေးပဲနေမှာမို့ ထင်မိထင်ရာတွေနဲ့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေကြပုံ ပါပဲ။ ပေါင်းစရာကလည်း ဒီလူ ဒီလူလောက် ရှိတာကိုး။

ခိုင်မြဲက မနက်ခင်းဆိုရင် လက်ဖက်ရည်ဆိုင်လာလည်း မသွယ်

ရုံးမရောက်သေးချိန် ခဏလောက်ပဲ။ ဒီတော့ ကျွန်တော်တို့ပဲ အချိန်ကြာကြာ ထိုင်ဖြစ်တယ်။ ညနေပိုင်းကတော့ ပုံမှန် လူစုံတာပေါ့။ ညနေလူစုံ ထိုင်ဖြစ်တိုင်းလည်း သူက မသွယ်အကြောင်းချည်း ဖင်ပြောင်းခေါင်းပြန်ပြောနေတော့ ကျွန်တော်တို့မှာ စိတ်တောင်ညစ်လာတယ်။ ဖိုးသက်ကလည်း အခုတလောကို ညနေခင်း လက်ဖက်ရည်ဆိုင်ပြီးရင် ဒေါ်မုန်းဆိုင် သွားကစ်ရအောင်လို့ပဲ ခေါ်နေတယ်။ ဇော်ပိုင်နဲ့ ကျွန်တော်လည်း တစ်ခါတလေတော့ လိုက်ဖြစ်ပါ တယ်။ ဒါပေမဲ့ အမြဲတမ်းချည်းတော့ မဖြစ်ဘူးလေ။ အလုပ်အကိုင်လေး ရှိလာတာနဲ့ အရည်ကလေးတမြမြလုပ်နေရင် အမေက သတ်မှာပေါ့။ ကျွန်တော်ကိုယ်တိုင်ကလည်း တစ်ခါတလေသောက်တယ်ဆိုပေမယ့် အရက် အရသာကို သိပ်ကြိုက်လှတယ်ရယ် မဟုတ်ဘူး။ အပေါင်းအသင်းနဲ့ မူးရူးပြီး တဟီးဟီး တဟားဟား ပေါလောပါလာလုပ်ရတာကို ပျော်တာ။ အပေါင်းအသင်းမင်တာသက်သက်ပဲလို့ ကိုယ့်ကိုယ်ကိုယ် ထင်တယ်။ ဒီတော့ ဖိုးသက်ကို . . .

“မင်း ညတိုင်းကြီး လုပ်မနေနဲ့” လို့ ပြောရတယ်။

“ဆိုက်ကားနင်းတာလည်း ပင်ပန်းတာပဲကွာ။ နောက်ပြီး ညကျ ငါက မြို့စွန်ထိပြန်ရတာ ဟိုရောက်တော့ ဘာမှမရှိ ပျင်းစရာကြီး၊ မင်းတို့ကျ မြို့ထဲလေးတင်နေတာ အေးဆေးပေါ့” တဲ့ ပြန်ပြောတယ်။ ကျွန်တော်လည်း ဆက်မပြောဖြစ်တော့ဘူး။

နေ့လယ်နေ့ခင်း အားတဲ့နေ့တွေ ဇော်ပိုင့်ကွမ်းယာဆိုင်မှာပဲ ထိုင်ဖြစ် တယ်။ ဒီကောင့်ကို ကွမ်းယာပိုင်းကူ ရောင်းပေး၊ ခွာညိုရှန့်ကနေ လက်ဖက်ရည် လှမ်းမှာ၊ ကျွန်တော်တောင် ကွမ်းတော်တော်စားတတ်လာလို့ သွားတရဲရဲ ကွမ်းချိုးနဲ့ ဖြစ်လာတယ်။ တချို့နေ့တွေဆိုရင် စက်ရုံ ညဆိုင်း ဆင်းဖို့ အချိန်နီးလောက်မှ အိမ်ပြန်ဖြစ်တော့တယ်။ တစ်ညနေလုံးလည်း ဒီကောင့်ဆိုင်မှာပဲ။ နေ့လယ်ခင်း သူ့ညီလေး ထမင်းချိုင့်လာပို့တော့ ဇော်ပိုင်က ကျွန်တော့်အတွက်ပါ ထမင်းဟင်း ပိုထည့်ခိုင်းပေးဖို့ သညီလေးကို မှာလိုက် တယ်။ ဒီတော့ ကျွန်တော်လည်း ပြန်ဖို့မလိုတော့ဘူးပေါ့။

ဇော်ပိုင်နဲ့နေဖြစ်တော့မှ သူ့မှာ ထောင်ကျနေတဲ့ အစ်ကိုတစ်ယောက် ရှိတာပါ သိလာရတယ်။ သိလာရတယ် ဆိုတာလည်း အဲဒါပဲ။ အဲဒါတောင် စကားစပ်မိသွားလို့ ပြောပြတာ။ ကျန်တာ ဆက်မပြောတော့လို့ ဘာအကြောင်း နဲ့

ထောင်ကျတာမှန်းတောင် မသိဘူး။ ကျွန်တော်လည်း စိတ်ဝင်စားလှတယ် ရယ်မဟုတ်တာနဲ့ မေးမကြည့်တော့ပါဘူး။ ဘာကြောင့်မှန်းတော့မသိ၊ ဇော်ပိုင် ဟာ သူ့မိသားစုအကြောင်း သိပ်ပြောလေ့မရှိဘူး။ သူ့ညီလေး ဘယ်နှတန်း တက်နေတယ်ဆိုတာတောင် သူ့ညီလေးကို တိုက်ရိုက်မေးကြည့်လို့ ငါးတန်း ရှိပြီမှန်း သိရတယ်။ ဘာမှအထွေအထူး မပြောဘူး။ ဘာမှလည်း ထွေထွေထူးထူး မလုပ်ဘူး။ နေ့စဉ် မနက်ခင်းကနေ ညနေအထိ ဒီကောင် ဆိုင်ထိုင်တယ်။

ညနေစောင်းကျတော့ သူ့အမေနဲ့ ခဏလဲထိုင်တယ်။ သူ့အမေက ခုနစ်နာရီ ရှစ်နာရီအထိ ဆိုင်ဆက်ဖွင့်၊ မိုးချုပ်တော့ သူပါ ပြန်လာပြီး ဆိုင်ကူသိမ်း။ အဲဒါ သူ့ရဲ့ နေ့စဉ်ဇယားပဲ။

ခင်မင်ပြီး လပေါင်းများစွာကြာမှ သူ့အိမ်ကို တစ်ခေါက်ရောက်ဖူး တယ်။ မြစ်ပတ်လမ်းနံဘေးမှာ ဝိုင်းကျဉ်းကျဉ်းကလေး ပေနှစ်ဆယ် ဆယ့်ငါးပေ ပတ်လည်တောင် ပြည့်မယ်မထင်ဘူး။ အဲဒီဝိုင်းကျဉ်းကလေး အပြည့် သွပ်မိုး၊ ထရံကာ အိမ်ဆောက်ထားတယ်။ အိမ်က အခန်းကန့်ထား တာ မရှိ။ ဘုရားစင်၊ မီးဖို အကုန် တစ်ခန်းတည်းရယ်။ အိမ်ထဲဆိုရင်လည်း ရှုပ်ပွပေညစ်နေတာပဲ။ ပုဆိုးတွေ၊ စောင်တွေ၊ ခြင်ထောင်တွေ တန်းလန်း၊ ဘာမှန်းမသိတဲ့ အမှိုက်တွေကလည်း စားပွဲပေါ်မှာ၊ သူ့ညီလေးရဲ့ ကျောင်းစာအုပ်တွေကလည်း တောင်ရောက် မြောက်ရောက်။ အိမ်ထောင့် တစ်နေရာမှာတော့ ထရံတွေကို ပေကျံညစ်ပတ်နေစေတဲ့ ကွမ်းယာဆိုင်အတွက် နှပ်ထားတဲ့ ထုံးအိုးကြီး တစ်အိုး။ စားပြီးသားပန်းကန်တွေကလည်း တိုးလို့ တန်းလန်း၊ အဲဒီ တိုးလို့တန်းလန်းမှာ ယင်က တလောင်းလောင်း။ သူတို့အိမ်ထဲ ဝင်လိုက်တာနဲ့ တန်းပြီး အသက်ရှုကျပ် စိတ်ရှုပ်သွားစေတာမျိုး။ သူ့အမေဟာ တစ်နေကုန် အိမ်မှာနေပြီး အိမ်သန့်ရှင်းရေးလည်း လုပ်ပုံမရဘူး။

ဇော်ပိုင်နဲ့ ပေါင်းသင်းရတာ ဘော်ဒါအပေါင်းအသင်းကဏ္ဍ ပြည့်ဝ တယ်။ မညည်းမညူ အကူအညီပေးတယ်။ ဘာကောင်လည်း မသိ၊ သူ့ကိစ္စကျ ဘယ်သူ့မှ မပြောတော့ဘူး။ ဒါကြောင့် ဇော်ပိုင်ဟာ လူတစ်မျိုးပဲလို့ ကျွန်တော် ထင်တယ်။ ဒီကောင့်ပုံစံက မသိရင် ရောမလျှို့ဝှက်ချက်ကြီး တစ်ခုခု အမြဲရှိနေသလိုလို တစ်ခုခုပဲ။ တကယ်တော့ အဲဒီတစ်ခုခုဆိုတာက လျှို့ဝှက်ချက်တော့လည်း မဟုတ်ပါဘူး။ နောက်တော့ ကျွန်တော် သိလာရ တယ်။ ဒီကောင်ပြောလို့တော့ မဟုတ်ဘူးပေါ့။

ကျွန်တော် ညဆိုင်းအလုပ်ဆင်းရတဲ့ ညနေတွေမှာ မြို့ထဲ ဖယ်ရီဂိတ် ကနေ ဖယ်ရီစီးပြီးသွားတိုင်း မြို့ထွက် တောင်ခြေတစ်နေရာက ဇရပ်ကလေး တစ်ခုမှာ ဒီကောင့်ကို တွေ့တွေ့လာရတယ်။ ပထမ တစ်ကြိမ် နှစ်ကြိမ် လောက်တုန်းကတော့ သာမန်လောက်ပဲ။ အကြိမ်နည်းနည်းစိပ်လာတော့ ဒီကောင် ဒီဘက် ဘာလာလာလုပ်တာပါလိမ့်လို့ သိချင်လာတယ်။ တစ်ရက် ကျတော့ ဇရပ်ပေါ်က လူတစ်ယောက်ကို သူက ထမင်းခွံကျွေးနေတာကို တွေ့ခဲ့ရတယ်။ သူ့ကို တိုက်ရိုက်မေးမယ်လို့ စဉ်းစားသေးပေမယ့် ဒီကောင်က ဟိုမေးဒီမေး ကြိုက်တတ်တဲ့ကောင်စား မဟုတ်ဘူးလို့ သိနေတော့ မမေးဖြစ် ဘူး။ ဒါပေမဲ့ သိချင်စိတ်ကတော့ ထိန်းမရ။ အဲဒါနဲ့ပဲ တစ်ရက်မှာ ခိုင်မြဲကို သတင်းစာ ကူထပ်ပေးနေရင်း...

"ခိုင်မြဲ... ငါ့ကို ဇော်ပိုင့်အကြောင်း ပြောပြစမ်းပါဦး" လို့ မေးမိတယ်။

""ဘာအကြောင်းလဲကွ၊ ဘာကိုပြောပြရမှာလဲ"" တဲ့ ခိုင်မြဲက မျက်မှောင်ကြုတ်ပြီး ဆိုတယ်။ ကျွန်တော်လည်း အလုပ်သွားရင်း ခိုင်မြဲကို အဘိုးကြီးတစ်ယောက်နဲ့ တွေ့နေရတဲ့အကြောင်း ပြောပြတယ်။

ခိုင်မြဲက......

"ဩော်..."" လို့ တစ်ခွန်းဟပြီး စာရွက်တွေပဲ ထပ်နေတယ်။

ဩော်ဆိုတာ သူသိတဲ့သဘောပေါ့။ တစ်အောင့်လောက်ကြာမှ ဆက်ပြောတယ်။ "အဲဒါ ငပိုင့်အဖေကွ၊ မင်းက ဒီမြို့ နောက်မှရောက်လို့ မသိတာ၊ သူတို့အကြောင်းက တစ်မြို့လုံးနီးနီး သိကြတယ်။ ငပိုင်တို့က အရင်တုန်းက ဘောစိတွေ။ ဒါပေမဲ့လည်း ကြာတော့ကြာပါပြီကွာ၊ ငပိုင်တို့ ငယ်ငယ်တုန်း ကတည်းကပါ၊ ဒီကောင်တွေဘဝကလည်း စိတ်ညစ်စရာကြီးရယ်"ငါက ဒီကောင့်အဖေဆိုတာ မမြင်ဖူးလို့ သေပြီတောင်မှတ်နေတာ၊ နေပါဦး အဲဒါဆို သူ့အဖေက......

“မင်းက အနီးကပ်မမြင်ဖူးလို့၊ သူ့အဖေက နူနေတာ၊ အနာကြီး ရောဂါဆိုလား လက်ပရိုစီဆိုလားပဲ၊ ခြေချောင်း လက်ချောင်းတွေတောင် မရှိတော့ဘူး””

ခိုင်မြဲက မျက်နှာကြီးကို ရှုံ့တွရင်း ပြောတယ်။ “ဪ… နူသွားလို့ သူ့အမေနဲ့ ကွဲသွားတာပေါ့ ဟုတ်လား”” “အဲလိုတော့ မဟုတ်ဘူး။ မနူခင်ကတည်းက သူ့အမေနဲ့ ကွဲပြီး နေပြီ၊ သူ့ညီလေး ကြည့်လိုက်လေကွာ၊ အဲဒါလည်း သူ့အဖေနဲ့ ရတာပဲ။ - သူ့ညီ ကိုယ်ဝန်ကြီးနဲ့တုန်း ကွဲတာဆိုတော့ ဆယ်နှစ်သာသာလောက်ရှိပြီပေါ့။ နူသွားတာကတော့ လေးငါးခြောက်နှစ်လောက်ပဲ ရှိဦးမယ်ထင်တယ်။ အတိအကျတော့ ငါလည်း မသိဘူးလေ””

ခိုင်မြဲပြောနေတာက အမေးတစ်ခွန်း၊ အဖြေတစ်ခွန်းဖြစ်နေတော့ စပ်စုချင်စိတ်က တိုးလို့တိုးလို့သာ ဖြစ်လာတယ်။

“ဇာတ်လမ်းအစုံ ပြောပြစမ်းပါကွာ ၊မင်းဟာက ဆန့်ငင် ဆန့်ငင်နဲ့၊ မင်းပြောတဲ့ ငပိုင်တို့က သူဌေးဆိုတာရော အဲဒါကရော ဘယ်လိုလုပ်ပြီး မွဲသွားတာတုန်း”” လို့ ခိုင်မြဲကို ပြောလိုက်တယ်။ ခိုင်မြဲက ဆေးလိပ်ကို မီးညှိလိုက်ရင်း. . .

“ဟေ့ရောင် သတင်းစာက ထပ်ပြီးတော့မယ်၊ ငါ သတင်းစာ ပို့ရဦးမှာလေ။ ဇော်ပိုင်တို့အကြောင်းက ပြောရင် အကြာကြီး စိမ်ပြေနပြေ ပြောမှ အရသာရှိမှာ၊ ဘယ်လိုလုပ်မလဲ ညနေကျမှ ငါပြောပြမယ်””

“ဟာ.. ဟေ့ရောင်၊ ညနေကျတော့ ဇော်ပိုင်ပါ ရှိနေမှာ ဘယ်လိုလုပ်ဖြစ်မလဲ။ ခုသာ ပြောလိုက်ပါကွာ ငါလည်း သိချင်လှပြီ”” လို့ တွန်းလိုက်တယ်။ ခိုင်မြဲဟာ ငုတ်တုတ်ထိုင်နေရာကနေ ဟွန်းခနဲ သက်ပြင်းတစ်ချက်ချပြီး ကြမ်းပြင်ပေါ် ဖင်ထိုင်ချလိုက်တယ်။ မီးသေသွားပြန်တဲ့ ဆေးပေါ့လိပ်ကို တစ်ခါထပ်မီးညှိတယ်။ ပြီးတော့ ဇော်ပိုင့်ဇာတ်လမ်းကို အတိုချုပ်ပြောပြတော့တယ်။

“လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ဇော်ပိုင့်အဖေ၊ ဦးတင်ပိုင်က

ကားဝပ်ရှော့ဆရာ။ ကားဝပ်ရှော့ဆရာပေမယ့် သူများဆီ အငှားလုပ်တာ မဟုတ်ဘူး ကားဝပ်ရှော့ပိုင်တာ။ အရင်တုန်းကတော့ သူကိုယ်တိုင် ပြင်ချင် ပြင်မှာပေါ့။ နောက်တော့ သူက ဝပ်ရှော့ကိုလာ ဟိုကြည့် ဒီကြည့်၊ ကားလာပြင်သူတွေနဲ့ စကားထွေရာလေးပါးပြော ဒီလောက်ပါပဲ။ အလုပ်သမား တွေနဲ့ပဲ လွှဲထားတာ။ အလုပ်သမားကိုက ပညာသင်ရော၊ မျက်နှာလွှဲလို့ရ လောက်အောင် ပြင်တတ်တဲ့ တပည့်တွေရော စုစုပေါင်း နှစ်ဆယ်ကျော် လောက် ရှိတယ်။ ခြံဝင်းအကျယ်ကြီးထဲမှာ လူအများကြီး၊ ဆီချေး တဝင်းဝင်း နဲ့ပဲ။ နောက်ပြီး ဟိုင်းလတ်ကားတွေ၊ လိုင်းကားပေါ့။ အဲဒါလည်း ဆယ်စီးလောက် ထောင်ထားသေးတယ်။ ပိုက်ဆံတော့ တော်တော်ရှိကြတယ်။ ငပိုင့်အမေဆိုတာလည်း အဲဒီတုန်းက ရွှေဆွဲကြိုးနဲ့ လက်ကောက်နဲ့ စိန်နားကပ်နဲ့ စသဖြင့်ပေါ့ကွာ။

ငပိုင့်အဖေက မိန်းမကိစ္စ တော်တော်ရှုပ်တယ်ကွ။ မိန်းမလိုက်စား တယ်ဆိုတဲ့စကားက သူနဲ့မှအမှန်။ မယားငယ်ကိုက လေးငါးခြောက်ယောက် ရှိသတဲ့။ အဲဒါတင်ပဲလားဆိုတော့လည်း မဟုတ်သေးဘူး။ ဖဲရိုက်တယ်၊ ဂျင်ထိုးတယ်၊ နှစ်လုံး၊ သုံးလုံး ထိုးတယ်။ လောင်းကစားဆို အကုန်လုပ်တာပဲ။ တချို့ကတော့ ဘိန်းတောင်ရှူတယ် ပြောတာပဲ။ အဲဒါတော့ ငါလည်း သေချာမသိပါဘူး။ ငပိုင်တောင် အဲဒီတုန်းက မွေးခါစရှိဦးမယ်ထင်တယ်။ ဒီကောင်က သနားဖို့တော့ကောင်းပါတယ်။ သူ လေးငါးနှစ်သားလောက် အထိ သူတို့မိသားစုက ချမ်းသာပေမယ့် ကြီးတော့ အဲဒါတွေ မခံစားလိုက်ရပါ ဘူး””

နေပါဦး ငပိုင်တောင် မွေးကင်းစဆိုတော့ မင်းက ဘယ်လိုလုပ်သိတာတုံး”

"ငါ့ အမေပြောပြတာပေါ့ဟ၊ မင်းက လပွတ် မေးလည်း မေးသေးတယ် မယုံသလို ဘာလိုလိုနဲ့””

“အေးပါ ... ဆက်ပြောပါ””

“မွဲသွားကျတာတော့ ဘယ်လိုမွဲသွားတယ် ဘယ်သူမှ တိတိကျကျ မသိပါဘူး။ အကြောင်းကတော့ အစုံနေမှာပေါ့။ လောင်းကစားနဲ့ပဲ သူတို့နေတဲ့ တိုက်ပါ ပေါင်ပေးလိုက်ရတယ်လို့ ပြောကြတယ်။ နောက်ပြီး မယားငယ်တွေ ကလည်း ခဏ ခဏ လျော်ရတယ်ပြောတယ်။ တစ်ခါတလေ သူများမိန်းမ တောင် ပါသေးတယ်တဲ့။ ဘိုးတော်က အရက်ကလည်း စွဲနေပြီကွာ။ ဝပ်ရှော့လည်း

ကောင်းကောင်းမသွား၊ မကွပ်ကဲနိုင်တော့ တပည့်လက်သား တွေကလည်း ခိုးစရာရှိတာ ခိုးမှာ ဝှက်မှာပေါ့။ အလုပ်လည်း ပေါ့လျော့မှာ ပေါ့။ နောက်ဆုံး ဝပ်ရှော့လည်း ပိတ်လိုက်ရ၊ ဝပ်ရှော့ဖွင့်ထားတဲ့ ခြံဝိုင်းကျယ် ကြီးပါ ရောင်းပစ်လိုက်ရတာ...

လူများ ဘယ်လောက်ချမ်းသာချမ်းသာ မွဲချင်တော့လည်း ခဏပါပဲ ကွာ။ ဒုက္ခကလည်း ဝင်ရင် မာရ်နတ်မင်းမှာ လက်ရုံးတစ်ထောင်ရှိသည် ဆိုတာမျိုးပဲ။ အဖော်အပေါင်းနဲ့ လာတာ။ ထောင်ထားတဲ့ လိုင်းကားတစ်စီး ကလည်း ဒရိုက်ဘာက လူဝင်တိုက်မိလို့ သေ၊ လျော်ရ။ အချုပ်ပြောရရင် စီးပွားရေး မပြေလည်တဲ့နောက်တော့ လင်မယားချင်းလည်း တကျက်ကျက် ဖြစ်၊ နောက်ဆုံး ကွဲပေါ့ကွာ၊ ငပိုင် ရှစ်နှစ် ကိုးနှစ် ရှိဦးမယ်ထင်တယ်။ ငါတို့ လေးတန်းလောက်ကတည်းက ငပိုင်က ကျောင်းမှာ ဘယ်တော့မှ မျက်နှာမကောင်းပါဘူး၊ မျက်နှာငယ်ကလေးနဲ့ရယ်။ အဲဒီအချိန် အိမ်မှာက သူ့အဖေနဲ့ အမေ နောင်ဂျိန်ပလေးနေမှာပေါ့။ လင်မယားကွဲတော့ ငပိုင့်အမေမှာ သူ့ညီလေး ကိုယ်ဝန်ကြီးနဲ့ပဲ။

သူ့အမေကလည်း တစ်သက်လုံး ချမ်းချမ်းသာသာ နေလာတာ ဆိုတော့ အစောပိုင်း တစ်နှစ်လောက်က အထည်ကြီးပျက်ဖြစ်၊ ဒီအတိုင်း ရှိသမျှ ငုတ်တုတ်ထိုင်စားနေကြတာ။ အခြေအနေမဟန်လို့ စီးပွားရေးလုပ်မယ် ဆိုတော့ ပိုက်ဆံက မရှိတော့ဘူး။ သူ့အမေလည်း ငါတော့ အံ့သြတယ်။ နောက်တော့ ကွမ်းယာဆိုင်ကလေးဖွင့်၊ အဲဒီတုန်းကတော့ သူ့အစ်ကိုနဲ့ သူ့အမေအမိက ထိုင်ရောင်းတာပဲ။ ငပိုင့်အစ်ကိုက ငပိုင့်ထက် ဆယ်နှစ်လောက် ကြီးတယ်။ ဒီဘဲကြီးကလည်း သူ့အမေလိုပဲ ကောင်းကောင်းနေဖူးတော့ ဘော်ကြော့ပဲ။ ပိုက်ဆံမရှိတော့ မနေတတ်တော့ဘူး၊ အရက်ကလေး တမြမြ နဲ့နေ၊ ကွမ်းယာဆိုင်ကလည်း ထိုင်တယ်ဆိုရုံ မည်ကာမတ္တ။

အဲဒီပိုက်ဆံကြောင့်ပဲ နောက်တော့ ဒီမြို့မှာ ကြားရသူတိုင်း ဒေါသ ထွက်ရပြီး မမေ့တော့တဲ့ လူသတ်မှုကြီး ဖြစ်တာပဲ။ ဆယ်နှစ်ကလေးဆီကနေ ဘီအမ်အိတ်စက်ဘီးလေး လုတာ။ မင့် ရက်စက်ချက်ကတော့ ကမ်းကုန် တယ်။ ကလေးပါ သတ်ပစ်တာတဲ့။ ငါတို့က အဲဒီတုန်းက ငယ်သေးတယ်၊ ကလေးအမေတွေဆို ကျောင်းကို စက်ဘီးနဲ့တောင် မသွားခိုင်းရဲကြတော့ဘူး။ အဲဒါနဲ့ သူ့အစ်ကို ထောင်ကျသွားတာ နှစ်အများကြီးပဲ၊ ဘယ်နှစ်နှစ်လဲတော့ မသိဘူး။

ခုထိလည်း မလွတ်သေးဘူး။

သူ့အစ်ကို ထောင်ကျသွားတော့ ငပိုင်လည်း ကျောင်းထွက်။ အခု မင်းမြင်သလို ကွမ်းယာရောင်းတဲ့ ငပိုင် ဖြစ်သွားတာပဲ။ သူ့အမေတစ်ယောက် တည်း မနိုင်တော့ဘူးလေ။ ဒီကောင် ကွမ်းယာဆိုင် စထိုင်တော့ ငယ်ငယ် လေးရယ်။ ဒီကောင်လည်း အဲဒါတွေနဲ့ စိတ်အားငယ်တယ်နဲ့ တူပါတယ်ကွာ၊ ကျောင်းက ထွက်သွားပြီး ငါတို့ကိုတောင် တစ်နှစ်လောက် မခေါ်ဘူး။ ငါတို့က ကျောင်းသွားရင် ဒီကောင့်ဆိုင်ဝင်၊ ဒီကောင်နဲ့ စကားပြော၊ ကလေး တွေဆိုတော့ အဲ့လောက်ကြီး ဘယ်နားလည်မလဲ။ လေးငါးလကြာမှ ငါတို့နဲ့ ပြန်စကားပြောတာ။ ငပိုင်က စိတ်ရင်းကောင်းပါတယ်ကွာ၊ သနားဖို့လည်း ကောင်းတယ်။ ဒီကောင့်ကိုကြည့်လိုက်ရင် အမြဲ တွေတွေငေးငေးနဲ့ရယ်၊ တို့နဲ့ဆုံတဲ့အချိန်လေးလောက်သာ ပြုံးပြုံးရွှင်ရွှင်ရှိတာ။ သူ့ညီလေးတော့ ဒီကောင် ရအောင် ကျောင်းထားတယ်။ သူ့အမေကလည်း အပြင်တောင် သိပ်မထွက်ဘူး။ အိမ်ထဲချည်း နေတာ။ ညနေ ဆိုင်ထိုင်တဲ့အချိန်လောက်ပဲ အပြင်မှာ။ သူ့အမေလည်း သနားဖို့ကောင်းတာပါပဲ”

ခိုင်မြဲက ဆေးပေါ့လိပ် မီးညှိရင်း ခဏနားတယ်။ ဆေးပေါ့လိပ်ကို ခပ်နာနာ တစ်ချက်ဖွာလိုက်ရင်း ခေါင်းမော့လို့ မျက်နှာကြက်ဆီ မီးခိုးတွေ မှုတ်ထုတ်လိုက်တယ်။

““ငပိုင့်အဖေကရော””

““အစောပိုင်းက လင်မယားကွဲတော့ ငပိုင်တို့အတွက် တစ်ဝိုင်း၊ သူ့အတွက်တစ်ဝိုင်း မြေခွဲယူဖို့ ကျန်သေးတယ်။ အဲ့လောက်မွဲတာတောင် ကျန်သေးတာနော်။ နေရာကောင်းတွေတော့ မဟုတ်ဘူးပေါ့၊ အဲဒီတုန်းက ဝိုင်းဈေးက ဘာရှိမှာလဲ၊ သူ ့အဖေက အဲဒီ သူ့ဝိုင်းမှာနေ အရက်သောက်၊ ပိုက်ဆံရရင်ရသလို လောင်းကစားလုပ်၊ ဘိန်းရှူ ဖာချ ဒီလိုပဲနေမှာပေါ့။ နောက်ဆုံးတော့ နေနေတဲ့ မြေကလေးပါရောင်း၊ လုပ်ချင်တာလုပ်ပစ်၊ ဘုန်းကြီးကျောင်း ကပ်နေ၊ ဘုန်းကြီးကျောင်းကပ်နေဆိုတာလည်း သူ့ပုံစံနဲ့ ဘယ်ဖြစ်မလဲ၊ နောက်တော့ အနှင်ခံရတာပေါ့။ အဲဒီကစ တွေ့တဲ့ဇရပ်အိပ်၊ တွေ့တဲ့ပလက်ဖောင်းအိပ်၊ လမ်းပေါ်ကလူဖြစ်။ ဘာတွေ ဘယ်လောက်တောင် လုပ်တယ် မသိဘူး။ နောက်ဆုံးတော့ နူကိုသွားတာပဲ””

ဇော်ပိုင့်ဘဝဇာတ်ကြောင်းကို အတော်လေး စုံစုံလင်လင်ပြောပြီးတဲ့ နောက် ခိုင်မြဲဟာ ဆေးပေါ့လိပ်ကြီး ဖွာနေတာ အတော့်ကိုကြာတယ်။ မောလည်းမော၊ စိတ်လည်းညစ်သွားတယ်နဲ့ တူပါရဲ့။ ပြောပြတဲ့သူတောင် မောရ စိတ်ညစ်ရတဲ့ ဇော်ပိုင့်ဘဝဇာတ်လမ်းမှာ ကျွန်တော်ကလည်း ဘယ်လို လုပ်များ ခံစားမှုမဲ့နေနိုင်ပါ့မလဲ။ အတော်ကြာအောင် နစ်မျောနေမိတယ်။ ဇော်ပိုင့်အတွက် စိတ်မကောင်းဖြစ်၊ တကယ်တော့ တစ်အိမ်သားလုံးအတွက် စိတ်မကောင်းဖြစ်ရမှာပါ။

ခိုင်မြဲ မှုတ်ထုတ်လိုက်တဲ့ ဆေးပေါ့လိပ် မီးခိုးတန်းကို လိုက်ငေးရင်း အဲဒါဘဝပဲလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေမိမယ်ထင်တယ်။ စိတ်အတော်မော သွားတယ်။ ဇော်ပိုင့်မှာ ကျွန်တော်မသိတာ တစ်ခုခုတော့ရှိနေတယ်လို့ ထင်နေ မိတာ၊ ကြောက်စရာကောင်းအောင်တောင် မှန်နေတယ်။ ဘာပဲပြောပြော ဒီလို ကြားရသူတောင် စိတ်မသက်မသာဖြစ်စရာ ဇာတ်လမ်းကြီးရဲ့ပိုင်ရှင် ဇော်ပိုင်ဟာ ကျွန်တော်တို့နဲ့ အတူရှိနေချိန်တွေမှာ ရယ်နေ မောနေနိုင်တာကိုက ချီးကျူးစရာလိုပဲ။ သို့သော်လည်း ဘယ်သူကများ အတိတ်ကဒဏ်ရာကို တစ်ချိန်လုံး လျှာနဲ့ ပြန်ယက်နေပါ့မလဲ။ လူဆိုတာ ပျော်ရာပျော်ကြောင်းကလေး လည်းရှိမှ နေပျော်တဲ့ဘဝ ဖြစ်တော့မှာကိုး။

“ဒီတော့ ငပိုင်က သူ့အဖေကို ညနေ ညနေ သွားတွေ့တာပေါ့ ဟုတ်လား ခိုင်မြဲ””

ကျွန်တော့်မေးခွန်းတွေကလည်း မပြီးသေးဘူး။ ခိုင်မြဲကလည်း ကျွန်တော့်ကိုကြည့်ရင်း မင်းဟာက မပြီးတော့ပါလားဆိုတဲ့ စိတ်မရှည်တဲ့ မျက်နှာနဲ့ပေမယ့် ဖြေတော့ ဖြေပါတယ်။

“ငပိုင့်အမေကတော့ သေခန်းပြတ်ကွ၊ နည်းနည်းလေးမှ မျက်နှာ မကြည့်တော့တာ၊ နူကလည်း နူသွားတော့ ပိုဆိုးတာပေါ့၊ ငပိုင်ကတော့ ဖအေချစ်နဲ့ တူပါတယ်။ နေ့တိုင်းမဟုတ်ပေမယ့် တစ်ပတ် သုံးလေးကြိမ် လောက်ဖြစ်ဖြစ်၊ ထမင်းထုပ်ကလေး၊ ပိုက်ဆံကလေး နည်းနည်း သွားပေး တတ်တယ်။ ဘိုးတော်က ဈေးထဲမှာ တရွတ်တိုက်ဆွဲ တောင်းစားနေရတာကိုး၊ မကြည့်ရက်စရာပါကွာ၊ ဒါပေမဲ့ ငပိုင်တို့မိသားစု ဒုက္ခရောက်ရတာတွေ ကတော့ သူ့ကြောင့်ချည်းပဲလေကွာ

ငါကတော့ မသနားဘူး””

ခိုင်မြဲက တင်းတင်းမာမာပြောတယ်။ ပြီးတော့…

"ကဲ ကဲ .. ဟော့ရောင် ငါ သတင်းစာသွားပို့တော့မယ်”” ဆိုပြီး ထတယ်။ ကျွန်တော်လည်း အိမ်ပြန်ဖို့သာ ရှိတော့တယ်။ လောလောဆယ် ဇော်ပိုင့်ကွမ်းယာဆိုင်တော့ သွားမထိုင်ချင်သေးဘူးလေ။

ဦးဌေးမြင့် သေပြီး သိပ်မကြာဘူး။ ဌာနမှူး ကိုဇော်နီ အလုပ်က ထွက်သွားတယ်။ သူထွက်သွားတာ ကြောင့်ချည်းမဟုတ်ပေမယ့် အဲဒီနောက် အလုပ်က သိပ်ပျော်စရာ မကောင်းတော့ဘူး။ ဌာနခွဲမှူးအသစ်က မရောက်သေးတော့ မိုင်းခွဲဌာနက ဌာနခွဲမှူးက ကျွန်တော် တို့ ဌာနကိုပါ ရောပြီး အုပ်ချုပ်တယ်။ အဲဒီလူက ငမူးရယ်။ လူကဝဝ၊ တရုတ်စပ်မယ့် မျက်နှာပေါက်နဲ့ အသားက ဖြူတဲ့အပြင် အချိန်တိုင်းနီးနီး မူးနေတော့ သူမျက်နှာကလည်း အချိန်ပြည့်နီးနီးကို ရဲတွတ်နေတာ။ ဆဲလိုက်တာလည်း အရိုင်းစိုင်းဆုံး၊ အယုတ်ပတ်ဆုံးဆိုတဲ့ ဆဲနည်းပေါင်းစုံနဲ့ တစ်ချိန်လုံးလိုလိုပဲ။ သူ့အဖေအရွယ် ရှိတဲ့ စုမှူး ဦးနိုင်ဝင်းကိုပါမချန် မအေ၊ နှမနဲ့ ကိုင်တုပ်တာ။

“ငါ စစ်ထွက်ကွ ရှင်းရှင်းပဲ လုပ်ရင်ပြတ်တယ် နော်၊ မအေလိုးတွေ သတိထား စောက်ပါးမခိုနဲ့ စောက်လုပ် လုပ်တာတွေက စောက်ချိုးကိုမပြောဘူး ငါရိုးမသားတွေ”

ဆဲတဲ့ စကားတိုင်းရဲ့ရှေ့မှာ ငါစစ်ဗိုလ်ကွ၊ စစ်သားကွ ဆိုတာက အမြဲပါတယ်။

ဌာနက စက်တွေဆိုတာကလည်း တရုတ်စက်တွေဆိုတော့ ခဏ ခဏ ပြင်ရတယ်။ တစ်နေရာကပျက်လို့ပြင်ပြီး စက်ပြန်လည်၊ နောက်ထပ် တစ်နေရာက ဖောက်ပြန်လို့ ပြင်ရပြန်တယ်။ အားလုံးကောင်းပြီ စက်ပြန်လည် မယ် ဆိုပြန်တော့ သံတူတွေက ပါးကုန်ပြန်ပြီ။ ကျွန်တော် အလုပ်ကထွက်ခါနီး နောက်ဆုံးလတွေမှာ တစ်ပတ် တစ်ခါနီးနီး သံတူတွေ လဲရတယ်။ လူတွေမှာ ပင်ပန်းလိုက်တာဆိုတာ ညအိမ်ပြန်ရောက်ရင် ရေတောင် မချိုးနိုင်တော့ဘူး။ ကျောက်မှုန့်တဖွေးဖွေးနဲ့ပဲ ဘုန်းခနဲ အိပ်ရာပေါ် ပစ်လှဲ့ အိပ်ပျော်သွားရတာ ချည်း။

နေ့လယ်နေ့ခင်းတွေမှာဆိုရင် အလုပ်လုပ်နေရင်းကို ထပြန်ချင်စိတ်က နာရီဝက်ကို တစ်ခါလောက် စိတ်ပေါက်တယ်။ ပတ္တာလိုင်းပေါ်ကျတဲ့ ကျောက်တုံးတွေ အရွယ်အစားကြီးနေပြီဆိုရင်က ကိုယ်တွေ လက်တွေ နာပြီး ဖျားချင်လာတယ်။ ကျွန်တော် အလုပ်စဝင်တော့ ဌာနမှာ လူနှစ်ဆယ်ကျော် သုံးဆယ်နီးနီးရှိရာကနေ ကျွန်တော် ထွက်ခါနီး လတွေမှာတော့ အလုပ်သမား ဟာ နှစ်ဆယ်တောင် မပြည့်ချင်တော့။ ထွက်ကုန်ကြတယ်။ ယာယီဌာနမှူးကို စိတ်ကုန်တာရော၊ အလုပ်က ပင်ပန်းလွန်းတာကြောင့်ရော၊ ခပ်ဝေးဝေး တခြား နယ်ဘက်ရွာဘက်တွေက အလုပ် လာလုပ်ကြသူတွေတောင် ပြန်ကုန်ကြ တယ်။

လူက နည်းနည်းလာ၊ အလုပ်က ပင်ပန်း၊ ငမူးရဲ့ဆဲသံက အမြဲတမ်း နားဝမှာ ပွဲတင်ထပ်နေတော့ ကျွန်တော်လည်း အလုပ်ထွက်ချင်စိတ်က အပြင်း အထန် ဖြစ်နေပြီ။ သို့သော် ကျွန်တော် အလုပ်ထွက်ဖို့က အဲဒီလောက် မလွယ်ဘူး။ ကျွန်တော့်အနေနဲ့က အလုပ်ရှိမှကို ဖြစ်ဦးမှာ။ အိမ်ကလည်း အခြေအနေအဆိုးကြီးမဟုတ်ပေမယ့် ချောင်ချောင်လည်လည်မျိုးတော့လည်း မဟုတ်ဘူး။ အမေက ရောင်းရင်းနဲ့ အရင်းပြုတ်လာတဲ့ အိမ်ဆိုင်ကို ပိတ်လိုက် ရပြီး လမ်းထဲတင်ပဲ ညနေနဲ့ မနက် နှစ်ကြိမ် အကြော်ဆိုင်ကလေး ဖွင့်ပြန်တယ်။ မုန့်အစုံနဲ့ ကုန်ခြောက်ကလေး အနည်းငယ်တင်ရောင်းတဲ့ အိမ်ဆိုင်ကလေးတောင် အလုပ်မဖြစ်တာ အကြော်ရောင်းတော့ရော ဖြစ်မတဲ့လား။ အဲဒီလို အမေ့ကိုပြောပေမယ့် အမေ့ခများကလည်း ဒို့အပြင်လည်း အခြားမလုပ်တတ် တော့ စမ်းကြည့်တာပေါ့လေဆိုပြီး အကြော်ရောင်းတာပေါ့။

ကျွန်တော်တို့ ခိုင်မြဲတို့နေတဲ့ အိမ်တွေရဲ့ လမ်းတွေဆိုတာက ရပ်ကွက် ရဲ့ တကယ့်လမ်းကျဉ်းကလေးတွေ။ ကားတစ်စီးဝင်ဖို့တောင် မလွယ်တဲ့ လမ်းတွေ။ ပိုဆိုးတာက ကျွန်တော်တို့လမ်းဟာ အခြားလမ်းတွေနဲ့မတူ တစ်ဖက်က ပိတ်နေသေးတယ်။ ကျွန်တော်တို့ ဒီမြို့ကလေးကိုပြောင်း၊ ဒီလမ်း ထဲက ဝိုင်းကလေးကိုဝယ်တော့ လမ်းက အပွင့်၊ အခြားတစ်ဖက်ကို သွားလို့ရ သေးတယ်။ တစ်နှစ်လောက်သာ ကြာလိုက်တယ် အစိုးရဌာနတစ်ခုက လမ်းကို ပိုင်းဖြတ်ပြီး ပိုင်နေသတဲ့။ အဲဒါနဲ့ သူတို့ပိုင်တဲ့ အပိုင်းကို အုတ်တံတိုင်း ခတ်ထည့်လိုက်တော့ လမ်းဟာ တစ်ဖက်ပိတ်ဖြစ်သွားရော။ ကျွန်တော်တို့အိမ် တောင် အဲဒီအစိုးရဌာနပိုင်တဲ့မြေ ဖြစ်မသွားတာ တော်သေးတယ်ပြောရမယ်။ ကျွန်တော်တို့အိမ်ရဲ့ တစ်အိမ်ကျော်ကလေးတင် ပိတ်လိုက်တာဆိုတော့ ကျွန်တော်တို့အိမ်က အလိုအလျောက် လမ်းပိတ်ရဲ့အဆုံးနားကို ရောက်သွား တယ်။

ကန်းရောပဲ။ ခိုင်မြဲတို့ကမှ လမ်းထိပ်ဆိုတော့ တော်သေးတယ်။

အဲဒီလမ်းကလေးအတွင်းထဲမှာ နေတဲ့လူတွေဆိုတာကလည်း အများစုက ဘူတာပေါ် ဈေးရောင်းတဲ့ ဈေးသည်တွေ၊ ဈေးထဲ ရာသီပေါ် အသီးအနှံကလေး ဗန်းပေါ်တင်ရောင်းတဲ့ ဈေးသည်ကလေးတွေ၊ နောက်ပြီး ပန်းသည်၊ ပူစီဖောင်းရောင်းတဲ့ ကျောင်းညစောင့်ကြီး၊ ခဝါသည် မိန်းမကြီး၊ ညားခါစ ဆိုက်ကားသမားလင်မယား စသဖြင့် အတည်တကျ အလုပ်အကိုင် ရယ်လို့မရှိတဲ့ ပျံကျသမားက အများစု။ လမ်းထဲ ခိုင်မြဲတို့အိမ်ရယ်၊ နောက်တစ်အိမ်ရယ်၊ ကျွန်တော်တို့ရယ်ကလွဲရင် အကုန်လုံးက အိမ်ငှားတွေ ချည့်ရယ်။

အဲဒီလူတွေမှာ ဒီနေ့အလုပ်ရှိမှ ဒီနေ့ထမင်းစားရတာမျိုးတွေ၊ ကလေးတွေကလည်း တဗြွတ်ဗြွတ် မွေးထုတ်။ ဆင်းရဲခြင်းနဲ့ ကလေးများခြင်း ကလည်း အကြွေစေ့ ခေါင်းနဲ့ ပန်းလို ဆက်စပ်နေတာ။ လမ်းထဲ ဝင်လာ လိုက်ရင် အရင်ဆုံးတွေ့ရမှာဟာ တစ်နှစ်သားအရွယ် ကလေးကို ခါးစောင်းတင်ပြီး ဖိနပ်ပစ်တမ်းဆော့နေတဲ့ ကလေးတွေပဲ။ သဲမြေ၊ ခြံမြေအပေါ် ကိုယ်တုံးလုံးလေးတွေနဲ့ တွားသွားနေတဲ့ ကလေးတွေဟာ မြေကြီးတွေ၊ အမှိုက်ခွံတွေလည်း ပါးစပ်ထဲ ကောက်ထည့်ချင် ကောက်ထည့်လို့။

အဲဒီလို တစ်နှစ်၊ တစ်နှစ်ခွဲအရွယ်ကလေးတွေကို ထိန်းကျောင်းရင်း အော်ဟစ် ငြင်းခုန်နေကြတဲ့ အစ်မကြီး၊ အစ်ကိုကြီးတွေဆိုတာက လေးငါး ခြောက်နှစ်အရွယ် ဆံပင်နီကြောင်ကြောင်၊ စုတ်ဖွာဖွာ၊ မျက်နှာမှာ လည်ပင်းမှာ ချီး(ဂျီး)စင်းကြောင်းတွေ ထင်းနေတဲ့ ကလေးတွေပါပဲ။ ပါးစပ်ကလည်း ညစ်ညစ်ပတ်ပတ်တွေ ဆဲလို့။ ရုပ်ဒိုးပစ်ရင်း၊ အရုပ်ကားချရင်း၊ မြေမှာလူးနေ တဲ့ မောင်ငယ်၊ ညီမငယ်တွေကိုလည်း တစ်ချက်တစ်ချက် လှမ်းဝေါက်ရ၊ ညစ်ပတ်ပြီး လိမ်လည်လှည့်ဖြားဆော့ချင်တဲ့ ကစားဖော်ကို လက်သည်းနဲ့ လှမ်းကုပ်ရ၊ ကုန်းကိုက်ရ၊ မအားကြရရှာပါဘူး။

အမေ့ရဲ့ အိမ်ဆိုင်ကလေးရဲ့ ပုံမှန်ဖောက်သည်တွေဆိုတာလည်း အဲဒီကလေးတွေပဲ။ အဝတ်စုတ်လို ပျော့ခွေညစ်ပတ်နေတဲ့ ငွေအကြွေလေး တွေကို မျောက်လက်ကလေးလို မည်းညစ်နေတဲ့ လက်ကလေးနဲ့ ကျစ်ကျစ်ပါ အောင် ဆုပ်ကိုင်ထားရင်း ရောက်လာတယ်။ မုန့်တွေ ရွေးတယ်၊ ဖောက်ပြီးမှ ပြန်လဲဖို့

ကြိုးစားတယ်။ ငါးကျပ်တန် ပေးပြီး တစ်ဆယ်တန်မုန့်ထုပ်ယူဖို့ ကြိုးစားတယ်။ အမေဟာ အဲဒီကလေးတွေနဲ့ ရန်ဖြစ်နေရင်းနဲ့ပဲ အိမ်ဆိုင်ကာလ တို အချိန်လေးကို ဖြတ်သန်းလိုက်ရတာပဲ။ အကြော်ဆိုင်ကလေးကျတော့ လူကြီးဖောက်သည် အနည်းငယ်ပါ ထပ်တိုးလာတယ်။ များသောအားဖြင့် ကတော့ အကြွေးပါပဲ။ အကြော်ဆိုင်ကို မနက်ခင်းစာအတွက် တစ်ကြိမ်၊ ညနေစောင်းမှာ တစ်ကြိမ်ဖွင့်တယ်။ မနက်စား ညနေရှင်းပဲ။ နောက်နေ့ ကူးတာတွေလည်း ရှိတာပေါ့။ မနက်မှာ အလုပ်လုပ်နေရင်း ညစာမသေချာတဲ့ မိသားစုတွေနေတဲ့လမ်း၊ အကြွေးရှင်လာတဲ့အခါ အိမ်ရှေ့တံခါးကို သော့ပျက် ကလေးနဲ့ခတ် အနောက်ဘက်ပြတင်းပေါက်ကနေ ပြန်ကျော်ဝင်ပြီး တစ်ခါမှ လူမနေဘူးတဲ့အိမ်လို ငြိမ်သက်နေကြရတဲ့ အကြွေးရှောင်မိသားစုတွေနေတဲ့ လမ်းထဲမှာ ဘာကိုများ မျှော်လင့်လို့ရနေဦးမှာလဲ။

ကျွန်တော့်အတွက်တော့ အလုပ်မှာ ပေခံနေဖို့ပဲ ရှိတော့သလို ဖြစ်နေ တယ်။ ဒါပေမဲ့လည်း အဲဒါခဏပဲ။ ဖွဲ့စည်းပုံမလာခင် မုန်တိုင်းကျသလိုမျိုး အဆိုးချည်းပေါ့။ ညဆိုင်းကျတဲ့တစ်နေ့မှာ အလုပ်ကိုရောက်တော့ အိမ်ပြန် ရောက်နှင့်နေပြီဖြစ်ရမယ့် နေ့ဆိုင်းသမားတွေဟာ ဌာနထဲမှာ ရှိနေကြတုန်း။ စက်ကရပ်ထားရတာ တစ်လတောင်ကျော်လာခဲ့ပြီမို့ အလုပ်ကြီးကြီးမားမား လည်း ရှိတာမဟုတ်။ ဒီတစ်ခါ စက်ရပ်နေရတာမှာ ကျွန်တော်တို့ဌာနရဲ့ စက်ပျက်တာကြောင့် ရပ်လိုက်ရတာ မဟုတ်ဘူး။ ဌာနကနေ ခွဲပြီး တင်ပေး လိုက်တဲ့ ကျောက်တွေဟာ ဆိုင်လိုထဲမှာ ပြည့်နေပြီ။ အဲဒီကျောက်တွေကို အမှုန့်နီးနီးဖြစ်အောင် ထပ်ချေကြိတ်ရမယ့် ဌာနက စက်ပျက်နေတာမို့ ရပ်ထား ရတာ။ ကြာလှပြီ။ ဌာနခွဲမှူး ငမူးက အဲဒီအတွက်ပဲ အပြစ်ရှာချင်နေတာ။

““ဘာစောက်လုပ်မှ မလုပ်ဘဲ လစာယူနေတယ်” ဆိုတာ သူ နေ့စဉ်ကြိမ်ဝါးနေတဲ့စကား။ အဲဒီနေ့ကတော့ ဘာကိစ္စမှလည်းရှိတာမဟုတ်ဘဲ မူးရူးပြီး . . .

“မင်းတို့ မပြန်ကြနဲ့” ဆိုလို့ နေနေကြရတာတဲ့။ ခုမှရောက်လာတဲ့ ညဆိုင်းသမားတွေပါ စိတ်ပျက်ပြီး အိမ်ပြန်ချင်စိတ်ပေါက်သွားကြတယ်။ အဲဒီလိုနဲ့ ဟိုနေရာတစ်စု ဒီနေရာတစ်စု ထိုင်ပြီး စကားပြောနေကြတဲ့အချိန် ဌာနခွဲမှူးဟာ သူ့ဆိုင်ကယ်သံ တဖျင်းဖျင်းနဲ့ ရောက်လာပြီး အကုန်လုံးကို တန်းစီခိုင်း၊ ပြီးတော့ သူ့ဟာသူတောင် ပြန်နားလည်နိုင်မှာမဟုတ်တဲ့ ဩဝါဒ တွေ ခြွေပါတော့တယ်။ ထုံးစံအတိုင်း အဆဲကလေးကလည်း ပါတာပေါ့။ ဩဝါဒခြွေတာမှာ အကုန်လုံးကို မတ်တတ်ရပ်တန်းစီခိုင်းပြီး သူက တော့ ကုလားထိုင်နဲ့ စမတ်ကျကျခြွေတာမို့

လူငယ်တွေမှာ နားညည်းတာ၊ ဆဲသံနဲ့မို့ ကျက်သရေယုတ်တာအပြင် ဘယ့်နှယ့်မှမနေပေမယ့် အသက်ကြီးတဲ့ သူတွေကျ ကြာကြာမရပ်နိုင်တော့ ဒေါသထွက် ခံပြင်းစရာ ဖြစ်လာတယ်။ တစ်နာရီနီးနီးဖြစ်လာတော့ စုမှူး အဘိုးကြီးဦးနိုင်ဝင်းက ပြောတယ်။

"ခွဲမှူး… ကျွန်တော် ညောင်းနေပြီ ကျွန်တော့်အလုပ်ချိန်လည်း မဟုတ်တော့ဘူး ပြန်ပါရစေတော့"

ထိုင်ခုံမှာထိုင်၊ အရက်မှိန်းမှိန်းရင်း မျက်လုံးမှိတ် သူတစ်သက်လုံ အပြောခံလာရတယ်ထင်တဲ့ စကားတွေကို တစ်ဆင့်ပြန် အလွတ်ရွတ်ပြနေတဲ့ ဌာနခွဲမှူးဟာ အဘိုးကြီးဦးနိုင်ဝင်းရဲ့အသံကို ကြားလိုက်ရတာ ကျောက်တောင်က မိုင်းခွဲသံကြားလိုက်ရသလို ဆတ်ခနဲ ဖြစ်သွားတယ်။ နဂိုကတည်းကမှ နီတွတ် ပြီး မင်္ဂလာမဲ့နေတဲ့ မျက်ခွက်အစ်အစ်ဟာ ပိုရဲလာပြီး ပို၍ မင်္ဂလာမဲ့လာတယ်။

"ငါစကားပြောနေတုန်းကို မင်းက လီးဖြစ်လို့ ဝင်ပြောရတာလား မအေလိုးကြီးရဲ့" လို့ သူ့အဖေထက်တင်မက သူ့အဖေကိုးကွယ်တဲ့ ဘုန်းကြီး ထက်ပါ အသက်ကြီးဦးမယ့် အဘိုးကြီး ဦးနိုင်ဝင်းကို ယဉ်ယဉ်ကျေးကျေး စကားဆိုပါတယ်။ ပြီးတော့ ထိုင်ခုံကို ကန်တယ်။ ဦးနိုင်ဝင်းဟာ ဘယ့်နှယ့်မှ စကားမဆိုဘူး။ ဌာနခွဲမှူးကို မျက်လုံးချင်း တေ့ဆိုင်ကြည့်ရင်း ရုပ်တုတစ်ခုလို ငြိမ်နေတယ်။ လက်သီးဆုပ်ကိုတော့ ဆုပ်ချည်ဖြည်ချည် လုပ်နေတာကို ဘေးကကြည့်တဲ့လူတွေ အကုန်မြင်ရသလို၊ ဌာနခွဲမှူး ငမူးလည်း မြင်မှာပဲ။ အခြေအနေက သတ်ပွဲတစ်ခုကို မြင်ရတော့မယ့်နီးနီး ဖြစ်လာတယ်။ အဘိုးကြီး ဦးနိုင်ဝင်းဟာ သူ့ထိလို့ကတော့ တွယ်မယ်ဆိုတဲ့ပုံ သတိဆွဲသလိုရပ်နေတော့ ဌာနခွဲမှူးဟာ ဘီလူးစီးသလို အံတကြိတ်ကြိတ် သွားစွယ်တငေါ်ငေါ်၊ မအေနှမ တကိုင်တုပ်တုပ်ကနေ ကိုယ်ရှိန်တော့ နည်းနည်းတန့်သွားတယ်။ ပြီးတော့ ဘာစကားတစ်ခွန်းမှ ထပ်မဆိုတော့ဘဲ ငေါက်ခနဲထ ဆိုက်ကယ်ပေါ်တက် မောင်းထွက်သွားတယ်။

အကုန်လုံး အသက်ရှူချောင်သွားကြတာပေါ့။ အဘိုးကြီးဦးနိုင်ဝင်း ကို ဖျောင်းဖျသူ ဖျောင်းဖျ၊ တိတ်တဆိတ် သက်ပြင်းချသူချ၊ သေးပေါက်ချင် တာ အောင့်ထားရလို့ ကျောက်တုံးကြီးတွေပုံထားတဲ့ ကွင်းပြင်ဆီ ပြေးသူက ပြေးနဲ့ လူရှဲသွားတယ်။

"ငါ့လုပ်လို့ကတော့ ပိုက်ကိုက်နဲ့ ရိုက်သတ်မှာ" အဘဦးနိုင်ဝင်းက

နှုတ်ခမ်းကြီးစူထားပြီးပြောတယ်။ လုပ်လောက် တယ်လို့ အားလုံးလည်း တွေးထားပြီးသားပါလေ။ စိတ်မှူး ဦးဌေးမြင့် သေပြီးတဲ့နောက် ရာထူးတက်တာ မဟုတ်ပေမယ့် စိတ်မှူးတာဝန် ခဏ ယူထားရတဲ့ ကိုဝင်းချိုက…"အဘ အဲဒီကောင် ပြန်လာဦးမှာဗျ၊ ကျွန်တော်သိတယ် အဘ ပြန်လိုက်တော့ ပြဿနာဖြစ်ကြရင် မကောင်းဘူး" လို့ ပြောတယ်။ အဘိုးကြီးကတော့ -..

"မအေပေး လာပလေ့စေကွာ ငါ စောင့်မယ်" တဲ့ ပြောရင်း တစ်ဆက်တည်း "ဟေ့ ကျော်ဇော အရက်သွားဝယ်စမ်းကွာ" လို့ ကျွန်တော့် ကို လှမ်းခိုင်းတယ်။ ကျွန်တော်ကလည်း ဒီနေရာကနေဆိုရင် ငရဲပြည်ကို သွားရသွားရဖြစ်နေလို့ ရွာဘက်သွားမယ်လို့ လှစ်ခနဲ ခြေလှမ်းပြင်တုန်း …

"ကျော်ဇော… ဟိုကောင် မသွားနဲ့၊ အဘ ဆိုင်သာ သွားသောက် လိုက်ပါဗျာ ရှောင်နေလိုက်ပါ" လို့ ကိုဝင်းချိုက အဘိုးကြီးဦးနိုင်ဝင်းကိုရော၊ ကျွန်တော့်ကိုပါ ပြောတယ်။

"အေး.. ဒါဆိုလည်း ပြီးတာပဲကွာ ဟင်း…"

လေမှုတ်ထုတ်လိုက်ရင်း ဦးနိုင်ဝင်းဟာ ဆတ်တောက် ဆတ်တောက် နဲ့ ထွက်သွားတယ်။ ကျွန်တော်လည်း နေရာတင် ငုတ်တုတ်ကလေး ပြန်ထိုင် ချလိုက်ရတာပေါ့။ တကယ်တော့ ကျွန်တော့်အစီအစဉ်ကလည်း အလုပ်မရှိ မယ့်အတူတူ ရွာထဲသွားအိပ်မယ်လို့တောင် စိတ်ကူးထားတာ။ ခုတော့ ခွဲမှူး ငမူးက အချိန်မရွေး ပြန်ရောက်လာပြီး အဆဲဒေသနာဟောကြားနိုင်လို့ စိတ်ပျက်လက်ပျက် ဖြစ်ရတာပါပဲ။

အဘိုးကြီးဦးနိုင်ဝင်း ထွက်သွားပြီး ဆယ့်ငါးမိနစ်လောက်သာ ကြာမယ်။ ထင်တဲ့အတိုင်း မူလအရှိန်ကို တာပိုထပ်တင်ပြီး ခွဲမှူး ရောက်လာ တယ်။ လမ်းလျှောက်ရင် ကဏန်းလို ဘေးတစောင်းတောင်ဖြစ်အောင် မူးနေပြီ။ နောက်တစ်ခါ…

“အကုန် တန်းစီကြစမ်း၊ ဟိုအဘိုးကြီးရော ဘယ်သွားလဲ” လုပ်ပြန်ရော။ ကျွန်တော်တို့မှာ တန်းစီ ဆိုတော့လည်း လက်ကလေးတွေ နောက်ပစ် ခေါင်းကလေးတွေငုံ့ တန်းစီရပြန်တာပါပဲ။ ပြန်စဉ်းစားကြည့်ရင် ကျွန်တော်တို့ဟာ စက်ရုံအလုပ်သမားတွေနဲ့မတူဘဲ မြေရှင်က အရိုးအရည် အထိပါပိုင်တဲ့ ကျွန်တွေလို ဖြစ်နေခဲ့တာ။ တန်းစီစီပြီးချင်း ကျွန်တော်တို့အားလုံးကို ပါးရိုက်တော့တာပါပဲ။ ထိပ်ဆုံးမှာ ရပ်နေတဲ့ ကိုဝင်းချိုကို အရင်ရိုက်တာ တန်းစီထားတဲ့အတိုင်း အစဉ်လိုက်ပဲ။ အရင်ဆုံး ရိုက်ခံလိုက် ရတဲ့ ကိုဝင်းချိုဟာ လူနှစ်ဆယ်လောက် တစ်တန်းလုံး ပါးအရိုက်ခံပြီးသည် အထိ သူ့ပါးကို သူပွတ်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေတုန်း။ သူ ဒီလိုထင်မထားဘူးလေ။ သူနဲ့ ဘာဆိုင်လို့တုန်း၊ အဘိုးကြီးနဲ့ ပြဿနာ၊ အဘိုးကြီးပဲ မဲလိမ့်မယ်လို့ ထင်တာကိုး။

ကိုဝင်းချိုဆိုတာက တကယ်တော့ ဌာနမှာ လူကောင် အထွားဆုံး ရယ်၊ အရပ်က ခြောက်ပေလောက် ရှိတယ်။ တောင့်က တောင့်သေးတယ်။ ဌာနခွဲမှူးက အရပ် ငါးပေလေးလက်မသာသာလောက်၊ ပုပုဝဝနဲ့ဆိုတော့ ကိုဝင်းချိုကို ပါးလှမ်းရိုက်တော့ ခြေဖျားထောက် ရိုက်ရတာ။ ဒီကြားထဲ မူးကလည်း မူးနေတာရယ်ဆိုတော့ ဘယ်မှာ နာကျင်လောက်အောင်တော့ ဖြစ်မလဲ။ ကျွန်တော်တို့ကိုရိုက်တော့လည်း ဒီလိုပဲ။ လက်ကို အားကုန် လွှဲရိုက်တာဆိုပေမယ့် ထိချက်ကမမှန်တော့ မေးစေ့ကို ပွတ်ဆွဲသွားသလို တောင် ဖြစ်နေတယ်။ ကျွန်တော်က ကိုဝင်းချို အံ့သြတကြီးဖြစ်နေတဲ့ မျက်နှာ ကို လှမ်းကြည့်နေလို့ အရိုက်ခံရတာတောင် သိပ်မနာလိုက်ပါဘူး။ သို့သော် လည်း စိတ်ထဲကတော့ မျက်ခနဲပဲ။ ပါးတို့၊ နဖူးတို့ဆိုတာ ငယ်ငယ်ကတည်းက ဖအေ မအေ အမြတ်တနိုးနမ်းတဲ့နေရာဗျ။ နောင်တစ်ချိန် ချစ်သူရည်းစား ရတဲ့အခါလည်း ဒီပါးနဲ့ပဲ အနမ်းခံရမှာ။ ဘယ်သူ ဒီလိုအရိုက်ခံချင်မလဲ။ ကျွန်တော်အပါအဝင် အကုန်လုံး စိတ်ထိခိုက် နာကျည်းကြတာပေါ့။ နှစ်ယောက် သုံးယောက်ဆို နာလို့မဟုတ်ဘဲ ဝမ်းနည်းလို့ ငိုတောင်ငိုတယ်။

အဲဒီနေ့ဟာ စက်ရုံမှာ ကျွန်တော်အလုပ်ဝင်တာ နှစ်နှစ်ပြည့်ဖို့ဆယ်ရက်လောက်သာလိုတော့တဲ့နေ့။ နောက်ဆုံး လစာထုတ်ပြီးတာ တစ်ပတ် လောက်သာ ရှိသေးတဲ့အချိန်။ စက်ရုံအလုပ်သမားဘဝ နိဂုံးချုပ်ခဲ့တဲ့နေ့ပါပဲ။ ကိုဝင်းချိုနဲ့ ကျွန်တော် ညတွင်းချင်းပဲ အိမ်ပြန်ခဲ့တယ်။ ညကိုးနာရီလောက်ရှိပြီမို့ `ဘာကားမှမရှိတော့လို့ ကြယ်စုံတဲ့ ကန္တာရလွင်ပြင်ကြီးထဲ တစ်မိုင်ခွဲ နှစ်မိုင် လောက် ခြေကျင်လျှောက်ရသေးတယ်။ ဝိညာဉ်နှစ်ကောင် လေထဲလွင့်နေ သလိုပဲ။ တစ်နေရာရောက်မှ စက်ရုံနဲ့ မြို့ ပြေးဆွဲတဲ့ လိုင်းကားမဟုတ်တဲ့ရွာတစ်ရွာက

ထော်လာဂျီပေါ် တက်လိုက်ရင်း ပြန်ခဲ့တယ်။ ကျွန်တော်နဲ့ ကိုဝင်းချိုဟာ တစ်လမ်းလုံးမှာ ဘာစကားတစ်လုံးမှ မပြော။ စက်ရုံဘက်ကို တစ်ချက်ကလေးမှ နောက်လှည့်မကြည့်။

မြို့ထဲရောက်တဲ့ အိမ်တန်းမပြန်၊ လမ်းထိပ်က ခိုင်မြဲကို ဝင်ခေါ်ပြီး ဒေါ်မုန်းဆိုင် သွားကြတယ်။ အရက်တစ်လုံး ကုန်တော့မှ ခိုင်မြဲကို ဖြစ်ကြောင်းကုန်စင် ပြောပြမိတယ်။ အဲဒီအချိန်မှာ ကျွန်တော် မျက်ရည်ကျနေ ပြီ။ ဝမ်းနည်းလို့တော့ မဟုတ်ဘူး။ ဘာကြောင့်မှန်းမသိ သူ့အလိုလို မျက်ရည်တွေ ထွက်လာတာပဲ။ အရက်ပူမိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ စိတ်ထဲမတော့ မွေးကတည်းက သူဌေးသားဖြစ်ရင်ကောင်းမှာတို့၊ အရက်ဆိုင် က အပြန် သိန်းတစ်ရာလောက်ပါတဲ့ ငွေထုပ်ကြီးကောက်ရရင် ကောင်းမှာတို့ စဉ်းစားနေမိတယ်။ ပိုက်ဆံမရှိတဲ့ဘဝလောက် အောက်ကျနောက်ကျနိုင်တာ ဘာရှိဦးမလဲ။ ငါရိုးမဘဝကွာလို့ တောက်တခေါက်ခေါက် ဖြစ်နေရတော့တာ ပေါ့။

"မင်းမို့လို့ကွာ ငါဆို စောက်ခွက်ကို ဖြတ်ရိုက်ခဲ့မှာ၊ အလုပ်များ ပူမနေစမ်းနဲ့ကွာ၊ ငါလည်း ကူရှာပေးမှာပေါ့ မအေရိုးတွေက တောက်... လူပါးကို ဝတယ်" လို့ ခိုင်မြဲဟာ တကယ်ပဲ စိတ်တိုသလား၊ ကျွန်တော့်ပဲ အားပေးသလား၊ မူးများနေလို့လားတော့ မသိတော့ပါဘူး။ တောက်တခေါက် ခေါက်နဲ့ ကျွန်တော့်ပခုံးကို လှုပ်လှုပ်ပြီး ပြောရှာပါတယ်။

နှစ်လလောက်နေတော့ ကျွန်တော် အလုပ် တစ်ခု ထပ်ရတယ်။ မရခင် စပ်ကြားမှာတော့ အမေ့ အကြော်ဆိုင်အတွက် နည်းနည်းကူလုပ်၊ အမှုန့်ကြိတ်စက် သွားပြီး ဆန်ကြိတ်ပေးတာတို့၊ ထင်းစည်းဝယ်ပေးတာတို့ ဒီလောက်ပါပဲ။ ကျန်တာကတော့ ထုံးစံအတိုင်း မနက်ခင်း ခိုင်မြဲကို သတင်းစာ ထပ်ကူလုပ်၊ လက်ဖက်ရည်သောက်၊ နေ့လယ်နေ့ခင်း ဇော်ပိုင်ဆိုင်မှာထိုင် ကွမ်းကူယာ၊ ထမင်းစား၊ ညနေစောင်းပြန်တော့ ထိုင်နေကျ ခွာညိုရုန့်မှာပဲ လေးယောက်သား လက်ဖက်ရည်ဆိုင် ထပ်ထိုင်။ တချို့ ညတွေတော့ ဖိုးသက်နဲ့အတူ ဒေါ်မုန်းဆိုင် ပါသွားပေါ့။ အဲဒီလိုပဲ လည်နေတယ်။ ရတဲ့အလုပ်က ပုဂ္ဂလိက ဆေးရုံ တစ်ခုမှာ။ ဆေးရုံရှေ့မှာ 'အလုပ်သမားလိုသည်" ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေ့လို့ သွားလျှောက်တာပေမယ့် လုပ်ရမယ့်အလုပ်က ဘာအလုပ်မှန်းသိတာမဟုတ်ဘူး။

အလုပ်လာလျှောက်သူဆိုလို့ ကျွန်တော်နဲ့မှနှစ်ယောက်ထဲ။ရှာဘက်က အစ်ကိုကြီးတစ်ယောက်ပဲ။

မျက်နှာကလည်း မသစ်တာ တော်တော်ကြာပြီလို့ ထင်ရတဲ့အတိုင်း ပဲ။

မျက်လုံးတွေကလည်း ဖျော့တော့တော့။ အလုပ်လာလျှောက်လို့သာ လာရတယ်။ စိတ်ဝင်စားပုံလည်း နည်းနည်းမှ မပြဘူး။ ပုံစံကလည်း ကျွန်တော်တွေ့နေကျ ကျွန်တော့်အနားပတ်ဝန်းကျင်က လူတွေလိုပါပဲ။ ဆံပင် က ညှင်းသိုးသိုး၊ ဝိန်ညှော်ညှော်၊ အင်္ကျီ ခပ်နွမ်းနွမ်း။ အသက်က နှစ်ဆယ့်ငါး သုံးဆယ်နီးနီးတော့ ရှိလိမ့်မယ်။ သူ့ပုံစံကြည့်ရတာ ကျွန်တော်သာ သူ့အရွယ် ရောက်ရင် ကျွန်တော့်ကိုယ်ကျွန်တော် မြင်ရမယ့်ပုံလိုပဲ။ ရုပ်ရည်မတူတာပဲ ရှိမယ်။

ဆေးရုံပိုင်ရှင်က တရုတ်ကပြား။ လူရည်ခပ်သန့်သန့်၊ အသားဖြူဖြူ ရုပ်ခပ်ဆိုးဆိုးနဲ့။ အသက်က ကျွန်တော်နဲ့အတူ အလုပ်လာလျှောက်တဲ့ အစ်ကိုကြီးလောက်ပဲ။ ကျွန်တော်တို့နှစ်ယောက်ကို မသတီသလိုလို ကြည့်ပြီး ဆေးရုံ လူနာတွေ၊ နာစ်မတွေ၊ ဆေးကောင်တာတွေကိုဖြတ်လို့ ဆေးရုံ အနောက်ဝင်းထဲ ခေါ်သွားတယ်။ ပြီးတော့ တန်းလျားလေးပေါ်မှာ ထိုင်ခိုင်းပြီး သူကတော့ မတ်တတ်ရပ်လို့ မေးခွန်းတွေ မေးတယ်။ အရင်က အလုပ်လုပ်ဖူး လား၊ ပညာအရည်အချင်း စတာတွေပါပဲ။ ဘာမှသောက်ရေးမပါတဲ့ မေးခွန်း တွေ။

ကျွန်တော်နဲ့ အလုပ်လာလျှောက်သူ အစ်ကိုကြီးဟာ ဆေးရုံ အပြင်ဘက်မှာ သူဌေးကို ထိုင်စောင့်နေရတုန်းက ပျင်းတိပျင်းရိ မေးကုတ် လိုက်၊ ဂျီးတွန်းလိုက်၊ လက်သည်းနွှာစားလိုက်လုပ်နေပေမယ့် သူဌေးရှေ့ ရောက်ပါပြီ ဆိုကတည်းက သူဟာ ဂနာမငြိမ် ဖြစ်လာတယ်။ အရမ်းကို ရိုကျိုးတဲ့ပုံစံဖြစ်အောင် ခါးကလေးကို ချိုထားတယ်။ သူဌေးက တစ်ခုခုမေးလို့ ဖြေလိုက်တိုင်း လက်ကလေးနှစ်ဖက်ကို ရှေ့ချလို့ “ဟုတ်ကဲ့” ဆိုတဲ့ စကားနဲ့ စပြီး တောင်ရောက်မြောက်ရောက်တွေ ဖြေပါလေရော။ မေးခွန်းနဲ့ ဘာမှကို မဆက်စပ်တာတွေ။ ကျွန်တော့်မှာ သူ့ကိုကြည့်ပြီးတော့ စိတ်ဆင်းရဲလာပြီး ငိုချင်သလိုလိုတောင် ဖြစ်လာတယ်။ သူ့ခမျာ အလုပ်အင်မတန် လိုချင်လွန်းလို့ ဒီလိုဖြစ်နေရတာကိုး။ သူနဲ့ ကျွန်တော်က အတူတူပဲရယ်။ သူလည်းပဲ အလုပ်တစ်ခုခုရမှ ဖြစ်မယ်ဆိုတဲ့ပုံ။ ကျွန်တော်ကတော့ ဖြစ်နိုင်ရင် အလုပ်ကိုမလုပ်ချင်တာ။ သို့သော်လည်း အလုပ်က ရမှဖြစ်မှာ။ သူဌေးကတော့ ခပ်တည်တည်ပဲ။ ဘယ်ကောင်မှ အလုပ်မခန့်ရလည်း အေးဆေးပဲ နောက်ထပ် ရှာမယ်ဆိုတဲ့ အမူမထားတဲ့ပုံ။ မတ်တတ်ရပ်လို့ လက်တစ်ဖက်ကပိုက်၊ ပိုက်ထားတဲ့လက်ပေါ် နောက်လက်တစ်ဖက်ရဲ့ တံတောင်နဲ့ထောက်ပြီး မေးစိကို ပွတ်နေတယ်။ မေးခွန်းမေးရင်လည်း ဆေးရုံအပြင်ကို လှမ်းလှမ်းကြည့်ပြီး မေးတယ်။ ကျွန်တော်တို့နဲ့ မျက်လုံးချင်း ဆုံလိုက်ရင်ကို သူ့မျက်လုံးတွေပါ မွဲသွားတော့မယ့်ပုံမျိုး။

အဆုံးမှာတော့ ကျွန်တော် အလုပ်ရတယ်။ ဟိုလူကတော့ မရဘူး။ သူက တစ်ယောက်သာ ခန့်ချင်တာကိုး။ တရုတ်သူဌေးဟာ ဟိုလူ့ကို…

"မင်းလိပ်စာပေးခဲ့၊ ငါ လှမ်းဆက်သွယ်လိုက်မယ်" လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။ ကျွန်တော့်ကိုတော့ ဆက်ထိုင်ခိုင်းပြီး မနက်ဖြန် စဝင်တော့" တဲ့ ဒါပဲ။ ရွှာသားအစ်ကိုကြီးဟာ သူ့ကို မခန့်တော့မှန်း မသိတာလား၊ အလုပ်ကိုပဲ ဒီပြင်နေရာက ရှာမရတာလား မပြောတတ်ဘူး၊ ကျွန်တော် အလုပ်ဝင်ပြီး ဆယ့်ငါးရက်လောက်နေတော့ ဆေးရုံကို တစ်ခါ ရောက်လာပြီး အလုပ်ရနိုင်မလား မေးနေ၊ မျှော်လင့်နေသေးတယ်။ အပေါ် ထပ်မှာ လူနာခန်းတွေ၊ စင်္ကြံတွေကို တံမြက်စည်းလှည်း သန့်ရှင်းရေး လုပ်နေရင်း မှန်နောက်ကနေ သူ့ကို လှမ်းမြင်လိုက်ရတော့ ကျွန်တော့်မှာ အချိန်တွေ နောက်ပြန်လှည့်ပြီး သူနဲ့ လူချင်းလဲလိုက်ချင်ပါဘိလို့ ဖြစ်နေမိ တယ်။

အလုပ်လုပ်ရတာက ဆေးရုံသန့်ရှင်းရေး။ တစ်လလုံးလုပ်မှ လစာ က ခုနစ်ထောင်တည်း။ ပိတ်ရက်မရှိ။ ကျွန်တော့်ကို အလုပ်ခန့်ပြီး ဟိုလူ့ကို မခန့်တဲ့အခါမှာ ကျွန်တော်ထင်တာက ဟိုလူဟာ အတန်းပညာမရှိဘူး။ ကျွန်တော်က ဆယ်တန်းအောင်လက်မှတ်ကလေးပါတယ်။ မနှစ်က စက်ရုံမှာ အလုပ်လုပ်ရင်း အဝေးသင်တစ်နှစ်တော့ တက်လိုက်ရတယ်။ ဒီတော့ ပညာ အရည်အချင်းအရ ကျွန်တော့်ကို ခန့်တာပဲ။ ပညာအရည်အချင်းလိုတဲ့ အလုပ်ပဲ ဖြစ်မယ်လို့ ထင်တာပေါ့။ တကယ်တမ်း အလုပ်လုပ်ရတဲ့အခါမှာတော ကျွန်တော့်အစား ဟိုလူ့ကို ခန့်လိုက်တာကမှ မှန်မယ်လို့ သိလာတယ်။

သူ့အလုပ်ကို ဖြတ်ခုတ်လိုက်သလိုဖြစ်ပြီး အလဟဿလုပ်ခဲ့တော့ သူ့အတွက် စိတ်မကောင်းသလိုတောင် ဖြစ်ခဲ့ရတယ်။ တစ်လတည်းနဲ့ ကျွန်တော် အလုပ် ထွက်လိုက်တာကိုး။ မလုပ်နိုင်ဘူး ပင်ပန်းတယ်။ ကျွန်တော့်ဘဝမှာ လုပ်ခဲ့ သမျှ အလုပ်တွေထဲ စိတ်ပျက်ဖို့အကောင်းဆုံးအလုပ်လို့ တစ်သက်လုံး စွဲနေခဲ့တယ်။

ဆေးရုံသန့်ရှင်းရေးအလုပ်သမားဘဝကို စိတ်ပျက်စရာ၊ ရွံ့ရှာစရာ အင်မတန်အောက်ကျနောက်ကျနိုင်တဲ့ အလုပ်လို့ ကျွန်တော် သတ်မှတ်ရတာက တကယ်တော့ ကျွန်တော့်အတွက်ပါပဲ။ ကျွန်တော့်အရင် အဲဒီဆေးရုံမှာ လုပ်နေတဲ့ သန့်ရှင်းရေးအလုပ်သမားကိုက ငါးယောက်ရှိပြီးသား။ အစိုးရ ဆေးရုံမှာလည်း အလုပ်လုပ်ရင်း ပင်စင်နီးနေပြီဖြစ်လို့ ဒီပုဂ္ဂလိကဆေးရုံမှာပါ လုပ်နေတဲ့ အဘိုးကြီးတစ်ယောက်၊ အသက်သုံးဆယ့်ငါး၊ လေးဆယ်ဝန်းကျင် တွေရှိမယ့်

အစ်မကြီးလိုလို အဒေါ်ကြီးလိုလိုတွေက သုံးယောက်၊ အဲဒီ အစ်မကြီးတွေထဲက တစ်ယောက်ကခေါ်ထားတဲ့ သူ့တူမ ကောင်မလေး တစ်ယောက်ပေါ့။ အဲဒီကောင်မလေးက ကျွန်တော်နဲ့ ရွယ်တူပဲ။ ကျွန်တော့် လိုပဲ.. အဝေးသင်တက်နေတာ။ ဒါပေမဲ့ သူက ဒီမှာ ယာယီသဘောပဲ။ အခြား သန့်သန့်ပြန့်ပြန့် ကျော့ကျော့ရှင်းရှင်းလုပ်နိုင်တဲ့ ဥပမာ အရောင်း စာရေးမ အလုပ်မျိုးပဲဖြစ်ဖြစ် ရှာနေတာ။ ရှာမရသေးလို့ သူ့ အဒေါ်ရှိတဲ့ ဒီဆေးရုံအဆောင်မှာနေရင်း ခဏအလုပ်ဝင်တဲ့ သဘောပဲ။ ဒီတော့ အဲဒီ ကောင်မလေးဟာ ကျွန်တော့်ကိုတောင် အဖက်မလုပ်ချင်ဘူးဗျာ။

အလုပ်ဝင်တဲ့ ပထမဆုံးနေ့မှာပဲ ဆေးရုံပတ်ပတ်လည်က အကျယ် ဆယ်လက်မ၊ အနက်တစ်ပေခွဲလောက်သာရှိတဲ့ မြောင်းကို သန့်ရှင်းရေး လုပ်ရတယ်။ ဝင်ဝင်ချင်းနေ့မှာ တရုတ်သူဌေးဟာ ကျွန်တော့်ကို ပညာ ကောင်းကောင်း ပေးချင်ပုံရပါတယ်။ မြောင်းဟာ သန့်ရှင်းရေးမလုပ်ဘဲ ထားတာ ဘယ်နှလလောက်တောင်ရှိနေပြီမှန်းမသိ၊ ပုပ်ဟောင်နေပြီကိုး။ အစောပိုင်း ကျွန်တော်တစ်ယောက်တည်းကို ကွက်ပြီး ခိုင်းတာ၊ နောက်တော့ မြောင်းအနက် တစ်ဝက်လောက်မှာ ခဲနေတဲ့ ပျစ်ချွဲချွဲရွှံ့တွေကို ကျွန်တော်က ဂေါ်နဲ့ ကော်မိသွားတော့ အနံ့ဟာ ဆေးရုံတစ်ခုလုံး မခံနိုင်အောင် ဖြစ်သွားတယ်။ ဧည့်ခံတန်းတွေမှာ ထိုင်နေတဲ့ လူနာရှင်တွေဆို မျက်နှာတွေကို ရှုံ့သွားရောပဲ။ တချို့ ပျို့တောင် ပျို့တယ်။ ဒီတော့မှ ကျန်တဲ့ သန့်ရှင်းရေး အလုပ်သမားတွေရော၊ တရုတ်သူဌေး ဘယ်ကခေါ်လာမှန်းမသိတဲ့ အလုပ်သမား တွေရော အကုန်စုပြီး လက်စသတ်ရတော့တယ်။ အနံ့ပြင်းတဲ့ ရွှံ့နှစ်တွေ တော်တော်များများကို ကျွန်တော်က ကော်ထားပြီဆိုတော့ ဒီအတိုင်း ပစ်ထားလို့လည်း မရတော့မှန်း သိသွားတာကိုး၊ မီးသတ်ပိုက်လို ပိုက်အသေး တွေနဲ့ထိုး၊ ကော်တွေနဲ့ ဝိုင်းထိုး၊ ရွှံ့တွေကို ဆာလာအိတ်တွေထဲထည့် လူဆယ်ယောက်လောက်နီးနီး နှစ်နာရီလောက် အပြင်းဝိုင်းလုပ်လိုက်မှ ပြီးသွား အနံ့ပျောက်သွားတယ်။ တရုတ်သူဌေးကောင်က ကျွန်တော့်ကို ပြောတယ်။

"မင်း တော်တယ်၊ သန့်ရှင်းရေးဆိုတာ ဒီလို အမြစ်လှန်လုပ်မှပေါ့" တဲ့။ စိတ်ထဲကတော့ "အေးပါ စောက်တရုတ်ရာ" လို့ ဆဲတာပေါ့။ ပထမဆုံး နေ့ ဘာလုပ်ရမယ်မှန်းမသိလို့ ရှိသမျှ အဝတ်အစားတွေထဲက၊ အကောင်းဆုံး လို့ထင်တဲ့ အင်္ကျီပုဆိုးလေးထုတ်ဝတ်ခဲ့တာ လွှင့်ပစ်ရတော့မလောက် ဖြစ်ခဲ့ပြီလေ။

ခွဲစိတ်ခန်းဝင်ရမယ့်နေ့တွေဟာ အပင်ပန်းဆုံးပဲ။ ကလေးမွေးတာတို့၊ အူကျလို့ ဘောခွဲတာတို့၊ ဒူးခွဲတာတို့၊ တချို့မိန်းကလေးတွေ ရင်သားက အကြိတ်ကို ခွဲထုတ်တာတို့ အစရှိသဖြင့်ပဲ။ တစ်ကြိမ်တော့ လူတစ်ယောက် သူ့ရဲ့ဝွေးစိချောင်းမှာ ရဲယိုသီးလို ကြောက်စရာအနာတွေပေါက်လို့ လာခွဲတာ ကြုံရတယ်။ ရွံစရာတောင် ကောင်းပါတယ်။ အဲဒီနေ့တုန်းကများ အဲဒါကြီးကို ကြည့်ရင်းနဲ့ ကိုယ့်ဝွေးမှာပါဖြစ်သလို ကြက်သီးထလာတယ်။ သူနာပြုမတွေ ကတော့ အေးဆေးဗျာ၊ ဟာသတွေတောင် လုပ်နေလိုက်သေးတယ်။ သူတို့က တော့ ဒါမျိုး မြင်ရပေါင်းများပြီကိုး။ တစ်ခါတလေ တစ်နေ့တည်း ခွဲစိတ်ခန်း ကို နှစ်ခါသုံးခါဝင်ရတာတွေတောင် ရှိတယ်။ အဲဒီလိုနေ့မျိုးဆိုရင် လက် ပဲကြီးရေတွန့်ပြီ၊ ခါးချိုပြီသာ အောက်မေ့ပေတော့။ တစ်ခါ၊

သန့်ရှင်းရေးအလုပ်သမားတွေရဲ့ အလုပ်က ခွဲစိတ်ခန်းမဝင်မီတစ်ခါ၊ ဝင်ပြီးတစ်ခါ၊ ခွဲစိတ်ခန်းနဲ့ ခွဲစိတ်ခန်းသုံး ပစ္စည်းတွေကို ပိုးသတ်ဆေးနဲ့ ဆေးကြောသုတ်သင်ရတယ်။ တစ်ခန်းလုံး နေရာအနှံ့လုပ်ရတာ၊ ကြမ်းပြင်၊ ခွဲစိတ်ခန်းသုံး ခုတင်၊ ထိုင်ခုံ။ ကျွန်တော့်အတွက် စိတ်ပျက်စရာအကောင်းဆုံးနဲ့ အဆိုးဆုံးအလုပ်က ဆရာဝန်တွေ၊ သူနာပြုတွေဝတ်မယ့် ခွဲစိတ်ခန်းဝတ် အင်္ကျီ၊ ဘောင်းဘီ၊ ခေါင်းစွပ်၊ ဖိနပ်တွေကို လျှော်ရတာပဲ။ ကျွန်တော်တို့လို သန့်ရှင်းရေးလုပ်သားတွေ ဝတ်တဲ့ အဝတ်အစားတွေကိုလည်း လျှော်ရတာပဲ။ အဲဒါတော့ ထားပါတော့။

ခွဲစိတ်ခန်း တစ်ခါဝင်ရင် အဲဒါမျိုး နှစ်ကြိမ်ဆိုတော့ တစ်နေ့ နှစ်ခါဆိုရင် ကျွန်တော်တို့က လေးကြိမ်ပဲ။ နောက်ပြီး ဆရာဝန်တွေ သူနာပြု တွေဆိုတော့ ခွဲခန်းထဲ အသင့်ဝင် လုပ်စရာရှိတာလုပ်ရုံ၊ သန့်ရှင်းရေးသမား ဆိုတာတွေက ခွဲစိတ်ခန်း မဝင်ခင်လုပ်ရမယ့်အလုပ်တွေ၊ လုပ်ပြီး လူနာကို သူ့အခန်းပြန်ပို့၊ အစအဆုံး အကုန်လုပ်ရတာ။ ခွဲစိတ်ခန်းမဝင်ခင် လုပ်ရမယ့် အလုပ်တွေဆိုတာထဲ ကျွန်တော့်မှာ ပြန်ပြောပြဖို့တောင် စိတ်ကသိကအောက် ဖြစ်ရတဲ့ အလုပ်ကတော့ အမွေးရိတ်ပေးရတဲ့ ကိစ္စပဲဗျာ။ ဆေးရုံမှာ တစ်လသာ လုပ်ခဲ့ရလို့ ကိုယ်တိုင် အမွေးရိတ်မပေးခဲ့ရပေမယ့်၊ သန့်ရှင်းရေးခေါင်းဆောင် အဘိုးကြီးနဲ့ အခြားအစ်မကြီးတွေက “နောက်ကျရင် ယောကျ်ားတွေဆို နင်လုပ်ပေးရမှာ လိုက်ကြည့်” ဆိုလို့ ခွဲလူနာကို အမွေးရိတ်ပေးတာကို လိုက်ကြည့်ရသေး။ ကျွန်တော်သာ လုပ်ရမယ်ဆိုရင်တော့ ယောကျ်ားဆိုရင် လည်း ဓားထိလို့ အရင်းကပြတ်ပြီး၊ မိန်းမဆိုလည်း ပြတ်စရာရှိတာတစ်ခုခု တော့ ပြတ်လိမ့်မယ်ဆိုတာ သေချာတယ်။ တော်သေးတာပေါ့။

ခွဲစိတ်ခန်းထဲ ဆရာဝန်တွေ၊ သူနာပြုတွေ မီးဆလောင်းကြီးအောက် အလုပ်လုပ်နေရချိန်မှာလည်း ကျွန်တော်တို့ သန့်ရှင်းရေးတွေက အနားရှိနေရ တာပါပဲ။ လိုအပ်တာ ယူခိုင်းတာ၊ ကြမ်းပေါ်ကျတဲ့ပစ္စည်း၊ အမှိုက်ကောက်ရ တာ။ တောက်တိုမယ်ရခိုင်းဖို့ ရှိနေရတာပဲ။ ကျွန်တော်တော့ တစ်လအတွင်း သုံးလေးကြိမ်ကလွဲလို့ ကျန်တဲ့အကြိမ်တွေမှာ ပင်မအခန်းထဲ ဘယ်တော့မှ ဝင်မနေဘူး။ ခွဲခန်းအပြင်ဘက်က ပိုးသတ်ထားတဲ့ လူနာတင်တွန်းလှည်း ခုတင်ပေါ် အိပ်နေလိုက်တာပဲ။ ခိုင်းစရာရှိရင် အခြားသူတွေ ခိုင်းလိမ့်မယ်ပေါ့။ ပျင်းလို့တော့ မဟုတ်ပါဘူး သွေးမြင်ရင် အလိုလို တုန်ယင်လာပြီး ခေါင်းမူးတတ်တဲ့ ကျွန်တော့်အကျင့်ကြောင့်ပါပဲ။ အရင်ကတော့ လူသွေးဆိုတာကို အရှင်လတ်လတ် မြင်မှမမြင်ဖူးပဲ။ ကိုယ့်ကိုယ်ကိုယ် သွေးမြင်ရင် ကြောက် တတ်မယ်လို့ ဘယ်သိခဲ့မလဲ။ ဆေးရုံမှာ လုပ်ရတော့မှပဲ လူသွေးလောက် ညှီတာဖြင့် မရှိပါလားလို့ ကိုယ်တွေ့ကြုံမှ မူးတော့တာပါပဲ။

အဲဒီလို သွေးကြောက်တတ်တဲ့ ကျွန်တော့်ကို တစ်ရက်သားတော့စတီးလင်ပန်းကြီးတစ်ခုပေါ် တင်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ချွဲကျိအရည် တွေနဲ့ သားအိမ်အလုံးကြီးတစ်လုံးကို လက်ညှိုးထိုးလို့...

သွားပစ်လိုက်” တဲ့။ ခေါင်းဆောင်အဘိုးကြီးက အမိန့်ပေးပါတယ်။

“ဟာ ဒါကြီးကို ကျွန်တော် ဘယ်သွားပစ်ရမှာတုံး” လို့ ကျွန်တော်မေးတော့ . . .

“မင်းဘာသာမင်း ပစ်ချင်တဲ့နေရာပစ်” တဲ့။ ခေါင်းဆောင် အဘိုးကြီးဟာ ဂရုတစ်စက်ကလေးမှ မစိုက်တဲ့ပုံနဲ့ပြောတယ်။ ကျွန်တော့်အရင် သန့်ရှင်းရေးအလုပ်သမားတစ်ယောက်ဟာ အဲဒီလိုပဲ သုံးပြီးသား၊ လက်အိတ် တွေ၊ ဆေးထိုးအပ်တွေ၊ ပလတ်စတစ်နဲ့လုပ်ထားတဲ့ သုံးပြီးသား ဆေးရည်ဘူး တွေ စသဖြင့် စက်ဆုပ်ဖို့ကောင်းလှတဲ့ ဆေးရုံအမှိုက်တွေကို ရပ်ကွက်အမှိုက်ပုံ မှာ ခိုးပစ်လို့ ရပ်ကွက်နဲ့ စည်ပင်ကဖမ်း၊ ပြဿနာတက်တော့ အဲဒီ သန့်ရှင်းရေး အလုပ်သမားကိုပဲ ဆေးရုံက အလုပ်ထုတ်လိုက်တာတဲ့၊ ကျွန်တော် ကြားပြီးပြီ။ တကယ်တော့ သူတို့ပဲ ပစ်ခိုင်းတာ၊ မိတော့မှ ပစ်တဲ့သူကို အပြစ်ပုံချခဲ့တာ။ ဒါပေမဲ့

ကျွန်တော့်မှာ စောဒက မတက်နိုင်ဘူး။ သားအိမ်တုံးကြီးကို လက်အိတ်စွပ်ထားတဲ့လက်နဲ့ကိုင်၊ ကျွတ်ကျွတ်အိတ် အမည်းကြီးထဲကိုထည့်၊ တွန်းလှည်းကြီးကိုနင်းလို့ စိမ့်တော၊ မြက်တွေ၊ ချုံတောတွေရှိတဲ့ မြို့ပြင် ကတ္တရာလမ်းနဲ့ ရထားသံလမ်းကြားတစ်နေရာမှာ ပစ်ထားခဲ့ရတယ်။ အဲဒါကြီးဟာ အဲဒီနေရာမှာ အနံ့တထောင်းထောင်းနဲ့ ပုပ်ပွပြီး နေတော့မှာ"

ဒါကဆေးရုံသန့်ရှင်းရေးသမားတစ်ယောက် တကယ်လုပ်ရမယ့်အလုပ်တွေကြောင့် ကျွန်တော် စိတ်ပျက်ရတာ။ ဒါ့အပြင် ဆေးရုံမှာ အလုပ်ပါး တဲ့ နေ့တွေမှာ ခိုင်းတဲ့နေရာတော့ အင်မတန်ထောင့်စေ့တဲ့ သူဌေးဟာ ဆေးရုံနဲ့မဆိုင်တဲ့ တခြားအလုပ်တွေ ခိုင်းတော့တာပါပဲ။ အဲဒီမြို့မှာ ဒင်းတို့မိသားစု ပိုင်တဲ့ အခြားအလုပ်တွေဆိုတာ လိုက်ရေဖို့တောင် မလွယ်ပါလားလို့ အဲဒီကျမှ သိရတယ်။ အဝတ်အထည်ရောင်းတဲ့ ဖက်ရှင်စတိုးဆိုင်က သုံးဆိုင်၊ ဘီယာဆိုင်က နှစ်ဆိုင်၊ တီဗီ၊ ဆောင်းဘောက်၊ ရေခဲသေတ္တာ၊ လျှပ်စစ်ပစ္စည်းတွေ ရောင်းတဲ့ဆိုင်တွေ၊ ကားတာယာဆိုင်တွေ၊ ရေသန့်စက်တွေ၊ တစ်မြို့လုံး ဆိုင်ခွဲမနည်းလှတဲ့ အပေါင်ဆိုင်တွေ။ ဒီသူဌေးမိသားစုဟာ သူတို့ပိုင်တဲ့ ဆိုင်တွေတောင် သူတို့အကုန် မှတ်မိပါ့မလားလို့ မတွေးဘဲမနေနိုင်အောင်ပဲ။

ရှိရှိသမျှ သူတို့ဆိုင်တွေရဲ့ လိုအပ်ချက်တွေကို အဆင်သင့်သလို အလုပ်သမားတွေ ခေါ်ခေါ်ခိုင်းတာပေါ့။ မြောင်းဖော်တဲ့နေ့က ဘယ်က ခေါ်လာမှန်းမသိတဲ့ အလုပ်သမားတွေဆိုတာ သူ့တခြားဆိုင်တွေကနေ ခေါ်လာတာ။ သူ့အလုပ်သမားပဲဆိုတော့ ဘာခိုင်းခိုင်း မူရင်းလစာအပြင် ပိုက်ဆံပိုပေးစရာမလိုဘူးလေ။ ကျွန်တော့်မှာ သန့်ရှင်းရေးအလုပ်သမားဆိုတဲ့ ဘွဲ့ထူးနဲ့ မဆီမဆိုင် တရုတ်သင်္ချိုင်းက မုန်ဦးဆောက်ဖို့ သူတို့မိသားစု လှူထားတဲ့ ဘိလပ်မြေအိတ်တွေကို သုံးဘီးဆိုက်တွဲနဲ့ နင်းပို့ရတယ်။ သုံးဘီးဆိုက်တွဲကလည်း ဆယ်ချက်လောက် နင်းပြီးရင် တစ်ခါချိန်းကျတယ်။ အဲဒါလည်း သူဌေးဟာ သူနင်းရတာမဟုတ်တော့ ပြင်ပေးဖို့ စိတ်ကိုမကူးဘူး။ အဲဒီလို ကြားပေါက်အလုပ်တွေဆိုတာ များလွန်းလို့ မှတ်တောင် မမှတ်မိတော့ ပါဘူး။

လကုန်တော့ လစာထုတ်ရက်ထက် တစ်ရက်နောက်ကျပြီးမှ လစာ ထုတ်ပေးတယ်။ ကျွန်တော်က လစာထုတ်ပြီးတာနဲ့ အလုပ်ကနေ တန်းထွက် မှာလို့ ဆုံးဖြတ်ပြီးသားဆိုတော့ တစ်ရက်ပိုလုပ်ပေးရသလို ဖြစ်ခဲ့သေးတာပေါ့။ လစာကခုနစ်ထောင်ကျပ်တိတိ။ ပိုက်ဆံယူပြီးတာနဲ့ သူဌေးမျက်ခွက်ကို

သေချာကြည့်ပြီး . . .

"ကျုပ်တော့ အလုပ်ထွက်ပြီ" လို့ ဝံ့ဝံ့စားစား ကြေညာလိုက်ရတာ အားရစရာကောင်းလိုက်တာဆိုတာများ။ အဲဒီအချိန်လေးအတွင်းမှာ ကျွန်တော့် အရပ်ဟာ တစ်ပေလောက် ပိုမြင့်သွားတယ်တောင် ထင်ခဲ့မိတယ်။

"ဘာဖြစ်လို့လဲ ငါက လစာတောင် တိုးပေးတော့မလို့ တစ်လ ရှစ်ထောင် ပေးမယ်လေ၊ စဉ်းစားပါဦးကွ နောက်ကျရင်လည်း ထပ်တိုးပေးဦးမှာ" ဆိုပြီး သူဌေးက မျက်ခွက်ချိုချိုနဲ့ ညှိုပါသေးတယ်။ သို့သော်လည်း ကျွန်တော်ကတော့ စိတ်ကုန်သွားခဲ့ပြီ။ နောက်တစ်ခါ မစဉ်းစားနိုင်တော့။ အလုပ်ပြန်လုပ်ဖို့ မပြောပါနဲ့။ အိမ်ရောက်ရင် အလုပ်က ထွက်လာပြန်လို့ ကျွန်တော့်ကို စိတ်ပျက်လက်ပျက်ဖြစ်သွားဦးမယ့် အကြောင်းကိုတောင် ထည့်မစဉ်းစားနိုင်တော့ဘူးလေ။

အလုပ်လက်မဲ့ တစ်ခါထပ်ဖြစ်ပြန်တော့ ခိုင်မြဲနဲ့ သတင်းစာထပ်၊ သတင်းစာပို့လိုက်တဲ့ဆီ တစ်ခါပြန်ရောက်ရပြန်တယ်။ နေ့လယ်နေ့ခင်းလည်း ထုံးစံအတိုင်း ဇော်ပိုင့်ဆိုင်ပဲ။ ညဆိုရင် ဖိုးသက်နဲ့။ ဖိုးသက်ဟာ အဲဒီအချိန် ကတည်းက တစ်ပတ်မှာ လေးငါးရက်တောင်မကချင်တော့ ညတိုင်းလိုလို ဒေါ်မုန်းဆိုင်ချည်း ခြေဦးလှည့်နေတယ်။ ကျွန်တော်တို့ လိုက်ချင်လိုက်၊ မလိုက်လည်း တစ်ယောက်တည်းသွားတာပဲ။ ဇော်ပိုင်တို့၊ ခိုင်မြဲတို့က တစ်ခါတလေ သတိပေးတာလိုလို ငေါက်ငမ်းတာလိုလိုနဲ့ "ဖိုးသက်နော် မင်း အရက်စွဲသွားပြီး အရက်သမားလုံးလုံး ဖြစ်သွားမယ်" လို့ ပြောကြပေမယ့် ဖိုးသက်ကတော့ သွားဖြဲကလေးနဲ့ပဲ။ ဒါပေမဲ့ ဒီကောင့်သွားဖြဲက မချိသွားဖြဲပါ။ ဒါကို ကျွန်တော်သိတယ်။

"အရက်သမားဆိုရင် နေ့လယ်ဘက်တွေပါ သောက်မှာပေါ့ကွာ၊ ငါက ညတိုင်းတောင် သောက်တာမဟုတ်ပါဘူး။ တစ်ခါတလေပါ၊ ညကျရင် ငါတစ်ယောက်တည်း ငေါင်တောင်တောင်နဲ့ကွ" လို့ ဖိုးသက် က ပြန်ပြောလေ့ရှိတယ်။

အဲဒီတစ်ခါ အလုပ်လက်မဲ့ဖြစ်တာ သုံးလကျော်ကြာတယ်။ ဒါပေမဲ့ သုံးနှစ်လောက်လို့ ခံစားရတယ်။ ကျွန်တော့်အတွက်တော့ အလုပ်လုပ်ရတာ ထက်

အလုပ်ရှာရတာက အမြဲပိုပိုခက်တယ်။ နောက်ပြီး အလုပ်ရှာတဲ့အခါ အလုပ်ရှင်ဆိုတဲ့လူတွေဆီသွား၊ မျက်နှာငယ်လေးနဲ့ အလုပ်ပေးပါမည့်အကြောင်း ခေါင်းထိုးခံရတာလောက် စက်ဆုပ်ဖို့ကောင်းတာ လောက်တော့ ကမ္ဘာမှာမရှိတော့ဘူးလို့တောင် ထင်မိတာပဲ။ အဲဒီသုံးလအတွင်း နောက်ထပ် အလုပ်မရမီစပ်ကြားကလေးကို ကံများဆိုးချင်ပြန်တော့ ကျွန်တော်တို့ သူငယ်ချင်း လေးယောက်စလုံး ရဲဖမ်းတာခံရပြီး အချုပ်ထဲ အိပ်ရတော့မလို ဖြစ်လိုက်သေးတယ်။ ရဲများ ဖမ်းချင်တော့လည်း ကျွန်တော်တို့လို ဘုမသိ ဘမသိ ငမွဲကောင်တွေအတွက်တော့ သူတို့လက်ခုပ်ထဲက ရေပဲ၊ ကြွက်ကလေး ငှက်ကလေးထက်တောင် လွယ်ဦးမယ်။

ရဲဖမ်းတာခံရတဲ့ညက ကျွန်တော်တို့လေးယောက် အရက်သောက် တာ နည်းနည်းများသွားကြတယ်။ ဘီအီးအရှိန် တထွေထွေ၊ ခေါင်းတချာချာ လည်နဲ့ပဲ အိမ်ကလည်း မပြန်ချင်ကြသေးတာနဲ့ မြို့လယ်ကောင်က တံတား ပေါ် သွားထိုင်၊ ဆေးလိပ်ကလေးဖွာ၊ တော်ကီကလေးပစ် လုပ်နေကြတာ ည ဆယ့်နှစ်နာရီထိုးတဲ့အထိ မပြန်နိုင်ကြသေးဘူး။ တံတားအောက်က မြစ်ရေစီး သံသဲ့သဲ့ကလွဲရင် ကျွန်တော်တို့အသံချည်းပဲ။ ဖိုးသက်က မြစ်ရဲ့ အပေါ် တစ်နေရာက သောင်ထွန်းနေတဲ့ မြေနေရာတစ်ခုကို လှမ်းပြပြီး...

"ပိုက်ဆံပေါတဲ့ တစ်နေ့တော့ အဲဒီသောင်ပေါ် မီးဖို၊ ဒရယ် တစ်ကောင်ကောင်၊ ဒရယ်မရတော့လည်း ယုန်ပေါ့ကွာ အရေစုတ်၊ မီးကင်၊ အရက်ကလေးသောက်လိုက် ကင်ထားတဲ့ ဒရယ်သားလေး ဖဲ့မြည်းလိုက် လုပ်ဦးမယ်ကွာ၊ ငပိုင် မင်းက ဂစ်တာတီးတတ်တယ်မဟုတ်လား၊ ဂစ်တာတီး သီချင်းဆို ဇိမ်ပဲကွာ" တဲ့။ သိပ်ကောင်းတဲ့ အတွေးပါလားလို့ စိတ်ဝင်စား သွားကြတယ်။

အေး ဟုတ်သားကွာ၊ ဒီနှစ် သူခိုးကြီးညကြရင် ပိုက်ဆံစုပြီး အဲလိုသောက်ကြစို့ကွာ" တဲ့ ဇော်ပိုင်ကပါ ထောက်ခံပေမယ့် "အဲဒီနေရာ မီးဖိုပြီး အရက်ထိုင်သောက်လို့ ရဲက ဖမ်းမှာပေါ့ကွ" တဲ့ ခိုင်မြဲက ပြောတယ်။

"ဘာလို့ ရဲကဖမ်းမှာတုံး၊ ငါတို့က ဘာလုပ်လို့တုံး" လို့ ကျွန်တော် က မကျေမနပ်နဲ့ ပြောတာပေါ့။

"ဟော့ရောင် ရဲဆိုတာက မင်းဟာမင်း ဘာလုပ်နေနေ ဖမ်းချင်ရင် စောက်မြင်ကတ် ပုဒ်မတွေ ပေါလွန်းလို့"

သူ့နှုတ်ခမ်းကြီးကို မဲ့ရွဲ့ပြီး ပြောတယ်။ ကျွန်တော်တို့ အကုန်လုံး ငြိမ်သွားတယ်။ ခိုင်မြဲပြောတာ ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားနေကြတာ။ သိပ်အကြာကြီးတော့ မစဉ်းစားလိုက်ရပါဘူး။ ဒီကောင်ပြောတာကလက်ငင်း ဒိဋ္ဌ မုချကြီး လာမှန်နေတော့တာပါပဲ။

ကျွန်တော်တို့တိုင်တဲ့ တံတားက မြို့လယ်ကောင်ဆိုပေမယ့် လမ်းမီးတိုင်တွေက ပျက်နေတော့ အမှောင်ထဲမှာ ထိုင်သလို ဖြစ်နေကြတာ။ ခိုင်မြဲပြောတာစဉ်းစားရင်း ငြိမ်သက်နေကြတုန်း တစ်သက်နဲ့တစ်ကိုယ် ညဘက် ထွက်လာခဲ့ တာမှာ ညဘက်ကင်းလှည့်တဲ့ ရဲကားမတွေ့ခဲ့ဖူးသော်လည်းပဲ တိုက်တိုက် ဆိုင်ဆိုင် ရဲအကြောင်း စဉ်းစားနေတုန်း ရဲကားတစ်စီး တံတားပေါ် ဖြတ်မောင်း သွားတယ်။ ဖြတ်မောင်းတုန်း ကျွန်တော်တို့လေးယောက် ထိုင်နေတာကို မြင်သွားတယ်နဲ့ တူပါတယ်။ ပေတစ်ရာလောက်ကျ ရပ်သွားပြီး ကားက ဘက်ပြန်ဆုတ်လာတယ်။ ကျွန်တော်တို့စိတ်ထဲ ရဲကား ကျွန်တော်တို့ဆီ ပြန်လာနေတာမှန်း သိပေမယ့် ဘယ်သူကမှ ထပြေးဖို့ မစဉ်းစားမိဘူး။ လူတွေက မူးနေကြတာရော၊ ဥပဒေမဲ့ ဘာမှလုပ်မထားလို့ ကြောက်စရာလို့ မထင်ခဲ့တာလည်း ပါလိမ့်မယ်။ ရဲကားက ကျွန်တော်တို့ အနားလည်း ရောက်ရော ရဲနှစ်ကောင် ဝုန်းခနဲဆင်းလာပြီး ဘယ့်နှယ့်မှမပြောမဆိုနဲ့ လက်ထိပ်တွေ တွဲခတ်တော့တာပါပဲ။

လေးယောက်စလုံး မျက်လုံး မျက်ဆံတွေပြူး၊ အမူးတွေပြေချင်သလို ဖြစ်ကုန်ကြတာပေါ့။ ကျွန်တော်ဆိုရင် ကျွန်တော်နဲ့ ခိုင်မြဲကို တွဲလက်ထိပ် ခတ်လိုက်တုန်း ရဲက စစုပေါင်းမှ ကားမောင်းသူရော၊ သုံးယောက်တည်း ကျွန်တော်တို့က လေးယောက်၊ ဝိုင်းဘေလိုက်ပြီး ထွက်ပြေးရင် ဘယ့်နှယ်နေ မလဲလို့ ရပ်ရင်ဆန်ဆန် တွေးနေမိသေးတာ။ ဒါပေမဲ့ အတွေးဆုံးတော့ ကျွန်တော်တို့လေးယောက်စလုံးက ကားနောက်ခန်းမှာ ရောက်နေပါပြီ။

မှောင်ရိပ်ခိုမှုနဲ့ ကျွန်တော်တို့ကို ဖမ်းသတဲ့။ ရဲနှစ်ကောင်က ကားပေါ်မှာ ပြောနေတယ်။ လေးယောက်စလုံး အဖမ်းခံလိုက်ရလို့ မျက်လုံး ပြူး၊ မျက်ဆံပြူး ဘယ်လိုပင်ဖြစ်တယ်ဆိုဆို အမူးက မပြေကြသေးတော့ အေးအေးလူလူပဲ

ကားနောက်ခန်းကနေ ပါသွားကြတာပဲ။ မြို့လယ်ကောင်ကနေ မီးပွိုင့်တစ်ခုကိုဖြတ်၊ နောက်ထပ် မီးပွိုင့်တစ်ခုကိုဖြတ်၊ နောက်ပြီး ဘူတာကို ဖြတ်၊ ပြီးတော့ နောက်ထပ် မြောင်းတံတားတစ်ခုကို ဖြတ်နေတယ်။ အဲဒီ မြောင်းကိုကျော်ပြီး ကိုက်သုံးရာလောက်ဆို ရဲစခန်းရောက်ပြီ။ ကျွန်တော်တို့ကား နောက်ကနေ ဆိုက်ကားတစ်စီးက အပြင်းလိုက်လာတာ တွေ့ရတယ်။ ဘဲလ်ကိုလည်း တဒင်ဒင်တီးရင်းပေါ့။ ဒီတော့ ရဲနှစ်ကောင်က ရှေ့က မောင်းနေတဲ့ ရဲကို ကားရပ်ခိုင်းတယ်။ ဆိုက်ကားက မီသွားတယ်။

ရဲနှစ်ကောင်က ကားအောက်ကိုဆင်း၊ ဆိုက်ကားသမားနဲ့ စကား သွားပြောတယ်။ ဘာတွေပြောကြတယ်တော့ ကျွန်တော်တို့ လေးယောက်စလုံး မသိကြဘူး။ မသိဆို ကျွန်တော်တို့မှာ ရဲကားပေါ် ရောက်နေကြတာကို အိပ်မက်လိုလို ဖြစ်နေတုန်း။ ရဲတွေ၊ ရဲကားတွေ၊ လက်ထိပ်တွေ စသဖြင့် အားလုံးဟာ ရိပ်တိတ်ရိပ်တိတ်ပဲ ဘာတွေဖြစ်နေတယ်ဆိုတာကို ဦးနှောက်က အလျင်မီအောင် စဉ်းစားနေကြတုန်း။ နောက်ရက်မှာ ဇော်ပိုင်က ပြန်ပြောပြသေး တယ်။ အဲဒီအချိန်တုန်းက သူ့စိတ်ထဲ အဖမ်းခံရတော့လည်း ကောင်းတာပေါ့ ကွာ။ ထမင်းဟင်းတော့ အလကားစားရပြီပေါ့။ မအေဘေး ထမင်းဟင်း အလကားစားတာကနောက်၊ အချုပ်ထဲ အရင်ရောက်နေတဲ့ အချုပ်သားတို့ တန်းစီးတို့က ဝိုင်းဘေခံရကမှာက အရင်ဆိုတာက မသိသေးဘူး။

နောက်နေ့မနက် မိုးလင်းတော့ အမူးတွေပြေ၊ ခေါင်းတွေကတော့ တစစ်စစ် ကိုက်နေတုန်းပဲ။ အရက်နာကျလျက်နဲ့ပဲ ခိုင်မြဲယောက်ဖ ပြန်ပြောပြ တာကို နားထောင်ရတော့မှ ဘုရားသိကြားမလို့ပါလားလို့ ကြက်သီးထမိ တယ်။ ရဲကားက ဘူတာရှေ့ကဖြတ်တုန်း ရဲကားပေါ်ပါသွားတဲ့ ခိုင်မြဲနဲ့ ကျွန်တော်တို့ကို ခိုင်မြဲအစ်မရဲ့ယောကျ်ားက မြင်လိုက်လို့ လိုက်လာတာ။ သူက ညဘက်နင်းတဲ့ ဆိုက်ကားသမားဆိုတော့ ဒီလိုကိစ္စတွေကို မြင်လိုက် တာနဲ့ နပ်နေပြီ။ ရဲတော်တော်များများနဲ့လည်း ရင်းနှီးနေပြီဆိုတော့ ဒါဟာ ရဲတွေ ခွင်ဖန်လာတာမှန်း၊ ညှိလို့ရမှန်း သိပြီးသားဖြစ်နေလို့ လိုက်လာတာပဲ။ ကျွန်တော်တို့ တစ်ယောက်စီအတွက်ကို တစ်ထောင်နှုန်းနဲ့ လေးယောက် ဆိုတော့ လေးထောင် ပေးလိုက်ရတယ်တဲ့။ သူ့ဆီမှာ လေးထောင်အပြည့်မပါ လို့ ရဲတွေကို အကြွေးမှတ်ခဲ့ရသေးတာတဲ့။ သူနဲ့က ရင်းနှီးနေလို့ ရတာဆိုပဲ။

အဲဒီထက်ပိုပြီးကံကောင်းရတဲ့ အကြောင်းကို ခိုင်မြဲယောက်ဖက ပြောပြသေးတယ်။

"မင်းတို့ကောင်တွေနော် ကံကောင်းလို့၊ မနေ့ညက သောကြာည ကြီးနော် မင်းတို့ အချုပ်ထဲသာပါသွားကြည့်၊ စနေရော တနင်္ဂနွေရော နှစ်ရက် ထပ်နေလိုက်ဦး၊ ထုတ်လို့ရရင်တောင် တနင်္လာနေ့မှ ထုတ်တော့ပဲ။ အချုပ်ထဲ ရောက်လို့ကတော့ မင်းတို့ သေပြီသာမှတ်၊ အထဲမှာ ထန်းပင်တက်ခိုင်းမယ့် ကောင်နဲ့၊ ဆိုင်ကယ်မောင်းခိုင်းမယ့်ကောင်နဲ့ ကံဆိုးရင် ဖင်တောင် အချခံရ ဦးမယ်" တဲ့။ ကျွန်တော်တို့မှာ ကိုယ့်ဖင်လေးတွေကိုယ်တောင် လက်နဲ့ စမ်းကြည့်မိကြတယ်။ အမယ်လေး လန့်စရာပါလားပေါ့ ။

ခိုင်မြဲအမေကတော့ ရဲအဖမ်းခံရတယ်ဆိုတာနဲ့ သူ့ခေါင်းတွေကို ကင်းပွန်းရိုးတွေနဲ့ လျှော်ခိုင်းတာ။

"အချုပ်ထဲ မရောက်ခဲ့ပါဘူး အမေရ" လို့ ရှင်းပြလို့လည်းမရဘူးတဲ့။

"ဟဲ့ နင် လက်ထိပ်တော့ အခတ်ခံရသေးတယ်မဟုတ်လား လာဘ်တိတ်တတ်တယ်" လို့ ပြောသတဲ့။ သူ့အမေ အယူသည်းချက် ကတော့ လက်လန်တယ်။ အဲဒီနေ့က ခိုင်မြဲဝတ်သွားတဲ့ အင်္ကျီနဲ့ ပုဆိုးတောင် အမှိုက်ပုံသွားပစ်ဖို့ ကျွတ်ကျွတ်အိတ်နဲ့ ထည့်ထားပြီးပြီတဲ့။

"ငါတော်သေးတယ်ကွာ... မြင်လိုက်လို့ နှီမိုဆို မသွယ်နဲ့ အကြီးအကျယ် ပြဿနာတက်ပြီ၊ အဲဒါ သူဝယ်ပေးထားတာလေ"

ဟုတ်မဟုတ်တော့ မသိဘူး။ အကြောင်းသင့်တုန်း ကပ်ကြွားတာ လည်း ဖြစ်ချင်ဖြစ်မှာပဲ။ ဇော်ပိုင်နဲ့ ဖိုးသက်တို့အိမ်ကတော့ အချုပ်ထဲ ကျမလိုဖြစ်တာလောက် မပြောနဲ့၊ အချုပ်ထဲ အိပ်လိုက်ရတယ်ဆိုလည်း ဘာမှပြောနေမယ် မထင်ဘူး။ ကျွန်တော်ကတော့ အမေ မသိအောင် လုပ်ရ တာပေါ့။ အမေသိရင် ဘာပြောမယ်မသိဘူး။ အလုပ်က မရှိပါဘူးဆိုမှ ရဲပြန်ပေးဆွဲတာခံရလို့ ခိုင်မြဲဆီ အကြွေးတစ်ထောင် တင်သွားသေးတယ်။ သူ့ယောက်ဖကို သူပဲ ကျွန်တော့်အစားပါ စိုက်ပေးထားတာလေ။

အလုပ်မရှိတဲ့ အချိန်တိုင်း ကျွန်တော့်မှာ အမြဲ တစ်ခုခုလိုနေသလို ဖြစ်ဖြစ်နေတယ်။ စကားအရတော့ ကျွန်တော်က အလုပ်မရှိရင် မနေတတ်တဲ့လူလို့ ထင်စရာ ပဲ။ အမှန်တော့ အလုပ်က မရှိလို့ မဖြစ်တာ။ ဒါတောင်မှ အစ်ကိုက သူ့ဥယျာဉ်မှူးအလုပ်မှာမြဲနေလို့ မဆိုးသေး ဘူးလို့ ဆိုရမယ်။ သူလည်း အလုပ်ရှိနေမယ်၊ အမေ့ အကြွေးဆိုင်ကလည်း သိပ်မရောင်းရဘူးဆိုပေမယ့် သူ့နည်း သူ့ဟန်နဲ့ လည်ပတ်နေသေးတယ်ဆိုရင် နည်းနည်းပဲ ဖြစ်ဖြစ် ကျွန်တော့်အတွက် ဖိအားလျော့တာပေါ့။

အစ်ကိုကတော့ ကျွန်တော့်အတွက် တကယ် အံ့ဩဖို့ကောင်းတယ်။ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်ပဲ။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်ဆိုတာ အဝေးကြီး။ သူနဲ့ ကျွန်တော်က တစ်သက်လုံး အတူနေ လာတော့ ကျွန်တော့်အနေနဲ့ ဒီကောင့်အကြောင်းများတော့ ငါသိပါတယ်လို့ ထင်နေမိတာ။ ညီအစ်ကိုဆိုပေမယ့် နှစ်နှစ်ကြီး နှစ်နှစ်ငယ်မို့ သူငယ်ချင်းလိုပဲ။

ထမင်းတစ်ဇလုံတည်း နှစ်ယောက်အတူစားတာ၊ အိမ်သာကမုတ်တစ်ခုထဲမှာ ဖင်ချင်းပေါက်ပြီး အီးအတူတူ ထိုင်ပါကြတာမျိုးက ထည့်ပြောစရာတောင် မလိုဘူးလို့ ထင်ရတဲ့ကိစ္စမျိုး။

သို့သော်လည်း တကယ်တမ်းမှာ သူ့အကြောင်း ကျွန်တော် ဘာမှမသိပါလားဆိုတာကို ကျွန်တော်တို့ ဒီမြို့ကလေးရောက်တော့ ပိုသိလာတယ်။ ကျွန်တော့်အကြောင်းလည်း ဒီကောင် ဘာမှမသိဘူး။ ညီအစ်ကိုပေမယ့် စိတ်နေစိတ်ထားက ဘယ်လို၊ ဘာတွေကို မုန်းတယ်၊ ဘယ်လိုဟာတွေကို နှစ်သက်တယ် စသည်ဖြင့် တစ်ယောက်နဲ့တစ်ယောက် ဘာမှမသိကြပါလားဆိုတာကို သိလာရတယ်။

အတူတူ ရန်းကန်ရ၊ အတူတူ ဝေမွှတ်ရ၊ အတူတူ မျှော်လင့်ချက်မဲ့ ရတယ်ဆိုပေမယ့် ကျွန်တော့်အစ်ကိုမှာ သူ့ကိုယ်တွင်းထဲ ဘာမှမရှိသလိုပဲ။ ကျွန်တော် မသိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော်နဲ့ ဘာမှမတူတာ တော့ သေချာတယ်။ သူ့အတွက် အရာအားလုံးက ပုံမှန်လိုပဲ။ ဒါမှမဟုတ် ဒီလိုတွေဖြစ်လာလိမ့်မယ်ဆိုတာ အရင်ကတည်းက သိနေတဲ့ပုံမျိုး။ ကျွန်တော် သာ အလုပ်တွေ ပြောင်းပြောင်းသွားတယ်။ သူဟာ အဲဒီခြံမှာ နေ့ဥယျာဉ်မှူး အလုပ်ကနေ ညဘက်စောင့်အိပ်ရတဲ့ ညစောင့်အလုပ်ပါ တွဲလုပ်တယ်။ ဒီတော့ သူဟာ နေ့ရော ညပါ ထမင်းစားချိန် ပြန်လာတာကလွဲရင် ခြံထဲမှာပဲ။

သူ့အပေါင်းအသင်းဆိုတာလည်း အများစုက သူ့ထက်ကြီးတဲ့ ခြံက အလုပ်သမားတွေပဲ။ အလုပ်တူလို့ အပေါင်းအသင်းဖြစ်ရတာ ယုတ္တိလည်း ရှိပါတယ်။

ကျွန်တော့်အစ်ကိုဟာ ကျွန်တော့်သူငယ်ချင်း ခိုင်မြဲကိုတောင် အိမ် တစ်ခါတလေလာတတ်လို့ သိတယ်ဆိုရုံပဲ။ ဖိုးသက်တို့ ဇော်ပိုင်တို့ကို သူ သိလောက်မယ်လို့ မထင်မိဘူး။ သူ့ရဲ့ လူမှုဆက်ဆံပေါင်းသင်းရေးကဏ္ဍကို ချဲ့ထွင်ဖို့လည်း မကြိုးစားဘူး။ သူ့အပေါင်းအသင်း အစ်ကိုကြီးတွေ တစ်ခါ တလေ အိမ်ပါလာတတ်လို့ ကျွန်တော်လည်းရှိနေရင် သူတို့ပြောတဲ့စကားတွေကို နားထောင်ကြည့်မိတယ်။ ကျွန်တော် နားမလည်တဲ့ အပင်တွေ အကြောင်းချည်းပဲ။ ဒီကောင် ဘာတွေနဲ့များ စိတ်သက်သာရာရနေပါလိမ့်လို့ စဉ်းစားစရာပဲ။

စက်ရုံကနေ အလုပ်ထွက်ပြီး ဆေးရုံမှာ အလုပ်မရခင်စပ်ကြား တုန်းက ကျွန်တော့်အစ်ကိုက သူ့အလုပ်မှာ ဝင်လုပ်ဖို့ ပြောသေးတယ်။ “လူလိုတယ် မင်း ခုဝင် ခုရတယ်” လို့ ပြောတယ်။ ကျွန်တော်ကတော့

"တော်ပါပြီကွာ... ဒီပြင်အလုပ်တစ်ခုပဲ ရှာကြည့်ပါဦးမယ်”” လို့ပဲ ပြောလိုက်တယ်။ သစ်ပင်တွေအကြောင်း ကျွန်တော် နားမလည်ဘူး။ နောက်ပြီး ကျွန်တော့်အစ်ကိုလို ပေါက်တူးတွေပေါက်၊ ဂေါ်ပြားတွေထိုး၊ ကတ်ကြေးကြီးတွေနဲ့ သစ်ပင်တွေကို တစ်ညီတည်းဖြစ်အောင် အဝိုင်းပုံတွေ ဖော်၊ မြက်ရိတ်၊ စတာတွေ ကျွန်တော်မလုပ်နိုင်ဘူး။ မလုပ်ချင်ဘူး။ ကျွန်တော် က ပျင်းရယ်။ ကမ္ဘာပေါ်မှာ ကျွန်တော် လိုလိုလားလားလုပ်ချင်တဲ့ အလုပ် ဆိုလို့ သက်သောင့်သက်သာရှိတဲ့ နေရာကလေး တစ်နေရာမှာ စာအုပ်ကလေး တစ်အုပ် ဖတ်နေချင်တာပဲရှိတယ်။ ပြီးရင် စာအုပ်ထဲက ဇာတ်လမ်းမှာ မိန်းမောနေမယ်။ စိတ်ကူးယဉ်ရတာကို ပျော်တဲ့ကောင်။

ကျွန်တော့်သူငယ်ချင်းတွေကလည်း ကျွန်တော့်အပေါ်တော့ ကောင်းကြ တယ်။ ကျွန်တော် အလုပ်လက်မဲ့ဖြစ်သွားတိုင်း သူတို့ဆီ ရောက်လာ။ အလုပ်ကလေး နည်းနည်းကူလုပ်ပေးပြီး ကပ်သောက်၊ မုန့်ဆူလုပ်။ သူတို့ ကျေနပ်ကြပါတယ်။ ခိုင်မြဲကတော့ ရည်ရွယ်ချက်တွေ ရှိနေပြီနဲ့တူတယ်။ အလုပ်တွေ အရမ်းကြိုးစားနေတယ်။ သတင်းစာစောင်ရေ တိုးဖို့လုပ်တယ်။ အိမ်အသစ်တွေ လိုက်စည်းရုံးတယ်။ အလုပ်ချိန်တွေ ပိုပိုများလာတယ်။ သတင်းစာပို့ပြီးအပြန် ရုံးမဆင်းသေးရင် အရင်ဆို ရုံးထဲ ဘယ်တော့မှမဝင် တော့ဘဲ လက်ဖက်ရည်ဆိုင်တင် အချိန်ကုန်အောင်ထိုင်တဲ့ကောင်က ရုံးထဲမှာ ချည့်ပဲ။

မသွယ် နံဘေးထိုင်လို့ ချိန်းတွေ့တဲ့နေ့ အတွေ့အကြုံကို အဘက်ဘက် က ပြန်လည်သုံးသပ်ပြနေတော့တယ်။ မသွယ်နဲ့ ချိန်းတွေ့တဲ့ကိစ္စပဲ မသွယ်ကို ပြန်ရင်းပြဖို့ လိုသေးသလား။ ရုံးမှာကလည်း ဘာအလုပ်ရှိတာမှတ်လို့ ကျွန်တော် အတွေ့အကြုံအရ သိသလောက်တော့ ရုံးတွေ ရုံးတွေထဲမှာ ခိုင်မြဲတို့ရုံးလောက် လုပ်စရာ အလုပ်မရှိတာဖြင့် မမြင်ဖူးဘူး။ အဲဒီလိုအလုပ်မရှိတဲ့ ရုံးမှာ၊ ရုံးကိုကူဖို့ ဒီကောင့်လို ရုံးအကူရာထူးလောက် အားယားနေတာဖြင့် ရှိပါဦးမလား။

များသောအားဖြင့်တော့ ညညဆို ကျွန်တော်နဲ့ ဖိုးသက် နှစ်ယောက် တည်းပဲ။ ဖိုးသက်ကလည်း ညည်းလိုက်တာ ငှက်ဖျားထနေတဲ့ ခိုတစ်ကောင် အလားပဲ။ လူပုံက မျက်လုံးပြူးပြူး၊ ပိန်ညှော်ညှော်၊ စုတ်ချွန်းချွန်းမို့ ညည်းတဲ့ အလုပ်ကလည်း သူနဲ့ အလွန်ကို လိုက်ဖက်နေတယ်။ ညည်းညူတယ်ဆိုတာ ကလည်း ပြောတော့သာ လွယ်တာ၊ အတော်တော့ ပင်ပန်းတဲ့အလုပ်လို့ ကျွန်တော်ထင်တယ်။ အရင်ဆုံး ညည်းညူလောက်တဲ့ ပြဿနာ၊ ဝေဒနာက လည်း ရှိပါဦးမှ။ ရှိတဲ့အခါမှာလည်း ပြဿနာအရင်းခံကြောင့် အသားတွေ အထိပါ လာပြီးနာကျင်နေရသလို မျက်နှာကိုရှုံ့ စကားကို အားမပါတဲ့လေသံ မျှနဲ့ ညင်ညင်သာသာဆိုရတာ တကယ်မလွယ်ပါလားပေါ့ ။

ဖိုးသက်ဟာ အတူတူသောက်ရင်း မူးစပြုပြီဆိုတာနဲ့ ဆိုက်ကားက သိပ်မတိုက်ရတဲ့အကြောင်း၊ သူ့အမေကလည်း နှစ်လုံး၊ သုံးလုံးကို တဖြည်း ဖြည်း လက်ကြီးလာလို့ ပန်းဖိုးအရင်း ပြုတ်ပြုတ်နေတာများလာတဲ့အကြောင်း။ ဒီလိုအကြောင်းတွေကတော့ လူမှုဘဝပြဿနာတွေဖြစ်လို့ ကျွန်တော့်ဆီမှာ လည်း ဒါမျိုးခပ်ဆင်ဆင်တွေကရှိနေတော့ ခပ်ပေါ့ပေါ့ပါပဲ တွေးခဲ့တာပေါ့။ ခပ်ပေါ့ပေါ့ မတွေးတော့လည်း ငမဲက ငမွဲကို လုပ်ပေးနိုင်တာဆိုလို့ လက်လှမ်းမမီတဲ့ ကျောလယ်နေရာကယားရင် ကုပ်ပေးနိုင်တာပဲ ရှိလိမ့်မယ်။ အဲဒီတော့ ခပ်ပေါ့ပေါ့ပဲ။ ဒါပေမဲ့ လေးနက်စရာလည်း ရှိနေပြန်တယ်။

အဲဒီကာလကလေးမှာ သူ ကြိတ်ကြိုက်နေတဲ့ ကောင်မလေး တစ်ယောက် ရှိနေတယ်ဆိုတဲ့အကြောင်းက လေးနက်စရာတွေထဲက တစ်ခု ပေါ့။ ဖိုးသက် ကျွန်တော့်ကို အဲဒီအကြောင်းပြောတော့ ဒီကောင် သိပ်လျှို့ဝှက်၊ သိပ်နောက်ကျတာပဲ။ ဒါကို ခုမှများ ပြောရသလားလို့ အပြစ်တင်မိတယ်။ နောက်ကျတာက ကျွန်တော့်ကို ရင်ဖွင့်ပြောတာတင် နောက်ကျတာ မဟုတ်ဘူး။

သူ့ဟာသူကို နောက်ကျနေခဲ့ပြီးပြီ။ ဈေးထဲက သူ့အမေနံဘေး ကပ်ရပ်တင် ခင်းရောင်းတဲ့ ပန်းသည်ကောင်မလေးတစ်ယောက်ကိုသူချစ်နေပြီလို့ ကျွန်တော့်ကို သူပြောပြတဲ့အချိန်မှာ ကောင်မလေးဟာ လင်နောက် လိုက်ပြေးပြီးတာ တစ်လလောက် ရှိနေပြီ။

"အဲဒါ စောစောက ငါတို့အားလုံးကို ပြောမှပေါ့ ဖိုးသက်ရာ၊ ငါတို့ ဝိုင်းကြံပေးမှာပေါ့၊ ခုတော့ မင်းဟာက လင်နောက်တောင် လိုက်ပြေးပြီး နေမှ ပြောရတယ်လို့.."

ကျွန်တော်က ငေါက်တော့ ...

"အဲဒီလို ချက်ချင်းကြီး လိုက်ပြေးမယ်လိမ့်မယ် ဘယ်ထင်ပါ့မလဲ ကျော်ဇောရာ၊ သူ့မှာ ဘဲရှိနေတာလည်း ငါ ဘယ်သိပါ့မလဲ၊ ငါတောင် သုံးလေးခါလား ဆုံရသေးတာ

"ဟေ့ရောင် ဟေ့ရောင် ... မျက်ရည်တော့ မကျနဲ့ကွာ၊ လခွမ်း ဟိုက မင်းကြိုက်တာတောင် သိမသွားဘူး မဟုတ်လား" လို့ ပြောရင်းဆိုရင်း မျက်ရည်ကလေး ကလယ်ကလယ်ဖြစ်နေလို့ တားလိုက်ရသေးတယ်။ "အေးပါကွာ ငါ မငိုပါဘူး"

မျက်နှာငယ်လေးနဲ့ ပြောရင်း ခေါင်းငုံ့သွားရှာတယ်။ ဒီတော့လည်း ဖိုးသက်ခမျာ သနားစရာ။ အဲဒီနောက် နောက်ထပ် လေးနက်ရမယ့်ကိစ္စ ထပ်ပြောပြန်တယ်။

"ငါ့အမေက ငါမသိဘူးထင်နေတာကွ၊ သူ့မှာ အကြွေးသုံးသောင်း လောက် ရှိနေတာ ငါသိတယ်၊ ဘယ်လို ရှာကြံဆပ်ရမယ် မသိဘူး၊ ကြာတော့ ငါ စိတ်ညစ်ညစ်လာပြီကွာ ဟင့် ဟင့်"

ဆိုပြီး နောက်ဆုံးမှာတော့ ဖိုးသက်က ငိုပါတယ်။ ကျွန်တော်လည်း အရင်က

မူးရင် ဒီကောင် ဒီလိုငိုတတ်မှန်း မသိခဲ့ပါဘူးလို့ တွေးရင်း သူ့ပခုံးကို လေးငါးချက်ပုတ်ရင်း နှစ်သိမ့်ရတယ်။ ဟိုနှစ်ကောင်မပါတော့ ပိုဆိုးတာပေါ့။ အပေါင်းအသင်း မစုံလို့ အားငယ်နေတာလည်း ပါလိမ့်မယ် ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖိုးသက်ဒုက္ခကလည်း မသေးဘူး။ ဘယ့်နှယ် ဒီကောင့်ကျမှ သားဆိုးသားမိုက်မဖြစ်ရရှာဘဲ မအေမိုက်နဲ့ တွေ့နေရတာတုန်းလို့ ထူးထူးဆန်းဆန်း ဖြစ်နေတယ်။။ ဒါပေမဲ့ သူ့အမေကိုပဲ အပြစ်ထိုးတင်လိုက်တာလည်း မကောင်းပါဘူးလေ။

"ဖိုးသက်ရေ… ဒါဘဝပဲကွာ၊ ကိုယ်ကြိုက်တဲ့ စော်ကလည်း လင်နောက် လိုက်ချင်လိုက်မယ်၊ အကြွေးတွေ ပင်လယ်ဝေချင်လည်း ဝေမယ်၊ ဘာမှမတတ်နိုင်ဘူးဟေ့ရောင် တွေးပူမနေနဲ့၊ နောက်တော့ နောက်ရောက်ရာ ပေါ့ကွာ"

ကျွန်တော်က အရက်ခွက်ကိုကိုင်ရင်း စာသံပေသံအပြည့်၊ တွေးတွေး ဆဆဟန်နဲ့ ပြောလိုက်တယ်။ တကယ်ကတော့ တွေးတွေးဆဆရယ် မဟုတ် ဘူး။ မူးမူးကန်းကန်းနဲ့ ပါးစပ်ထဲရှိရာ ပြောလိုက်တာပဲ။ ဖိုးသက်က ခေါင်းမော့ လာပြီး ကျွန်တော့်ကို နားမလည်နိုင်သလို ခဏကြည့်နေသေးတယ်။ ပြီးမှ အရက်တစ်ခွက် ကမန်းကတန်း ကောက်ငုံ့ လိုက်ပြီး…

"အေး ချကွာ" လို့ ပြုံးပြီး ပြောတယ်။ ခေါင်းမော့လာတော့မှ သိတယ်။ ဒီကောင် တကယ်ငိုတာပဲ။ မအေဘေး မေးရိုးထိအောင် တန်းနေတဲ့ မျက်ရည်စီးကြောင်းတွေနဲ့။

နောက်တစ်နေ့ကျတော့ ခွာညိုရုန့်မှာ ထိုင်ရင်း ဖိုးသက်မလာခင်လေး ဒီအကြောင်းကို ခိုင်မြဲနဲ့ ဇော်ပိုင့်ကို ပြောပြတယ်။ ခိုင်မြဲဆိုတဲ့ကောင်က ဟာသလုပ်နေသေးတာ။

'ဒီကောင်က ရုပ်ကလည်း ဆိုးတာကိုးကွ၊ ကောင်မလေးကို ဘာသွားလုပ်ပြမှန်းမှမသိဘဲ၊ ဟိုက ကြောက်လန့်ပြီး နီးရာတစ်ခုခု လှမ်းပြေးဆွဲ လိုက်တယ်နဲ့ တူပါတယ်"

`ခွေးမသား မင်းက ဘယ်လောက်လှနေလို့တုံး” ဇော်ပိုင်က မာန်ပါပါနဲ့ ဆဲလွှတ်တယ်။ ဒါတောင် ခိုင်မြဲက▯▯▯ “ငါလှတာ မသွယ်အသီဆုံး” တဲ့။ မျက်လုံးကို မှေးတေးတေး လုပ်၊ သူ့နှုတ်ခမ်းကိုသူ လျှာနဲ့သပ်လို့ ပြောင်နေသေးတယ်။

နေပါဦးကွာအဲဒါချည်းပဲ မဟုတ်သေးဘူးလေ၊ မင်းတို့စောက်ခွက်ပြောင်မနေကြနဲ့၊ သူ့အမေက အကြွေး သုံးသောင်းတောင်တင်နေတာတဲ့။ "ဘွားတော်ကလည်းကွာ နှစ်လုံးကို အဲ့လောက်တောင် ထိုးရသလား”

ကျွန်တော်က ဝင်ပြောလိုက်တယ်။ ဒီတော့မှ ခိုင်မြဲရော၊ ဇော်ပိုင်ပါ နှစ်ကောင်စလုံး တိတ်ဆိတ်သွားတယ်။

“သုံးသောင်းကြီးကတော့ များတယ်ကွာ” လို့ ဇော်ပိုင်က ခပ်ဖြည်းဖြည်း ပြောတယ်။ အဲဒီနောက် ကျွန်တော်တို့လည်း ဘာမှမပြောနိုင်ကြ တော့ လမ်းကို ငေးတဲ့ကောင်ကငေး၊ လက်သည်းကြားက ဂျီးကို ထွင်သူက ထွင်နဲ့ ငြိမ်သက်သွားကြတယ်။ သိပ်မကြာဘူး ဖိုးသက် ရောက်လာ၊ ဆိုက်ကားပေါ်ကတောင် မဆင်းသေးဘဲ..

“ဟ ငါ့မယားသားလေးတွေ မှိုင်လှချည်လား၊ ဘာလဲ ခိုင်မြဲ မင်းစော် လင်နောက်လိုက်သွားလို့လား”

သွားကြီးစိရယ်ပြီး ဝိုင်းထဲ ဝင်ထိုင်တယ်။ ခိုင်မြဲက သူ့စော် ထိလိုက် တော့ ပက်ခနဲ ပြန်ပြောတယ်။

"မအေဘေး မင်းစော်သာ လင်နောက်လိုက်သွားတာ၊ ဒီမှာ ကျော်ဇောပြောလို့ အကုန်သိပြီးပြီ၊ သူခိုးကပဲ လူလူဟစ်လို့ စောက်ပေါ ရှက်လည်း မရှက်ဘူး”

“ငါရိုးထဲ ကျော်ဇော၊ မင်းလျှောက်ပြောပြီ”

“ဟေ့ရောင် ရှက်မနေနဲ့၊ မင်းရုပ်ဆိုးတာ တစ်တိုင်းပြည်လုံး သိတယ်ကွ၊ ရုပ်ဆိုးတာ ရှက်စရာမဟုတ်ဘူး၊ အေး… ဒါပေမဲ့ ကိုယ် ကြိုက်ခါမှ လင်နောက်လိုက်တာတော့ ရှက်ဖို့ကောင်းတယ်ကွ ဟေး ဟေ”

ခိုင်မြဲက သူ့ဟာသူ ပြောရင်း သဘောကျနေတယ်။ ဖိုးသက်ဆိုတဲ့ ကောင်ကလည်း သူ့နှိမ်လို့ နှိမ်မှန်းမသိ၊ တဟားဟားနဲ့ လိုက်ရယ်တယ်။ အရယ်ရပ်တော့ ဖိုးသက်က ကျွန်တော့်ဘက် မြားဦးလှည့်တယ်။

“ခိုင်မြဲ ဟေ့ရောင်… ဒီကောင် ကျော်ဇောကရော ဘာထူးလို့လဲဟ၊ ပြီးခဲ့တဲ့နှစ်က အဝေးသင်တက်တော့ အဲဒီကောင် စော်လေးတစ်ဖွေကို ကြိတ်ခိုက်ပြီး ပြောလည်းမပြောရဲဘူးလေ၊ စာမေးပွဲပြီးတော့ စော်လေးက လစ်သွားရော၊ မင့်ကောင် လဒထက်တောင် မှိုင်သေးတယ် အဲဒီတုန်းက”

အလှုုံခံက လော်စပီကာသံလို တစ်တိုင်းပြည်လုံး ကြားလောက်တဲ့ အသံကြီးနဲ့ အော်ပြောနေတယ်။

“ဟင် ဟုတ်လား၊ ငါတောင် မသိလိုက်ပါလား”

“မင်းသာ မသိတာ၊ အဲဒီတုန်းက ဒီကောင် ငါ့ဆိုင်မှာ လာလာ ထိုင်ပြီး စော်ပူမိနေတာ၊ အလုပ်သွားရင်လည်း တစိုက်စိုက်နဲ့ တစ်လလောက် တောင် ကြာတယ်ထင်တာပဲ””

ဇော်ပိုင်ကပါ ထောက်ခံတယ်။ ကျွန်တော်ကတော့ မသိသလို အဝေးကို ငေးနေလိုက်တယ်။ နောက်မှ.

“အဲဒါတွေက ပြီးသွားပါပြီကွာ”” လို့ အင်မတန်ကို အေးဆေးလှတဲ့ လေသံနဲ့ ပြောလိုက်တယ်။

“လုပ်စမ်းပါဦးကွ၊ ပြောစမ်းပါ ဘာဖြစ်သွားသေးတုံး”

““စော်မဟုတ်ပါဘူးကွာ.... ဒီလိုပါပဲ ဒီအတိုင်း ကြိုက်ရုံ ကြိုက်တာ ပါ၊ စကားတောင် မပြောဖူးပါဘူး””

“ဟင်.. အဲဒါဆို ကောင်မလေးက မင်း သူ့ကိုကြိုက်တာရော သိသွားရဲ့လား””

““မသိလောက်ဘူးထင်တာပဲ၊ ငါကမှ မပြောတာ၊ ဒါပေမဲ့ ခိုးခိုး တော့ ငေးကြည့်မိတာပေါ့ကွာ ဒီလောက်ပါပဲ””

““မင်းတို့နှစ်ကောင်လုံးက စောက်ရူးတွေပဲဟ၊ မင်းတို့ကိုယ်မင်းတို့ ဝေသန္တရာမင်းကြီးများ မှတ်နေကြတာလား . . .” လို့ ခိုင်မြဲက ပြောတယ်။

''ဟင်''

ဖိုးသက်က သူနဲ့ ဘာသန္တရာဆိုတာကြီးနဲ့ ဘယ်လိုမှန်းမသိလို့ ဟင် လို့ပဲ ထူးနိုင်တော့တယ်။

“ဟော့ရောင် . ဝေသန္တရာမင်းကြီးနဲ့ ဘယ်လိုဆိုင်လို့တုံး”ကျွန်တော်လည်း မေးမိတယ်။

“စကားမပြောတာလေကွာ”

ခိုင်မြဲက အ,ရန်ကောဆိုတဲ့ အကြည့်နဲ့ ကျွန်တော့်ကို ပြန်ပြောတယ်။ "မင်းအမေလင် အဲဒါ တေမိကွ” လို့ ကျွန်တော်လည်း ဆဲပစ် လိုက်တယ်။

“ဟင် ဟုတ်လား””

ခိုင်မြဲက သူ ဘာမှမပြောခဲ့သလို အချိုးချိုးပြီး ဆေးပေါ့လိပ်ကို ကောက်မီးညှိနေတယ်။ ပြီးတော့ တစ်ခုခုကို စဉ်းစားနေတာလိုလို ဘာမှ မစဉ်းစားဘဲ ငုတ်တုတ်ပဲထိုင်နေသလိုလို ငြိမ်သွားတယ်။ ဇော်ပိုင်နဲ့ ဖိုးသက် လည်း သူတို့ စတင်လိုက်တဲ့ ကျွန်တော့်စော်ဆိုတဲ့အကြောင်းကို စိတ်မဝင်စား ကြတော့ဘူး။

"ဟေ့ရောင်တွေ . . . ငါပြောဦးမယ်၊ နူတ်တော့လုံကြနော် ဘယ်သူမှသိတာမဟုတ်ဘူး၊ မင်းတို့မို့ ငါပြောပြမလို့""

ခိုင်မြဲရဲ့ ခေါင်းဟာ တိတ်တိတ်ပြောမယ့်ဟန် လက်ဖက်ရည်ဝိုင်း အတွင်းကို ခေါင်းတိုးလျှိုလာတယ်။ ဒီတော့လည်း ကျွန်တော်တို့ကပါ ဘာများတုန်းလို့ ဒီကောင့်ခေါင်းနဲ့ နီးသထက်နီးအောင် ကပ်လို့ သူ့မျက်လုံးကိုပဲ ကြည့်နေလိုက်ကြတယ်။ ခိုင်မြဲ မျက်နှာထားက တော်တော်တည်တယ်။

"ရှေ့လထဲလောက် မသွယ်ကို ခိုးပြေးတော့မယ်ကွာ။ဟေ့ရောင် တွေ မင်းတို့ ဘယ်သူ့မှတော့ မပြောကြနဲ့နော်""

"မင်းတို့ဟာက မြန်လှချည်လား မသွယ်က ခိုးခိုင်းတာလား"

အေး

ခိုင်မြဲတစ်ကောင် တကယ်အတည်ကြီး မိန်းမယူတော့မယ်ဆိုတော့ လည်း အားလုံးမှာ ဘာရယ်မဟုတ် တောင်တွေးမြောက်တွေး လျှောက်တွေး စရာတွေ ဖြစ်ကုန်ကြတယ်။ လက်ဖက်ရည်ခွက်တွေတောင် သောက်လက်စ တန်းလန်းတွေနဲ့ အပေါ်ရေကြောတွေ တင်းကုန်တယ်။

"မိန်းမယူတယ်ဆိုတာတော်တော်ခက်မယ်ထင်ထားတာကွာ၊ မင်းယူမယ်ဆိုတော့လည်း လွယ်သလိုကြီးပါပဲလား၊ ခိုးတဲ့နေ့ကျ ငါတို့လည်း ပြောဦးနော် ဟေ့ရောင် အထုပ်လိုက်ထမ်းပေးမယ်လေ"

အတော်ကြီးကြာအောင် ငြိမ်နေပြီးခါမှ ဖိုးသက်က အတော်ကြီးကို သတိနဲ့

ပြောပုံမျိုးနဲ့ ပြောလိုက်တယ်။

ခိုင်မြဲ မိန်းမခိုးလို့ အထုပ်ထမ်းပေးရတာကနောက်၊ အဲဒီမတိုင်ခင် ကလေး ဖိုးသက်နဲ့ပတ်သက်လို့ ခိုင်မြဲနဲ့ ကျွန်တော့်မှာ ဒေါသထွက်ရမှာလိုလို၊ ရယ်ရမှာလိုလို အဖြစ်ကလေးတစ်ခု ကြုံရသေးတယ်။ ဖိုးသက်ဟာ သူ့အမေ အကြွေးတွေဆပ်ဖို့ရယ်၊ ဈေးပြန်ရောင်းဖို့ အရင်းအနှီးရဖို့ရယ် သူ့ဆိုက်ကားကို ရောင်းလိုက်ရတယ်။ ဒီလိုဆိုတော့လည်း ဖိုးသက်အမေက…

"ဖိုးသက်ရယ်.... ဒီတစ်ခါတော့ ငါ နှစ်လုံးမထိုးတော့ပါဘူး ကတိပေးပါတယ်"" လို့ ပြောသေးသတဲ့။ ဖိုးသက်ကတော့ သိပ်တွေးမနေ ပါဘူး။ သူ့အမေနဲ့ သူ နှစ်ယောက်ရှိတာ၊ ဘာဖြစ်ဖြစ် ထမင်းငတ်စရာတော့ မရှိဘူး။ နောက်တော့ နောက်ရောက်ရားပေါ့ဆိုတဲ့ပုံမျိုး။

ဆိုက်ကားကို ရောင်းလိုက်ရတယ်ဆိုပေမယ့်လည်း အုံနာ တစ်ယောက်ဆီကနေယူပြီး အုံနာကြေးပေးလို့ ဆိုက်ကားပဲ ပြန်နင်းနေလို့ ရနေတာပဲ။ အုံနာကြေးမှ တစ်ရက် သုံးရာလား ပေးရတယ်။ သိပ်မဆိုးသေး ပါဘူးပေါ့။ ဖိုးသက်နဲ့ ပတ်သက်လို့ ကျွန်တော်နဲ့ ခိုင်မြဲ ပြဿနာတက်ရတဲ့ ကိစ္စဆိုတာက ဒီလို။ တစ်ရက်မှာတော့ ဖိုးသက်ဟာ နေ့လယ်ခင်းကြီး သောက်ပြီး တော်တော်မူးနေတယ်။ ဒီကောင် နေ့လယ်နေ့ခင်းကို ရှံဖန်ရှံခါ သောက်တတ်နေပြီ။ ဆိုက်ကားကို ဇော်ပိုင်ဆိုင်ရှေ့ထိုး၊ ဆိုက်ကားခုံပေါ် ဇက်ကြီးကျိုးလို့ အိပ်ပျော်နေလေရဲ့။ နေ့လယ် နှစ်နာရီခွဲ သုံးနာရီလောက် နေတော့ ဇော်ပိုင်က မနေနိုင်တော့ဘူး။ ခိုင်မြဲလည်း အဲဒီအချိန်ဆို သတင်းစာ ပို့ရာက ပြန်ရောက်ပြီမို့ ကျွန်တော်နဲ့ ခိုင်မြဲတို့ ဖိုးသက်ကို အိမ်ပြန်လိုက်ပို့ကြဖို့ ခိုင်းတယ်။ ဖိုးသက်ကလည်း ဘယ်လိုမှကို နှိုးလို့မရဘူး။ ဒီအတိုင်းဆို တော်တော်နဲ့ နိုးမှာလည်း မဟုတ်ဘူး။ သူက ညနေစောင်းကျရင် သူ့အမေနဲ့ ဆိုင်ဂျူတီချိန်းတော့မှာလေ။ ဒီတော့ မင်းတို့ပဲ သူ့ဆိုက်ကားကိုနင်း၊ အိမ်သာ ပြန်လိုက်ပို့လိုက်ကြတော့ကွာ တဲ့။

ကျွန်တော်တို့လည်း ပြန်ပို့ကြဖို့လုပ်တယ်။ ခိုင်မြဲက တစ်ခါတလေ ဖိုးသက်ဆိုက်ကားကို တက်တက်ခွဖူးလို့ အဖြစ်ကတော့ နင်းနိုင်တယ်။ ကျွန်တော်က နောက်ခုံကထိုင်၊ ဖိုးသက်ကို ရှေ့ဟပ်ထိုးကျမသွားအောင် ထိန်းထားပေါ့။ အလုပ်ဖြစ်ပါတယ်။ ဖိုးသက်အိမ်ကို သွားကြတာပေါ့။ ဟိုရောက်တော့ သူ့အမေက အိမ်ပေါ်မှာ ထိုင်နေရင်းနဲ့ပဲ……

"ဟယ် ဒီကောင် နေ့လယ်ဘက်ကြီး မသောက်ပါနဲ့ဆိုတာကို သောက်လာပြန်ပြီ၊ ဒင်းတော့ ဒါနဲ့ သေမှာပဲ" လို့ မြည်တွန်တောက်တီးနေ တယ်။ ကျွန်တော်တို့ကိုလည်း "ကျေးဇူးပဲနော်" လို့ ဆိုတယ်။ ကျွန်တော် တို့လည်း အလိုက်တသိပဲ ပုဆိုးသေချာစည်း၊ အိမ်ပေါ်တွဲတင်၊ ခေါင်းအုံးနဲ့ ကျကျနန ချပေးခဲ့တယ်။ ဒင်းကတော့ ပါးစပ်ကနေ လေတဟူးဟူးမှုတ်လို့ အရက်နံ့နဲ့ အာပုပ်နံ့ ရောလွှတ်လို့နေတယ်။ သူ့အမေက…

""ဆိုက်ကားကိုလည်း အုံနာဆီ ငါ့တူတို့ပဲ ပြန်ပို့ပေးပါလားကွယ်"" ခိုင်းပြန်တယ်။

"အုံနာက ဘယ်နားလဲ အဒေါ်ရဲ့ ကျွန်တော်တို့ သေချာမသိဘူး" ခိုင်မြဲ မေးတယ်။

အမှတ်ငါးရပ်ကွက်ထဲလေ၊ အဲဒီဆိုက်ကားမှာရေးထားတဲ့ နာမည်ပဲ စူပါတဲ့၊ စူပါဆိုရင် အဲဒီတစ်ရပ်ကွက်လုံး သိပါတယ်""

"ဟုတ် ဟုတ် ဟုတ်ကဲ့"

ကျွန်တော်တို့လည်း ဇော်ပိုင့်ဆီပဲ ထွက်ခဲ့တယ်။ လမ်းကျမှ ကျွန်တော် လည်း ခိုင်မြဲကို မေးလိုက်တယ်။

"ဟေ့ရောင် . . . အုံနာခလည်း မပေးလိုက်ဘူးနော်"

"အေး… ဟုတ်သား၊ ထားပါတော့ကွာ ငါပဲ စိုက်ပေးလိုက်ပါ တော့မယ်"

ဇော်ပိုင့်ဆီရောက်တော့ ဆိုက်ကားကို ဆိုင်ရှေ့ခဏရပ်၊ ဇော်ပိုင်နံ့ဘေး

နှစ်ယောက်သား ဝင်ထိုင်ကြတယ်။

"ဘွားတော်က အုံနာခလည်း မပေးလိုက်ဘူးကွ၊ ဆိုက်ကားက ပြန်ပို့ရဦးမယ်"" လို့ ခိုင်မြဲက လေအေးအေးနဲ့ ပြောတယ်။

"ဟော့ရောင် စောသေးတယ်ဟ၊ ပုံမှန်ဆို ဒီကောင်တွေ ခြောက်နာရီ လောက်ကျမှ ပြန်အပ်ကြတာ၊ ကြားထဲ ပါစင်ဂျာလာရင် မင်းတို့နင်းပေါ့ကွာ"

ကျွန်တော်ရယ် ခိုင်မြဲရယ်က တစ်ပြိုင်တည်း

"ဟုတ်သားပဲဟ" လို့ ပြောကြရင်း ပျော်သွားတယ်။ ပျော်သွား တယ်ဆိုတာက ပါစင်ဂျာများရရင် အုံနာခ စိုက်ပေးစရာမလိုတော့တာ ကြောင့်တို့၊ အုံနာခထက် ပိုရရင်ရဦးမှာတို့လို ပိုက်ဆံကြောင့်တော့ မဟုတ်တာ သေချာတယ်။ မလုပ်ဘူးတဲ့ အလုပ်တစ်ခုကို ကိုယ့်သဘောနဲ့ကိုယ် လုပ်ခွင့်ရ မှာမို့ပဲ။ အခကြေးငွေယူပြီး ဆိုက်ကားနင်းပို့ရတာမျိုးဟာ ဘယ်လိုရှိပါလိမ့်လို့ တွေ့ကြုံချင်စိတ်ကလေးနဲ့ ပျော်သွားတာပဲ။

ဒီတော့လည်း ကျွန်တော်တို့နှစ်ယောက်သား ဆိုက်ကားပေါ် လူမရှိ လို့ ဆိုက်ကားသမားမရှိဘူးထင်ပြီး ကျော်သွားမှာစိုးလို့ ဇော်ပိုင့်ကွမ်းယာခုံကနေ ဆိုက်ကားပေါ် ပြန်ဆင်းထိုင်လိုက်ကြတယ်။ ခိုင်မြဲက ဆိုက်ကားနင်းတဲ့ နေရာမှာ။ ကျွန်တော်က ပါစင်ဂျာထိုင်တဲ့ခုံမှာ မိန့်မိန့်ကြီး။ အကြောင်းကလည်း တိုက်ဆိုင်ချင်တော့ ဘာမှတောင် မကြာလိုက်ဘူး။ ဆိုင်ရှေ့ လူတစ်ယောက် ရောက်လာတယ်။ ကျွန်တော်တို့ကို ပေစောင်းစောင်းနဲ့ကြည့်ပြီး အူတူတူ မျက်နှာပေးနဲ့ ဆိုက်ကားအားလားတဲ့ မေးပါလေရော။ ခိုင်မြဲက ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြုံးလိုက်တာများ ဒီကောင့်နှုတ်ခမ်းသားတွေဟာ ထူတဲ့အပြင် ပါးစပ်ပေါက်ကြီးကလည်း တော်တော်ကျယ်တာပဲ၊ သူ့အပြုံးကြောင့် သူ့ပါးစပ်ပြဲကြီးဟာ သူ့မျက်နှာကို နှာခေါင်းနဲ့ မေးစေ့နယ်ရယ်လို့ ခွဲခြား သတ်မှတ်လိုက်တဲ့အတိုင်းပဲ။ မျက်နှာပြည့် အပြုံးကြီး။

"အားတယ်ဗျ ဘယ်သွားမလို့လဲ"

ခိုင်မြဲက ဖြေတယ်။

"အရှေ့ဘက်ထဲကွာ ရဲစခန်းနားပေါ့"

"ငါးရာတော့ ပေးရမယ်ဗျ"

ခရီးအကွာအဝေးကိုတွက်ဆလို့ တကယ့်ဆိုက်ကားဆရာကြီးဂိုက်နဲ့ ခိုင်မြဲက ပြောတယ်။

"ပေးပါ့မယ်ကွာ.. လာပါ သွားကြရအောင်""

ဟိုလူကလည်း ဈေးမဆစ်ဘူး။ ပါစင်ဂျာခုံကနေ ကျွန်တော် မတ်တတ်ရပ်ထထွက်လိုက်တာနဲ့ ခုံပေါ် ဟန်ကျပန်ကျ တက်ထိုင်လိုက်တယ်။ ကျွန်တော်ကလည်း မနေနိုင်ဘူး။ ဆိုက်ကားမနင်းတက်ဘူးဆိုပေမယ့် လိုက်ချင်တယ်။

"ခိုင်မြဲ ငါပါလိုက်ခဲ့မယ်ကွာ""

"ဟ.. ငါက မင်းကိုပါ တင်နင်းနေရမှာပေါ့"

"ငါလည်း လိုက်ချင်တာပေါ့ကွ၊ တစ်ယောက်တစ်လှည့် နင်းမယ် လေ၊ ငါလည်း နည်းနည်းတော့ နင်းတက်ပါတယ်ကွ"

ခိုင်မြဲက အင်တင်တင်လုပ်နေလို့ ကျွန်တော်ကလည်း စွတ်ပြော တယ်။ ဆိုက်ကားပေါ် မိန့်မိန့်ကြီးထိုင်နေတဲ့လူက ကျွန်တော်တို့ကို စိတ်ရှည်ပုံ မရဘူး။

"လာ လာ မင်းပါလိုက်ခဲ့" တဲ့ သူကပါ လိုလိုချင်ချင် ခေါ်နေ သေးတာနဲ့ ကျွန်တော်လည်း ခိုင်မြဲဆီက စကားပြန် စောင့်မနေတော့ဘူး။ နောက်ခုံပေါ် ကောက်တက်လိုက်တော့တာပဲ။ ခိုင်မြဲက ဇော်ပိုင့်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"ဟေ့ရောင် . . . ငါ့စက်ဘီးလေးကြည့်ထားဦးနော်" လို့ ပြောရင်း အထွက်မို့ ဆိုက်ကားကို မတ်တတ်ရပ် အားစိုက်နင်းရင်း ထွက်ခဲ့တယ်။ ကျွန်တော်ကတော့ နောက်ခုံကနေ ဇော်ပိုင့်ကိုတောင် တာတာ့ပြခဲ့သေးတယ်။ ဘာရယ်မဟုတ် ပျော်လို့။

"မင်းတို့က ဘယ်မှာနေတာလဲကွ"

ဟိုလူက စကားစမြည်ပြောလိုဟန်နဲ့ ခိုင်မြဲကို မော့ကြည့်ရင်း မေးတယ်။ ခိုင်မြဲခမျာ ခုမှ ဘီးလိမ့်ကာစမို့ မဖြေနိုင်ရှာဘူး။ နေက မကျသေး တော့ ပူတုန်းလောင်တုန်း၊ ဆံပင်အလယ်ခွဲဟာ နဖူးပေါ် ခွေခွေကလေးကျနေရင်း နဖူးပေါ်က ချွေးစေးတွေနဲ့ ပွတ်တိုက်လို့နေတယ်။ နှစ်ယောက်မို့နဲ့တူပါရဲ့ ဒီကောင့်မှာ ကောင်းကောင်း ထိုင်မနင်းနိုင်သေးဘူး။ တစ်ချိန်လုံး ခါးကြီးကုန်း၊ ခေါင်းငုံ့လို့ တအင်းအင်းနဲ့ မတ်တတ်နင်းနေရတာ။ ကျွန်တော့် ကိုယ်ခန္ဓာက အလေးချိန် ပေါင်တစ်ရာတောင် ကောင်းကောင်းမပြည့်ချင်ပေ မယ့် နောက်ကနေ အားနာလို့တောင်နေပါတယ်။ ဟိုလူကတော့ စကားပြန်မရ လို့ ဘာမှမပြောတော့ဘူး။ ငြိမ်ပြီးပဲ လိုက်ပါနေရာက ရဲစခန်းအနား ရောက်ခါနီးတော့ . . .

“အမှတ်ငါးထဲပဲ သွားတော့မယ်ကွာ” လို့ ပြောတယ်။ ခိုင်မြဲက ဒေါသထွက်သွားပုံပဲ။

“ခင်ဗျား အဲဒါဆိုရင်တော့ ခုနစ်ရာ ပေးရမယ်နော်”

မောသံကြီးနဲ့ ခပ်ထန်ထန် ပြောတယ်။ ကျွန်တော်လည်း မျက်နှာငယ် ကလေး သေချာလုပ်ပြီး…

“ခိုင်မြဲ ငါ နင်းရတော့မလား”” လို့ မေးမိတယ်။ မအေဘေးက ဘာမှပြန်မပြောတဲ့အပြင် လှည့်တောင်မကြည့်ဘူး။

“ခုနစ်ရာဆိုလည်း ခုနစ်ရာပေါ့ကွာ”

ပါစင်ဂျာလူရဲ့ ပြောတဲ့လေသံက မခန့်လေးစားနဲ့မို့ ကျွန်တော်တောင် နောက်ကနေ စိတ်တိုမိသွားသေးတယ်။ ဒီဘဲတော့ ငါတို့များ ပိုက်ဆံပေးတိုင်း ခိုင်းလို့ရမယ့်ကောင်စားတွေ ထင်နေသလား မသိဘူး။ ခိုင်မြဲကတော့ တအိအိ နဲ့ နင်းနေဆဲ။ ဘာတွေတွေးနေမယ်တော့ မသိဘူး။ ကျွန်တော်ကတော့

ဖိုးသက်ဆိုတဲ့ကောင် လူပုံကြည့်တော့ ကျွန်တော့်လို ပိန်ညှောင်ညှောင်ရယ်၊ ဆိုက်ကားနင်းစားနိုင်သားဟ။ လွယ်တော့ မလွယ်ဘူးပဲလို့ တွေးနေမိတယ်။ ဖိုးသက်က ကျွန်တော့်ထက်တောင် ပိန်ဦးမယ်၊ သူကအရပ်က နည်းနည်း ပိုရှည်တာကိုး။ ဆိုက်ကားက အမှတ်ငါးရပ်ကွက်ထဲ ဝင်လာတယ်။

"ဟော ...ဟိုရှေ့က ခြံထဲဝင်လိုက်""

ခြံတစ်ခြံကို လက်ညှိုးထိုးပြတယ်။ ခြံထဲ ဆိုက်ကားတွေလည်း မနည်းပါလားလို့ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ ခိုင်မြဲကတော့ဘာကိုမှ ဂရုမစိုက်နိုင်ပုံပဲ။ ခြံထဲထိ နင်းပြီး အဝ ကလေးတင် ရပ်လိုက်တော့ ဟိုလူက ဆင်းတယ်။

"ဝင် ဝင်၊ ဟိုဘက်အထိဝင်ပြီး ဆိုက်ကားထိုးလိုက်""

ခြံထဲမှာ ဂင်တိုတို၊ ဂိုက်ကောင်းကောင်း၊ ဆေးမင်ကြောင်နဲ့ နှစ်ယောက်သုံးယောက်ကလည်း ကျွန်တော်တို့ကို ကြည့်နေတယ်။ ဒါပေမဲ့ မမြင်သလိုပဲ။ ကျွန်တော်ကတော့ သဘောပေါက်သွားပါပြီ။ အိမ်ရဲ့ လှေကားတက်နံဘေးက ထရံပေါ်မှာ ဆိုင်းဘုတ်ကို တွေ့လိုက်ရတာကိုး။ "စူပါ" တဲ့။ ရပ်ထားတဲ့ ဆိုက်ကားတွေအားလုံးကလည်း ဘော်ဒီမှာ စူပါ ဆိုတဲ့ စာတန်းစတစ်ကာလေးတွေ ကပ်ထားတာတွေချည့်။ ခိုင်မြဲကို လှမ်းကြည့်တော့ ခိုင်မြဲဟာ ဘာကိုမှ ရိပ်မိပုံမပေါ်ဘူး။ ပုဆိုးကိုဖြေလိုက်ပြီး မျက်နှာ ချွေးသုတ်ကောင်းတုန်း။

"ဟဲ မင်းတို့ပြန်တော့ ငါ့နာမည် စူပါပဲ"

ပြောတော့ ခိုင်မြဲက လက်တစ်ဖက်က ခါးပုံစကို ကိုင်ထားရင်း ခေါင်းကလေး ငဲ့စောင်းပြီး နားကို စူပါဆိုတဲ့ လူအနားကပ်လိုက်တဲ့ဟန် ကြောင်တောင်တောင်နဲ့ . . .

“ဘယ်လို ဘယ်လို ဆိုက်ကားခပေးဦးလေ”” တဲ့ ပြောနေသေး တယ်။ ဒီကောင် နဝေတိမ်တောင်ဖြစ်နေတုန်း။

“ဟား ဟား မင်းတို့ကို ရဲလက် တစ်ခါတည်းအပ်မလို့ သနားလို့ အိမ်ပဲ ပြန်မောင်းခိုင်းတာ၊ ဆိုက်ကားခတောင် တောင်းနေလိုက်သေးတယ် မင်းက၊ မျက်ပြူးနဲ့ မင်းတို့ ဘာတော်လဲ””

“ဘယ်က မျက်ပြူးတုံး”

“ဘယ်က မျက်ပြူးရှိရမှာလဲ၊ ဒီဆိုက်ကားနင်းတဲ့ကောင်ပေါ့ဟ”

“ဩော် ဖိုးသက်ကို ပြောတာလား၊ အာ… နေစမ်းပါဦး စကားတစ်ဝက်တစ်ပျက်ဆိုရင်းမှ ခိုင်မြဲဟာ ထရံပေါ်က ဆိုင်းဘုတ်ကို မြင်သွားတယ်။ “ဟာကွာ….” လို့ တစ်ချက်ညည်းညူတယ်။

“ခင်ဗျား ဒီလိုလုပ်လို့မရဘူးလေ ခင်ဗျားဆိုက်ကားဆို ကတည်းက ပြောပါလားဗျ၊ ကျုပ်က ခင်ဗျားကို နင်းပို့လာရတာ၊ ခင်ဗျား လူလည်ကျတာပဲ၊ ပေဟေ့လူ ခင်ဗျားဆိုက်ကားခပေး””

ခိုင်မြဲ ပေါက်ကွဲတော့တယ်။ ဒီကောင်ဒေါသထွက်တာ သိသာနေ ပြီ။ ကျွန်တော်လည်း ခိုင်မြဲအနားကပ်ပြီး. . .

“ပြန်ရအောင် ခိုင်မြဲရာ”” လို့ ချော့ပြော ပြောရတယ်။

“မပေးတော့ မင်းက ဘာလုပ်ချင်တုံး၊ မင်းကို တစ်ခါတည်း အချုပ်ထဲဆွဲထည့်လို့ရတယ်ကွ၊ ရဲတွေဆိုတာ ငါ့ကောင်တွေချည်းပဲ၊ မေးကြည့် ဦးကွ ငါ့နာမည် စူပါ၊ သနားလို့ အိမ်နင်းခိုင်းတာကို ရောင့်မတက်နဲ့နော်၊ မေးကြည့်လိုက်ဦး ငါ့အကြောင်းကို။ ဆိုက်ကားယူနင်းရင် ဟိုလူဒီလူ တွေ့တွေ့ သမျှလူ တက်ခွလို့ မရဘူးကွ။ တစ်ယောက်တည်း နင်းရတယ်၊ မင်းနားလည် လား

စူပါဆိုတဲ့လူဟာ အော်ကြီးဟစ်ကျယ် ကောတော့တာပါပဲ။ ခြံထဲက လူမိုက်ရုပ်နဲ့ လူတွေကပါ ကျွန်တော်တို့ကို ရှိုးနေတယ်။ မိုက်ကြည့်တွေနဲ့။ ကျွန်တော်လည်း မနေနိုင်တော့ဘူး။

"လာပါကွာ ခိုင်မြဲရာ သွားရအောင် လာစမ်းပါ"" လို့ စွတ်အတင်း ဆွဲခေါ် ထွက်လာခဲ့တော့တယ်။ ခိုင်မြဲဟာ ယက်ကန်ယက်ကန်နဲ့ ပါလာ တယ်။ ဆိုက်ကားနင်းထားရလို့ မောကလည်းမောဆိုတော့ သူ ဒေါသ ထွက်လည်း ထွက်စရာပဲကိုး။ သူ့မှာ မကျေနပ်နိုင်သေးဘူး။

""လာစမ်းပါကွာ ဒီဘဲကို ပြန်လိုက်ပို့ခိုင်းမယ်"" တဲ့။ ပြန်သွားမယ် လုပ်နေသေးတယ်။ ကျွန်တော်လည်း ဒီကောင့်ကို လက်ကမလွှတ်တမ်းကို ဆွဲရင်း ထွက်လာတာပေါ့။ တစ်လမ်းလုံး တောက်တစ်ခေါက်ခေါက်နဲ့ပဲ။

ဇော်ပိုင့်ဆိုင်ရောက်တော့ ဇော်ပိုင်က…

"ဟေ့ရောင်တွေ ဆိုက်ကားရော" တဲ့ မေးနေသေးတာ။ ကျွန်တော်ကပဲ ဖြစ်ကြောင်းကုန်စင် အကုန်ရှင်းပြရတယ်။မအေဘေး ဇော်ပိုင်အလိုက်ကန်းဆိုးမသိ ရယ်လိုက်တာဆိုတာ။ ကွမ်းဖတ်တောင် သီးနေ သေးတယ်။ ပထမတော့ ခိုင်မြဲက မှုန်ကုပ်ကုပ်နဲ့ ဇော်ပိုင်ရယ်တာကို ကြည့်နေ သေးတယ်။ နောက်တော့ သူပါ လိုက်ရယ်ပါလေရော။

"ငါရိုးမကွာ…. တိုက်ကြေးလေးများရမလားလို့ လိုက်ပို့ပါတယ် အံ့နာနဲ့ လာတိုးနေရတယ်လို့""

သူဟာသူလည်း ပြန်ပြောပြီး ရယ်တယ်။ ကျွန်တော်လည်း ဘယ်နေနိုင်ပါတော့မလဲ။ ကျွန်တော်တို့မှာ ခုနကတော့ စိတ်တိုပြီး ဒေါသ ထွက်ရလွန်းလို့ ဆိုပေမယ့် ခုတော့လည်း အကြီးအကျယ် ရယ်စရာရနေတယ်။

"နှမဇောင်းကြီးက ဒါကြောင့်မို့ ငါတို့ကို စျေးတောင် မဆစ်ဘူး" လို့ ရယ်ရင်းပြောရတယ်။ "အံမာ ရဲလက်တောင် အပ်ဦးမလို့တဲ့ဟ

ခိုင်မြဲက ရယ်လွန်းလို့ ဗိုက်ကို လက်နဲ့ထောက်ထားရင်း ပြောသေး တယ်။ မျက်ရည်တွေလည်း ထွက်လို့။ ဗိုက်တွေအောင့်လာလို့ တော်ပါတော့ ကွာလို့ အချင်းချင်း တားယူရတဲ့အထိ။

"ခွေးသူတောင်းစား ဖိုးသက်၊ ဒင်းကတော့ သိမှာမဟုတ်ဘူး၊ ငါတို့မှာသာ ဒုက္ခတွေများလို့"

ခိုင်မြဲက ရယ်ရင်း ဖိုးသက်ကို ကျိန်ဆဲနေလိုက်သေးတယ်။

အစ်ကိုက သူ့အလုပ်မှာ ဝင်လုပ်ပါ လူလိုနေ တယ် ပြောတုန်းက "ဒီပြင်အလုပ်ရှာပါဦးမယ်ကွာ" လို့ ပြောခဲ့ပေမယ့်လည်း အလုပ်မရှိတာ သုံးလနီးနီးဖြစ်လာ တော့ အမေ့ကိုလည်း အားနာလာတာနဲ့ ……

"မင်းအလုပ်မှာပဲ လုပ်တော့မယ်ကွာ ငါ့ပြောပေး ဦး" လို့ တစ်နေ့မှာ ပြောလိုက်တယ်။ ဒါပေမဲ့ ခက်တာ က နေ့အလုပ်ကတော့ ပြီးခဲ့တဲ့လကပဲ လူအသစ်ဝင်သွား ပြီမို့ မရနိုင်တော့ဘူးတဲ့။ ပြောတော့ကြည့်မယ်၊ ညစောင့် အလုပ်တော့ သေချာတယ်လို့ ပြောတယ်။

သူတို့ရဲ့ ခြံအလုပ်သမားခေါင်း နာမည်က ကျော်ဆွေ တဲ့။ မျက်နှာပေါက်ခပ်ဆိုးဆိုး၊ ပုကွကွ၊ ဝဝ၊ ဂင်တိုတို၊ လမ်းလျှောက်ရင် ခြေဖျားကလေးတွေကို ခတ်ခတ်ပြီး လျှောက်တတ်တယ်။ အဲ့လိုလျှောက်တာ စတိုင်ကျတယ်လို့ ထင်နေပုံပဲ။ သူနဲ့ အင်တာဗျူး သဘောမျိုး သွားတွေ့တော့ အလုပ်လုပ်ချင်စိတ် တစ်ဝက် လောက် လျော့သွားတယ်။

ငါကိုယ်တိုင်က အလုပ်လုပ်ချင်စိတ်မရှိလေတော့ ဘယ်လိုအလုပ်ရှင်မျိုးကိုပဲ တွေ့တွေ့ အလိုလိုသဘောမကျတာစိတ် ဖြစ်တာမျိုးပဲနေမှာပါလို့ ကိုယ့်ကိုယ် ကိုယ်ပဲ ချိုးနှိမ်လိုက်တယ်။ ဒါပေမဲ့ ကျော်ဆွေရဲ့ စကားပြောပုံက အတော့်ကို ဆိုးဆိုးဝါးဝါး တင်စီးလွန်းလို့

စကားလုံးတွေချည်းသက်သက်နဲ့ နရင်းတွေ ဖြတ်ရိုက်နေသလိုပဲ။

"ညစောင့်ဆိုတာ အကျင့်စာရိတ္တကောင်းဖို့လိုတယ်၊ တွေ့သမျှ သူခိုးဂျပိုး အလုပ်လျှောက်ခန့်လို့ ဖြစ်တာမဟုတ်ဘူး နားလည်လား"" တဲ့။ ကျွန်တော့်မျက်နှာကိုကြည့်ပြီး ကျွန်တော့်အစ်ကိုကို ပြောတယ်။ တကယ်တော့ အစောကတည်းက ကျွန်တော့်အစ်ကိုက "ကျွန်တော့်ညီအရင်းပါ။ ခြံထဲ ညစောင့်လုပ်ချင်ပါတယ်" လို့ သူ့ကို ပြောထားပြီးသား။ အဲဒီလို ပြောထားပါ လျက်နဲ့ သူခိုးဂျပိုးကို အလုပ်လျှောက်ခန့်လို့မရဘူး ဘာညာပြောတော့ ကျွန်တော့်အစ်ကိုမှာ အောင့်သက်သက်ဖြစ်၊ မျက်နှာပျက်ပျက်နဲ့ပဲ နောက်တစ်ခါ ထပ်ပြောရပြန်တာပေါ့။

""ဒါ ကျွန်တော့်ညီပါ ... ကျွန်တော်အာမခံပါတယ်။ ပညာ အရည်အချင်းကလည်း အဝေးသင်တက်နေတာ""

"အေးလေ မင်းညီဆိုတော့လည်း ထားပါတော့" လို့ ကျွန်တော့် အစ်ကိုက ပြောရင်း တစ်ဆက်တည်း ကျွန်တော့်ဘက် လှည့်လို့ ပြောတယ်။

""ညနေ ခြောက်နာရီခွဲဆိုရင်ဝင်၊ မနက်ခုနစ်နာရီထွက်၊ ကိုယ့်အိပ်ရာ လိပ် ကိုယ့်ဘာသာယူလာ၊ အဝင် အထွက် သေချာလက်မှတ်ထိုး၊ ခဏ ခဏဝင်၊ ခဏ ခဏထွက်လုပ်လို့တော့မရဘူးနော် သာလာယံဇရပ် မဟုတ်ဘူး""

"ဟုတ်ကဲ့ ခင်ဗျ" လို့ ကျွန်တော်လည်း ကျိုးကျိုးနွံနွံလေသံနဲ့ ဖြေပါတယ်။

"ဒီနေ့ည စဝင်ပေါ့"

အလုပ်ရှင်က ပြောပြီး တစ်ဖက်လှည့်သွားလို့ ကျွန်တော့်အစ်ကိုက.."သွားဦးမယ် အစ်ကို"" လို့ ပြောလိုက်တယ်။ နောက်ကို လှည့်မကြည့်ဘဲ လက်တင်ခါပြလိုက်လို့ ကျွန်တော်တို့ ညီအစ်ကိုလည်း တိတ်တိတ်ဆိတ်ဆိတ်ပဲ ထွက်လာခဲ့ကြတော့တယ်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ဟာ တစ်အိမ်တည်း အတူနေကြတယ်ဆိုပေမယ့် ဘယ်လောက်အထိ ဝေးကွာကြသလဲဆိုတာ အဲဒီခြံကျယ် ကြီးမှာ အလုပ်အတူတူလုပ်ရတော့မှ ပိုနားလည်ရပြန်တယ်။ အရင်တုန်းက စက်ရုံမှာလုပ်ခဲ့စဉ်၊ ဆေးရုံလုပ်ခဲ့စဉ်တွေမှာတုန်းက တစ်ခါတလေ ကျွန်တော့် အစ်ကိုကမှ ကျွန်တော့်ကို "ဘယ့်နှယ်လဲ မင်းအလုပ် အဆင်ပြေရဲ့လား" လို့ မေးခဲ့ဖူးသေးတယ်။ ကျွန်တော်ကတော့ သူ့အလုပ်နဲ့ ပတ်သက်လို့ ဘာဆိုဘာမှ မသိဘူး။ တစ်ခါမှလည်း မမေးဖူးဘူး။ မေးဖို့ကလည်း တစ်အိမ် တည်းဆိုပေမယ့် မျက်နှာချင်းဆိုင် ထိုင်ရခဲလှတယ်။ သူ အိမ်ပြန်လာတဲ့ အချိန်ကလည်း နေ့လယ်၊ ည ထမင်းစားချိန်လောက်ပဲလေ။ နေ့ဘက်ဆိုရင် ဥယျာဉ်မှူး၊ ပန်းစိုက်၊ ရေလောင်း၊ မြက်ရိတ် လုပ်တယ်။ ညဘက်ဆိုရင် အဲဒီခြံမှာပဲ ညစောင့်လုပ်တယ်။ ဒီလောက်ပဲ ကျွန်တော်သိတယ်။

ကိုယ်ကိုယ်တိုင် အဲဒီခြံကြီးထဲ ညစောင့်လုပ်မယ်။ ခြံခေါင်းဆိုတဲ့လူ ကို အလုပ်ခန့်ပါမည့်အရေး ခြံထဲဝင်ပြီး တွေ့ဖို့သွားတော့မှ ခြံကြီးက ကြီးလှ ချည်လား ဘယ်လိုသူဌေးတွေကများ ဒီလောက်အကျယ်ကြီးနဲ့ နေကြပါလိမ့်။ လူတစ်ယောက်တည်းက ပိုင်တာပဲလား စသဖြင့် ဇဝေဇဝါ အူလည်လည်ပဲ။ တကယ်တော့ ခြံကြီးဟာ အဲဒီအချိန်က ကျွန်တော်တို့နိုင်ငံရဲ့ ထိပ်သီး အာဏာရှင်ကြီးတစ်ယောက်ရဲ့ အိမ်ခြံဝင်းကြီး။ ဒါပေမဲ့ အဲဒီအာဏာရှင် ငတိကြီးတော့ မနေပါဘူး။ ကျွန်တော်လုပ်ခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း မှာလည်း တစ်ခါမှလည်း မလာဖူးပါဘူး။ ဒါဆိုရင် ခြံထဲက အယောက် သုံးဆယ်လောက်ရှိမယ့် အလုပ်သမားတွေကို ဘယ်လိုများ လစာပေးသလဲ။ ဘယ်သူက ပေးသလဲ။ သိချင်စရာ မေးခွန်းတွေမှ အများကြီးပဲ။

ကျွန်တော် အလုပ်ဝင်ပြီး တစ်လလောက်နေတော့ ကျွန်တော်တို့ အရပ်သားညစောင့်တွေနဲ့တင် မလုံလောက်ဘူးလို့ ထင်သလား မပြောတတ် ပါဘူး။ မြို့အခြေစိုက်စစ်တပ်က တပ်စုကလေးတစ်စုပါထင်ပါရဲ့။ ဗိုလ်တစ်ယောက်နဲ့ စစ်သားဆယ်ယောက်၊ နေ့ည လုံခြုံရေးအတွက် လက်နက် အပြည့်အစုံနဲ့ လာနေကြတယ်။ ကျွန်တော် အလုပ်ထွက်ပြီးတဲ့နောက်လည်း အဲဒီတပ်စုကလေးက ရှိနေခဲ့တုန်းပဲ။

ခြံကျယ်ကြီးတစ်ခုလုံးရဲ့ ကုန်ကျစရိတ်အားလုံးကို ဝန်ကြီးဌာနတစ်ခု က

ကျခံတယ်။ ခြံအလုပ်သမားခေါင်း ကျော်ဆွေဆိုတဲ့ ငနဲက အဲဒီ ဝန်ကြီးဌာနက ရုံးအကူသာသာ ရာထူးကလေးပဲရှိတယ်။ သို့သော် ခြံထဲမှာ တော့ သူ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပဲ။ မထင်ရင် မထင်သလို ဆဲဆို ကြိမ်းမောင်းတတ်၊ အလုပ်ထုတ်တတ်လွန်းလို့၊ သူ့မျက်နှာကြည့်နေရတာနဲ့တင် အလုပ်က မတွင်လှပါဘူး။ သူ့ရဲ့ ကြည်ဖြူမှုကို ရရှိရင်တော့ အဲဒီ ကျယ်ဝန်း လှတဲ့ ခြံကြီးရဲ့ သစ်ပင်ကြီးတွေ အရိပ်အောက်၊ သစ်ရွက်ကြွေနဲ့ မြကမ္ဗလာ မြက်သားပြင်ပေါ် လောကစည်းစိမ်ဆိုတာကို ခံစားဖို့ ပေတေအိပ်နေလည်း မှုစရာမရှိဘူး။ သို့သော်လည်း သူနဲ့ အဲဒီလို အပေးအယူတည့်၊ မျက်နှာသာ ပေးမှုကို ရတဲ့သူတွေဆိုတာလည်း အရွယ်စုံတဲ့ မိန်းမအလုပ်သမားတွေပဲ ရှိလိမ့်မယ်။ ယောကျ်ားအလုပ်သမားတွေနဲ့ကတော့ နင်သွား ငါနေပဲ။ ခု ရယ်ရယ်မောမော ဖြစ်နေလို့ ဟုတ်လှပြီ မထင်လေနဲ့။ မိနစ်ပိုင်းကလေးအတွင်း အဆိုးဘက်ကို ရောက်သွားနိုင်တယ်။ ဒီတော့လည်း တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာဆိုသလို ကွယ်တာနဲ့ ဒီလူ့သောက်တင်း ထိုင်တုပ်ကြတာ ပဲပေါ့။

““မအေဘေး နှာဘူး၊ ကောင်မတွေနဲ့ဆို စောက်ခွက်ကြီးကိုက ပြုံးလရမ်းကြီးဖြစ်နေတာ” စသဖြင့်ပေါ့ဗျာ။

ခြံကြီးကတော့ တော်တော့်ကို ကျယ်တာ။ အဝင်အထွက်ပေါက် ချည်း အရှေ့ အနောက် တောင် မြောက် သံတံခါးကြီးတွေနဲ့ တံခါးမကြီး လေးပေါက်ရှိတယ်။ တံခါးမကြီးတွေရဲ့ဘေးမှာ စစ်ဆေးရေးဂိတ်သဘောမျိုး ခြောက်ပေပတ်လည် အုတ်တိုက် ဂိတ်တဲကလေးတွေရှိတယ်။ ညစောင့်တွေရဲ့ ဘုံဗိမာန်ကလေးတွေပေါ့။ အဲဒီအထဲ ကျွန်တော်တို့ အိပ်စောင့်ကြရတာလေ။

ခြံဝင်းကျယ်ကြီးထဲမှာရှိတဲ့ ပင်မတိုက်ကြီး နှစ်တိုက်ရှိတယ်။ လူအယောက်ငါးဆယ်လောက်နေလို့ရတဲ့ တန်းလျားတိုက် တစ်တိုက်ရှိတယ်။

လုံးချင်းဘန်ဂလိုတိုက်ကလေးတွေက လေးလုံး။ နောက်ပြီး ကားဆယ်စီး လောက် ရပ်လို့ရတဲ့ ကားပါကင် ဂိုဒေါင်ခန်းတွေ ရှိတယ်။ ပင်မတိုက် အဆောက်အဦးတွေဆိုတာတော့ အာဏာရှင်ဘဲကြီး လာရင်နေဖို့ ဆောက်ထား တာဆိုတော့ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးလောက်ကို ခမ်းနားတာ။ တိုက်ကြီးရှေ့မှာ ကျင်းစိမ်လို့သာရမယ့် ပေသုံးလေးဆယ်ပတ်လည် ဂေါက်ကွင်းသေးသေးလေး ပါသေးတယ်။ အဆောက်အဦတိုင်းမှာ အဲဒီတုန်း က ရွှေထက်ရှားတဲ့ ကြိုးဖုန်းတွေ ရှိတယ်။ ခြံတစ်ဝင်းလုံး ကြိုးဖုန်းချည်း သက်သက်ကို

ဆယ်လုံးလောက် ရှိမယ်ထင်တာပဲ။

တိုက်တန်းလျားကြီး တစ်တိုက်ကလွဲလို့ ကျန်တဲ့ အဆောက်အဦတိုင်း ရဲ့ အခန်းတွေထဲမှာ တီဗီ၊ အောက်စက်၊ ရေခဲသေတ္တာ၊ လေအေးပေးစက် အစုံအလင်နဲ့။ ရေခဲသေတ္တာတွေထဲမှာဆိုရင်လည်း ရေသန့်ဘူး၊ အအေးဘူး၊ စနိုးတာဝါ အခြားသဗ္ဗရနံက ဆယ့်နှစ်ရာသီအပြည့်။ ဘယ်သူလာလာ မလာလာ အမြဲလဲနေ၊ ဖြည့်နေရတာ။ နည်းတဲ့ကုန်ကျစရိတ်လား။

အလွန်အင်မတန်နည်းတဲ့ တစ်ခါတလေမျိုးမှာ ဗိုလ်မှူးချုပ်အဆင့်၊ ဝန်ကြီးအဆင့်လောက် ပုဂ္ဂိုလ်တွေ တစ်ရက်လောက် ညအိပ်တည်းခိုတာမျိုး ရှိပေမယ့် မူလပိုင်ရှင်ဖြစ်တဲ့ ထိပ်သီးအာဏာရှင်ကြီးကတော့ ကျွန်တော် အလုပ်လုပ်နေစဉ်ကာလမှာလည်း မလာဖူးဘူး။ ကျွန်တော် အလုပ်ထွက်ပြီး နောက်ပိုင်းတွေမှာလည်း တစ်ခါမှ လာသံမကြားဖူးဘူး။

အဆောက်အဦတိုင်းက အခန်းတိုင်းမှာရှိတဲ့ ရေခဲသေတ္တာတွေထဲက သောက်စရာတွေ၊ ဘောစင်ပေါ်က လက်ဆေးဆပ်ပြာ၊ ဆပ်ပြာတုံး၊ သွားတိုက်တံ၊ ရေချိုးခန်းထဲက ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်၊ ဘရက် စသဖြင့်တွေဟာ ထာဝရဖြည့်ထားရတဲ့အပြင် နှစ်လ တစ်ကြိမ်၊ သုံးလ တစ်ကြိမ် အမြဲ လဲပေးနေရတော့ စရိတ်ကတော့ အတော်ကိုကြီးတာ။ အဲဒီလို လဲတဲ့ ဖြည့်တဲ့ အခါ အဟောင်းတွေကို ဘာလုပ်ပစ်တုန်းလို့တော့ မမေးနဲ့။ ခြံခေါင်းကျော်ဆွေ စိတ်ဆိုးလိမ့်မယ်။

အဲဒီကုန်ကျစရိတ်တွေ အကုန်လုံးကို ဝန်ကြီးတစ်ခုရဲ့ ဘတ်ဂျက်မှာ နှစ်စဉ်ထည့်လို့ အစိုးရက ကျခံပေးရတာ။ နေ့စားခြံအလုပ်သမားတွေ၊ ကျွန်တော်အပါအဝင် ညစောင့်တွေနဲ့ စုစုပေါင်း လူလေးဆယ်နီးနီးရဲ့လစာတွေလည်း အဲဒီလိုပဲ။ ပိုက်ဆံပေးရတော့သာ နိုင်ငံတော်က ပေးရတာပါ။ ခြံတွင်းအာဏာကတော့ နိုင်ငံတော် လက်လှမ်းမမီတဲ့အရာပဲ။ အလုပ်သမား တွေအားလုံးကို ဖြုတ်နိုင်၊ ခန့်နိုင်၊ ဆဲနိုင်၊ ဆိုနိုင်၊ မိန်းကလေးတွေကိုဆိုရင် ရိုတိတိလုပ်နိုင်၊ ဖွန်ကြောင်နိုင်တဲ့ အားလုံးသော အာဏာဟာ ကျော်ဆွေဆီက လာတာပဲ။

ကျွန်တော်ဟာ အဲဒီခြံဝင်းကြီးထဲက ဂိတ်တဲကလေးတစ်ခုမှာ ညပေါင်း ငါးရာကျော်ကျော်လောက် အိပ်ရင်း ကျော်ဆွေဆိုတဲ့ ငတိကို ကျိန်ဆဲနေခဲ့ဖူးတယ်။ စာထိုင်ဖတ်ရင်း ညလောကရဲ့စည်းစိမ်ကို တစိမ့်စိမ့် ခံစားခဲ့ဖူးတယ်။ တိတ်ဆိတ်မှုဆိုတဲ့ စကားလုံးရဲ့ နက်နဲလှပုံကို အံ့အားသင့် နေခဲ့ဖူးတယ်။ တောအုပ်ကြီးတစ်ခုလို ထူထဲလွန်းလှလို့ ညကောင်းကင်ကို တောင် မမြင်ရနိုင်တဲ့ သစ်ပင်အုပ်အုပ်ကိုမော့ကြည့်ရင်း ထိတ်လန့်ချောက်ချား နေခဲ့ဖူးတယ်။ ကျွန်တော်နဲ့အတူ ဂိတ်တဲတစ်ခုထဲမှာ ညစောင့်အိပ်ရတဲ့ အလုပ်ဖော် ကိုဝင်းသိန်းဆိုတဲ့လူရဲ့ ဘဝဇာတ်ကြောင်းကို နားစွင့်ငေးကြည့်ရင်း မောပန်းနေခဲ့ဖူးတယ်။ လေတိုက်လိုက်တိုင်း ကွန်ကရစ်လမ်းသားကို ပွတ်တိုက် ပြေးလွှားသွားကြတဲ့ သစ်ရွက်ခြောက်တွေရဲ့ ရှဲခနဲမြည်သံကိုနားထောင်ရင်း ရှည်ကြာလှတဲ့ ညအလျားထဲ တလူးလူး တလွန့်လွန့် ဖြစ်နေခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ညစောင့်အလုပ် ပထမဆုံးလမှာ ခိုင်မြဲ မသွယ်ကို ခိုးပြေးတယ်။ ကျွန်တော်တို့ သုံးယောက်လည်း ပါရတာပေါ့။ ကျွန်တော်က ညအလုပ်သမားမို့ ငါမလိုက်တော့ပါဘူးကွာ ပြောပေမယ့်လည်း ခိုင်မြဲဆိုတဲ့ ကောင်က ငါ့မခင်လို့လား ဆိုပြီး စကားနာထိုးတယ်။ အေးပါကွာ။ ခြံခေါင်း မသိအောင် ခြံကြီးရဲ့အဝင်ဂိတ်ထဲက အဘိုးကြီးကို ခဏပါပဲဗျာလို့ ပြောပြီး အပြင်ထွက်ခဲ့ရတယ်။ မသွယ်ရဲ့အဖေက ဘူတာဝန်ထမ်းမို့ ဘူတာဝင်းရဲ့ အစွန်က ဝန်ထမ်းအိမ်ကလေးတစ်အိမ်မှာ နေကြတယ်။

ရထားတစ်စီး ဖြတ်ဖြတ်သွားလိုက်တိုင်း ဆူညံမှုက ကျွန်တော်တို့ အတွင်းထဲဝင်သွားပြီး တော်တော်နဲ့ ပြန်မထွက်တော့သလိုပဲ။ ခိုင်မြဲ ဘယ်လို နေမယ်ဆိုတာထားတော့၊ ကျွန်တော်တို့မှာတောင် နှလုံးခုန်သံပြင်းလို့ တစ်ချက်ချက် ကိုယ့်ရင်ဘတ်ကိုယ် ပြန်ပြန်ဖိထားလောက်ရအောင် စိတ်လှုပ်ရှား နေမိတယ်။ ချွေးစေးတွေကလည်း တစ်ကိုယ်လုံးရှိသမျှ အသားနှစ်ခု ထိကပ်ရာ ခွကြားတွေတိုင်းမှာ တစိုစိုနဲ့။

ဖိုးသက်ရယ်၊ ဇော်ပိုင်ရယ်က တစ်ရက်ကို ငှားခ နှစ်ထောင်ပေးရတဲ့ တရုတ်ဆိုင်ကယ်နှစ်စီး ငှားလာတယ်။ ညခုနစ်နာရီလောက်ကတည်းက မသွယ်အိမ်အနား ကျွန်တော်တို့ ရောက်နေကြပြီ။ ဒါတောင် ခြောက်နာရီ လောက်ကတည်းက ခွာညိုရုန့်လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း..

““သွားကြစို့ သွားကြစို့””

ဂါထာရွတ်နေတဲ့ ခိုင်မြဲကို...““ဒီလောက်အစောကြီး လဖွတ်ဖြစ်နေတာလား”” လို့ တစ်ယောက် တစ်လှည့် ငေါက်ငမ်းနေကြရတယ်။ အမှောင်ထဲ သံလမ်းနံဘေးက ကန္တာရ ချုံနံတွေကြား လေးယောက်သား ခြင်တဖျတ်ဖျတ်ရိုက်ရင်း ငုတ်တုတ်ထိုင်လို့ မသွယ်တို့အိမ်ထဲက လူအရိပ်အခြည်ကို လှမ်းလှမ်းငေးတယ်။

ရှစ်နာရီဆိုရင် မသွယ်ရဲ့ အဖေနဲ့ အမေဟာ တီဗီဇာတ်လမ်းတွဲ တစ်ခုခုမှာ မျက်ရည်ကျတန်ကျ၊ ရယ်တန်လည်း ရယ်နဲ့ အကြီးအကျယ် အာရုံကျနေမယ်။ အဲဒီအချိန် ခိုင်မြဲရဲ့ အချက်ပေးသံကြားရင် မသွယ် လစ်ထွက်လာမယ်။ အချက်ပေးသံကတော့ အားလုံးလည်း မျှော်လင့်ထားတဲ့ အတိုင်း အစဉ်အလာမပျက် ချိုးကူသံပါပဲ။ သို့သော်လည်း လက်ဖဝါးနှစ်ဖက် ကို ထပ်အုပ်ပြီး ချိုးသံထွက်ဖို့ဆိုတာ လွယ်လွယ်လေးများ မှတ်သလား။ မိန်းမရတော့မယ်ရယ်လို့ ဂနာမငြိမ် ဖင်တကြွကြွဖြစ်နေတဲ့ ခိုင်မြဲဟာ အချိန်ကျတော့ လက်ကြားကချွေးယိုလို့ ချိုးကူသံထွက်မလာဘဲ ပူဖောင်း မှုတ်သလို တဖူးဖူးသာ အသံထွက်တယ်။ တစ်ခါမှုတ် မထွက်၊ နှစ်ခါမှုတ် မရ၊ သုံးခါမှုတ်တော့လည်း အာပုတ်စော်သာ ပြန်ရှူမိတယ်နဲ့ တူတယ်။ လက်တွေကို ပုဆိုးနဲ့ပွတ်ပြီး ချွေးသုတ်၊ ပြန်မှုတ်၊ ဒါလည်း အလုပ်မဖြစ်။

“ဟေ့ရောင်တွေ လုပ်ကြပါဦးဟ ငါ့လက်က အသံမထွက်တော့ဘူး"

သေရေးရှင်ရေးပမာ ခိုင်မြဲ ပြောတယ်။

ဒီတော့မှ တစ်ချိန်လုံးငြိမ်ပြီး၊ ငြိမ်ပြီးဆိုပေမယ့် ခြင်ကတော့ ရိုက်နေရသေးတာပေါ့။ တစ်ချိန်လုံးငြိမ်ပြီး ခိုင်မြဲ ဖြစ်ပျက်နေသမျှကို ဒီလို ဖြစ်တော့မယ်ဆိုတာ ငါသိသား ဆိုတဲ့ မထေမဲ့မြင့်အပြုံးနဲ့ကြည့်နေတဲ့ ဇော်ပိုင်က

"ဟောဒီမှာ ဒါလေး ငါယူလာတယ်””

ဘုရားပွဲတွေမှာ ရောင်းတတ်တဲ့ ရွှံ့နဲ့လုပ်ထားတဲ့ ချိုးရုပ်ကလေး

ထုတ်ပြတယ်။ ချိုးကူသံ အတိအကျထွက်တာ မဟုတ်ပေမယ့် ဒါလည်း မဆိုးပါဘူး။ ခိုင်မြဲက အူ အူ နဲ့ မှုတ်လိုက်တယ်။ မသွယ်ရဲ့အိမ်ထဲ မီးရောင်မှိန်မှိန်ကနေအရိပ်တစ်ခု ဖျတ်ခနဲမြင်လိုက်ရတယ်။ သိပ်မကြာဘူး လျှပ်စစ်မီးအလင်းရောင်ဖျော့ဖျော့ရှိနေတဲ့ သူ့အိမ်ကနေ ကျွန်တော်တို့ရှိနေတဲ့ အမှောင်ထဲ သံလမ်းကိုကျော်လို့ မသွယ် အပြေးကလေးရောက်လာတယ်။

““အထုပ်လိုက်သယ်ဦး မြန်မြန်လုပ်”” လို့ခေါ်ပြီး သူ့အိမ်ဘက် ပြန်ထွက်သွားပြန်တယ်။ ခိုင်မြဲလည်း အနားရှိတဲ့ ကျွန်တော့်ကိုလက်ကုပ်လို့-

“လာ လာ လိုက်ခဲ့” လို့ ပြောတယ်။ ကျွန်တော်လည်း သူ့နောက် ကလိုက်၊ မသွယ်တို့ အိမ်ရိပ်နား ကပ်သွားလိုက်တယ်။ အိမ်နားရောက်တော့ နောက်ဖေးရေကပြင်နား ထဘီနဲ့ဖုံးပြီးချထားတဲ့ ခရီးဆောင် ပလတ်စတစ် အိတ်ကြီးက တစ်ထုပ်၊ ဆွဲခြင်းကတစ်ခြင်း တွေ့လိုက်တယ်။ မသွယ်က ခိုင်မြဲကို အထုပ်တွေ လက်ညှိုးထိုးပြတယ်။ တစ်ခါ ခိုင်မြဲက ကျွန်တော့်ကို ဆက်လက်ညွှန်ပြတယ်။

“ဟာ ဟော့ရောင်.. အထုပ်ကြီးက အကြီးကြီးပဲ လခွမ်း၊ ဆွဲခြင်းကလည်း ပါသေးတယ်”” လို့ ကျွန်တော်ပြောတယ်။

“အေး... ဟုတ်တယ်၊ အထုပ် ငါထမ်းမယ်ကွာ ဆွဲခြင်း မင်းဆွဲခဲ့” တဲ့။ သူ မထမ်းလို့ ဘယ်သူထမ်းရဦးမှာလဲ။

အထုပ်တွေဆွဲပြီးတော့ မသွယ်က ရှေ့ကထွက်၊ ခိုင်မြဲနဲ့ ကျွန်တော်က နောက်ကလိုက်။ ရုတ်ခနဲ စိုးရိမ်စိတ်ဟာ ရင်ဘတ်ကို တဒုန်းဒုန်းထုပြန်လို့ ကျွန်တော့်မှာ ရထားများလာသလားလို့တောင် ထင်လိုက်မိသေးတယ်။ မဟုတ်ဘူး ရင်ခေါင်းထဲက မြည်နေတာ။ ရေတွေလည်း ငတ်လာတယ်။ ငါ မိန်းမခိုးတာသာ ဖြစ်လိုက်ပါတော့လို့တောင် စိတ်ကူးယဉ်လိုက်သေးတယ်။ ဖိုးသက်နဲ့ ဇော်ပိုင်တို့အနားရောက်တော့ ဖိုးသက်က ဘူတာက ကုန်ထမ်းသမား လို ခေါင်းကြီးစောင်း အထုပ်ကြီးထမ်းလာတဲ့ ခိုင်မြဲကိုကြည့်ရင်း. ..

“ဟော့ရောင် အထုပ်ကကြီးလှချည်လား အိမ်ပြောင်းတာ ကျနေ တာပဲ”

““အဲဒါ နောက်မှပြောကွာ၊ သွားရအောင်””

ဇော်ပိုင်က ဆိုင်ကယ်ရပ်ထားတဲ့ လမ်းဘက်ထွက်လာရင်း ဆိုင်ကယ်ရှေ့ကိုရောက်တော့ ခိုင်မြဲထမ်းလာတဲ့ အထုပ်ကြီးကို မေးငေါ့ပြရင်း…

“အထုပ်ကြီးကကြီးတော့ လူအကုန်ဘယ်ဆံ့မှာလဲဟ၊ ဆိုင်ကယ်က နှစ်စီးတည်းရယ်”

“ငါနဲ့ မသွယ်၊ ဆွဲခြင်းနဲ့ တစ်စီး စီးမယ်လေ”

“အေးလေ… အဲဒါဆို ဒီအထုပ်ကြီးနဲ့ ငါတို့သုံးယောက်က ဘယ်လိုလုပ်စီးရမှာတုံး၊ မင်းအထုပ်ကြီးကိုက နည်းတာကြီးလား”

ခိုင်မြဲနဲ့ ဇော်ပိုင် အပြန်အလှန်ပြောရင်း နောက်ဆုံးတော့ တစ်ယောက် နေခဲ့ဖို့ ဖြစ်လာတယ်။ မိုင်သုံးဆယ်လောက်ဝေးတဲ့ အခြားမြို့တစ်မြို့က တည်းခိုခန်းတစ်ခုခုဆီအထိ ခရီးဆက်ရမှာ။ လေးဆယ့်ငါးမိနစ်၊ တစ်နာရီ အနည်းဆုံး မောင်းရမှာဆိုတော့ လူကုန်လိုက်ဖို့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။

“ငါနေခဲ့လိုက်မယ်လေကွာ””

ကျွန်တော် ပြောလိုက်တယ်။ ကျွန်တော်က ဆိုင်ကယ် ကောင်းကောင်း မစီးတတ်သေးဘူး။ အပြန်ကျရင် ခိုင်မြဲတို့အတွဲကို ထားခဲ့ပြီး ဒီမြို့ကို ဆိုင်ကယ် တစ်ယောက်တစ်စီးစီ ပြန်စီးလာရဦးမှာ။

“ဟေ့ရောင် . . . ငါ့အမေတောင် မပြောနဲ့နော်၊ မသွယ်မှာ တစ်ဝမ်းကွဲ အစ်ကိုတွေရှိတယ်၊ သူတို့ သေချာပေါက် လိုက်ရှာမှာ”

ခိုင်မြဲ ကျွန်တော့်ကို မှာတယ်။

“အေးပါဟ.. မပြောပါဘူး””

မိန်းမကို လက်တွေ့ အလုံးအထည်နဲ့ တကယ်ကြီးရတော့မှာမို့ ခိုင်မြဲ စိတ်လှုပ်ရှားနေတာ သိသာလှတယ်။ မျက်နှာက ကျီးကြည့် ကြောင်ကြည့်နဲ့။ ဆိုင်ကယ်ပေါ်တက်၊ ကစ်စတက်နဲ့ နှိုးနေတာ စက်က တော်တော်နဲ့ မနိုးဘူး။ ဖိုးသက်က ဇော်ပိုင်မောင်းမယ့် ဆိုင်ကယ်နောက်ခုံ ပေါ်မှာ အထုပ်ကြီးကို ခွဖက်ထားရင်း အသံခပ်အုပ်အုပ်နဲ့ . . .

“ဟေ့ရောင် စတက်ရတယ်ဟ”” လို့ ပြောလိုက်တော့မှ အဆင်ပြေ သွားတယ်။ ခိုင်မြဲနဲ့ မသွယ်တို့ရဲ့ဆိုင်ကယ်က ဝူးခနဲ အရင်ထွက်သွားတယ်။

“ဟေ့ရောင် ငါတို့ကို လက်ဖက်ရည်ဆိုင်ကဖြစ်ဖြစ် စောင့်ဦးနော်””

“ဟာ... ငါတစ်ယောက်တည်း ခိုင်မြဲ ယောက်ဖတွေ လိုက်ရှာရင် ငါ့တွေ့တော့ ရစ်နေမှာပေါ့၊ မစောင့်တော့ဘူး ခြံထဲပြန်ဝင်ရဦးမှာလေ”

ဇော်ပိုင်က သူတို့သွားရမှာဖြင့် အသွားအပြန်ဆိုရင် နှစ်နာရီကျော် ကျော် ကြာမှာချည်းကို ကျွန်တော့်ကို စောင့်ခိုင်းနေသေးလို့ ငြင်းလိုက်ရတယ်။

“အေး... အဲဒါဆိုလည်း ပြီးရော” ဆိုပြီး ဇော်ပိုင်လည်း ဆိုင်ကယ် မောင်းထွက်သွားတယ်။

နောက်ကနေ ထဘီထုပ်ကြီးဖက်လို့ လိုက်သွားတဲ့ ဖိုးသက်က သွားဖြဲရင်း ပြုံးပြသွားသေးတယ်။ “မအေဘေး သူ မိန်းမခိုးတာကျနေတာပဲ” လို့ ဖိုးသက်ကိုကြည့်ပြီး ပြုံးမိတယ်။ တည်းခိုခန်းရောက်ရင် ခိုင်မြဲတို့အတွဲတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှက်များနေကြဦးမလား။ ဒါမှမဟုတ် ဘယ်လိုဖြစ်မှာပါလိမ့်ရယ်လို့ ကိုယ်မကြုံဖူးတဲ့ကိစ္စဆိုတော့လည်း

ပြောရတာ့ခက်သားကလား။ အဲဒါကိုတွေးရင်း အူမြူးသလိုလို ဖြစ်လာလို့ တစ်ယောက်တည်း တခွိခွိနဲ့ ထိုင်ရယ်နေမိသေးတယ်။ သို့သော်လည်း ကျွန်တော်ကသာ ဘယ့်နှယ့်မှ မဘယ့်နှယ့်ရသေးသူတွေ အဦးအစမို့ သူတို့နှစ်ယောက် ရှိုးတို့ရှန့်တန့်တွေများ ဖြစ်နေမလားလို့ ကျိတ်ရယ်နေမိတာ။ နောက်မှ သိလာရတာက ကိုယ်ဝန် နှစ်လကျော် သုံးလနီးနီးရှိပြီမို့ ဗိုက်ကလေး ပေါ်ချင်သလိုလိုဖြစ်လာလို့ ကတိုက်ကရိုက် တက်သုတ်ရိုက် ခိုးလိုက်ရတာတဲ့။ တယ်လည်း သွက်တဲ့ကောင်။ ကျွန်တော်တို့တောင် မပြောပြဘူး။ ခွေးမသား ခိုင်မြ။

အလုပ်ရဲ့ ပထမဆုံးရက်တွေဆိုတာကတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် မအူမလည်နဲ့ ကြောင်တောင်တောင်ဖြစ်ကြတာမျိုးချည့်ပေါ့။ ညစောင့်အလုပ်ကတော့ သာလို့တောင် ကြောင်လှသေးတယ်။ ပိုဆိုးတာက ကျွန်တော့်ရဲ့ ပထမဆုံးရက်မှာ ခြံခါင်းကျော်ဆွေက သူ့အခန်းထဲခေါ်ပြီး လုပ်ငန်းခွင်ပို့ချချက်တွေ လုပ်တာပဲ။ သူ့အဖေရွယ်ရှိတဲ့ ဦးကျော်အေးဆိုတဲ့ အဘိုးကြီးဟာ ခုတင်ပေါ်မှာ ဒူးထောက်လျက် သူ့ရဲ့ ဇက်တွေကို တံထောင်နဲ့ ထောင်းလိုက်၊ နားထင်ကြောကို ရွရွလေး ဆွဲပေးလိုက် လုပ်ပေးနေတယ်။

ဦးကျော်အေး ဆိုတာ ကျွန်တော့်အစ်ကိုလုပ်သလိုပဲ ခြံထဲမှာ နေ့ဘက် သန့်ရှင်းရေး(ခ)ဥယျာဉ်မှူး၊ ညဘက် ညစောင့်လုပ်တဲ့ အဘိုးကြီး။ အသက် က ခြောက်ဆယ့်ငါးလောက်ရှိပြီ။ အဘိုးကြီးဟာ တစ်ပတ်ကို သုံးလေးရက် တော့ ညဘက်တွေမှာ ကျော်ဆွေကို နင်းနှိပ်ပေးရလေ့ရှိတယ်။ ဒီအတွက် နေ့ဘက်တွေမှာ သိပ်ပင်ပန်းတဲ့အလုပ်တွေတော့ အလုပ်မခိုင်းဘူးပေါ့။ သို့သော် လည်းပဲ ခြောက်ဆယ် ခြောက်ဆယ့်ငါးဆိုတဲ့ အရွယ်ဟာ အနင်းခံ အနှိပ်ခံရ မယ့် အရွယ်ပါ။ နာရီဝက် တစ်နာရီကြီးကြာအောင် ဒီလို နင်းနှိပ်ပေးနေရ တာကလည်း သူ့အသက်အရွယ်အတွက် သက်သာတဲ့အလုပ်လို့ မဆိုနိုင်တော့ ဘူး။

အဘိုးကြီးခမျာ ခြံခေါင်းရဲ့ အဆီအဆိမ့်တွေစား၊ ကုပ်ပိုးတွေတက်၊ မေးတွေပျောက်ပြီး ပေါင်နှစ်ရာလောက်ရှိမယ့် ကိုယ်ခန္ဓာအတ္တဘောကြီးကို အံကြိတ်လို့သာ ဖျစ်ညစ်နှိပ်နေရပုံပါပဲ။ ကြည့်ရမြင်ရတာဟာဖြင့် ဘယ်နည်းနဲ့ မှ ကျက်သရေမရှိနိုင်တဲ့ မြင်ကွင်းပေါ့။ ဒင်းကတော့ မျက်လုံးကိုမှိတ်၊တအင်းအင်း အသံထွက်လို့ ဇိမ်ခံရင်းနဲ့မှ ကျွန်တော့်ကို ခွေးအန်သလိုမျိုး စကားတွေပြောနေပါတယ်။ ကျွန်တော်ကတော့ သူစကားပြောနေတဲ့ နာရီဝက် နီးနီး မတ်တတ်ရပ်လျက်၊ လက်ကလေးနောက်ပစ်လို့ ရိုရို့ကျိုးကျိုး ခံယူနေရ တာပေါ့။

ဒီခြံရဲ့ လုံခြုံရေးက သိပ်အရေးကြီးတယ်၊ ဒါ ဘယ်သူ့ခြံလဲ သိတယ်နော် ပေါ့သေးသေးမဟုတ်ဘူး၊ ဒီမှာလုပ်ရတာ မင်းတို့ ဂုဏ်ယူဖို့ တောင် ကောင်းတယ်၊ တော်ရုံကောင် အနားတောင်ကပ်လို့ရတာမဟုတ်ဘူး။ အလုပ်ကို သေချာဂရုတစိုက်လုပ်၊ တစ်ညကို နှစ်ခါ သုံးခါ ရောင်းလှည့်၊ သော့တွေစစ်၊ နောက်ပြီး အပင်တွေ။ ဒီအထဲက အပင်တွေဆိုတာ သိပ်တန်ဖိုး ကြီးတယ်နော်၊ တချို့အပင်တွေဆိုရင် မင်းတစ်နှစ်စာ လစာလောက်တန်တယ်။ ပြီးကပစ် ထင်ရာလျှောက်လုပ်မယ် မကြံနဲ့။

ပင်မရိပ်သာတိုက်ကြီးကို သေချာပတ်စစ်၊ ပြတင်းပေါက်တွေ တံခါး တွေ အကုန်သာစစ်ကွာ။ ဝီရိယ ကြပ်ကြပ်ထားလုပ်၊ ဒီအဆောက်အဦထဲက ပစ္စည်းတွေ၊ ခြံထဲက ပန်းပင်တွေ တစ်ခုမှအရာမယွင်းစေနဲ့။ မင်းတို့ လာလုပ်တာ ညစောင့်အလုပ် မဟုတ်လား။ အေး ညစောင့်အလုပ်နဲ့ တန်အောင်လုပ်။ အလုပ်ချိန်ကို သောက်တာစားတာ ငါလုံးဝမကြိုက်ဘူးနော်၊ တွေ့လို့ကတော့ သေဖို့သာပြင်။ ဒါ သာလာယံဇရပ် မဟုတ်ဘူး၊ အလုပ် လုပ်ရမယ့်နေရာ၊ ကိုယ့်နေရာ ကိုယ်သိ၊ ကိုယ့်အလုပ်ကိုယ် တန်ဖိုးထား။ အရှေ့ဘက်အစွန်ဆုံးက ဂိတ်တဲမှာ ဝင်းသိန်းနဲ့နေ၊ ကြားလား......””

ကျော်ဆွေဟာ ခြံထဲက ဘန်ဂလိုကလေးတစ်လုံးမှာ နေတာ။ ဗိမ်ခံ ပစ္စည်းအပြည့်နဲ့ ဘန်ဂလိုပေါ့။ တီဗွီ၊ စလောင်း၊ အောက်စက်၊ ရေခဲသေတ္တာနဲ့ အဲကွန်းနဲ့။ ဘန်ဂလိုလေးဆိုပေမယ့် တော်တော်ကျယ်တယ်။ ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းကတစ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း။ အကျယ်ကြီးတွေပဲ။ သူက အဲဒီလို အရာရှိအိမ်ရာအလား သားနားလှတဲ့ သူ့ရဲ့ ဆောင်နန်းတော်ရယ်၊ သူ့ရဲ့ အာဏာပါဝါရယ်ကို ပြချင်လို့ ခြံထဲ အလုပ်သမားအသစ်တစ်ယောက် ရောက်တိုင်း အခန်းထဲကိုခေါ်၊ အနှိပ်ခံအပြုခံရင်း ဩဝါဒခြွေလေ့ရှိတယ်။

“ဘာမှမဟုတ်ပါဘူးကွာ၊ အဲဒီကောင် အလုပ်မရှိ ကတုံးသန်းရှာ၊ စောက်ပိုတွေ ခေါ်ခေါ်ပြောတာ”

ဂိတ်တဲရောက်တာနဲ့

"မင်းက ကျော်မျိုးညီလား"" လို့ မိတ်ဆက်အပြီးမှာပဲ ကျွန်တော့်ကို ခြံခေါင်း စကားခေါ်ပြောနေတယ်ဆိုတာကိုသိတဲ့ ကိုဝင်းသိန်းက ဆီးပြော တယ်။ အိပ်ရာလိပ်ကိုဖြည်ရင်း ကျွန်တော့်ကို စကားလှမ်းလှမ်း ပြောနေတဲ့ သူ့ကို ငေးကြည့် အကဲခတ်နေလိုက်တယ်။ အသားအရေ ညိုမှောင်မှောင်၊ အရပ်ပုပု၊ ဆီလိမ်းလေ့၊ ဖြီးသင်လေ့ရှိပုံမရလို့ ခေါင်းက ဆံပင်ကလေးဟာ တိုတိုငုတ်စိဆိုပေမယ့် ထောင်တဲ့နေရာထောင်၊ လဲတဲ့နေရာလဲလို့။ ဆံပင်ဖြူ တွေလည်း အများကြီးပဲ။ တစ်မျက်နှာလုံးလည်း ဆင်ဝက်ခြံဖုကြီးတွေနဲ့မို့ မျက်နှာကြီးက ထွတ်ထွတ်ကြီး ဖြစ်နေတယ်။ ညာဘက်မေးစေ့အပေါ် ကလေးမှာလည်း အဆီအကြိတ်ဖုကြီးတစ်ဖုကလည်း ထင်းထင်းကြီး။

တချို့ညတွေမှာ ကိုဝင်းသိန်းက ခြံထဲကို သူ့သမီးလေး ခေါ်ခေါ်လာ တတ်တယ်။ သူနဲ့ ပါလာတတ်တဲ့ ငါးနှစ်ကျော်အရွယ် သူ့သမီးကလေး ကတော့ သူနဲ့ဆန့်ကျင်ဘက် ဖြူဖြူချောချော၊ ချစ်စရာကလေး။ သူ့သမီး ကလေးပါလို့ ပြောရင်တောင် မယုံချင်စရာ။ မြို့စိမ်း၊ နယ်စိမ်းကို သူ့သမီး ကလေးကို ချီပိုးပြီး ခပ်သုတ်သုတ်များသွားမိရင် ကလေးဖမ်းလို့ သံသယ ဝင်ချင်စရာ။

ပထမဆုံး စတင်ဆုံတွေ့ရခြင်းမှာတော့ ကိုဝင်းသိန်းရဲ့ မျက်နှာပေါက် နဲ့ စကားကို ညှစ်တစ်တစ်ပြောပုံကို ကြည့်ရတာကဖြင့် ခင်မင်ဖို့ကောင်းတာ တစ်စက်မှမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော် ကြုံဖူးသမျှထဲတော့ ကိုဝင်းသိန်း ဆိုတာ အလွန်ရိုးအေးတဲ့ လူတစ်ယောက်၊ နှိမ့်နှိမ့်ချချနေတတ်တဲ့ လူ တစ်ယောက်ပါ။ ဘဝကိုက နှိမ့်ကျနေတော့လည်း ထူးပြီးနှိမ့်ချနေစရာ မလိုတော့တာမျိုးပေါ့။ ကမ္ဘာပေါ်မှာ သူမုန်းတတ်တာဆိုလို့လည်း သူ့မိန်းမကို သူနဲ့ သူ့သမီးလေးရဲ့ ရင်ခွင်ထဲကနေ မြူဆွယ်ဖြားယောင်းဆွဲထုတ်သွားတဲ့ ကောင်ရယ်၊ ခြံခေါင်း ကျော်ဆွေရယ်ကိုပဲ ရှိလိမ့်မယ် ထင်ပါတယ်။ ပုံမှန် ဘဝမှာ စကားလည်း အင်မတန်နည်းပြီး၊ ပြောပြန်ရင်လည်း လည်ချောင်းသံပါလို့ နည်းနည်း အစ်တစ်တစ် ဖြစ်နေတာကလွဲရင် တိုးတိုးညင်သာသာ ပြောတတ်တဲ့ ကိုဝင်းသိန်းဟာ ကျော်ဆွေနဲ့ပတ်သက်ရင်တော့ ထာဝရ ဒေါသအိုးတစ်ယောက်လို အသွင်သဏ္ဌာန်ကို ပြောင်းလဲသွားပါတော့တယ်။ သို့ပေမယ့်လည်း ကျော်ဆွေ့ရှေ့မှာတော့ မဟုတ်ဘူးပေါ့လေ။

ခြံခေါင်းကျော်ဆွေကို အားရပါးရဆဲပြီး အိပ်ရာလိပ်ကို ဖြေပြီးတဲ့ နောက်မှာတော့ ကိုဝင်းသိန်းဟာ ကျွန်တော့်ကို ခေါင်းထောင်လို့ ပြုံးပြပါတယ်။

ပြီးတော့ နံ့ရုံနံ့ဘေးနားက ပုလင်းကိုကိုင်လို့ ခပ်သေးသေး ကော်ခွက်ကလေး ထဲ ဘီအီးရည်ကလေးတွေ ငှဲ့ထည့်တယ်။ ငှဲ့ထည့်ရင်း ကျွန်တော့်ကို ထပ်တစ်ခါ ပြုံးပြရင်း ခွက်ထဲက အရက်ကို ကွတ်ခနဲ ကွတ်ခနဲ မော့ချလိုက် တယ်။ နောက် ရေပုလင်းကိုပါယူပြီး ဆက်မော့တယ်။ ကျွန်တော်ကတော့ လွန်ခဲ့တဲ့ နာရီဝက်လောက်မှ . . .

"အရက်သောက်တာတွေ့လို့ကတော့ သေဖို့သာပြင်" လို့ ပြောလိုက် တဲ့ ကျော်ဆွေရဲ့မျက်နှာကြီးကိုသာ ပြေးမြင်နေမိတော့တာပဲ။

နေ့စဉ်နေ့တိုင်း တစ်ခြံလုံးကို ပတ်ပြီးဖောက်ထားတဲ့ ကွန်ကရစ် လမ်းတွေပေါ်မှာ နွေမိုးဆောင်းမရွေး သစ်ပင်ကြီးတွေဆီက ကြွေကြတဲ့ သစ်ရွက်ခြောက်တွေက အပြည့်။ မြေနီလမ်းကလေးဖြစ်မယ်ဆိုရင်တော့ စိတ်ကူးယဉ်စရာကလေးပေါ့။ ဖျောက်ဆိပ်ပင်၊ ကုက္ကိုပင်၊ စိန်ပန်း၊ မန်ကျည်း၊ မယ်ဇယ်၊ ညောင် စသဖြင့် အတော်စုံတဲ့ သစ်ပင်ကြီးတွေဆိုတာလည်း အုံ့အုံ့ဆိုင်းဆိုင်း မှောင်ကိုင်းကိုင်းကြီးတွေ၊ ညဘက်မဆိုထားနဲ့ နေ့ဘက်မှာ တောင် နေတစ်ပျောက်ကျဖို့ အတော်အားထုတ်ရလိမ့်မယ်ထင်တယ်။

ညဘက် သစ်ရိပ်ထူတဲ့နေရာတွမှာ ကောင်းကင်က လရောင်နဲ့ ကြယ်ကိုမြင်ရဖို့ ဝေးလို့၊ ဝါထိန်ထိန် မာကျူရီ မီးတိုင်တွေသာမရှိရင် ဓာတ်မီးကိုင်ထားတဲ့ ကိုယ့်လက်ကို မြင်ရဖို့တောင် မလွယ်လောက်ဘူး။ အိပ်မရတဲ့ညတွေဆိုရင် သစ်ရွက်တွေကို လေတိုးလို့ ထွက်လာတတ်တဲ့လေချွန်သံလို အသံတွေ၊ ခြံအုတ်တံတိုင်းတွေရဲ့အပြင်ဘက် ရပ်ကွက်တွေဆီက လမ်းဘေးခွေးတွေရဲ့ တစ်ချက်တစ်ချက် အုပ်စုလိုက် ထအူလိုက်သံတွေ။ ပြီးတော့ တစ်ခါ ပြန် တိတ်ဆိတ်သွားတယ်။ တိတ်ဆိတ်မှုထဲ ခေတ္တ အသားကျနေချိန် နံဘေးက ကိုဝင်းသိန်းရဲ့ ချဉ်စုတ်စုတ် အရက်နံ့ကို ဂိတ်တဲ ကလေးထဲ ဖြန့်ဝေပေးနေတဲ့ ဟောက်သံက ထွက်ပေါ်လာတတ်ပြန်တယ်။ အဲဒီခြံကြီးထဲ ညစောင့်လုပ်အိပ်ရတဲ့ ညပေါင်းငါးရာကျော်ဆိုတာ ကျွန်တော့် အတွက်တော့ နောင် တစ်သက်လုံးစာ ဖြတ်သန်းရမယ့် ညတွေနဲ့ပတ်သက်လို့ ဂုဏ်အင်လက္ခဏာတွေကို အထူးပြုသင်တန်း ပို့ချပေးလိုက်သလိုပဲ။

အလုပ်စဝင်တဲ့နေ့က ကျော်ဆွေရဲ့ "ဒီခြံကြီးရဲ့ လုံခြုံရေးက အရေး ကြီးတယ်။

ညအိပ်စောင့်ရတာ မဟုတ်ဘူးနော်၊ တစ်နေ့ သုံးခါလောက် ခြံထဲလှည့်” စသဖြင့်သော စကားတွေဟာ ကိုဝင်းသိန်း ပြောသလို “စောက်ပို တွေပါကွာ” ဆိုတာ စကားလုံးအသုံးအနှုန်းအရ အတိအကျပဲလို့ ဆိုရမယ်။ အလွန့်အလွန်နည်းတဲ့ တချို့ညတွေမှာ ကျော်ဆွေတစ်ယောက် စိတ်ရူးပေါက်လို့ “ညဘက် ငါထွက်စစ်မယ်” လို့ ကြိမ်းဝါးတဲ့ ညတွေကလွဲရင်၊ ကျွန်တော်တို့ ဟာ ခြံထဲ အမြောက်ဆန်ကျလို့တောင် မနိုးအောင်၊ နားရွက်ပြားအောင် အိပ်ကြတာပါပဲ။ ကိုယ့်သဘောနဲ့ကိုယ် မအိပ်ချင်၊ ဒါမှမဟုတ် အိပ်မရတဲ့ည တွေကလွဲရင် ဆယ်နာရီ ဆယ့်တစ်နာရီဆို ဂိတ်တဲထဲမှာ ကျွန်တော်တို့ အိပ်ပျော်နေပြီ။

တကယ်တော့ သစ်ပင်နဲ့ သစ်ရွက်အကြွေတွေသာ ဖုံးလွှမ်းနေတဲ့ ဒီခြံကြီးကို ဘယ်သူမှလည်း စိတ်မဝင်စားကြပါဘူး။ နန်းတော်ကြီးတစ်မျှ တည်ဆောက်ဖို့ လူနေအိမ်တွေ ဖယ်ခိုင်းခံရ၊ မြေတွေသိမ်းခံရသူတွေဆိုတာ လည်း တောသာသာ အခြားနေရာတွေမှာ မြေအစားပြန်ပေးလို့ နှစ်များ ကြာလေတော့ အခြေကျနေကြပြီ။ သူခိုးဆိုရင်လည်း အခြားခိုးစရာရှိမယ့် လူနေအိမ်တွေကိုသာ စိတ်ဝင်စားတော့မပေါ့။ စွန့်စွန့်စားစားနဲ့ ဆယ်ပေအမြင့်၊ သံကောက်ကောက်ကြီးတွေ ထိုးထွက်နေတဲ့ အုတ်တံတိုင်းကြီးကိုကျော်၊ အထဲ မှာ အိပ်ပျော်နေတဲ့ ညစောင့်အနည်းငယ် နံဘေးကဖြတ်၊ ပင်မတိုက်ကြီးကို သွားမယ်ဆိုတော့လည်း အင်မတန် အဖိုးကြီးလှတဲ့ သော့ခလောက်ကြီးတွေကသာ စောင့်နေမှာ။ ရင်းရတာနဲ့ မတန်လှဘူး။ နောက်ပိုင်းမှာ ရောက်လာတဲ့ တပ်စုကလေးတစ်စုဆီမှာဆိုရင် သေနတ်တွေက ပါသေးတယ်။ ထိပ်သီး အာဏာရှင်ကြီးရဲ့ အိမ်တော်မဟာကို တက်ခိုးမယ်လို့ ရပ်ကွက်အဆင့် သူခိုးတွေအနေနဲ့လည်း စိတ်ကူးယဉ်နေမယ် မထင်ဘူး။

ညစောင့်သမားတွေထဲမှာ ကျွန်တော်တစ်ယောက်ကလွဲရင် ကျွန်တော့် အစ်ကိုအပါအဝင် ကျန်တဲ့ခြောက်ယောက်စလုံးဟာ နေ့ဘက်မှာပါ ဥယျာဉ်မှူး လုပ်ကြသူတွေ။ အဘိုးကြီးက သုံးယောက်ပါသေးတယ်။ ညကြီးမင်းကြီး မအိပ်မနေ သူခိုးစောင့်ဖို့ ကာကွယ်ဖို့နေနေသာသာ သူတို့ပုဆိုး ကျွတ်မကျ ဖို့တောင် ခါးပတ်ပတ်ဝတ်နေရတဲ့ အရွယ်တွေ။ အဲဒီအဘိုးကြီးတွေဟာ နေ့ဘက်မှာဆိုလည်း တံမြက်စည်းလှည်းပြီး သစ်ရွက်ခြောက်တွေပုံ၊ မီးရှို့ တောက်တိုမယ်ရလောက်သာ လုပ်နိုင်ကြတော့တာပါ။ ဒီအတွက် သားဆိုး သားမိုက်တစ်ယောက်ကို အချစ်မပြယ်နိုင်တဲ့ မအေအိုကြီးတွေလိုမျိုး ခြံခေါင်း ကို ဆက်ဆံရတော့တာပေါ့။ ကျန်တဲ့ သုံးယောက်ကျပြန်တော့လည်း လူငယ် လူလတ်တွေပဲဆိုပေမယ့် တစ်နေ့လုံးပင်ပင်ပန်းပန်းတွေကို အလုပ်နဲ့လက် ကော်နဲ့ဆက်ထားသလို လုပ်ခဲ့ရတော့ ညဆိုတာ အိပ်စက်အနားယူရမယ့် အချိန်ပဲ။ ဘယ်လူရိပ်လူခြေ

ဘယ်သူခိုးမှ စောင့်မနေနိုင်ဘူး။

ညအိပ်မယ်။ မနက်လင်းလို့ ပင်မတံခါးပေါက်ဂိတ်တဲက အဘိုးကြီး ရဲ့ သံချောင်းခေါက်သံ ခြောက်ချက်ကြားရင်ထမယ်။ အိပ်မှုန်စုံမွှားနဲ့ အိပ်ရာ သိမ်း၊ ပင်မတံခါးပေါက်ကြီးဆီလာ လက်မှတ်ထိုးပြီးတော့ ခပ်သုတ်သုတ် အိမ်ပြန်ကြ။ ရေချိုးတာ၊ မျက်နှာသစ်တာ၊ အီးအီးပါတာ အိမ်ကျမှလုပ်။ ပြီးရင် မနက်ခင်း လက်ဖက်ရည်ကလေးသောက်၊ တတ်နိုင်ရင် စမူဆာ၊ အီကြာကွေး၊ မုန့်ဟင်းခါး စားဦးပေါ့။ ဘာလုပ်လုပ် ခပ်သုတ်သုတ်ပဲ။ ရှစ်နာရီမှာ ညစောင့်အဖြစ်မှတစ်ဖန် ဥယျာဉ်မှူးအသွင်သို့ ပြောင်းလဲလို့ ခြံထဲ ပြန်ဝင်ရမယ်လေ။

မြောင်းတွေ ဖော်မယ်၊ မြက်တွေ ရိပ်မယ်၊ ခုတ်သင့်တဲ့အပင် ခုတ်မယ်၊ ကိုင်းရှင်းမယ်။ ရေလောင်းသင့်တဲ့အပင် ရေလောင်းမယ်။ ဗိုလ်ကတော်မျက်ခုံးတိမယ်။ စက္ကူပြန်းရှုံရှင်းမယ်။ ဆယ့်ငါးပေပတ်လည်လောက်ရှိမယ့် ငါးကန်ကိုလည်း ဖော်ချင်ဖော်ရမယ်။ ပေါက်ပြား၊ ပေါက်တူး ထမ်းမယ်။ မြေသယ်မယ်။ ပျိုးပင်တွေ ထုပ်မယ်။ ကျော်ဆွေသာ အခြား ရုံးလုပ်ငန်းလုပ်စရာမရှိလို့ ခြံထဲ လတ်လျားလတ်လျား လုပ်နေမယ်ဆိုရင် ခြံအလုပ်သမားတွေခမျာ လုပ်စရာအလုပ်တွေ များလွန်းလို့။ ခြံခေါင်း မရှိဘူးဆိုရင်တော့လည်း အရိပ်ရအပင်ခြေရင်းထိုင်၊ မိသားစုအကြောင်း၊ ကြော်ငြာမင်းသမီးတွေအကြောင်း၊ တောပြောတောင်ပြော ပြောစရာတွေများ များလွန်းလို့။ ဘာမှပြောစရာမရှိရင်တောင် ခြံခေါင်းကျော်ဆွေ့အတင်း ထိုင်တုပ်နေရုံပဲ။ ဒါကိုတော့ အမျိုးသမီးလုပ်အားစုက ဦးဆောင်ကြရတယ်။ သို့သော်လည်း နားပြန်ပေါက်မယ့် သူလျှိုတော့ ဂရုစိုက်ပေါ့။ ကျော်ဆွေရဲ့နား တွေဟာ နေရာတကာမှာ ရှိနေနိုင်တယ်မဟုတ်လား။

အဲဒီလို တစ်နေ့လယ်ကုန်သွားမယ်။ ဆယ့်နှစ်နာရီထိုးတော့ ထမင်းချိုင့်ထုပ်လာသူတွေက ပျော်ပွဲစားများ ထွက်သလို မြက်ခင်းပေါ် သတင်းစာစက္ကူခင်း၊ ထမင်းချိုင့်လေးတွေ ဖွင့်ကြ။ ကန်စွန်းရွက်ကြော်၊ ဘဲဥချက်၊ ကြက်ဥကြော်၊ လက်ဖက်သုပ်၊ ငါးခေါင်း ဖလှယ်စားသောက်ကြ။ ထမင်းထုပ်မလာသူတွေကတော့ အိမ်မြန်မြန်ပြန်ပေါ့။ နေ့လယ်တစ်နာရီ ခြံထဲ ပြန်လာကြရမယ်။ အပြင်လောကဆိုတာနဲ့ ရှောင်ဖယ်ဖယ်ဖြစ်လာ။ မှူးကြီးခြံ သာ တစ်ခုတည်းသောကမ္ဘာ၊ ကျော်ဆွေသည်သာ တစ်ပါးတည်းသောဘုရင်။

နေ့လယ်တစ်နာရီကနေ တစ်ခါ ညနေငါးနာရီအထိ ရုန်းလိုက် ကန်လိုက်၊ တူးလိုက်ဆွလိုက်ကြပေဦးတစ်ခါ။ ပြီးတော့ လက်မှတ်ထိုး အိမ်ပြန်ကြ။ ညသမားတွေဟာ ခြောက်နာရီခွဲမှာ တစ်ခါ ညစောင့် အလုပ်သမားအဖြစ်နဲ့ ပြန်လာကြ။ ဘယ်လောက်ပျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့ အလုပ်ဆိုတာကို ပြန်ပြောပြရတာတောင် ပျင်းဖို့ကောင်းလှတယ်။ ဒါပေမဲ့ အလုပ်က အလုပ်ပါပဲ။ ခြံအလုပ်သမားတွေဆိုတာ အားလုံးနီးနီး အသက် အရွယ်ငယ်နေရင် အတန်းပညာ မရှိကြလို့၊ ဒါမှမဟုတ်ရင် လေးဆယ် အထက်နဲ့ အိုမင်းမစွမ်းအဘိုးကြီးတွေချည့်ပဲ။ လေးငါးခြောက်ယောက်လောက် ရှိတဲ့ ခပ်ငယ်ငယ် မိန်းကလေးတွေဆိုတာလည်း အတန်းပညာမရှိတော့ အရောင်းစာရေးမအလုပ်တောင် ရဖို့မသေချာတာတွေ။ ရှိတဲ့အလုပ်ကလေးကို ကပ်ကပ်သပ်သပ်ဖြစ်သလို ကုပ်လုပ်နေကြရတာပဲ။

ဒီလို ရှုပ်ရှုပ်ချုံချုံ ကြိုးစားပမ်းစား လုပ်ကိုင်ကြခြင်းအားဖြင့် နေ့အလုပ်သမားတွေဟာ တစ်ရက်ကို သုံးရာ့ငါးဆယ်ရပြီး၊ ညအလုပ်သမား တွေကတော့ တစ်ညကို နှစ်ရာရကြတယ်။ နေ့ရောညပါလုပ်ကြတဲ့ အလုပ်သမားတွေအတွက် ဝင်ငွေဟာ နှစ်ဆယ့်လေးနာရီမှ တစ်ရက်မှ ငါးရာ့ ငါးဆယ်ပေါ့။ ဒါပေမဲ့ ဒါဟာ တကယ့်လုပ်အားခ တန်ဖိုးအမှန်မဟုတ်ဘူး ဆိုတာ ခြံအလုပ်သမားတိုင်း သိကြတယ်။ တကယ်တမ်း အထက်ကို တင်ပေးလိုက်တဲ့ စာရင်းအရ အလုပ်သမားတွေရဲ့ လုပ်အားခတန်ဖိုးနှုန်းထား အမှန်က နေ့အလုပ်သမားတွေအတွက် တစ်ရက်ကို လေးရာဖြစ်ပြီး၊ ညစောင့် တွေအတွက် တစ်ညကို နှစ်ရာ့ငါးဆယ်ဖြစ်တယ်။ ဒါကို ကျော်ဆွေ ကြားက ဖြတ်သုတ်နေတာပဲ။ နှစ်ဆယ့်လေးနာရီတစ်ရက်တိုင်းအတွက် အလုပ်သမား တစ်ယောက်ချင်းစီကနေ တစ်ရာ ဖြတ်စားနေတာပဲ။ ကုပ်သွေးစုပ်တာ၊ ခေါင်းပုံဖြတ်တာ။ ရှိတဲ့အလုပ်သမားတွေဆီကနေ ခေါင်းပုံဖြတ်တာတင် အားမရသေး။ ကျော်ဆွေဟာ အလုပ်သမားအရေအတွက်ကို ရှိတာထက် စာရင်းပိုတင်ပြီး မရှိတဲ့ အလုပ်သမားတွေရဲ့လုပ်အားခကိုပါ ထုတ်ယူထား လိုက်သေး။

လျှို့ဝှက်ချက်မဟုတ်တဲ့ ဒီကိစ္စကို အလုပ်သမားတိုင်းသိပေမယ့် ဘယ်သူ စောဒကတက်ချင်သလဲ။ လာခဲ့ပါ တံခါးဖွင့်ထားတယ်။ စောဒက တက်နိုင်ဖို့ သူ့အခန်းတံခါးဖွင့်ထားတာတော့ မဟုတ်ဘူး။ ခြံတံခါး ဖွင့်ထားတာ။ လစ်တော့လေ။ ကျော်ဆွေ ဆိုတာ ဒီခြံကြီးရဲ့ ခြံခေါင်းလေ၊ ဘုရင်လေ။ သူက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး၊ အားလုံးက နေ့စားအလုပ်သမား တွေလေ။ စာရင်းမှာ ဘာနာမည်မှမပေါက်။ အလုပ်သမားတစ်ယောက်ဆိုတဲ့ ကိန်းဂဏန်းတစ်ခုပဲ ရှိတယ်။ ဒီခြံကြီးရဲ့ ကိစ္စရပ်တိုင်း ခွင့်ချက်မရှိ အာဏာပိုင်သူ မဟုတ်ပေမယ့် အလုပ်သမားကိစ္စကတော့ ကျော်ဆွေ့မှာ ခန့်နိုင်၊ ဖြုတ်နိုင်တဲ့ အာဏာကအပြည့်။ မကျေနပ်ရင်ထွက်။ ငကန်းသေရင် ငစွေတွေမှ တစ်ပုံကြီးဆိုတာ

အားလုံးသိကြတာပေါ့။ ဒီတော့ ကေရာဇ် လောက် မျက်နှာပေးနဲ့ ခြေဖျားလေးတွေကို ခတ်ခတ်ပြီး ကျော်ဆွေများ လတ်လျားလတ်လျားလုပ်၊ တိုင်းခန်းလှည့်လာပလားဆိုရင် အလုပ်သမားအားလုံးဟာ ရှိတဲ့အလုပ်ကလေး ဘေးချ၊ လက်နောက်ပစ်လို့ သွားဖြီးပြရ တော့တာပေါ့။ ခွေးရူးကို မျက်နှာချိုသွေးရသလိုပဲ။

ခြံထဲက ဒီလိုရာသီဥတု၊ ဒီလိုပတ်ဝန်းကျင်က ဒီလိုအုပ်ချုပ်မှုနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ကိုဝင်းသိန်းဟာ တော်လှန်ရေးသမားတစ်ယောက်ပဲ၊ ကိုဝင်းသိန်းဟာ ဘယ်တော့မှ ကျော်ဆွေလာလို့ ခရီးဦးကြိုမပြုဘူး။

"ဂရုကို မစိုက်ဘူးကွာ ထွီ" လို့တော့ လုပ်မရပေမယ့် အလုပ်ထဲအာရုံ ရောက်နေသလို အချိုးချိုးရတာပေါ့။ တော်တော်ကျော်သွားပြီဆိုမှ ...

"မအေဘေး စောက်ခွက်ကိုက"" ဆိုပြီး နည်းနည်းကျိန်ဆဲလိုက် မယ်။ တစ်ခါတလေ သူ့နာမည်ကို တိုက်ရိုက်ခေါ်ပြီး...

"ဝင်းသိန်း အနောက်ဂိုဒေါင် သွားရှင်းလိုက်"" လို့ အမိန့်ပေးတာ မျိုးကျတော့မှ . . .

""ဟုတ်ကဲ့"" လို့ တစ်ခွန်းထူး၊ အလုပ်ရှိရာ ထွက်သွားလိုက်တယ်။ "ဟုတ်ကဲ့" ထူးချိန်မှာ ခေါင်းကလေး မဆိုစလောက် ခပ်ငိုက်ငိုက်တစ်ချက် ဖြစ်သွားတာကလွဲရင် ကျန်တဲ့ ကိုယ်ဟန်အနေအထား ပုံမှန်ပဲ။ အူယားဖားယား ကြီး မဟုတ်ဘူး။ ဒါကိုက ဒီခြံထဲမှာတော့ တော်လှန်ရေးသဘောဆောင်နေ တာပဲပေါ့။

ခိုးပြေးကြပြီးလို့ သုံးရက်နေတော့ ခိုင်မြဲတို့အတွဲ မြို့ပြန်ရောက်လာကြတယ်။ အားလုံး ရှောရှောရှူရှူပဲ။ မသွယ်တို့ရဲ့ ဘုတာဝင်းထဲက ဝန်ထမ်းအိမ်ရာရှေ့မှာတင် ဖဲကြိုးဖဲစကလေးတွေစင်ပြီး မင်္ဂလာမဏ္ဍပ်ဆောက်တယ်။ မင်္ဂလာမဏ္ဍပ်ကို ခိုင်မြဲရဲ့ ယောက်ဖတစ်ဝမ်းကွဲတွေ ဆောက်တယ်ထင်တယ်။ ပူစီဖောင်းကလေးတွေပါ မှုတ်ပြီး ချိထားကြသေးတယ်။ အဲဒီမှာတင် အဖိုးနည်းဝန်ပါတဲ့ မင်္ဂလာဆောင်ကလေး ဖြစ်သွားတယ်။ ခိုင်မြဲ စုဆောင်း ထားတာလေးနဲ့ နတ်သုဒ္ဓါကြက်သားနဲ့ ကျွေးတယ်။ စားလို့တော်တော်ကောင်းတယ်။ ကျွန်တော်ကတော့ တကယ့်ကို လှိုက်လှိုက်လှဲလှဲနဲ့

စာအုပ်ကလေးတစ်အုပ် လောက် ဝယ်ပြီး လက်ဖွဲ့ချင်တာ။ သို့သော်လည်း ပိုက်ဆံမရှိလို့ ဖိုးသက်နဲ့အတူ တောက်တိုမယ်ရ အကုန် ဝင်လုပ်ပေးနိုင်တာပဲ လက်ဖွဲ့လို့ သတ်မှတ်ရမှာပေါ့။

မင်္ဂလာဆောင်ပြီးတာနဲ့ ခိုင်မြဲဟာ သူ့အိမ်ကနေ မသွယ်အိမ်ကို သေတ္တာစိမ်းကလေးဆွဲလို့ ပြောင်းနေ တယ်။

မသွယ်က တစ်ဦးတည်းသော သမီးဆိုတော့ သူ့အဖေအမေနဲ့ နေချင်မှာပေါ့။ အစကတော့ မသွယ်ရဲ့ အဖေနဲ့အမေဟာ ဆယ်တန်းက မအောင်၊ လူပုံက တေလေဂျပိုး ရုပ်ပေါက်နေတဲ့ ခိုင်မြဲကို သိပ်မကြည်ကြဘူး။ သို့ပေမယ့် သေချာ စိစစ်တွက်ချက်ကြည့်လိုက်တော့လည်း ဘဝရှေ့ရေး ခိုင်မာသယောင်ယောင် ရုံးအကူဝန်ထမ်းကလေးလည်းဖြစ်၊ သတင်းစာပို့တဲ့ အလုပ်ကလေးကလည်း ဝင်ငွေကောင်း။ မဆိုးလှသေးပါ ဘူးပေါ့လေ။ ပေါင်းတတ်သင်းတတ် လူကြောနပ်တဲ့ ခိုင်မြဲက နောက်ဆုံးတစ်ကွက် ထုတ်သုံးလိုက်တော့ ယောက္ခမနှစ်ယောက် ကြွေဆင်းသွားကြတယ်။ ညနေတိုင်း လက်ဖက်ရည်ကြိုက်တတ်တဲ့ ယောက္ခထီးအတွက် လက်ဖက်ရည် ထုပ်ကလေး မှန်မှန် ဆွဲဆွဲသွားတာပဲ။ တန်ဖိုးနည်းပေမယ့် ထိရောက်တယ်။ ခိုင်မြဲဟာ ရွှေသမက် ငွေသမက် ဖြစ်မှန်းမသိ ဖြစ်သွားတော့တာပဲ။ နောက်များ မှာ သူတို့သမီးကို ဗိုက်ထဲ ကလေးတစ်ယောက်၊ သားကလေးတစ်ယောက် နဲ့ထားပြီး ပစ်ပြေးလိမ့်မယ်လို့ သူတို့ ဘယ်ခန့်မှန်းနိုင်ပါ့မလဲ။

မသွယ်ရဲ့ ဗိုက်ကလေးကလည်း ဘူးစင်က ဘူးသီးကလေးလို တဖြည်းဖြည်း ဖွံ့ထွားလာတာကို ကျွန်တော်တို့ တဖြည်းဖြည်း မြင်လာရ တယ်။ ဘယ့်နှယ် ညားတာမှ နှစ်လ၊ သုံးလရှိသေး သူ့ဗိုက်က ပူလာပါ ပကောလို့ မေးကြည့်မှ ခိုင်မြဲဆိုတဲ့ကောင် . . .

"တစ်ခါတည်းပါကွာ ဟီး ဟီး" တဲ့။ သူတို့လင်မယားအတွက် တော့ ဗိုက်ကလေးပွတ်လိုက်၊ နမ်းလိုက်နဲ့ အလှပဆုံးနေ့ရက်များပဲပေါ့။ တစ်နေ့စာ သတင်းစာပို့ပြီးတာနဲ့ လင်မယားနှစ်ယောက်သား အိမ်က ရုံးကို စက်ဘီးကလေးတစ်စီးနဲ့ အတူပြန်ကြ။ ညနေဆိုရင် ဗိုက်ဖုံးအင်္ကျီကလေး ဝတ်ထားတဲ့ မသွယ်လက်ကလေးကို တွဲလျက် ပန်းခြံလမ်းတစ်လျှောက် ဗိုက်လေ့ကျင့်ခန်း လမ်းလျှောက်ကြသေးတယ်။

အရင်လို ကျွန်တော်တို့နဲ့ တစ်ပတ် နှစ်ည၊ သုံးညလောက် ဒေါ်မုန်းဆိုင်လိုက်ဖို့ဆိုတောင် အိပ်မက်တောင် မမက်နဲ့တော့။ ခွာညိုရုံနဲ့ လက်ဖက်ရည်ဆိုင်ကလေးကိုတောင် ရုံးရှေ့လည်းဖြစ်နေလို့ မနက်ခင်း သတင်းစာရထားစောင့်ရင်း စတိထိုင်ရတဲ့သဘော ဖြစ်သွားတယ်။

အယ်လ်ထရာစောင်းရိုက်တဲ့နေ့က တစ်ရက်သာ ဂျိုးကလေးနဲ့ ယောကျာ်းလေး ကွလို့ အရှုးတစ်ယောက်လို အော်ဟစ်ပြောရင်း ခပ်ကြာကြာထိုင်သွားတယ်။ ဖိုးသက်ကတော့ ကျွန်တော်ရယ်၊ ဇော်ပိုင်ရယ်နဲ့ လက်ဖက်ရည်ဆိုင်လာလာထိုင်ဆဲ၊ ထိုင်ရင်လည်း ကျွန်တော် ပြောသမျှ၊ တစ်ခါတလေ ဇော်ပိုင် ပြောသမျှ ဟာသကလေးတွေကို ထထရယ်တတ်ဆဲ ဆိုပေမယ့် သူ့အမေ ဒါမှမဟုတ် သူနဲ့ပဲ ပတ်သက်မယ်ထင်ရတဲ့ ပြဿနာတွေနဲ့ မျက်လုံးကတော့ ပိုပိုပြူးလာတယ်။ ကျွန်တော် ညစောင့်အလုပ်ဝင်ပြီး နေ့ဘက်တွေမှာ၊ ညစောင့် အလုပ်နဲ့ တွဲလုပ်လို့ရနိုင်မယ့် အလုပ်ရှာပေမယ့်လည်း မရဘူး။ အဲဒီရက်တွေမှာ ဇော်ပိုင့်ဆီသွားထိုင်တယ်။ ဇော်ပိုင်က ကွမ်းယာဆိုင်ဆိုတော့ လူစုံနဲ့ တွေ့ရ တယ်။ သတင်းအစုံရတယ်။ ဖိုးသက်က မြို့စွန်ရပ်ကွက်နေတာဆိုပေမယ့် လည်း ကျွန်တော်တို့နဲ့မရှိတဲ့အချိန်ဖြစ်တာတွေကို ဇော်ပိုင့်ဆီကတစ်ဆင့် ကျွန်တော်လည်း ပြန်ပြန်ကြားရတယ်။ ဖိုးသက်ဟာ သူ့အမေနဲ့လည်း သူတို့ တစ်ရပ်ကွက်လုံး ထထွက်ကြည့်ရလောက်အောင် အော်ကြီးဟစ်ကျယ်နဲ့ ရန်ခဏခဏ ဖြစ်သတဲ့။ အမေနဲ့သား ရန်ဖြစ်တာဆိုပေမယ့်လည်း သူကလည်း မိုင်းတာမကြီး မသာမကြီး ဆဲတယ်။ သူ့အမေကလည်း ယုတ်ပေ့ဆိုတာတွေနဲ့ နှိုင်းဆဲတာပဲတဲ့။

ကျွန်တော်တို့ သိသလောက်အရဆိုရင်တော့ ဖိုးသက်ဟာ သိပ်ဆိုးတဲ့ သားတစ်ယောက်တော့မဟုတ်ဘူး။ ဇော်ပိုင်ကလည်း အဲသလိုပဲမြင်တယ်။ ကိုယ့်သူငယ်ချင်းမို့ ဖေးဖေးမမ တွေးတာလည်း ပါချင်ပါမှာပေါ့။ ဖိုးသက် အခုတလော နေ့ဘက်တွေပါ သောက်သောက်မူးမူး ဖြစ်နေတာတွေဟာ သူ့အမေနဲ့ ပြဿနာတွေကိုပဲ စိတ်ညစ်လို့ နေမှာပေါ့။ မူးပြီးရမ်းတတ်တဲ့ ကောင်မျိုးလည်းမဟုတ်။ သူ့အမေကြီးကိုက ဒီလောင်းကစားကို မစွန့်လွှတ်နိုင် တာ နေမှာပဲလို့ ကျွန်တော်တို့က ထင်မိတယ်။ သားအမိဆိုတော့ ငါတို့လည်း ဘာတတ်နိုင်မှာလဲလို့ပဲ ဆက်လက်တွေးရတာပေါ့။ ကျွန်တော်က ကိုယ့် အတွေးနဲ့ကိုယ် ဖိုးသက် ကောင်းရာကောင်းကြောင်းဖြစ်ဖို့ စဉ်းစားမိတာလေး ဇော်ပိုင့်ကို ပြောကြည့်တယ်။

ဒီကောင် မိန်းမရသွားရင် ကောင်းမယ်ကွာ၊ သူ့အိုး သူ့အိမ်လေးနဲ့ နေလိုက်စေ့ချင်တယ်""အဲလိုကျတော့လည်း သူ့အမေကြီးတစ်ယောက်တည်း ဖြစ်နေမှာ ပေါ့ကွာ၊ ဘယ်တတ်နိုင်မှာလဲ အဖေ၊ အမေ ဆိုတာ ရွေးလို့မှမရဘဲကွာ" ဇော်ပိုင်က ကျွန်တော်ပြောတာကို သဘောမတူဘူး။

""မဟုတ်ဘူးလေကွာ၊ တစ်အိမ်တည်းနေဆိုရင်လည်း နေပေါ့၊ သူ့မိန်းမပါရှိလာတော့ သူ့အမေလည်း ဆင်ဆင်ခြင်ခြင် နေရတော့မှာပေါ့၊ ဟော နောက် ကလေးတွေဘာတွေရလာ၊ မြေးတွေဘာတွေ ရလာရင်တော့ သူ့အမေကြီးလည်း ပြောင်းလဲချင် ပြောင်းလဲမှာပေါ့"

"ငါတော့ မထင်ဘူး။ အဲ့ကျမှ သားနဲ့တင်မဟုတ်၊ ချွေးမနဲ့ပါ ရန်ဆက်ဖြစ်နေလိမ့်မယ်""

ဖိုးသက်ဟာ ကျွန်တော်နဲ့ ခိုင်မြဲတို့ အခမဲ့နင်းပို့ပေးလိုက်ရတဲ့ အုံနာ ဆီက ဆိုက်ကားယူမရတော့လို့ အခြားအုံနာတစ်ယောက်ဆီက ပြောင်းယူ နင်းတယ်။ အုံနာခကလည်း လေးရာဖြစ်သွားသတဲ့။

"မကိုက်ဘူးကွာ၊ မကိုက်ဘူးကွာ"" နဲ့ပဲ လက်ဖက်ရည်ဆိုင် ထိုင်တိုင်း ညည်းနေတယ်။ ကိုယ်ပိုင်ဆိုက်ကားနဲ့တုန်းကတောင် အဆင်မပြေ တာ၊ သူများဆီက ယူနင်းရမှတော့ ပိုအဆင်မပြေဖို့သာ ရှိတာပေါ့။ ကျွန်တော် လည်း ဒီကောင်နဲ့တွေ့ရရင် နေ့ဘက် အလုပ်မရသေးလို့ စိတ်ညစ်နေရတာ တွေ၊ ခြံထဲက စိတ်ပျက်ဖို့ကောင်းတဲ့ ခြံခေါင်းကို ဒေါသထွက်နေရတာတွေကို မေ့မေ့ကုန်ပြီး သူ့အတွက်ပဲ သက်ပြင်းတချချနဲ့ ပူပန်ပေးနေရသလို ဖြစ်နေ တယ်။

"တစ်နေ့ကို မင်း တိုက်ကြေး ဘယ်လောက်လောက်ရတုံးကွာ" လို့ ကျွန်တော် မေးကြည့်တယ်။

"တစ်ထောင် တစ်ထောင့်ငါးရာလောက်ရဖို့ မနည်းနင်းနေရတာကွ၊ ဆိုက်ကားတွေကလည်း များများလာတယ်""

"ဟာ.. အဲဒါဆိုလည်း မနည်းပါဘူးကွာ၊ တစ်ထောင်ပဲ ရပါဦး။ မင်းအတွက် ခြောက်ရာကျန်၊ တစ်လဆိုရင် တစ်သောင်းရှစ်ထောင်လောက် ရနေတာပဲ"" လို့ ကျွန်တော် ပြောတယ်။ ကျွန်တော်ရတဲ့ လစာနဲ့ နှိုင်းယှဉ် မိတာကိုး။

"အေး... မင်းပြောသလို တစ်ထောင်ပဲရဦး အိမ်အတွက် ဘယ်လို လုပ်လောက်မှာလဲကွာ ကျော်ဇောရာ မင်းကလဲ"" လို့ ကျွန်တော့်တောင် မကျေနပ်သလိုနဲ့ ညည်းညည်းညူညူပြောရင်း လက်ဖက်ရည် တစ်ငုံသောက် တယ်။ ပြီးတော့ စကားကို ထပ်ဆက်တယ်။

""ထောင့်ငါးရာလောက်ရဖို့ကို မျှော်နေအောင် နင်းရတာကွ၊ ပြီးတော့ နေ့တိုင်း သေချာတာလည်း မဟုတ်ဘူး။ ငါတို့ဂိတ်ကလည်း ပါစင်ဂျာ အရနည်းတယ်၊ တစ်ခါတလေ ညနေစောင်းတဲ့အထိ အုံနာကြေးမပြည့်သေးတဲ့ နေ့တွေ ရှိသေးတယ်။ ဒါတောင် ဒီကောင့် ကွမ်းခြင်းကလေး သယ်သယ်နေရ လို့"

ဇော်ပိုင့်ကို လက်ညှိုးထိုးရင်း ဖိုးသက်က စိတ်ပျက်လက်ပျက် ဖြစ်နေတယ်။

"မင်း အဲဒါကြောင့်များ အရက်တွေ နင်းကန်သောက်နေတာလား"" ဇော်ပိုင်က ဖိုးသက်ကို ဝင်မေးတယ်။ ဖိုးသက်က ဇော်ပိုင့်မျက်နှာကို တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ လမ်းကိုငေးနေတယ်။ ကျွန်တော်လည်း ဖိုးသက်ပဲ ဇော်ပိုင့်မေးခွန်းကို ဖြေမလားလို့ စောင့်နေသေးတယ်။ ဖိုးသက်က မဖြေတော့ ဘာဝင်ပြောရမယ်မှန်းမသိတော့လို့ ဖိုးသက်ကိုပဲ ငေးကြည့်နေ လိုက်မိတယ်။ ဒီကောင် အသက်နှစ်ဆယ်ကို ဘယ်လောက်ကျော်ဦးမှာလဲ။ အလွန်ဆုံးမှ နှစ်နှစ် သုံးနှစ်ပေါ့။ ခေါင်းမှာ ဆံပင်ဖြူတွေကိုတောင် အများကြီး တွေ့လာရတယ်။ ငယ်ငယ်က အမေတို့ပြောတတ်တဲ့ ဟင်းခိုးစားလို့၊ စားဦး စားဖျားစားလို့ ဆံပင်တွေဖြူတွေပေါက်နေတာတော့ မဟုတ်လောက်ဘူး။ ကျွန်တော်လည်း ဖိုးသက်ကို ငေးကြည့်နေရာက ငြီးငွေ့လာလို့ ဇော်ပိုင့်ကို ကြည့်လိုက်တော့လည်း ဇော်ပိုင်လည်း ဖိုးသက်ကိုပဲ ငေးကြည့်နေတာ တွေ့ရ တယ်။ သူလည်း ငယ်သူငယ်ချင်းဆိုတော့ ကရုဏာသက် ပူပန်နေပုံပါပဲ။

"ငပိုင် မင်းဆိုင်ကရော တစ်နေ့ ဘယ်လောက်ဖိုးလောက် ရောင်းရ တုံး" လို့

ကျွန်တော် မေးကြည့်မိတယ်။

"ပုံမှန်တော့မရှိပါဘူးကွာ ပါးတဲ့နေ့လည်း ပါးပေါ့၊ ညနေ ငါးအမေ မထိုင်ခင်အထိတော့ လေးငါးထောင်လောက်တော့ ရှိမယ်""

"ဟ မနည်းပါလား ငပိုင်ရာ၊ အဲဒီ အမြတ်ကျ ဘယ်လောက်ရှိ တုံး" လို့ ကျွန်တော် ထပ်မေးမိတယ်။ သူတို့ တစ်ရက်ရောင်းရငွေက ကျွန်တော့် ညစောင့် တစ်လစောင့်ခလောက်နီးနီးရှိတာကိုး။ ဇော်ပိုင်က ခေါင်းရှုပ်ဟန်နဲ့ ပြောတယ်။

"အမြတ်လား.... အဲဒါတော့ မတွက်တတ်ဘူးကွာ၊ ဒီထဲကပဲ ပစ္စည်းပြန်ဝယ်၊ အိမ်သုံးဖို့ ဟင်းချက်စရာ ဆန်ဝယ်ဆိုတော့""

"မင်းတို့ တစ်ဝက်ပဲမြတ်ဦးကွာ.. တစ်ရက် နှစ်ထောင့်ငါးရာ သုံးထောင်ရှိတယ် နည်းမှမနည်းဘဲ""

ဖိုးသက်ကပါ အားကျတဲ့လေသံနဲ့ ဝင်ပြောတယ်။ ဇော်ပိုင်ကတော့ မဟန်ပါဘူးကွာဆိုတဲ့ဟန်နဲ့ ပခုံးတောင် တစ်ချက်တွန့်လိုက်သေးတယ်။

အငယ်ကောင်က ရှစ်တန်းတက်တော့မယ်။ အတန်းကြီးလာတော့ ကျူရှင်ရော ကျောင်းမုန့်ဖိုးရော ကုန်တယ်ဟ၊ ဆုကြေးလေးဘာလေး အမေ လိုက်တာတော့ ရှိတာပေါ့ကွာ၊ တအားကြီးလည်း ပိုပိုလျှံလျှံတော့ မဟုတ်ပါ ဘူး၊ ငါ့ခိုးကြွေးကလည်း ရှိသေးတယ်လေ""

ပြောပြီးရယ်သေးတယ်။

"မအေဘေး ငပိုင်၊ မင်း ပိုက်ဆံတွေခိုးပြီး ဘာလုပ်ပစ်တာတုံး၊ ငါတို့လည်း မင်းတိုက်တဲ့အရက် မသောက်ရတာတောင် ကြာလှပြီ" လို့ ဖိုးသက်က ဇော်ပိုင့်ပခုံးကို တွန်းထုတ်လိုက်ရင်း ပြောတယ်။

"မအေဘေး... လက်ဖက်ရည်တွေ မှောက်ကုန်မယ်ဟ"

"မရဘူးကွာ... ဒီညှ မင်း အရက်တိုက်၊ မင်း ပိုက်ဆံတွေကျတော့ ရှိပြီး ကိုယ့်အပေါင်းအသင်းကိုယ် ပြုစုမယ် မရှိဘူး။ အင်္ကျီတွေ ဘောင်းဘီတွေ ဝယ်တာလား" တဲ့။ ဖိုးသက်က ဩှော်ပြော ပြောတယ်။

"လပြွတ် အင်္ကျီအသစ် ဘောင်းဘီအသစ် ဝယ်ရမှာလား။ ဆိုင်နား တောင် မကပ်နိုင်ဘူး။ ဘုရားပွဲတွေရှိမှ ဘေထုပ်လေး ပြေးပြေးဝယ်ရတာ။ ငါ့လည်းကြည့်ဦး မင်းတို့နဲ့ ဘာကွာနေလို့လဲ၊ မင်းတို့လို စုတ်ချွန်းချွန်း ပေစုတ်စုတ်ပဲဟာ။ ဟား ဟား ဟား ဟား ငါက မင်းတို့ထက်တော့ပိုဖြောင့်တာပေါ့လေ ဟား ဟား ဟား ဟား

"မအေရိုးက ဖင်ယားပြီ"" လို့ ဖိုးသက်က ရယ်ပြီးပြောတယ်။ ကျွန်တော်လည်း ရယ်ပဲနေလိုက်တော့တယ်။ ဇော်ပိုင် ပိုက်ဆံခိုးတာ သူ့အဖေ အတွက်ပဲနေမှာလို့ ကျွန်တော်တော့ ထင်မိတယ်။ ညနေ ညနေ သူ့အဖေဖို့ ထမင်းထုပ် သွားသွားပေးတာက သူ့အမေဆီက တောင်းယူလို့မှ မရဘဲ။ သူ့အမေက ခါးခါးသီးသီးလေ။ လက်ဖက်ရည်ဖိုးတို့ ဘာတို့ ပေးချင်ပေးခဲ့ဦး မှာပေါ့။ ထုတ်တော့ မမေးပါဘူး။ ဒီကောင်တွေနဲ့ ပေါင်းလာတာ သုံးလေးနှစ် ရှိနေပြီမို့ ဟိုအကြောင်း ဒီအကြောင်း ကောင်းကောင်းသိပြီ ဆိုပေမယ့် ဒီကိစ္စ ကတော့ ဇော်ပိုင် ဘယ်တုန်းကမှ ပြောတဲ့ကိစ္စမဟုတ်လို့၊ သူ မဖြေချင် လောက်ဘူးထင်မိလို့ မမေးတော့ဘူး။

မင်းတို့လို စုတ်ချွန်းချွန်း၊ ပေစုတ်စုတ်ပါပဲကွာလို့ ဇော်ပိုင်ပြောလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိတော့ သူပြောတာ ဟုတ်တော့လည်း ဟုတ်ပါ တယ်။ ခိုင်မြကတော့ မိန်းမရတော့ သူ့မိန်းမက ဝတ်တာစားတာကအစ ခေါင်းကို ဆီလိမ်းဖို့၊ သပ်သပ်ရပ်ရပ်နေဖို့ သွန်သင်တယ်နဲ့ တူပါတယ်။ လူမွေးလူတောင် ပြောင်သလိုလို ဖြစ်လာတယ်။ ကျွန်တော်တို့ သုံးယောက် ကတော့ ခုထိ အရင်လို တော်ရိလျော်ရိ ထုံအမ်းအမ်းရုပ်တွေချည်းပဲ။ အထူး သဖြင့် ကျွန်တော်နဲ့ ဖိုးသက်ပေါ့။ ဇော်ပိုင်ကတော့ ပုဆိုး၊ အင်္ကျီ ထုံးတဖွေး ဖွေးနဲ့မို့သာ မသိရင် မဆလာဖျော်တဲ့ ပန်းရံသမားတစ်ယောက်လို ဖြစ်နေပေမယ့် ကျွန်တော်တို့ထက်တော့ နည်းနည်းသာသယောင် ရှိနေတာတော့ အမှန်ပဲ။

ကျွန်တော်ရဲ့ အဲဒီနှစ်များဆိုတာ တကယ်တော့ ကျွန်တော်ကိုယ်တိုင် ထက်၊

ကျွန်တော်နဲ့ ကြုံခဲ့ဆုံခဲ့ရသူတွေရဲ့ တကယ့်နှစ်များသာ ဖြစ်ခဲ့တာပါ။ ညစောင့် တစ်နှစ်ခွဲလုပ်ခဲ့တဲ့ညများဟာ ဂိတ်တဲထဲထိုင်လို့ ထွက်ခါစ နွတ်ခမ်းမွေး ရေးရေးကို ဆွဲလိမ်ကြည့်ရင်း အချိန်ကုန်ခဲ့ရတာချည်း မဟုတ်ဘူး။ ဂိတ်တဲရဲ့ တောင်ဘက် မယ်ဇင်ပင်ကြီးဆီကလာတဲ့ အီစုတ်နေတဲ့ မယ်ဇယ်ရနံ့ တစ်ခု တည်းက ခေါင်းကိုက်စရာဖြစ်နေခဲ့တာ မဟုတ်ဘူး။ နေ့အလုပ်သမားလည်းလုပ်ကြတဲ့ ညစောင့်အဘိုးကြီးတွေ ညအချိန်မတော် တန်ဖိုးကြီး ပျိုးပင်ပေါက် တွေကို ဆာလာအိတ်တွေထဲ ခိုးထည့်၊ လူသွားလမ်းကျဉ်းကျဉ်းတစ်ခုရှိတဲ့ အနောက်ဘက်ဆုံး ဂိတ်ပေါက်ကနေ အပြင်ဘက်ကို ပစ်ချ ခိုးထုတ် (နောက်တစ်နေ့ မနက်ကျမှ အိမ်ပြန်ရင်း ယူသွားကြမှာ) နေတာကို ခိုးကြည့်ရင်း သည်းထိတ်ရင်ဖို ဖြစ်နေခဲ့ရတာချည်း မဟုတ်သေးဘူး။

ကျွန်တော်နဲ့ မခင်သေးခင် ဟိုးအရင်နေ့များက ကိုဝင်းသိန်းရဲ့ ခေါင်းထဲ စွဲထင်နေတဲ့ မှတ်ဉာဏ်ပုံရိပ်တွေကို မြင်ရမယ်ရင်တော့ ကြည်နူးစရာ ကလေးတွေချည့်ပဲ။ ယောက္ခမအိမ်မှာ ချစ်ဇနီး၊ ချစ်သမီးကလေးတို့နဲ့ ကလူကျီစယ် ပျော်ရွှင်နေတဲ့ ကိုဝင်းသိန်းရဲ့ ပုံရိပ်တွေကို မြင်ရမှာ။ ကိုဝင်းသိန်း ရဲ့ မိန်းမနဲ့တူလို့ အသားဖွေးဖွေး၊ ပါးစုံ့ကလေးတွေ ဖောင်းနေတဲ့ ငါးနှစ်အရွယ် သမီးငယ်ကလေး။ သူ့မိန်းမက ကညနရုံးမှာ ဆိုင်ကယ်သက်တမ်းတိုး၊ လိုင်စင်၊ ယာဉ်မောင်းလိုင်စင်တွေလုပ်ဖို့ ဝန်ဆောင်မှုပေးတဲ့ ပွဲစား။

ကျွန်တော်နဲ့ မဆုံတွေ့ရသေးခင် ကိုဝင်းသိန်းရဲ့ အစောပိုင်းနေ့ရက် တွေမှာ သူ့ရဲ့နေပုံထိုင်ပုံ ဟန်ပန် စသည်ဖြင့် ဘယ်ပုံဘယ်သို့ မသိပေမယ့် ကျွန်တော်နဲ့ ဂိတ်တဲတစ်ခုတည်း ညအိပ်ရတဲ့နေ့တွေမှာတော့ ထုံထုံမှိုင်းမှိုင်း၊ အေးတိအေးစက်။ သူ့ဆေးပေါ့လိပ်မီးခိုးငွေ့တွေကြားမှာ၊ ဒါမှမဟုတ် ပါးစပ် ရှေ့မှာ ကွယ်ထားတဲ့ အရက်ခွက်နဲ့ အဲဒီအရက်ခွက်ကို ကိုင်ထားတဲ့ လက်တွေ ရဲ့ကြားမှာ သူ့မျက်နှာဟာ ပျောက်ကွယ်နေတာက များလို့နေတယ်။ သူ့မိန်းမ ကတော့ သူနဲ့ပြောင်းပြန်၊ ပွဲစားတွေထုံးစံအတိုင်း အာသွက် လျှာသွက် နှုတ်သွက်၊ အားလုံးသွက်နေတယ်။ အဲဒီတော့ သူ့ရဲ့ အချိန်နာရီ နေ့ရက်တွေက နှေးနေပြီး သူ့မိန်းမရဲ့ နေ့ရက်တွေက မြန်နေတယ်။ ကျွန်တော် ညစောင့်အလုပ် ဝင်တဲ့ အချိန်မတိုင်ခင်ကတည်းက သူ့မိန်းမနဲ့ သူနဲ့ဟာ ကွဲပြီးပြီ။

ကိုဝင်းသိန်းဟာ ညဘက် ခြံထဲပြန်မဝင်ခင် တစ်ပိုင်းလောက် သောက်လာတယ်။ ခြံထဲမှာ မအိပ်ခင်သောက်ဖို့လည်း တစ်ပိုင်းလောက်ကို ပုလင်းနဲ့

ခါးထိုးလို့ သယ်လာသေးတယ်။ သူ အလွန်အကျွံ မူးတဲ့ညတွေဆိုရင် ဂိတ်တဲထဲမှာ ဘီအီးစော်တထောင်းထောင်း၊ ဆေးပေါ့လိပ်မီးခိုးတလုံးလုံးကြား မျက်ရည်လည်ရွဲနဲ့ သူ့ရဲ့အကြောင်းကို အပိုင်းအပိုင်း ခွဲပြောပြလေ့ရှိတယ်။

ပြောရင်း အိပ်ပျော်သွားလို့ အပိုင်းတွေ ကွဲကုန်တာ။ ပက်ပက်စက်စက် တစ်ခါမူးရင် တစ်ပိုင်းပေါ့။ ရှေ့နောက်ဇာတ်လမ်းအစဉ်ကိုတော့ ကျွန်တော့် ဘာသာ ကျွန်တော် ဆက်စပ်ယူရတာပေါ့။

အဲဒီလိုညတွေဆိုရင် သူဟာ ခွေးတစ်ကောင်နာကျင်တဲ့အခါ အော်ညည်းနေသလို တအီအီအသံပြုရင်း မောမောပန်းပန်းနဲ့ အိပ်ပျော်သွား တယ်။ ပြီးတော့ ပိန်ခြောက်ခြောက် ကိုယ်ခန္ဓာကနေထွက်လာတယ်လို့ မယုံနိုင်လောက်တဲ့ ပြင်းထန်ကျယ်လောင်တဲ့ ဟောက်သံက ပေါ်ထွက်လာ တယ်။ ကျွန်တော်ကတော့ တစ်ခါတစ်ရံ သူ့အရက်ပုလင်းထဲက တစ်ခွက် တလေ ဝင်သောက်မိရင်တောင် မမူးနိုင်ပါဘူး။ ကျွန်တော်မမြင်ဘူးတဲ့ သူ့မိန်းမရဲ့မျက်နှာကို မှန်းဆပုံဖော်ကြည့်ရင်း မှန်းတီးဖို့ ကြိုးစားကြည့်လိုကြည့်။ တစ်ခါ တလေ အလုပ်ကို ခေါ်လာတတ်လို့ မြင်ဖူးနေတဲ့ ချစ်စရာ သူ့သမီးငယ် လေးရဲ့ ဘာမှနားမလည်ရှာသေးတဲ့အဖြစ်ကို တွေးရင်း ကရုဏာသက်နေမိ။ အဲဒီလို သူ့ဇာတ်လမ်းတွေထဲ မေ့ခန် ပြန်လည်နစ်မွန်းပုံဖော်ကြည့်နေလိုက်၊ ဟောက်သံကြောင့် စိတ်ကူးမြင်ယောင်နေတဲ့ ပုံရိပ်တွေပျက်ပြယ်သွားပြန်လို့ ဂိတ်တဲမျက်နှာကြက်ကို မြင်လာရပြန်လိုက်နဲ့ တလူးလူး တလိမ့်လိမ့် ဖြစ်နေ ရတယ်။

ကိုဝင်းသိန်းရဲ့မိန်းမဟာ သူ့လိုပဲ ပွဲစားလုပ်တဲ့လူတစ်ယောက်နဲ့ ဖောက်ပြန်နေတဲ့အကြောင်းကို သူကလွဲရင် အားလုံးသိနေခဲ့ကြတာ ခြောက်လ တစ်နှစ်လောက် ကြာခဲ့တယ်။ သူ့ရဲ့ယောက္ခမ၊ သူ့မိန်းမရဲ့ အမေတောင် သိတယ်။ သူကတော့ မသိရှာဘူး။ နောက်ဆုံး သူ သိလာရတော့လည်း သူ့ကိုပြောပြတဲ့လူကလည်း သူ့မိန်းမကိုယ်တိုင်ပဲ ဖြစ်နေခဲ့တယ်။ သူ့မိန်းမက ပြတ်သားတယ်။

“ငါ နင်နဲ့ မပေါင်းနိုင်တော့ဘူး၊ နောက်တစ်ယောက်ရှိနေတာလည်း ကြာပြီ ငါ့ကိုကွာပေးတော့”” လို့ ခပ်တည်တည်ပဲ တစ်ညနေမှာ ပြောသတဲ့။ အဲဒီတုန်းက ကျွန်တော်က ခြံထဲ အလုပ်မလုပ်သေးပါဘူး။ ခြံထဲကလူတွေ ပြန်ပြောပြချက်အရ အဲဒီညက ကိုဝင်းသိန်းရဲ့ငိုသံဟာ မှိုင်းမှောင်နေတဲ့ သစ်ပင် အုံ့ဆိုင်းဆိုင်းတွေကြားက ဝိညာဉ်တစ်ကောင်ရဲ့ အော်သံလိုလို၊ လွင်ပြင်တစ်ခုကိုမိုးထားတဲ့

တောင်ထွတ်တစ်ခုကနေ လမင်းကိုကြည့်လို့ ဝံပုလွေတစ်အုပ် ရှူးရှူးနှမ်းနှမ်းနဲ့ အူနေသလိုပါပဲတဲ့။ အရှေ့ အနောက်၊ တောင်၊ မြောက် ဂိတ်တဲမှန်သမျှ အားလုံးက ကြားရလောက်အောင် ကျယ်လောင်သတဲ့။ အဘိုးကြီးတွေကတော့ စကားတတ်တိုင်း စိတ်ထင်ရာ နည်းနည်းပိုပိုသာသာ ကလေးလည်း ချဲ့ကားပြောကြတာပေါ့ ။

ကိုဝင်းသိန်းဟာ ရင်ဘတ်တစ်ခုလုံး ရွဲစိုနေအောင်ကျထားတဲ့ မျက်ရည်တွေနဲ့ သူ့မိန်းမကို တောင်းပန်ပေမယ့်လည်း ဘယ်လိုမှ အရာ မထင်ခဲ့ပါဘူး။ သူ့မိန်းမဟာ သွားကို တင်းတင်းစေ့လို့ တစ်ချက်ကလေး တောင် ငဲ့မကြည့်နိုင်တော့ပါဘူး။ ပြန်မြင်ယောင်ကြည့်ရတာတောင် ရင်နာဖို့ ကောင်းလှပါတယ်။

"သမီးကလေးမျက်နှာ ကြည့်ပါဦးကွာ၊ ဖအေတကွဲ မအေတကွဲနဲ့ သူ ဘာမှနားမလည်သေးဘူးလေကွာ" လို့ သမီးကလေးအတွက် ပြောပေမယ့်လည်း သူ့မိန်းမဟာ မတုန်မလှုပ်ပဲတဲ့။ အဲဒီအပိုင်း ကိုဝင်းသိန်းပြောပြ တာကို နားထောင်နေရစဉ်က ကျနော့်စိတ်ထဲ တဏှာရာဂစိတ်ဟာ သိပ်ကို အင်အားကြီးမားတယ်လို့ ပြောကြတယ်။ ပြောလည်း ပြောနိုင်ပါပေတယ်။ သားသမီးချစ်စိတ်ကိုတောင် ကျော်လွှန်နိုင်တာကိုးလို့ သူ့မိန်းမကို စံနမူနာ ထားလို့ တွေးနေမိတယ်။ ကျွန်တော်သာ အဲဒီညနေက သူတို့လင်မယား အနားရှိနေခဲ့မယ်ဆိုရင် သူ့မိန်းမဟာ သူ့သမီးကလေးမျက်နှာကို တစ်ချက် လောက်ကလေးများ ဝေ့ကြည့်သွားခဲ့သေးလေသလားလို့ စောင့်ကြည့်နေလိုက် ချင်သေးတာ။ သူတို့သမီးလေးခမျာလည်း အဖေနဲ့အမေ ပြောဆိုနေတာတွေကို နားမလည်သေး။ ငိုကြီးချက်မနဲ့ အဖေဖြစ်သူကို ကြည့်လို့ ရောယောင် ငိုနေမလားရယ်လို့ ဝမ်းနည်းနာကျင်နေမိပါသေးတယ်။

သူ့ရဲ့ ယောက္ခမအဘွားကြီးကတော့ ကောင်းရှာတယ်လို့ ဆိုရမယ်။ ဒီယောက်ျား၊ ဒီကလေးနဲ့မှ မဟုတ်ရင် နင်လည်း အိမ်မနေနဲ့လို့ သူ့သမီးကိုသာ နှင်ချလိုက်သတဲ့။ အဘွားကြီးဟာ သူ့မြေးကလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်း ရင်း..."ဝင်းသိန်း ငါ့သမက် ငါ့သား ဒီကောင်မအတွက်များ ငိုမနေစမ်းနဲ့ တို့သားအမိ တို့မြေးကလေးကို ကောင်းကောင်းထားနိုင်တယ်" လို့ ဟစ်ကြွေး ရင်း ကိုဝင်းသိန်းကိုသာ နှစ်သိမ့်လို့ အိမ်မှာဆက်နေစေသတဲ့။ အဲဒီလို ယောက္ခမမျိုးကတော့ ကမ္ဘာမှာ ရှားလိမ့်မယ်။

““ယောက္ခမတော်လို့ကွာ-- နို့ဆို ငါလည်း ဘယ်နေရမှန်းမသိပါဘူး ညီလေးရာ””

ကိုဝင်းသိန်းဟာ ခေါင်းမထောင်နိုင်အောင် မူးနေချိန်မှာတောင် ယောက္ခမကို ချီးကျူးဖို့ သတိရနေလိုက် ပါသေးတယ်။ သူ့မိန်းမကတော့ အသင့်ဆောင်လာတဲ့ စာချုပ်ကို အိတ်ထဲကထုတ် သူ့ကို လက်မှတ်ထိုးစေပြီးတဲ့နောက် အထုပ်ဆွဲလို့ ရပ်ကွက်သာခြားတဲ့ နောက်ယောက်ျားရဲ့အိမ်ပေါ် တက်သွားတော့တာပဲ။ တတ်လည်း တတ်နိုင်ပါပေ့ဗျာ။

ကွာရှင်းပေးလိုက်ခါစ ညတွေမှာတော့ ကိုဝင်းသိန်းဟာ ခြင်ထောင်အမိုးကိုကြည့်ရင်း၊ အတိတ်က ပျော်စရာကောင်းတဲ့ မိသားစုနေ့ရက်တွေ အကြောင်း စဉ်းစားလို့ မျက်ရည်နှစ်သွယ်ဟာ နားပေါက်နှစ်ပေါက်ထဲကို အသံမထွက်ဘဲ တိတ်ဆိတ်စွာ စီးဆင်းရင်း တုံဏှိဘာဝေပဲ။ အမူးလွန်တဲ့ည တွေမှာ အော်ဆဲ။ ပြီးတော့ အမှောင်ထဲ ကွန်ကရစ်တုံးတစ်ခုလို ကျပ်သည်း တင်းခဲရင်း အေးစက်လာခဲ့တယ်။ တစ်ခါတလေ ညကြီးသန်းခေါင် ဂိတ်တဲ ရှေ့က ကွန်ကရစ်လမ်းပေါ် မှာ ဆောင့်ကြောင့်ထိုင်ရင်း ဒူးနှစ်ဖက်ကြားက ခေါင်းကို တစ်ယောက်ယောက်က ဖိဖိချနေသလို ရှိုက်ရင်း ငိုလို့ ငိုလို့သာ နေနေခဲ့ရတယ်။ သူ့မိန်းမနဲ့ မကွဲခင် ဟိုအရင်ချိန်တွေတုန်းကတော့ သူဟာ ယောကျ်ားမို့ သောက်သောက်စားစားရှိတတ်ပေမယ့် အခုလို ညနေတိုင်း သောက်၊ ညလည်းမှောက်ဆိုတဲ့ အရက်သမားမဟုတ်ဘူးတဲ့။

“အခုများတော့ မင်းကောင် နေ့လယ်ဘက်တောင် အရက်နံ့မွှန်ချင် မွှန်နေတာပဲ သူ့အနားကပ်မိရင် တို့တောင် မူးချင်လာတယ်”” လို့ ညစောင့် အဘိုးကြီးတွေကလည်း ဇာတ်လမ်းတွဲတစ်ခုကို ဘက်စုံထောင့်စုံအောင် ဖြည့်တင်းပြောပြပါတယ်။

ဟုတ်ပါတယ်။ ညနေတိုင်း ကျွန်တော်အလုပ်လာတဲ့အခါ ခြံဘက် ကို ချိုးကွေ့တဲ့လမ်းကိုမရောက်ခင် လမ်းကျယ်ကြီးပေါ်က အရက်ဆိုင်ကလေးတစ်ဆိုင်မှာ ကိုဝင်းသိန်းကို တွေ့ရလေ့ရှိပါတယ်။ နောက်ကျောမှာ ကန့်လန့်ကြီး ပြဲချင်ပြဲနေတတ်တဲ့ တော်ရီလျော်ရီ ရှပ်အင်္ကျီ၊ ခါးပုံစရှည်ရှည်ဟာ ခုံအောက်ကို တွဲလွဲကျနေတဲ့ ပုဆိုးခပ်တိုတိုနဲ့ ခပ်ကုန်းကုန်းထိုင်၊ အဝေးကို

ကြောင်တောင်တောင်မျက်လုံးတွေနဲ့ ငေးရင်း တစွတ်စွတ်သောက်နေတဲ့ သူ့ကို မြင်ရလေ့ရှိပါတယ်။ တချို့နေ့တွေဆိုရင် သူ့နံဘေးမှာ ထိုင်ရင်း သူ့အတွေးနဲ့ သူ ခေါင်းကလေးတယမ်းယမ်းနဲ့ တုတ်ချိုချဉ်ကလေးစုပ်လို့ သူ့ရဲ့ ချစ်စဖွယ် သမီးကလေးကိုပါ မြင်ရတတ်ပါတယ်။ သူ့သမီးကလေးက တစ်ခုခုကို လက်ညှိုးထိုးပြရင်း သူ့အဖေကို မေးမြန်းနေတာတွေ၊ ခေါင်းကလေး ငဲ့စောင်း လို့ သူ့အဖေကို ပြုံးလို့ကြည့်နေတာလေးတွေ မြင်ရတတ်ပါတယ်။ အကြောင်းစုံ မသိရင် ကြည်နူးစရာ မြင်ကွင်းလို့ဆိုပေမယ့် နောက်ခံကားကတော့ မလှပ ရှာဘူး။

ခြံထဲမှာ အလုပ်လုပ်တဲ့ တစ်နှစ်ခွဲလောက်ကာလအတွင်း ညစောင့် တစ်ယောက်အတွက် ညတွေဟာ ထွေထွေထူးထူးကွဲပြားလှတာ ဘာမှမရှိ ဆင်တူယိုးနီးတွေပဲ။ ညစောင့်တွေ တစ်ခါတလေ စုထိုင် ဟိုဟိုဒီဒီ ပြောကြ ဆိုကြတဲ့အခါတွေမှာ ဆိုရင်လည်း သူတို့ဟာ ခြံထဲ နေ့လယ်တုန်းက ဖြစ်ပျက် ခဲ့တဲ့ အလုပ်တွေအကြောင်းကိုပဲ ပြောကြဆိုကြတာဆိုတော့ ကျွန်တော်က ဘေးလူပဲ။ ကျွန်တော့်အစ်ကိုရယ်၊ အဘိုးကြီးတွေရယ်၊ ကိုဝင်းသိန်းနဲ့ အခြား တစ်ယောက် နှစ်ယောက်ရယ် သူတို့ရဲ့စကားဝိုင်းပဲ။

ခြံခေါင်း ရိတိတိလုပ်နေတဲ့ အလုပ်သမကလေးအကြောင်း၊ အလုပ်သမကလေးကလည်း ပြန်ပြီး အီစီကလီ လုပ်နေတဲ့အကြောင်း၊ အဲဒီ အလုပ်သမကလေးအပြင် အသက်ငါးဆယ်နားနီးနေတဲ့ တစ်ခုလပ် မိန်းမ တစ်ယောက်နဲ့လည်း ခြံခေါင်းဟာ မလွတ်တဲ့အကြောင်း၊ ညစောင့်လုပ်တဲ့ အထဲမပါတဲ့ နေ့အဘိုးကြီးတစ်ယောက်ကို..“ ငါရိုးမ မအေရိုးကြီး စောက်ပါးခိုဖို့ပဲသိတယ်” ရယ်လို့ မအေနမ ကိုင်တုပ်ပြီးဆဲတဲ့အကြောင်း၊ လကုန်တဲ့အခါ အဲဒီအဘိုးကြီး အလုပ် ဆက်လုပ် ရဖို့ မသေချာတဲ့အကြောင်း စသဖြင့် ကျော်ဆွေ့ဆီမှာ ဗဟိုပြုလို့ လှုပ်ရတဲ့ ခြံထဲက ငလျင်လေးတွေချည့်ပဲ။

ညစဉ်ညတိုင်းလိုလို အိပ်ခါနီး သွားသွားနှိပ်ပေးရတဲ့ ဦးကျော်အေး ဆိုတဲ့ အဘိုးကြီးအတွက်တော့ အဆိုးဆုံးပေါ့။ မသိတဲ့လူအဖို့ သူဟာ ခြံခေါင်းနဲ့ အနီးကပ်ဆုံး အရင်းနီးဆုံးလို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ ကျော်ဆွေဆိုတဲ့ကောင်ဟာ နှာကိစ္စကလွဲရင် ဘယ်ဟာမှ မျက်နှာသာပေးတာ မဟုတ်ကြောင်း၊ သူ့ကိုလည်း မထင်ရင် မထင်သလို ဆဲတတ်တဲ့အကြောင်း ကို အဘိုးကြီးက အလွန်အင်မတန် မုန်းတီးရွံရှာဟန်နဲ့ ပြောပြတတ်တယ်။ ခြံထဲကအကြောင်းဆိုတာ ဇာတ်ဆောင်တွေ ဘယ်လောက်များများ ဗီလိန်က တော့

တစ်ယောက်တည်းပါပဲ။

နောက်ပိုင်းမှာရောက်လာတဲ့ စစ်တပ်က အစောင့်စစ်သားတွေနဲ့ ကျတော့လည်း ကျွန်တော်တို့ ညစောင့်သမားတွေနဲ့ သိပ်ရောရောနှောနှော မရှိလှဘူး။ သူတို့စစ်သားတွေချည့် အပျော်တမ်း ဖဲရိုက်ချင်ရိုက်ကြ အော်ဟစ် ဆဲဆိုကြနဲ့ပဲ။ ခြံထဲမှာ ကျွန်တော်တို့လို အလုပ်သမားများ အဲသလို အော်ဟစ်နေလို့ကတော့ ကျော်ဆွေဟာ အော်သံမဆုံးသေးခင်ကို အပြေးလာပြီးဆဲမှာ သေချာတယ်။ စစ်သားတွေကိုတော့ သူလည်း မတတ်နိုင်ရှာဘူး။ အရက် သောက်ပြန်တော့လည်း စစ်သားတွေမို့ အာမီရမ်သောက်တာဖြင့် တစ်ခါမှ မတွေ့ဖူးဘူး။ ဘီအီးကို အဆီပုလင်းတွေဝယ်ပြီး ရေနွေးနဲ့ လေးချိုး တစ်ချိုးစပ် သောက်ကြတာများ ကြောက်စရာတောင် ကောင်းလှတယ်။ အရက်ဖြူတွေ ဟာ အဆီမဟုတ်တဲ့ ဆိုင်မှာ ချက်ပြီးနှပ်ပြီးသားတောင် ပုံမှန်သောက်ရင် ဆယ်နှစ်လောက်နဲ့ သေပါတယ်။ အဆီတွေကတော့ ဘယ့်နှယ့်နေမယ် မပြောတတ်တော့ပါဘူး။ အဲသလို သူတို့တပ်စုကလေးနဲ့ သူတို့ပဲ နေချင်သလို နေကြတာ၊ ဘယ်ကောင်မှ စောက်ဂရုမစိုက်ဘူးဆိုတဲ့ပုံလည်း ပါတာပေါ့။ သူတို့ပုံစံကလည်း အရပ်သားညစောင့်တွေနဲ့ ခင်မင်ရင်းနှီးချင်ပုံ မရလှဘူးလို့ ကျွန်တော်တော့ ထင်မိတယ်။ ကျွန်တော်တို့ကလည်း သွားမရောပါဘူး။ အဘိုးကြီးတွေသာ စကားရော ဖောရော လုပ်ချင်လုပ်ကြတာ။

နေ့လယ်ဘက်တွေမှာ အမေ့အကြော်ဆိုင်အတွက် ကျွန်တော် နေ့စဉ် မုန့်သွားကြိတ်ပေးတယ်။ ကြက်သွန်ဖြူ ချင်းခွာ၊ ပြီးတော့ ထောင်းပေးတယ်။ အဝီစိတွင်းဘုံဘိုင်ရှိတဲ့အိမ်ကနေ ရေတစ်ထမ်းနှစ်ထမ်း ဆွဲပေးတယ်။ ကျွန်တော် ကူလုပ်နိုင်တာလည်း ဒီလောက်ပဲ။ အမေ့အကြော်ဆိုင်ကလည်း အိမ်ငှားသမား အများစုနေတဲ့ တစ်ဖက်ပိတ်နေတဲ့ လမ်းကျဉ်းကလေးပေါ်မှာ နေ့တစ်ပိုင်းလောက်ပဲ ရောင်းတာဆိုတော့ ပင်ပင်ပန်းပန်းလုပ်ရလောက်အောင် အလုပ်ရှုပ်တာမျိုးတော့လည်း မဟုတ်ဘူး။ အမေတစ်ယောက်တည်းတောင် လုပ်လို့ရတဲ့ အလုပ်တွေပါ။

အဲဒီအတွင်း ကျွန်တော်တို့အိမ်ရဲ့ စီးပွားရေးအခြေအနေကတော့ ကျွန်တော့် ညစောင့်ခ တစ်လ ခြောက်ထောင်ရယ်၊ ကျွန်တော့်အစ်ကိုရဲ့လစာ တစ်လ တစ်သောင်းခြောက်ထောင့်ငါးရာရယ်၊ အကြော်ဆိုင်က မြတ်တာ ကလေးရယ်နဲ့ ကျပ်ကျပ်တည်းတည်းဆိုပေမယ့် နေလို့တော့ ဖြစ်တဲ့အခြေအနေ ပဲ။ ကျွန်တော် အဝေးသင်သွားတက်ရတဲ့နေ့တွေမှာ နည်းနည်း ကသီသွားတာ ကလွဲရင် ထမင်းငတ်တဲ့အခြေအနေတော့ မဟုတ်ဘူးပေါ့။ ကျွန်တော်သာ နေ့ပိုင်းအလုပ်

တစ်ခုခုလောက်ရလိုက်ရင်တော့ ပိုအဆင်ပြေသွားမှာ။ သို့သော် နေ့အလုပ်ကလည်း ကျွန်တော် ညစောင့်အလုပ်ကသာ ထွက်ခဲ့ရတယ် မရခဲ့ပါ ဘူး။

အဲဒီတော့ ကျွန်တော့်လစာ အကုန်လုံးကို အမေ့ကိုအပ်လိုက်တယ်။ မနက်ခင်း ခိုင်မြဲကို သတင်းစာကူထပ်ပေးရင်း လက်ဖက်ရည်သောက်တယ်။ နေ့လယ်ဘက်တွေမှာ ဇော်ပိုင့်ကို ကွမ်းယာ ကူယာပေးလို့ ဒီကောင်က လက်ဖက်ရည်တိုက်တဲ့အပြင် တချို့ရက်တွေမှာ တစ်ရာ တစ်ရာ့ငါးဆယ် ပေးသေးတယ်။ မဆိုးဘူး... တကယ်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းတွေပါ။ ပိုက်ဆံပေးလို့ပြောတာမဟုတ်ပေမယ့် အဲဒါလည်းပါတာပေါ့။

ညဘက်ဆိုရင် ခြံထဲသွားပေါ့။ ညစောင့်လုပ်ကတည်းက ဖိုးသက် နဲ့လည်း လိုက်ပြီး အရက်မသောက်ဖြစ် တော့ဘူး။ သူကတော့ ကျွန်တော်သာ လိုက်သောက်ရင် လိုလိုလားလား ရှိရှာမှာပဲ။ ဒါပေမဲ့ သူ့ဆီကနေ ကပ်ပြီး တော့လည်း မသောက်ရက်တော့ပါဘူး။ ညစောင့် အလုပ်သမားသက်တမ်းအတွင်းမှာ ပျက်ရက်ဆိုလို့ ပထမဆုံးအလုပ်ဝင်တဲ့လမှာ ခိုင်မြဲ မိန်းမခိုးလို့ လိုက်ပေးရတဲ့ တစ်ရက်ပဲ ဂျူတီချိန်မှာ အပြင်ဘက်ရှိခဲ့တယ်။ အဲဒီနေ့ကတောင် တခြားမြို့အထိ ကျွန်တော်လိုက်မပို့ရလို့ ခြံထဲပဲ ပြန်အိပ်ခဲ့တာ။ သောက်ဖြစ်ရင် လည်း ခြံထဲမှာပဲ ကိုဝင်းသိန်းဆီက တစ်ခွက်နှစ်ခွက် အိပ်ကောင်းအောင် ယူသောက်ဖြစ်တယ်။ အေးအေးဆေးဆေး မဟုတ်တောင် ရှေ့ရေးနောင်ရေး ဆိုတာတွေ တွေးပူမနေချင်တော့ ကျွန်တော့်အတွက် အေးဆေးပါပဲ။ ဒီတော့ အလုပ်ကိုလည်း ပြင်းပြင်းထန်ထန် ရှာမနေဘူးပေါ့။

ခိုင်မြဲကတော့ သူ့သားကလေး မွေးခါနီးလာလေလေ ညနေဘက် လက်ဖက်ရည်ဆိုင် မထိုင်တော့လေလေပဲ။ ညဘက် အရက်လိုက်သောက်ဖို့ ကတော့ မမျှော်လင့်နဲ့။ အလုပ်ကြိုးစားချက်က သူ့သားလေးမွေးပြီးရင် ဘူတာနားမှာ ညနေဘက် ကွမ်းယာဆိုင်ကလေးထွက်ဖို့ စဉ်းစားနေလို့ ဇော်ပိုင့် ဆီကတောင် ထုံးစပ်နည်းတွေ အားတဲ့အချိန်တွေမှာ လာလာမေးနေသေး တယ်တဲ့။ ကျွန်တော်နဲ့ ဇော်ပိုင်ကတော့ ခိုင်မြဲ ပျော်ရွှင်ကြည်နူး၊ ရိုးသားကြိုးစား ဖိုးသခွား လုပ်နေတာတွေကိုကြည့်ရင်း ဝိုင်းပျော်ပေးရတာတစ်ဖက်၊ ဖိုးသက် တစ်ယောက် ပင်ပန်းတာ စိတ်ညစ်တာအကြောင်းပြပြီး နေ့လယ်ဘက်တွေပါ အသောက်စိပ်လာ၊ ပိုပိုခါးကိုင်း၊ ပိုပိုပိန်လှီလာနေတာတွေကိုကြည့်ပြီး စိတ်ပျက် အားလျော့မိတာက တစ်ဖက်ဖြစ်နေရတော့တယ်။

ခိုင်မြဲရဲ့သားကလေးကို သူတို့မင်္ဂလာဆောင်ပြီး ခုနစ်လအကြာ တစ်ခုသော ညနေခင်းမှာ မွေးတယ်။ ထုံးစံအတိုင်း ကျွန်တော်တို့သုံးယောက် ရှိရတာပေါ့။ ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်းမှ မဟုတ်ဘဲ ဘူတာဝင်းထဲက သူတို့အိမ်ကလေးထဲတင် သူနာပြုတစ်ယောက်ခေါ်ပြီး လွယ်လွယ်ကူကူပဲ မွေးနိုင်ခဲ့တယ်။ နေ့လယ် ဆယ့်နှစ်နာရီကတည်းက ဗိုက်စနာတဲ့ မသွယ်ဟာ တော်တော်နဲ့ မမွေးနိုင်ဘူး။ အိမ်ရှေ့က သုံးယောက်သာ ထိုင်လို့ရတဲ့ ခုံတန်း ကလေးမှာ ဇော်ပိုင်ရယ်၊ ဖိုးသက်ရယ်၊ ကျွန်တော်ရယ်ဟာ ကျပ်ကျပ်သပ်သပ် ထိုင်နေပြီး ခုံရှေ့မှာ လူးလာခေါက်ပြန်လျှောက်နေတဲ့ ခိုင်မြဲကို ဘယ်ညာ လိုက်ကြည့်နေမိရက်သား ဖြစ်နေတယ်။

"ဟေ့ရောင် အင်္ဂလိမာလသုတ် မရွတ်ဘူးလား" လို့ ဖိုးသက်ကမေးတော့"ဟာ ဟုတ်ပေသားပဲ ဒါကို မေ့နေတာ" လို့ ခိုင်မြဲရော ကျွန်တော် တို့ပါ သတိရသွားတယ်။ ခိုင်မြဲဟာ အိမ်ပေါ်ကို အတင်းပြေးတက်သွားလို့ ယောက္ခမက

"ဟဲ့ ဖြည်းဖြည်းလုပ်လေ" ဆိုပြီး ဆီးငေါက်တာ ခံလိုက်ရသေး တယ်။ ဇက်တစ်ချက်ပုသွားပြီး...

"ဟုတ်ကဲ့" လို့ ပြန်ပြောတယ်။ အဲဒီနောက် အလွန်အင်မတန်ကြီး ကို ညင်သာတဲ့ ခြေလှမ်းနဲ့ ဘုရားစင်ကိုသွားတယ်။ စင်ပေါ်က ဖုန်တက်နေတဲ့ ယောဂီရောင်စာအုပ်ကိုယူ၊ ဖုန်ခါဖို့ စာအုပ်ကို ပေါင်နဲ့ တစ်ချက်ပုတ်ဖို့ ရွယ်လိုက်ပေမယ့် "ဖြည်းဖြည်းလုပ်လေ" ဆိုတာကို သတိရသွားပြီး အသာ လေး အိမ်ပေါ်ကနေ ဆင်လာခဲ့တယ်။ ပြီးတဲ့နောက် မြေကြီးပေါ် တင်ပျဉ်ခွေ ဖင်ချထိုင်ပြီး အင်္ဂလိမာလသုတ်ကို အခေါက်ပေါင်း တစ်သိန်းလောက် ရွတ်နေပါတော့တယ်။ အင်္ဂလိမာလသုတ်ဟာ ပရိတ်ကြီးဆယ့်တစ်သုတ်မှာ အတိုဆုံးအပုဒ်ဖြစ်နေတာလည်း အတော်ဟန်ကျတယ်လို့ ဆိုရမယ်။ ဆိုင်မဆိုင် မသိပေမယ့် ညနေလေးနာရီသာသာမှာ ခိုင်မြဲရဲ့ သားဦးကလေးကို ချောမွေ့စွာ မွေးဖွားသန့်စင်နိုင်ခဲ့ပါတယ်။

"ဟေ့ရောင်တွေ ငါ အဖေဖြစ်ပြီကွ" လို့ ဖိုးသက် ပခုံးကို လှုပ်လှုပ်ရမ်း

အံကြိတ်ပြီး ကြုံးဝါးနေတဲ့ ခိုင်မြဲကို ကြည့်ရင်း ကျွန်တော်တို့ လည်း တော်တော်ကြာကြာနဲ့ ကျယ်ကျယ် ရယ်မောပျော်ရွှင်နိုင်ခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုအချိန် ကွက်ကွက်ကလေးတွေကို ကျွန်တော်တို့ဟာ ပျော်ရွှင်၊ရယ်မော၊ သနား၊ ချစ်ခင် စသဖြင့် သာမန်လိုပဲ ဖြတ်ကျော်ခဲ့ကြတယ် ဆိုပေမယ့် တကယ်တော့ ဘဝမှာ အဲဒီလို အခိုက်အတန့်ကလေးတွေကသာ ပျော်စရာအစစ်ပဲလို့ နှစ်တွေကြာတော့ သိလာခဲ့တယ်။

ကျွန်တော့်ရဲ့ အဝေးသင်တက္ကသိုလ်တက်တဲ့ အတွေ့အကြုံကလည်း ရိုးရှင်းလှတယ်။ နှစ်နှစ်တက်ပြီးခဲ့တာမှာ ပထမနှစ်ကိုတော့ တက္ကသိုလ်တက်ခါစမို့ အပါးမဝသေးတော့ စာတွေဘာတွေ ကျက်ဖြေလိုက်တာ တစ်နှစ် တည်း အောင်သွားတယ်။ ဒုတိယနှစ်ရောက်တော့ စာက မကျက်ချင်တော့ အလွတ်ချည်းသက်သက်တွေပဲ အခန်းစောင့်ဆရာကို ပြန်အပ်လိုက်နိုင်တယ်။ ဘူး။ ခိုးချဖို့ ပေါ့ကတ်ကျပြန်တော့လည်း မဝယ်နိုင်ဘူး။ ဗလာစာရွက် ကျောင်းတက်ရတာကို အဓိပ္ပာယ်မရှိသလို ခံစားလာရပေမယ့် တစ်ချိန် ဘွဲ့ရသွားရင်တော့ သက်သောင့်သက်သာလုပ်ရမယ့် အလုပ်ကလေးတစ်ခုခု ရမယ်။ ဘဝတစ်လျှောက်တော့ အေးချမ်းပြီလို့ ထင်နေတုန်းပဲ။ ဒါပေမဲ့ တစ်နှစ်ထက်တစ်နှစ် အဲဒီသောက်အဓိပ္ပါယ်မရှိတဲ့ တက္ကသိုလ်တက်ရတာ ကျွန်တော် ပျင်းလာတယ်။ တစ်နှစ်မှ ဆယ်ရက်လောက်ကလေး အနီးကပ် သွားတက်၊ ပြီးတော့ စာမေးပွဲဖြေလုပ်ရတယ်ဆိုတာ တော်တော် သောက်သုံး မကျတဲ့ စနစ်ပဲလို့ ကျွန်တော့်လို ကလေကချေစိတ်ပေါက်နေတဲ့ ငမွဲ တစ်ကောင်တောင် သိလာတယ်။

အနီးကပ် တက်ရတာကလည်း မြို့နဲ့နီးနေတဲ့ တက္ကသိုလ်မို့သာ တက်နိုင်ခဲ့တာပါ။ ဒီပြင်မြို့တစ်မြို့ကိုသွား၊ အဆောင်နေ တက်ရရင် ကျွန်တော့် အနေနဲ့ မတတ်နိုင်ဘူး။ အနီးကပ်ကျူရှင်ဆိုရင်တော့ မိုင်နှစ်ရာလောက် ဝေးပြီပေါ့။ မြို့နဲ့ ခုနစ်မိုင်လောက်ဝေးတဲ့ တက္ကသိုလ်ရှိရာကို အသွားကားခ ငါးဆယ်၊ အပြန်ကားခ ငါးဆယ်နဲ့ လက်ဖက်ရည်ဖိုး၊ စုစုပေါင်းမှ နှစ်ရာသာ ကျွန်တော့်အိတ်ကပ်ထဲ ပါတယ်။ ပထမနှစ်တုန်းက ပိုက်ဆံတစ်ရာဟာ လက်ဖက်ရည်တစ်ခွက်၊ ဆေးပေါ့လိပ်နဲ့ ပူတင်းမုန့်သေးသေး တစ်လုံးရနိုင် ပေမယ့်၊ ဒုတိယနှစ်ကို ဒုတိယနှစ်တက်တဲ့အချိန်ကျတော့ လက်ဖက်ရည် တစ်ခွက်နဲ့ ဆေးပေါ့လိပ်ကလေး.. သုံးလိပ်ပဲ ရတော့တယ်။ အဲဒီတော့ အနီးကပ်တောင် မတက်နိုင်တော့ဘဲ စာမေးပွဲဖြေမယ့်ရက်ကျမှ စာမေးပွဲခန်းကို ခပ်တည်တည်သွားထိုင်နေခဲ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ငါလုပ်နေတာ တော်တော် သောက်အဓိပ္ပာယ်မဲ့နေပါလား။ ကျောင်းအပ်ခတွေ ပုံနှိပ်စာအုပ်ဖိုး တွေ၊

ပြက္ခဒိန်တွေ၊ ဖတ်ရလောက်အောင် လောက်လောက်လားလားမဟုတ်တဲ့ ကျောင်းမဂ္ဂဇင်းတွေဝယ်ရတဲ့ နှစ်စဉ်ကုန်ကျတဲ့ ပိုက်ဆံတွေကိုအလဟဿ ဖြုန်းနေတာပါလားလို့ သိလာတယ်။

ကျွန်တော်အနေနဲ့ ကျောင်းနားချင်ရင်လည်း နားလိုက်တော့။ ဤသို့မဟုတ်လည်း မည်ကာမတ္တ ဘွဲ့ကလေးရချင်သေးတယ်ဆိုရင်တော့ ခိုးချဖို့ ပေါ့ကတ်ဖိုးရအောင်ရှာ၊ ဒါမှမဟုတ် စာတော့ကျက်ဖြေမှရတော့မယ်လို့ တွေးမိလာစေတယ်။ ဒီတော့ ဒုတိယနှစ်ကို တတိယအကြိမ်တက်တဲ့နှစ်မှာ အောင်သွားပြန်တယ်။ ပေါ့ကတ်ဝယ်နိုင်သွားလို့ စာကျက်ဖြေလိုက်လို့ တစ်ခုမှ မဟုတ်ဘူး။ ဘေးကဖြေတဲ့တစ်ယောက်က သူကူးပြီးသား ပေါ့ကတ်တွေ ဝါးမစားလိုက်ဘဲ ကျွန်တော်ဘက် ပစ်ပစ်ပေးလို့ပဲ။ မောင်မင်းကြီးသား ယခုလို လှူဒါန်းရသော ပညာဒါနမျိုးစေ့ကြောင့် နောင်ဘဝမှာတော့ ပညာရှိကြီးဖြစ်ပါစေလို့ နိဗ္ဗာန်အကျိုးမျှော်လို့ နှုံးဆော်၊ အဲ.. ဆောရီး ဆုတောင်းပေးမိတယ်။

ပထမနှစ် စတက်တဲ့နှစ်က မေဂျာမတူပေမယ့် စာမေးပွဲဖြေတော့ တစ်ခုံတည်းကပ်ဖြေရတဲ့ ကောင်မလေးတစ်ယောက်ကို ကြိုက်ခဲ့မိပြီး နူရာဝဲစွဲ ငမွဲခမျာ အသည်းကကွဲရရှာသေးတယ်။ အဲဒီအကြောင်းကို ဖိုးသက်နဲ့အရက် တူတူသောက်ရင်း ရင်ဖွင့်လို့ ဒီကောင်တောင် သိခဲ့သေးတာပေါ့။ အသည်းကွဲ တယ်ဆိုပေမယ့် ကောင်မလေးက အဖြေမပေးလို့ မုန်းလို့တော့ မဟုတ်ဘူး။ (မုန်းမမုန်းကတော့ မသိနိုင်ဘူးပေါ့လေ) ခုနစ်ရက်ကလေး ခုံချင်းကပ် တူတူဖြေရတဲ့ရက်တွေမှာ ရည်စားစကားပြောဖို့ကလည်း မရဲခဲ့ဘူး။ ရည်းစားစာ ပေးဖို့ကျတော့လည်း အခွင့်က မကြုံခဲ့လိုက်ဘူး။ ကြုံခဲ့မယ်ဆိုရင်လည်း ကျွန်တော့်လို ကင်တင်းမှာ မုန့်ထိုင်စားဖို့တောင် မတတ်နိုင်တဲ့ ပေစုတ်စုတ် ကောင်ကိုတော့ ပြန်ကြိုက်မှာမဟုတ်လောက်ပါဘူးလို့ သိမ်ငယ်စိတ်က ဝင်နေခဲ့တယ်။ စာမေးပွဲနောက်ဆုံးနေ့မှာတော့ သူ့မြို့ကို မပြန်ခင် ဖွင့်ပြော လိုက်တော့မယ်လို့ စိတ်တင်းထားခဲ့ပါသေးတယ်။ တစ်ရက်ကလေးတောင် ဆက်မနေဘဲ စာမေးပွဲပြီးပြီးချင်း ပြန်သွားတော့ ဘယ်ကားကို စီးသွားတယ် ဆိုတာတောင် မသိလိုက်ရဘဲ အဝေးပြေးကားကြီးတွေကို ကြည့်ရင်း မျက်ရည် တွေတွေကျလို့ ကြေကွဲနေခဲ့ရသေးတယ်။

ဒုတိယနှစ်တက်ရပြန်တော့ သူတို့မေဂျာရဲ့အခန်းတွေကို သွားရှာ တော့ ပြန်တွေ့တယ်။ အရင်လို ခြေအေး ဝမ်းရောင်၊ လသာတုတ်ခြစ်၊ထရံခွာသံစူးနဲ့ပဲ တစ်နှစ် ပြီးသွားပြန်တယ်။ ဒုတိယနှစ် ဒုတိယအကြိမ် ရောက်တော့လည်း တွေ့တုန်းပဲ။ ကျွန်တော်ကလည်း ခိုးကြောင်ခိုးဝှက် ကြိုက်နေတုန်းပဲ။ ဒါပေမဲ့ သူ့မှာ

ဘဲရှိသွားပြီ။ အိုကေပါ။ တစ်ယောက်တည်း အသည်းကွဲ ငိုကြွေးနေလိုက်တယ်။ တကယ်ပါ အဲဒါကို ဘယ်သူမှမသိရင် တောင် ကန္တရာလို ခြောက်သွေ့ငရဲလိုပူပြင်းလှတဲ့ သက်မဲ့ကျောင်းကြီးက သိပါတယ်။ သို့ပေမယ့်ဗျာ အကြာကြီး အသည်းကွဲနေလို့ကတော့ဖြင့်လည်း မဖြစ်ဘူး။ အသည်းကွဲတာထက် ပိုပြီး အသည်းစွဲနေရတာမှာတွေက နေ့စဉ် ဘဝမှာ လာနေမြဲ။ ဘဝဟာ ဒါပဲလို့ ဖြေသိမ့်တယ်။

နောင်ကို ဘယ်တော့မှ ပြန်မဆုံတော့မယ့် မိန်းကလေးတစ်ယောက် အတွက် ဒီလောက်ရင်းရရင် တော်ပြီပေါ့။ အမှန်အတိုင်းဝန်ခံရရင်တော့ သူ့သူငယ်ချင်းတစ်ယောက်ဆီကနေ လိပ်စာရလို့ တစ်နှစ်လောက် စာတိုက် ကနေ စာတွေထည့်ခဲ့မိသေးတယ်။ ဒါပေမဲ့ “ပို့သူထံ ပြန်ပို့” ဆိုတဲ့ မှတ်ချက် တံဆိပ်တုံးကြီးနဲ့ ဖွင့်ကို ဖွင့်မကြည့်ထားတဲ့ စာအိတ်တွေ အိမ်ပြန်ပြန်ရောက်လာ တာကို ကြည့်ရင်း ဒီဘဝ ဒီမျှလို့ စိတ်ဒုံးဒုံးချလိုက်ပါတော့တယ်။ ကျွန်တော် ဒုတိယနှစ် တတိယအကြိမ်တက်တော့ သူက ကျောင်းပြီးသွားခဲ့ပြီ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲ ယနေ့အထိ အဲဒီကောင်မလေးနဲ့ ပတ်သက်လို့ မရှင်းမရှင်း သံသယတွေတော့ ရှိနေဆဲပါ။ ဘာလဲဆိုတော့ အဲဒီကောင်မလေးဟာ ကျွန်တော် သူ့ကို သုံးနှစ်တိတိ ကိုယ့်အတန်းကိုယ်မတက်ဘဲ သူ့အခန်းဝမှာ သူခိုးချောင်းသလို ချောင်းနေရင်း အကြင်နာအခိုးတွေဝေလို့ ငေးကြည့်နေ၊ ချစ်နေခဲ့တာကို သိမှသိသွားရဲ့လား၊ သူ့အိမ်ကို စာတွေပို့လိုက်တာ ဘယ်တစ်ယောက်ပါလို့ အသေအချာရော မှတ်မိရဲ့လားလို့ပါပဲ။

တက္ကသိုလ်သုံးနှစ်ကို ကျွန်တော် ခုနစ်နှစ် တက်ခဲ့ရတယ်။ ပထမနှစ် ကို တစ်နှစ်တည်းအောင်ခဲ့ပေမယ့် တစ်နှစ်က အောက်ခဲ့ရလို့ နှစ်နှစ်ဖြစ်ခဲ့ တယ်။ ဒုတိယနှစ်ကို သုံးနှစ်ဖြေမှ အောင်တယ်။ တတိယနှစ်ကိုတော့ နှစ်နှစ်တည်းနဲ့ ပြီးခဲ့တယ်။ နောက်ဆုံး နှစ်နှစ်မှာတော့ ကျွန်တော်ဟာ ကွန်ပျူတာစာစီစာရိုက်သမားအဖြစ် ဟန်ကျပန်ကျကလေး ဖြစ်လာလို့ ပိုက်ဆံအတွက် မပူရတော့ပေမယ့် တက္ကသိုလ်ခုနစ်နှစ်တက်ခဲ့တာမှာသူငယ်ချင်း တစ်ယောက်မှ မရှိခဲ့တာကို အံ့ဩတကြီး ပြန်လည်အမှတ်ရနေမိတယ်။ မေဂျာတူတဲ့ အခန်းထဲက သူငယ်ချင်းတောင် မရှိခဲ့တာ။ စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောဆိုဆက်ဆံဖူးတဲ့ တစ်ယောက် နှစ်ယောက်ရှိပေမယ့် မေးထူး ခေါ်ပြောပဲ။ အတူတူ ကင်တင်းသွား ဖွန်ကြောင်း အဆောင်ပတ် ဂစ်တာတီ ဆိုတဲ့ ဘော်ဒါမျိုး တစ်ယောက်မှကို မရှိခဲ့တာ။ အတန်းထဲဝင်ထိုင် စာဝင်သင်၊ ခပ်ငယ်ငယ် ဆောင့်ကြွားကြွားဆရာတွေ ဝင်သင်တဲ့အချိန်တွေဆိုရင် ကျွန်တော့် မှာ

အငံ့စိတ်ကြီးစွာ၊ မနာလိုအားကြီးစွာနဲ့ သောက်မြင်ကတ်နေလို့ အဆင်မပြေ ဘူး။ အဲဒီအခါမျိုးမှာ ကျောင်းထဲပတ်သွား၊ စကြံလမ်းတစ်ခုခုမှာ ထိုင်ရင်း ဝက်ခြံညှစ်လိုက်၊ ချွေးသုတ်လိုက် လုပ်နေခဲ့ရတာပဲ။ ဖိုးသက်ကို ကျောင်းလိုက်ခဲ့ပါလားလို့ သုံးလေးခါ ခေါ်ဖူးပေမယ့် ဒီကောင်က ခါးခါးသီးသီးကို ငြင်းတယ်။

"လိုက်ခဲ့စမ်းပါကွာ.. ငါတစ်ယောက်တည်းပျင်းလို့ပါ၊ မင်းလည်း စော်လေးဘာလေး ရှိုးလို့ရတာပေါ့" လို့ ပြောပေမယ့်လည်း "ဟင့်အင်း" ပဲ။ ဖိုးသက်ဟာ တက္ကသိုလ်ပရဝုဏ်ကို ခြေချရမှာကို ရက်ရှံသိမ်ငယ်တယ်နဲ့ တူပါတယ်။ တစ်ခါမှကို မလိုက်ခဲ့ဘူး။

ကျွန်တော် အလုပ်ကမထွက်ခင် သုံးလလောက် အလိုမှာ ကျော်ဆွေရဲ့ အနှိပ်တော်အဘိုးကြီး ဦးကျော်အေး က အလုပ်က ထွက်သွားတယ်။ ဦးကျော်အေးထွက်သွား လို့ ညစောင့်တွေကတော့ များသောအားဖြင့် ဝမ်းသာနေကြတယ်။ သူ့ခမျာ တစ်နေ့နေ့ ကျော်ဆွေ့ကို သွားသွားပြီး နင်းနှိပ်ပေး၊ အခန်းကပြန်လာတိုင်း အဘိုးကြီးပီသစွာ ညှိုးရော်လို့နေတဲ့ ဦးကျော်အေး။ သူ့ကြည့်လို့ ဘယ်သူမှ သက်သောင့်သက်သာ မခံစားရဘူး။ ခုနစ်ဆယ်နားနီးနေ တဲ့ အဘိုးကြီးတစ်ယောက်အနေနဲ့လည်း အိမ်ကပြင်မှာ ရေနွေးကြမ်းအိုးတစ်လုံးချလို့ မြေးကလေးတွေ ဆော့ကစား တာ ထိုင်ကြည့်၊ သို့မဟုတ်လည်း စိပ်ပုတီးနဲ့သာ အေးအေးချမ်းချမ်းနေသင့်တာမျိုး။

ကျွန်တော်တို့ထိုင်နေကျ ခွာညိုရှန့် လက်ဖက်ရည် ဆိုင်မှာ မနက်ခင်းတွေ့ရတတ်တဲ့ ပင်စင်စားအဘိုးကြီး တွေလို လေကျယ်ကျယ်နဲ့ နိုင်ငံတကာသတင်းဂျာနယ်က ဟာတွေ ဖတ်ဖတ်ပြီး ခုပဲ တတိယကမ္ဘာစစ်ထဖြစ်တော့ မလိုတွေ လျှောက်ပြော၊ ရေနွေး တစွတ်စွတ်သောက်၊ သေးခဏခဏပေါက်။

မြင်မြင်သမျှ ချာတိတ်တွေကို မျက်မုန်ပေါ်က ကျော်ကြည့်ပြီး မလိုတမာမျက်နှာပေးနဲ့ နှာခေါင်းရှုံ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒီအဘိုးကြီး တွေ ဇိမ်ကျသလို ဦးကျော်အေးကြီးကိုလည်း ဇိမ်ကျစေချင်ကြတာ။ အလုပ် ထွက်သွားလို့ သူ တကယ်ပဲ အနားရမရတော့ ကျွန်တော်တို့လည်း မသိဘူး ပေါ့။ အနားမရရင်လည်း ပိုပြီးသက်သာတဲ့ အလုပ်ပဲလုပ်ရပါစေလို့ စိတ်ထဲ နေ ဆုတောင်းပေးကြတယ်။

သူ့အတွက် ဒီလိုဆုတောင်းပေးကြပေမယ့် ခြံထဲကျန်ခဲ့တဲ့ ကျွန်တော်တို့အတွက်တော့ ဆုတောင်းပေးမယ့်သူ မရှိလို့နဲ့ တူပါတယ်။ ဦးကျော်အေး ထွက်သွားတာဟာ ခြံထဲက ကျန်တဲ့အလုပ်သမားတွေ ဒုက္ခများဖို့ ဖြစ်လာ တယ်။ ဦးကျော်အေးဟာ ညစဉ် ခြံခေါင်းကို နှိပ်ပေး၊ အဲဒီလို နှိပ်ပေးနေစဉ် အောက်ကနေ တအင်းအင်းနဲ့ ဖိမ်ခံရင်း၊ ပါးစပ်က ပေါက်တက်ကရ သူ့စိတ်ထဲထင်ရာမြင်ရာ တစ်လောကလုံးအရေးတွေကို ထင်မြင်ချက်တွေ ပေးနေတာကို နားထောင်နေရသေးတာ။ အဲဒီလို ဦးကျော်အေး ပစ်ချသွားတဲ့ ဒုက္ခတွေကို သူ့နေရာအစားဝင် ထမ်းပိုးပေးမယ့် လူအသစ်လို လာတယ်လေ။ ခြံခေါင်းဟာ ညတိုင်းလိုလို ဂိတ်တဲတွေဆီ စနည်းနာထွက်လာ သားကောင် အသစ်ရှာနေတာကို ညစောင့်သမားတိုင်း ရိပ်မိလာတယ်။ ဘယ်သူ မဲကျမလဲ ရင်တထိတ်ထိတ်စောင့်ကြည့်ရင်း ကံဆိုးသူမောင်ရှင်ဟာ ကိုယ်ကိုယ်တိုင် ဖြစ်နေမှာကို ညစောင့်တွေအားလုံး တွေးမရဲနိုင်အောင် ဖြစ်နေကြတယ်။

ကျွန်တော့်အစ်ကိုက သူ့ကိုသာခေါ်မယ်ဆိုရင် အလုပ်ကထွက်ချင် ထွက်ရပေ့စေ ငြင်းမယ်လို့ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော့်ကိုလည်း စနည်းနာသလို နှိပ်တတ်လား” ဘာညာမေးလာရင် အပြတ်ငြင်းဖို့ သတိပေး ညွှန်ကြားလာတယ်။ ကျွန်တော့်အစ်ကို စိတ်ဓာတ်ကို ကြိုက်သွားတယ်။ ကျွန်တော်ကလည်း သူ့အတွက်ပူတာ။ ကျွန်တော့်အနေနဲ့က တစ်ညမှ နှစ်ရာ လောက်ကို မက်မနေတဲ့အပြင် တစ်နှစ်ကျော် ဒီခြံကြီးထဲ ညတိုင်းအိပ်နေရပြီး အပြောင်းအလဲမရှိတဲ့အဖြစ်ကို စိတ်ပျက်လာပြီ။ ကျွန်တော့်များ နှိပ်ခိုင်းလို့က တော့ ကျွန်တော် မနှိပ်တတ်ဘူးဗျာလို့ ငြင်းဖို့ စိတ်ကူးပြီးသား။

စိတ်ကူးထားတဲ့အတိုင်းပဲ ကျော်ဆွေဟာ ကျွန်တော့်တို့ ဂိတ်တဲဘက် ကို သုံးရက်တစ်ခါလောက် ရောက်ရောက်လာနေတတ်တယ်။ ခြံထဲလုပ်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်ကာလအတွင်း တစ်ခါမှ မကြုံဖူးခဲ့တဲ့ အပြုအမူဆန်းတွေ လုပ်လာတယ်။ ညရှစ်နာရီခွဲ၊ ကိုးနာရီလောက်ဆိုရင် ကျွန်တော်တို့ ဂိတ်တဲ ဘက်ကို တစ်ဝင်းလုံးပတ် ကင်းလှည့်သလိုလို လမ်းလျှောက်လေ့ကျင့်ခန်း လုပ်သလိုလိုနဲ့ ရောက်လာတယ်။ တစ်ရက်သားတော့ ကိုဝင်းသိန်း အရက် ခွက်ကို မော့နေချိန်နဲ့ ပက်ပင်းတိုးလို့ စောက်ပြသနာတော့တက်ပြီလို့ ခေါင်းနပန်းကြီးမိသွားတယ်။ ရေသောက်တာလို့ ထင်စရာက ရာခိုင်နှုန်း နည်းနည်းတောင် မရှိတာ။ ကိုဝင်းသိန်း သောက်နေကျဆိုင်က ဘီအီးဟာ ဘာနဲ့ချက်တယ် မသိနိုင်ဘူး။ အရပ်လေးမျက်နှာ တစ်ယူဇနာလောက်မှာ ကြိုင်လှိုင်သင်းတဲ့ အရက်မျိုး။ နောက်ပြီး မိန်းမနဲ့ကွဲပြီးကတည်းက ကိုဝင်းသိန်း ယစ်ထုတ်ဖြစ်နေတာကို တစ်ခြံလုံး သိတယ်။ ဒီကောင် ကျော်ဆွေ မသိဘဲ ဘယ်နေလိမ့်မလဲ။ ဒီတော့ ကွိုင်ပြီပေါ့လို့ ကျွန်တော်ရော၊ ကိုဝင်းသိန်းပါ သိလိုက်တယ်။

ဒါပေမဲ့ ထင်သလိုမဟုတ်ဘူးဗျာ။ အရက်နံ့ပြင်းပြင်းကို နေ့စဉ်ရှူ အချိုရက်များမှာ ကိုဝင်းသိန်း အမူးနည်းနည်းလျော့လည်း ဟောက်သံ နားညည်းသက်သာသေးတယ်ဆိုတဲ့ သဘောထားတဲ့ ဝင်ဝင်ကစ်လွန်းလို့ အနံ့ယဉ်သလိုဖြစ်နေတဲ့ ကျွန်တော့်နှာခေါင်းတောင် နံသေးတာ။ ဒင်းကတော့ မသိသလိုပဲ။

"ဂရုစိုက်ကြပေါ့ ဒီရက်ပိုင်း ရပ်ကွက်တွေထဲ သူခိုးတွေ သောင်းကျန်းနေတယ်"

ဂိတ်တံခါးအပြင်ဘက်က လူသွားလမ်းကျဉ်းကျဉ်းကလေးကို ဂရုတစိုက်ကြည့်သလို ကြည့်ရင်းပြောတယ်။ ကျွန်တော်ရော၊ ကိုဝင်းသိန်းပါ တစ်ပြိုင်တည်း...။

"ဟုတ် " လို့ ပါးစပ်က အသံထွက်သွားတယ်။ ဒီလောက်ပဲပြီးတော့ ကျွန်တော်တို့ကို ပြုံးတော်မူခဲလှစွာသော သူ့ရဲ့ နှုတ်ခမ်းပေါက် သေးသေးကလေးတွေနဲ့ ရယ်ပြသွားသေးတယ်။ အခြေအနေအားလုံးကိုကျွန်တော်တို့နှစ်ယောက် စိတ်ချလက်ချ ဆက်သောက်ရင်း သုံးသပ်ကြည့် လိုက်တော့ အဖြေက ရှင်းနေတယ်။ ကျွန်တော် ကိုဝင်းသိန်းကို ပြောလိုက် တယ်။

'ဟော့လူ ခင်ဗျားနဲ့ ကျွန်တော် တစ်ယောက်ယောက်ကိုတော့ အနိုပ်သည်အဖြစ် တော်ကောက်ချင်ပြီနဲ့တူတယ်။ ကျွန်တော့်ခိုင်းရင်တော့ မလုပ်ဘူးထွက်မှာဗျာ"

ကိုဝင်းသိန်းက အရက်ခွက်ကို ပါးစပ်ပေါက်မှာ တေ့ထားနေရာက လက်ကို တန့်ရပ်လိုက်ပြီး...

"စောက်ပြဿနာပဲကွာ ယီးတဲ့မှပဲ" လို့ ပြောတယ်။ ကျွန်တော် လည်းပဲ ဘာမှမပြောသာဘူး။ ကိုဝင်းသိန်းရဲ့ အခြေအနေကိုသိလို့ စိတ်ညစ် တာနဲ့

သူ့လက်ထဲကခွက်ကို ယူလိုက်ပြီး ကျွန်တော့်ပါးစပ်ထဲပဲ လောင်းထည့် လိုက်တယ်။ ကိုဝင်းသိန်းက သူ့ခွက်ကိုယူပြီး ကျွန်တော်သောက်နေတာကို ကြည့်ရင်း . . .

"အလုပ်ကထွက်လို့လည်း မဖြစ်ဘူးကွာ၊ ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ ကျော်ဇောရာ ဒီမအေဘေးဝဋ်က ဘယ်တော့များမှ ကျွတ်ပါ့မလဲ" လို့ ပြောရင်း ဂိတ်တဲအပြင်ဘက်ထွက်လို့ နောက်မြီးပါးနေတဲ့ ဘီအမ်နှစ်ဆယ် ကြက်ပေါင်ဖိနပ်က တဖျတ်ဖျတ်မြည်အောင် တောင်မြောက် လမ်းလျှောက်နေပါတော့တယ်။ ကိုဝင်းသိန်းရဲ့ဘဝမှာ ဘုရားသွားလို့ ကျောက်တုံးမ ဆုတောင်းတာတွေ၊ အလှူခံပုံးထဲ ငါးကျပ်၊ တစ်ဆယ် ထည့်လို့ တောင်းဆုတိုးတိုးချွေခဲ့တာတွေ ပြည့်ခဲ့သလား၊ မပြည့်ခဲ့သလားတော့ ကျွန်တော်မသိနိုင်ပါဘူး။ သို့သော်လည်း သူ့ရဲ့ `ငါတော့ သေသာ သေလိုက်ချင်တော့ပဲ" ဆိုတဲ့ လိုအင်မဟုတ်သော ညည်းညူစကားဟာ တကယ်ပဲ ပြည့်ဝသွားပါတယ်။

အဲဒီလို ဆုတောင်းစကားပြောပြီး တစ်ပတ်အကြာမှာပဲ ညနေခင်း ခြိထဲကနေ အိမ်အပြန်လမ်းမှာ အရှိန်မထိန်းနိုင်တဲ့ ထော်လာဂျီတစ်စီးရဲ့ ခါးကနေ သိမ်းတိုက်တာ ခံလိုက်ရပါတယ်။ ပွဲချင်းပြီးပါပဲ။ ကျွန်တော် ရောက်သွားခဲ့တဲ့ အချိန်အထိ ကိုဝင်းသိန်းရဲ့ ရုပ်အလောင်းဟာ လမ်းဘေးကထနောင်းပင်နဲ့ ထွေလာဂျီခေါင်းကြားမှာ သွေးသံရဲရဲနဲ့ ကျောရိုးကြီး ငေါငေါပေါ်အောင် ရုပ်ပျက်ဆင်းပျက် ရှိနေတုန်းပဲ။ တစ်ဖက်စီလွင့်စဉ်သွားတဲ့ သူ့ ဖိနပ်ကလေးတွေဟာ ကတ္တရာလမ်းပေါ်က ဝိုင်းအုံကြည့်နေတဲ့ လူတွေ ကြားမှာ မှောက်ခုံတစ်ဖက်၊ ပက်လက်တစ်ဖက်။ ရုပ်အလောင်းနံဘေးက မြက်ဖုတ်တွေဟာ သွေးတွေစွန်းလို့ ရဲရဲနီနေတယ်။ ခေါက်သိမ်းလို့ရလောက် အောင် ကွေးကောက်သွားတဲ့ သူ့ရဲ့ ဟာကြိုလီစက်ဘီးကြီးကတော့ ပေတစ်ရာ လောက် ကျော်အောင် လွင့်သွားပေမယ့် လက်ကိုင်နဲ့ တွဲချိတ်တင်တားတတ်တဲ့ ကလေးထိုင် သံခုံကလေးကတော့ ကိုဝင်းသိန်းရဲ့ ရုပ်အလောင်းဘေးမှာ အကောင်းပကတိအတိုင်းလေး လဲကျလို့။ ကျွန်တော်ဟာ အဲဒီမြင်ကွင်းကို အဲဒီလို အသေးစိတ် မှတ်မိနေတယ်ဆိုပေမယ့် ကြာကြာစိုက်မကြည့်နိုင်ခဲ့ဘူး။ မျက်ရည်တွေသာ လိမ့်လိမ့်ဆင်းလာတယ်။

ကလေးစီးခုံကလေးကိုမြင်မှ စိုးရွံ့ကြောက်လန့်စိတ်ဝင်ပြီး အနားက လူတွေကို ...

"ကလေးရော ပါသေးလား၊ ကလေးရောပါသေးလား" လို့ အရူးတစ်ယောက်လို အော်ဟစ်မေးနေမိသေးတယ်။ တစ်ခါတလေ ကိုဝင်းသိန်း ဟာ ခြံထဲကို သူ့သမီးလေးကိုလည်း ခေါ်လာတတ်သေးတယ် မဟုတ်လား။

"မပါပါဘူး တစ်ယောက်တည်းပါ" လို့တစ်ယောက်ယောက်ရဲ့ ဖြေသံကိုကြားတော့မှ တော်သေးတာပေါ့လို့ နည်းနည်းဖြေဆည်နိုင်သလို ဖြစ်သွားတယ်။ ကိုဝင်းသိန်းရဲ့ သေခြင်းကို "တော်သေးတာပေါ့" ဆိုတဲ့ စကားနဲ့ ဘယ်လိုနည်းနဲ့မှ ဆက်စပ်၊ မျှခြေချလို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း အဲဒီနေ့က သူ့ သမီးကလေး ပါမလာတာကို သိရလို့ ကျွန်တော်ဟာ သူ့ရဲ့ ရုပ်အလောင်းကိုကြည့်၊ မျက်ရည်တွေတွေကျရင်း တော်သေးတာပေါ့လို့ အကောင်းမြင်နေမိပါသေးတယ်။

ဩော် သနားဖို့ကောင်းတဲ့ ကိုဝင်းသိန်း။ "ဘယ်တတ်နိုင်မလဲကွာ" "ဘယ်တတ်နိုင်မလဲကွာ" ရယ်လို့ ဘာကလေးဖြစ်ဖြစ် "ဘယ်တတ်နိုင်မလဲ ကွာ ဆိုတဲ့ စကားကိုသာ လက်သုံးစကားလုပ်ပြောနေရတဲ့ ကိုဝင်းသိန်း။ ခုတော့ "ဘယ်တတ်နိုင်မလဲဗျာ" လို့ ကျွန်တော်လည်း ရေရွတ်နေမိပါတယ်။

ကိုဝင်းသိန်းရဲ့နှာရေးမှာ သူ့ယောက္ခမကြီးဟာ မျက်ရည်မကျပေမယ့် လည်း အတော်ကြီးကို စိတ်မကောင်းဖြစ်ရပုံ မျက်နှာထားကို ဆောင်ပါတယ်။ ကိုဝင်းသိန်းရဲ့ သမီးကလေးကို ချီလို့ ရွက်ကြမ်းရေကျိုဆိုတာထက် နည်းနည်း သာတဲ့ အသားဖြူဖြူမိန်းမတစ်ယောက်ကိုတွေ့တော့ ဒါ သူ့မိန်းမပဲလို့ ကျွန်တော် သိလိုက်တယ်။ သိသိလိုက်ချင်းမှာပဲ အမုန်းစိတ်က ချိုးနှိမ်လို့ မရလောက်အောင် ဝင်လာလို့ "စောက်ကောင်မ ထွီ" လို့ တိတ်ဆိတ်စွာ ကျိန်ဆဲလိုက်မိပါတယ်။ ကိုဝင်းသိန်းသာသိရင်တော့ ကျေနပ်လိမ့်မယ် မထင်ပါဘူး။ သူက သူ့မိန်းမကို သိပ်ချစ်ခဲ့တာပဲလေ။

ကိုဝင်းသိန်း သေပြီးတဲ့နောက်လည်း ခြံခေါင်းဟာ ကျွန်တော့်ဂိတ်တဲ ဘက်ကို လာနေတုန်းပဲ။ အရင်ကထက်ကို ပိုပြီး ပြုံးချိုလို့ကို လာတာ။ ကိုဝင်းသိန်းမရှိတော့ ကျွန်တော့်ဂိတ်တဲမှာ ကျွန်တော့်အစ်ကို လာအိပ်တယ်။ ကိုဝင်းသိန်းကို ချစ်ပေမယ့်လည်း အာရုံထဲက မထုတ်နိုင်တဲ့ အနိဋ္ဌာရုံမြင်ကွင်း ကြောင့် ကျွန်တော့်မှာ တစ်ယောက်တည်းလည်း မအိပ်ရဲတော့ဘူး။ ကျော်ဆွေ ကလည်း သူ့အနိုပ်သည်အသစ်မရသေးတော့ ညညဆိုရင် ဂိတ်တဲအားလုံးကို ပတ်၊ ဘယ်သူများ လိုလိုလားလားရှိမလဲလို့ လှေ့လာအကဲခတ်နေတုန်းပဲ။ ဒါပေမဲ့လည်း ကျွန်တော့်စိတ်ထဲ ခြံခေါင်းဟာ အနိုပ်ခံချင်တာထက် အခြောက် ကြီးများ

ဖြစ်နေသလား၊ ဒါမှမဟုတ် ဖိုးသက်ကြုံခဲ့ရသလို ကောင်စားမျိုး လားလို့ ထင်လာမိတယ်။

ဖိုးသက် ကြုံခဲ့ဖူးတဲ့ ကောင်စားဆိုတာ ဒီလိုပါ။ ဖိုးသက်က သူ့ကိုယ်တွေ့ဇာတ်လမ်းတစ်ခုကို ပြောပြခဲ့ဖူးတာ ရှိတယ်။ သူ့ရဲ့ ကိုယ်ပိုင် ဆိုက်ကားနဲ့ ညဘက်တွေပါ ထွက်နင်းတုန်းကပေါ့။ တစ်ရက်တော့ ညရှစ်နာရီလောက် ခေတ်ဟောင်းက လက်ဝှေ့သမားကြီး ရွှေဓူဝံနဲ့ ဂိုက်ဆိုက် ရော၊ ရုပ်ရည်ပါ အတော်တူတဲ့လူတစ်ယောက် ဆိုက်ကား လာငှားသတဲ့။ ပြီးတော့ မြစ်နံ့ဘေးက လူအင်မတန်ပြတ်ပြီး မှောင်တဲ့ မြစ်ပတ်လမ်းကိုနင်းခိုင်းတယ်။ အဲဒီလူပြတ် မှောင်မည်း၊ ညရှစ်နာရီဆိုပေမယ့် ညကြီး သန်းခေါင်လိုဖြစ်နေတဲ့ လမ်းတစ်နေရာရောက်တော့မှ ...

"ညီလေး ခဏ၊ အစ်ကို သေးပေါက်ချင်လို့" ပြောပြီး ရပ်ခိုင်း၊ လမ်းနံ့ဘေးကိုဆင်း မတ်တတ်ကြီး သေးပေါက်တယ်။ "မင်းလည်း ပေါက်ချင်ပေါက်လေ" ခေါ်လို့ သူလည်း သေးဆင်းပေါက်တယ်။

"ညီလေးရာ ကောင်းကင်က ကြယ်တွေလည်း စုံလိုက်တာ တော်တော်လှတာပဲ ခဏထိုင်ကြည့်ရအောင်ကွာ" လို့ ပြောပြီး တမာပင် အောက်က တာဘောင်ပေါ်ထိုင်ဖို့ ခေါ်တော့တယ်။ အဲဒီတုန်းက ဖိုးသက်ဟာ ဆိုက်ကားလည်း နင်းခါစမို့ ခေားထောက်လုယက်မှာတို့၊ အသက်ကိုရန်ရှာမှာတို့ အန္တရာယ်ဆိုတာလည်း မတွေးတတ်ပါဘူး။ ဒီတော့လည်း နံ့ဘေး ဝင်ထိုင်တာပေါ့။ ရွှေဓူဝံလိုလူဟာ ကောင်းကင်ကြီးကို မော့ကြည့်ရင်း ကဗျာ လိုလို စာလိုလိုတွေလည်း တတွတ်တွတ် ရွတ်နေသေးတယ်။ သိပ်မကြာဘူး လက်တစ်ဖက်နဲ့ ဖိုးသက်ကို ကျောပွတ် ပေါင်ပွတ် လုပ်ရင်း၊ ကျန်တဲ့ လက်တစ်ဖက်နဲ့ သူ့ပစ္စည်းသူကိုင်ပြီး ရေ့တိုးနောက်ငင် လုပ်နေသတဲ့။ ခပ်တိုတိုချုပ်ရရင် ဖိုးသက်ကိုပါ သူ့ပစ္စည်းကို ကိုင်ခိုင်းပြီး အံစာတုံး ခေါက်သလို လုပ်ခိုင်းတယ်။ ဖိုးသက်က ငြင်းတော့...

"မုန့်ဖိုးအများကြီး ပေးပါ့မယ်ကွာ" လို့ ကြာသံနဲ့ ပြောလိုက်ပြီး ဖိုးသက်ကိုဖက်လို့ သူ့ခွကြားမှာ စွတ်ထိုင်ခိုင်းပါတော့တယ်။

အဲဒီတော့မှ ဖိုးသက်က..

"ငါရိုးမသားကြီး ယီးလုပ်တာလား" လို့လည်း အော်ဟစ်၊ ဆိုက်ကားသမားတိုင်း လက်စွဲပါရတဲ့ ကိုယ်ထည်ဘေးက ထောက်တုတ်ကို ဆွဲထုတ်ပြီး ရိုက်မယ်လုပ်တော့မှ ရွှေရုပ်နဲ့တူတဲ့သူလည်း ပိုက်ဆံတောင် မပေးနိုင်တော့ဘဲ အူလျားဖားလျားထွက်ပြေးသွားတော့သတဲ့။

အဲဒီအကြောင်းကို ကျွန်တော်တို့ကို ဖိုးသက်ပြောပြတော့ အစော ပိုင်းမှာ ဟိုလူက သူ့ကို ပွတ်သီးပွတ်သပ်လုပ်တော့ သူ့စိတ်ထဲ အလုပ်ခံချင် တဲ့ အခြောက်ထင်ခဲ့သေးကြောင်း၊ နောက်မှ အာကာသထဲ ပျံတက်ခါနီးရုံးပတီးသီးကြီးကို အတင်းပေးကိုင်၊ ခွကြား မဟားတရားထိုင်ခိုင်းတော့မှ `ဟာ တွယ်မယ့်ကောင်ပါလား" လို့ သိလိုက်ပြီး အကြောအချဉ်တွေ တောင့်ကုန်၊ ကြက်သီးဖျန်းဖျန်းတွေ ထကုန်တာပဲတဲ့။

ဖိုးသက်ရဲ့ဇာတ်လမ်းကို သိထားတော့ ကျော်ဆွေဆိုတဲ့ကောင်ဟာ လူကလည်း ဖိုးသက်တွေ့ခဲ့တယ်ဆိုတဲ့လူလို ဂိုက်ဆိုက်မျိုးပဲ။ နည်းနည်းတော့ ပိုဝတာပေါ့။ မျက်နှာချိုသွေးတာကလည်း လိုအပ်တာထက် အများကြီး ပိုနေပုံထောက်တော့ အနှိပ်ခံဖို့လိုလိုနဲ့ ဆွဲဆောင်၊ အထဲရောက်မှ ဖင်ချုပ်ချရင် တော့ ပြဿနာပဲလို့ မစိုးရိမ်ဘဲ မနေနိုင်တော့ဘူး။ အဲဒါနဲ့ပဲ သိပ်မကြာလိုက် ဘူး ကျွန်တော်လည်း ညစောင့်အလုပ်က ထွက်လိုက်တော့တယ်။ ကျော်ဆွေ ဟာ အခြောက်တော့ မဟုတ်ပါဘူး။ ကျွန်တော်ထွက်သွားပြီးတဲ့နောက် သူဟာ သူ့ရဲ့ အနှိပ်အနင်းပြဿနာ ပြေလည်သွားအောင် စီစဉ်လိုက်နိုင်တယ်။ စီစဉ်လိုက်ပုံက တာသွားလွန်းလို့ တစ်ချက်၊ နှစ်ချက် ပြတ်တောင် ဖြစ်နေ သေးတယ်။

နေ့ဘက် ခြံအလုပ်သမတွေထဲက ခြံခေါင်းနဲ့ သားပြောမယားပြော လေးတွေပြော၊ ကလီ၊ ရို၊ ချိတ် ဘာလိုလိုဖြစ်နေတဲ့ တစ်ခုလပ်မိန်းမကြီးဟာ ကျွန်တော်ထွက်သွားပြီးနောက်ပိုင်း၊ ညတိုင်း ခြံခေါင်းအခန်းမှာပဲ အိပ်တော့ သတဲ့။ အနောက်ဘက်ဆုံးကျတဲ့ ဂိတ်တံခါးမကြီးမှာပါတဲ့ လူဝင်တံခါးပေါက် ကလေးကနေ ညရှစ်နာရီလောက်မှာ ဝင်လာ၊ မနက်ခင်းစောစော အဲဒီ အပေါက်ကလေးကနေပဲ ပြန်ထွက်သွား။ အဲဒီအဝင်အထွက်လုပ်တဲ့ တံခါးမ ကြီးရဲ့ ဂိတ်တဲမှာအိပ်တဲ့ အဘိုးကြီးတွေကလွဲရင် ဘယ်သူမှ မသိသလိုလိုပေါ့။ တကယ်တော့

အလုပ်ထွက်သွားပြီးပြီဖြစ်တဲ့ ကျွန်တော်တောင်မှ သိခဲ့ပါတယ်။

ညစောင့်အလုပ်ကထွက်ပြီး သုံးပတ်အကြာမှာပဲ ကျွန်တော် အလုပ်ရတယ်။ အရင်တုန်းကလို အလုပ်တစ်ခုက ထွက်ပြီးတဲ့ ရက်ပိုင်းလပိုင်းအတွင်း ပျင်းပြီး မနက်ခင်း ခွာညိုရုံနံ့မှာ သွားထိုင်၊ ဟိုကောင်တွေ ပြန်သွားလည်းအဖျော်ဆရာနဲ့ဖြစ်ဖြစ် စားပွဲထိုးလေးတွေနဲ့ဖြစ်ဖြစ် ထိုင်ပြီး စနောက်နေရင်း အချိန်ဖြုန်းတာမျိုး မလုပ်တော့တာ လည်းပါတယ်။ မသွယ်နဲ့ ညားပြီးနောက် ပြီးကတည်းက ခိုင်မြဲကို သတင်းစာထပ်ကူဖို့ကလည်း သိပ်မလိုတော့ဘူး။ ဒါပေမဲ့ တစ်ခါတလေ ကျွန်တော်အားနေလို့ သွားကူပေးတာနဲ့ ခိုင်မြဲကတော့ လက်ဖက်ရည်ဖိုးတော့ ပေးတတ်တယ်။ သူတို့သားလေး မွေးပြီးတဲ့နောက်တော့ဒီကောင် အလုပ်တွေ ကြိုးစားလုပ်၊ ငွေကို ကြိုးစားစုလုပ်နေတော့ ကျွန်တော်လည်း အားနာလာတာနဲ့ မကူဖြစ်တော့ဘူး။

နေ့လယ်ဘက်တွေ အိမ်မှာပဲနေရင်း အမေ့ကိုကူလုပ်၊ ဆန်မှုန့် ကြိတ်ပေး၊ ထင်းစည်းက ဝယ်ရတာ ဈေးကြီးလွန်းလို့ ခေးမခါးထိုး မြစ်အောက် ဘက်က ကန္တာရချုံတွေရှိတဲ့ဘက်သွား ထင်းလေးဘာလေး ခုတ်ပေါ့လေ။ ဘာမှလုပ်စရာမရှိလည်း စာကြည့်တိုက်ကနေ စာအုပ်သွားသွားငှားပြီး စာပဲထိုင်ဖတ်နေဖြစ်တယ်။ နောက်အလုပ်ရဖို့တစ်ခုခုအတွက်တော့ အရင်လုပ်ခဲ့တဲ့ ဘိလပ်မြေစက်ရုံနားက စက်ရုံတစ်ခုခုမှာ အလုပ်သွားလျှောက်ဖို့ပဲ။ အဲဒီမြို့ အရှေ့ဘက် တစ်လျှောက်လုံးက စက်မှုဇုံနယ်မြေဆိုတော့ စက်ရုံတွေဆိုတာ အများကြီးပဲ။ တစ်ခုမဟုတ်တစ်ခုကတော့ လူလိုမှာပဲ၊ ရမှာပဲလို့ တွေးပြီး သိပ်မပူလှဘူး။ ဘောလုံးကွင်းမှာ လျှောက်ခဲ့ဖူးတဲ့ ကြီးကြပ်ရေးမှူး အလုပ်များ လိုဦးမလားလို့ သွားမေးကြည့်ပေမယ့် မလိုတော့ပါဘူးတဲ့။

အလုပ်သွားလျှောက်တယ်ဆိုတာက ဒီအတိုင်း လူဗလာသွားလို့ ရတာကလည်း မဟုတ်တော့ ကျွန်တော့်အစ်ကို လစာထုတ်တဲ့ရက်ကို စောင့်ရသေးတယ်။ ပိုက်ဆံရမှ အလုပ်လျှောက်တဲ့အခါမှာ လိုတဲ့ ထောက်ခံစာတွေ လုပ်လို့ရမှာ။ အကျင့်စာရိတ္တကောင်းကြောင်းကို ဘယ်သူမှ အလကား ထောက်ခံမပေးဘူး။ ရပ်ကွက်ဥက္ကဋ္ဌထောက်ခံစာက သုံးရာ၊ ရဲစခန်း ထောက်ခံစာက ငါးရာပေးရတယ်။ ပြီးတော့ သေတ္တာအောက်ဆုံးမှာ ထည့်ထားတဲ့ ဆယ်တန်းအောင် လက်မှတ်၊ မှတ်ပုံတင်၊ ကျောင်းသားကတ် ကလေးတွေထုတ်။ စက်ရုံအကုန်လုံး ဘယ်မှာရရ အလုပ်လျှောက်ခဲ့ဖို့ ဆယ်စုံ လောက် မိတ္တူကူးရင်

တစ်ထောင်နီးနီးတော့ ကုန်ဦးမှာ။

မိတ္တူသွားကူးဖို့ ထွက်လာတဲ့နေ့လယ်တော့ ကွမ်းနှစ်ယာလောက် တော့ ဝါးလိုက်ဦးမယ်လို့ ဇော်ပိုင့်ဆိုင် ခဏဝင် ကွမ်းယာခုံဘေး ဝင်ရပ်ရုံ ရှိသေးတယ်။ ဇော်ပိုင်က ပြောတယ်။

"ဟေ့ရောင် ... ဒီနေ့ညထွက်လို့ရရင် ထွက်ခဲ့ဦးကွာ၊ ဖိုးသက်နဲ့ အရက်ဆိုင် လိုက်ထိုင်ရအောင်"

"ငါမသောက်တော့ဘူးကွာ၊ သောက်ချင်စိတ်လည်း မရှိဘူး တစ်ရက် နှစ်ရက်အတွင်း စက်ရုံဘက် အလုပ်သွားလျှောက်မလို့'

"လာခဲ့ပါကွာ..ငါလည်း မသောက်ပါဘူး၊ ဖိုးသက်ကို နည်းနည်း တော့ ပြောရအောင် ဖိုးသက်က ငါတို့ထက် မင်းကိုတောင် ပိုခင်သလိုဟ "ဘာလို့တုန်း.. ဒီကောင် အခု ဘာဖြစ်နေပြန်ပြီတုံး" လို့ ကျွန်တော်မေးတယ်။

"ဖိုးသက်ကွာ အဲဒီကောင် အခု နေ့လယ်တိုင်းမူးနေတယ်၊ သူ့ဘွားတော်နဲ့ နေ့တိုင်း ပြဿနာဖြစ်နေပုံပဲ၊ ငါ့ကွမ်းခြင်းတောင် ဒီကောင် နေ့တိုင်း ယူမပေးနိုင်တော့ဘူး

ကျွန်တော်လည်း ဟင်းခနဲ သက်ပြင်းချရင်း ကျွန်တော်တို့ ထိုင်နေ ကျ ခွာညိုရုန့် လက်ဖက်ရည်ဆိုင်က ဝိုင်းကို လှမ်းငေးကြည့်နေမိတယ်။ ခွာညိုရုန့်မှာ ကျွန်တော်တို့ ထိုင်ခဲ့တဲ့နှစ်တွေ မနည်းတော့ဘူး။ များသော အားဖြင့်တော့ ထနောင်းပင်အောက်က ဝိုင်းပဲ။ ဦးတဲ့ကောင်က ထနောင်းပင်ကို မှီပြီးထိုင်လို့ရတယ်။ ခပ်နိမ့်နိမ့် ထနောင်းပင်ခွကြားမှာဆိုရင် ခိုင်မြဲတို့ ဖိုးသက် တို့ ထိုးထားတဲ့ ဆေးပေါ့လိပ်တိုတွေ၊ စီးကရက်တွေတိုတွေ အပြည့်ပဲ။ နောက်ပိုင်းတော့ ကျွန်တော်နဲ့ ဇော်ပိုင်သာ အဓိကထိုင်ဖြစ်တော့တယ်။ ခိုင်မြဲက လည်း မနက်ခင်း သတင်းစာရထား စောင့်တာတောင် များသောအားဖြင့် ရုံးထဲမှာပဲ။ ဖိုးသက်ကတော့ အခုနောက်ပိုင်း တစ်လ နှစ်လကျော်အတွင်း မနက်ခင်း သိပ်မလာတော့ဘူး။ ညနေခင်းလာရင်လည်း အဲဒီကောင် လက်ဖက်ရည် မသောက်တော့ဘူး။ မတည့်တော့ဘူးကွာလို့ ခပ်ပြုံးပြုံးနဲ့ ပြောတတ်တယ်။ ကျွန်တော်လည်း

မနေနိုင်တဲ့အခါမျိုးမှာ…"မင်းအရမ်းကြီး သောက်မနေနဲ့လေကွာ စွဲသွားမယ်" လို့ ပြောပေမယ့်လည်း စကားသံသက်သက်ပဲ။ ဘာမှအရာမဝင်ဘူး။

"ည မင်းလာမှာလား" လို့ ဇော်ပိုင်က မေးနေတယ်။ ခိုင်မြဲရော မင်းခေါ်ထားသေးလား

"အဲ့ကောင်က မသေချာပါဘူးကွာ၊ ငါပြောတော့ ပြောကြည့်ပါဦး မယ် ဒီကောင်လည်း ညအပြင်မထွက်တာ ကြာလှပြီ" "အေးပါ… ငါ့ မင်းလာခေါ်လေ၊ ငါအိမ်ကပဲ စောင့်နေမယ်" လို့ ကျွန်တော်ဖြေရင်း မိတ္တူဆိုင်ဘက် ထွက်ခဲ့တယ်။ မိတ္တူဆိုင်သွားတဲ့ တစ်လမ်းလုံးလည်း ဖိုးသက်အကြောင်းကပဲခေါင်းထဲ တဝဲလည်လည် လှည့်နေတယ်။ ပြီးတော့ ဖိုးသက်အမေ။

"ဒီဘွားတော်ကတော့ ပြဿနာပဲကွာ" လို့တောင် အသံထွက်ပြီး ပြစ်တင်မိတယ်။

"ဖိုးသက် ဆိုတဲ့ကောင်ကလည်း စောက်ပေါပဲ။ အရက်သောက်ပြီး မူးနေဖို့လောက်ပဲ"

ဒါပေမဲ့လည်း ကျွန်တော်သာ ဒီကောင့်နေရာမှာဆိုရင် ဘာလုပ်မလဲ လို့ စဉ်းစားကြည့်တော့လည်း ဘာလုပ်ရမလဲ။ အိမ်ကနေထွက်သွား ဖားကန့်တို့ မိုးကုတ်တို့ထက် ရွှေတွေဘာတွေ သွားတူးမလား။ စစ်ထဲ ဝင်မလား။ စစ်ထဲတော့ မဝင်ဘူးကွာ။ ချီးတဲ့မှ။ ဒါဆိုဘာလုပ်မလဲ။ တစ်နေ့သ၌ မြန်မာပြည်မြေလတ်ဒေသရှိ မြို့ကလေးတစ်မြို့၌ အစပြုတဲ့ စွန့်စားခန်းဝတ္ထုတွေလို စွန့်လွှတ် စွန့်စားဖို့စဉ်းစားတာတောင် ဘာကိုစွန့်လွှတ်ပြီး ဘာကိုစွန့်စားရမယ်လို့ မသိဘူးဖြစ်နေတယ်။ လဖွတ်တဲ့မှ။

"ကောင်လေး မိတ္တူကူးမလို့လား" အဘွားကြီးတစ်ယောက်ရဲ့ မေးသံကိုကြားတော့မှ ကျွန်တော် မိတ္တူဆိုင်ရှေ့တည့်တည့်မှာ ရပ်နေမိပြီပြီဆိုတာ သတိရတယ်။ "ဟုတ်ကဲ့ အဘွား၊ မိတ္တူကူးချင်လို့ဗျ"

အေး အေး လာထိုင် ခဏစောင့်ဦးနော်၊ ခဏလေးပါ မိတ္တူဆရာ ထမင်းသွားစားတာ ပြန်လာတော့မှာ

အဘွားကြီးက ကျွန်တော့်ကို ထိုင်ခုံတစ်ခု ချပေးတယ်။

ဘာတွေ ကူးမှာလဲ အဘွားကိုပေး

လွယ်အိတ်ထဲကနေ ကျွန်တော့်ရဲ့ မှတ်ပုံတင်၊ အဝေးသင် ကျောင်းသားကတ်နဲ့ ထောက်ခံစာတွေ ထုတ်ပြီး အဘွားကြီးကို ပေးလိုက် တယ်။ အဘွားကြီးက ကျွန်တော့်စာရွက်တွေ ကတ်တွေကို သေချာ စိစိစစ်စစ် ကြည့်နေတယ်။ ပြီးတော့မှ မိတ္တူစက်ပေါ် တင်ထားလိုက်ရင်း သူ့ပါ ဆိုင်ရှေ့ကို ထွက်လာတယ်။ ခုံတစ်ခုံချပြီး ကျွန်တော့်နံဘေး ထိုင်တယ်။ “အလုပ်လျှောက်ဖို့လား၊ မိတ္တူတွေက”

"ဟုတ်တယ် အဘွား၊ ဟိုးအရှေ့က စက်ရုံတွေလေ” လို့ အရှေ့ဘက်ကို လက်ညှိုးထိုးရင်း ပြောလိုက်တယ်။ အဘွားကြီးပုံစံကြည့်ရတာ ဆိုင်ရှင်ဖြစ်ပုံရတယ်။ ကျွန်တော် မစောင့်နိုင်ဘဲ တခြားဆိုင်တစ်ဆိုင်ကို သွားကူးမှာစိုးလို့ စကားစမြည်ပြောပေးနေပုံပါပဲ။

“အလုပ်က အခုမှ စလုပ်မှာလား၊ အရင်ကရော လုပ်ဖူးလား” “အလုပ်တွေက စုံနေအောင်လုပ်ဖူးတာပေါ့ အဘွားရယ်၊ အဆင်မပြေလို့”

“ကျောင်းက အခု ဒုတိယနှစ်ဖြေထားတာပေါ့ ဟုတ်လား” “ဟုတ်တယ်ဗျ”

“အရင်အလုပ်တွေတုန်းက လစာ ဘယ်လောက်ရလဲ၊ နည်းလို့လား"

အဘွားကြီးဟာ တဖြည်းဖြည်း စကားစမြည်ပြောတာနဲ့ မတူတော့ ဘဲ တရားခံကို စစ်သလို စစ်တာဖြစ်နေလို့ ကျွန်တော်လည်း မဖြေချင်တော့ဘူး။

"ဒီလိုပါပဲဗျာ" လို့ ပြောရင်း လမ်းတစ်ဖက်က တော်တော်ဝေးဝေး က ဘူတာရုံကို လှမ်းငေးကြည့်သလိုလိုနဲ့ မျက်နှာလွှဲနေလိုက်တယ်။

စကားဆက်မပြောချင်တဲ့ အမူအရာပြထားပေမယ့် အဘွားကြီးက ရိပ်မိပုံလည်း မရပါဘူး။ မေးခွန်းတွေက လာနေတုန်းပဲ။

"စက်ရုံတွေက အလုပ်ရရင် လစာ ဘယ်လောက်လောက်ရလဲ သိလား" လို့ ထပ်မေးနေသေးတယ်။ ကျွန်တော်လည်း သက်ပြင်းချတာ မဟုတ်ဘဲ နှာခေါင်းထဲကလေကို "ဟင်း" ခနဲနေအောင် တစ်ချက်မှုတ်ထုတ် လိုက်တယ်။ အဲဒါဟာ စိတ်မရှည်ဘူးဆိုတဲ့ အမူအရာပါပဲ။ သို့သော် အဘွားကြီးက ကျွန်တော့်အဖြေကို စောင့်နေပုံမျိုးနဲ့ ကျွန်တော့်ကို ပြုံးကြည့်နေ လေရဲ့။ သူပြုံးကြည့်နေတာကို ကြည့်ရင်း ရုပ်ရှင်တွေထဲမှာ ဗီလိန်အဘွားကြီး နေရာက သရုပ်ဆောင်လေ့ရှိတဲ့ ဒေါ်ခင်အေးဟန်ကြီးကို သွားသတိရမိတယ်။ အဘွားကြီးရဲ့ မျက်နှာပေါက်က ဒေါ်ခင်အေးဟန်ကြီးနဲ့လည်း ခပ်ဆင်ဆင် ရယ်။ ဒါပေမဲ့ စကားပြောပုံကျတော့ "မပြောချင်ဘူး မပြောချင်ဘူး ပြောကို မပြောချင်ဘူး" ဆိုတဲ့ ဒေါ်မြလေးပုံမျိုး။ မပြောချင်ဘူးဆိုပြီး သူချည့်ပြောတဲ့ ပစိပစပ်များတဲ့ အဘွားကြီးပုံမျိုးပေါ့။

"အရင်တုန်းက ဘိလပ်မြေစက်ရုံမှာ နှစ်နှစ်လုပ်ဖူးတယ် ကြာတော့ ကြာပြီဗျ ထွက်လိုက်တာကို နှစ်နှစ်ကျော်ပြီ အဲဒီတုန်းကတော့ တစ်လကို တစ်သောင်းနဲ့ ငါးရာရတာပဲ ခုတော့ မသိပါဘူး။ အစိုးရစက်ရုံကတော့ အဲဒီထက်နည်းမှာပေါ့။ ဒါနဲ့ အဘွား မိတ္ထူသမားက ကြာမှာလား"

နောက်ဆုံးမှာ ပြောလိုက်တဲ့ ကြာမှာလားဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က၊ စိတ်မရှည်တော့ဘူး မေးခွန်းတွေ မမေးနဲ့တော့ဗျာ၊ မဟုတ်ရင် တခြားမှာ သွားကူးလိုက်မယ်လို့ ပြောလိုက်တဲ့သဘောမျိုးပဲ။ ဒါပေမဲ့လည်း အဘွားကြီး ဟာ လုံးဝကို ဂရုမစိုက်ပုံပါပဲ။ မေးခွန်းတစ်ခု ထပ်မေးပြန်တယ်။ မေးခွန်းတွေ တော်ပါပြီလို့ အလွန်အင်မတန် စိတ်ပျက်ဟန်တွေ ပြခဲ့ပေမယ့်လည်း သူ ထပ်မေးလိုက်တဲ့ မေးခွန်းကြောင့် ကျွန်တော့်မှာ ချက်ချင်းပဲ သားရေဖိနပ်စုတ် တွေ့လိုက်တဲ့ ခွေးငတ်လို ခေါင်းထောင်သွားတယ်။

"ဒီမှာ အလုပ်မလုပ်ချင်ဘူးလား"

"ဗျာ"

ကြားပေမယ့်လည်း နဝေတိမ်တောင်ဖြစ်သွားလို့ ထပ်မေးမိတယ်။ "ဪ... ဒီမှာ အလုပ်မလုပ်ချင်ဘူးလားလို့ မေးတာပါ "" "မိတ္တူကူးတာလား အဘွား

"အေးလေ.. မိတ္တူသမားလိုနေလို့ ဆိုင်မှာက ကွန်ပျူတာဆရာ တစ်ယောက်ပဲ ရှိတယ်" လို့ပြောတယ်။ အဲဒါနဲ့ပဲ ကျွန်တော် ကွန်ပျူတာ အလုပ်ရသွားတယ်။ အလုပ်ရသွားလို့ မိတ္တူကူးခ တစ်ထောင်လောက်လည်း သက်သာသွားတယ်။ အဘွားကြီးက ကျွန်တော် စာရွက်တွေ ပေးလိုက် ကတည်းက သေချာကြည့်ပြီး အလုပ်ခန့်ချင်နေတာပဲဆိုတာ အဲဒီတော့မှ ကျွန်တော်လည်း စဉ်းစားမိတယ်။ ဒါကြောင့် စကားစမြည်ပြောသလိုလိုနဲ့ အင်တာဗျူးလုပ်သွားတာပဲ။ တယ်ပိုင်တဲ့ အဘွားကြီး။ ကျွန်တော်လည်း သူ့ရှေ့တော့ အရမ်းကြီးဝမ်းသာအားရဖြစ်နေပုံမပေါ်အောင် အတော်ထိန်းယူရ တယ်။ ကိုယ်ထဲက သွေးတွေလည်းပတ်တာမြန်ပြီး တစ်ကိုယ်လုံး ရှိန်းတိန်း ဖိန်းတိန်းဖြစ်လို့နေတာကို ကိုယ့်ဟာကိုယ် သိနေတယ်။ ပျော်တာကိုးဗျာ။ သို့ပေမဲ့ မှင်သေသေနဲ့ပဲ လစာကိစ္စကို ဆက်ညှိနှိုင်းရသေးတယ်။ သူက တစ်နေ့ သုံးရာပေးမယ်တဲ့ တစ်လ ကိုးထောင်ပေါ့။ နည်းလွန်းတယ်လို့ ကျွန်တော်ထင်တယ်။ အလုပ်ရပဟေ့လို့ ပျော်နေတာလေးတောင် နည်းနည်း ငုပ်ပြီး အပျော်ရုပ်ချင်သလိုဖြစ်သွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ သောက်နေကျ ခွာညိုရုန့်မှာတောင် လက်ဖက်ရည်တစ်ခွက် ရှစ်ဆယ်ဖြစ်နေပြီ။ တချို့ဆိုင်တွေဆို တစ်ရာ။

"သုံးရာကတော့ နည်းလွန်းတယ် အဘွားရယ်" လို့ ခေါင်း တခါခါလုပ် မဖြစ်ပါဘူးဆိုတဲ့ ဟန်တစ်လုံးနဲ့ ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်တဲ့အချိန် အဘွားကြီးက..

အေးလေ.. ဒါဆိုလည်း ပြီးတာပါပဲ မေးကြည့်တာပါ" လို့ ပြောလိုက်မှာ ကျွန်တော် တကယ်ကြောက်နေခဲ့တာ။ ဒါပေမဲ့ အဘွားကြီးက တစ်ဆင့်ထပ်တိုးပေးတယ်။

"နေ့လယ် လက်ဖက်ရည်ဖိုး တစ်ရာထပ်ပေးမယ်လေ” တဲ့။ သူအဲဒီလိုပြောလိုက်တာ ကျွန်တော် တော်တော်လေး ယုံကြည်မှုရှိ သွားတယ်။

သဘောကတော့ ဒီအတိုင်းဆို ငါခေါ်သလောက် လိုက်တော့မယ်လို့ ကျွန်တော် သိပြီ။

"အဲဒါဆို နေ့လယ် လက်ဖက်ရည်ဖိုးလည်းပေး၊ တစ်နေ့ကိုလည်း သုံးရာ့ငါးဆယ်တော့လုပ်လိုက် အဘွားရာ

“ကဲ.. ကဲ ပြီးရော။ နက်ဖြန်မနက်ခင်း ရှစ်နာရီ အရောက်လာခဲ့တော့၊ အဲ မေ့လို့၊ လစာကိုလည်း တစ်ရက်ချင်း ပေးမှာနော်၊ လကုန်မှ စုမပေးဘူး” တဲ့။

အဲဒါက အရေးမကြီးတော့ပါဘူးလေ။ အလာလမ်းတုန်းက ဖိုးသက် အကြောင်း တွေပြီး ထုံထုံမှိုင်းမှိုင်း ဖြစ်ခဲ့ပေမယ့်၊ အိမ်အပြန်လမ်းမှာ ပျော်လွန်း လို့ တခြားဘာမှသတိမရတော့ဘူး။ အမေ့ကို ပြေးပြောမယ်ပေါ့။ အမေက တော့ ဒီတစ်ခေါက် အလုပ်ရတာမြန်လို့ အံ့တောင်သြနေလိမ့်မယ်။ နောက်ပြီး အလုပ်က ကွန်ပျူတာဆိုင်မှာ လုပ်ရမှာ။ အရင်လုပ်ခဲ့တဲ့ အလုပ်တွေနဲ့ တခြားစီ။ မိတ္တူကူးရင်း ကွန်ပျူတာသင်မယ်။ တတ်သွားရင်ပြီးပြီ။ ဒီခေတ်မှာ ကွန်ပျူတာဆရာတစ်ယောက် လစာက သုံးလေးသောင်း ပြေးမလွတ်ဘူးလို့ ကြားဖူးတယ်။ အဲဒီညက ဇော်ပိုင်၊ ဖိုးသက်တို့နဲ့ ချိန်းထားလို့ အရက်ဆိုင် ရောက် သောက်ဖြစ်၊ မူးဖြစ်သွားလို့ မူးမူးနဲ့ အိပ်လိုက်ရလို့သာ။ နို့မဟုတ်ရင် ကွန်ပျူတာရှေ့မှာ တဖြောင်းဖြောင်း စာရိုက်နေတဲ့ အိပ်မက်တွေဘာတွေ မက်ချင်မက်နေခဲ့ဦးမှာ။

ည ခုနစ်နာရီလောက်မှာ ဇော်ပိုင်က သူ့ဖီးဆင့်ဘီးကလေးနဲ့ ကျွန်တော့်ကို လာခေါ်တယ်။ ခိုင်မြဲတော့ လိုက်မှာ မဟုတ်လောက်ပါဘူးလို့ ထင်ထားတဲ့အတိုင်းပဲ။ ခိုင်မြဲက

“ထွက်လို့မရသေးပါဘူးကွာ” လို့ ပြောတယ်တဲ့။ ဇော်ပိုင်က ပြန်ပြောပြတယ်။ ခိုင်မြဲပြောတဲ့စကားကို ဇော်ပိုင်ပြန်ပြောပုံက စောက်ပိုတွေပါ ကွာ

ဆိုတဲ့ လေသံမျိုး ဖြစ်နေလို့...။

"သူ့သားလေးကလည်း ငယ်ငယ်လေးရှိသေးတာကွာ တစ်နှစ် တောင် မပြည့်သေးဘူးမို့လား ဘယ်လွယ်မလဲ ငပိုင်ရာ ထားလိုက်ပါ စိတ်ဆိုးမနေစမ်းပါနဲ့" လို့ ကျွန်တော်က ဇော်ပိုင့်ကို ဖျောင်းဖျရသေးတယ်။ ဖိုးသက်အိမ် သွားရာလမ်းမှာ စက်ဘီးထိုင်ခုံနောက်က ခွလိုက်ရင်း ကျွန်တော် အလုပ်ရတဲ့အကြောင်း၊ ရပုံရနည်း ဆိုင်ရှင်အဘွားကြီးနဲ့ အပြန်အလှန် ပြောဆိုပုံကို အသောကလေးတွေနဲ့ ပြောပြလိုက်တယ်။ ဇော်ပိုင်ကလည်း ဝမ်းသာနေတယ်။

"ကောင်းတယ် ဟေ့ရောင်၊ ကောင်းတယ် ဟေ့ရောင်" ခဏ ခဏ ပြောနေတယ်။

ည ခုနစ်နာရီပဲ ရှိသေးတယ်။ ဖိုးသက်တို့ရဲ့ မြို့စွန်ရပ်ကွက် တစ်ခုလုံးဟာ မှောင်မိုက်နေပြီ။ ရှားရှားပါးပါး တချို့အိမ်လေးတွေမှာ ဘက်ထရီမီးချောင်း ဖြူဖျော့ဖျော့လေးတွေကို မြင်ရတယ်။ များသောအားဖြင့် တော့ အိမ်ကလေးတွေပေါ်က ဖယောင်းတိုင်မီးမှျင်မှျင်ကလေးတွေသာ ဟိုတစ်ကွက် ဒီတစ်ကွက်မြင်ရတာကလွဲလို့ လမ်းသားကိုတောင် မမြင်ရချင် ဘူး။ အမှိုက်ပုံနံဘေးကဖြတ်တော့ တစ်ခါတက်ဖူးတဲ့ တဲတန်းကလေးဆီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး "မောင်ညေး ယုတ်တော့ယေ" ဆိုတာကို သတိရလို့ ဇော်ပိုင် မမြင်အောင် ကြိတ်ရယ်မိသေးတယ်။ ချိုင့်ထဲ ကျင်းထဲ ကျမသွားအောင် လမ်းကို ဖြုကြည့်၊ စက်ဘီးဟန်ဒယ်ကို တင်းတင်းဆုပ်ပြီး နင်းနေရတော့ ဇော်ပိုင်ကတော့ မသိရှာဘူး။ ကြိတ်ရယ်မိသေးတယ် ဆိုပေမယ့် လည်း ခဏပဲ။ အဲဒီတဲတန်းကလေးရဲ့ ဟိုမှာဘက် အမှောင်ထဲကို လှမ်းကြည့် ရင်း မမြင်ရပေမယ့် သင်္ချိုင်းဟောင်းကြီးရှိနေတယ်ဆိုတဲ့ အသိနဲ့ ကြက်သီး ဖြန်းဖြန်း ထလိုက်မိသေး။

ဖိုးသက်ရဲ့ အိမ်ရှေ့မှာ စက်ဘီးရပ်လိုက်တော့ ခြေတံရှည်တဲကုပ် ကလေးရဲ့ရှေ့က ကွပ်ပျစ်ပေါ်မှာ ဖိုးသက်ဟာ အင်္ကျီကျွတ်ကြီးနဲ့ ဘေးတစောင်း လှဲအိပ်နေတယ်။ ကျောပြင်အထက်မှာ လက်ပြင်ရိုးကြီးနှစ်ချောင်းက ငေါထွက် လို့။ တဲပေါ်လှမ်းကြည့်လိုက်တော့ ဖိုးသက်အမေဟာ သနပ်ခါးတုံးပေါ် တင်ထွန်းထားတဲ့ ဖယောင်းတိုင်အလင်းနဲ့ စာရွက်တွေကို ကုန်းကြည့်နေတယ်။

ဖိုးသက်အမေအသက်ကလည်း ရပ်ပဲ ကျလွယ်လို့လားတော့ မသိဘူး ခြောက်ဆယ်လောက်တော့ ရှိမယ်ထင်တာပဲ။ စက်ဘီးဘရိတ်အုတ်သံ ကျွီခနဲ

ကြားလိုက်လို့ ဖိုးသက်အမေက ခေါင်းထောင်ကြည့်တယ်။

"ဟဲ့ ဖိုးသက် ထထ နင့် သူငယ်ချင်းတွေလာတယ်" လို့ ဖိုးသက်ကို လှမ်းနှိုးနေတယ်။ ဖိုးသက်ကလည်း အိပ်နေရင်းနဲ့ ခါးလှည့်လို့ ကျွန်တော်တို့ဘက် လှည့်ကြည့်တယ်။

"ဩော်... အေး လာပြီလား၊ ခဏလေး ခဏလေး"လို့ပြောရင်း အင်္ကျီရှာနေတယ်။ ဖိုးသက် စကားပြောလိုက်တာနဲ့ အနံ့က နှာခေါင်း ထဲ ဝင်လာတယ်။ ကျွန်တော်လည်း ဇော်ပိုင့်ခါးကို တစ်ချက်တို့လိုက်ပြီး အတော့်ကို တိုးတဲ့လေသံနဲ့ ပြောလိုက်တယ်။

"ဒီကောင် မူးတောင်နေပြီထင်တယ်ကွ"

ဇော်ပိုင်ကတော့ ဘာမှမပြောဘူး။ အင်္ကျီဝတ်နေတဲ့ ဖိုးသက်ကိုပဲငေးကြည့်နေတယ်။ ဖိုးသက် ထွက်လာတော့ ဇော်ပိုင်က.. ""အန်တီ သွားဦးမယ်ဗျ" လို့ လှမ်းအော်ပြောလိုက်သေးတယ်။ ဖိုးသက်အမေဆီကတော့ ဘာသံမှ ပြန်မကြားရဘူး။ သုံးယောက်သား လမ်းလျှောက်ပဲ ထွက်လာကြတယ်။ ဖီးဆင့်က သုံးယောက်စီးလို့မှ မရဘဲ။ "ငါ ကျော်စောာ အရင်ပို့လိုက်မယ်၊ မင်းကို နောက်တစ်ခေါက် လာခေါ်မယ်လေ" ဇော်ပိုင်က ပြောတယ်။

"ဒေါ်မုန်းဆိုင်က နီးနီးလေးပါကွာ လမ်းလျှောက် ဆယ့်ငါးမိနစ် ပေါ့" လို့ ဖိုးသက်က ငြင်းတယ်။ အမြဲတမ်းလိုလို ရယ်ကျဲကျဲ ပြုံးဖြဲဖြဲ နေတတ်တဲ့ ဖိုးသက်ဟာ ခုလပိုင်းတွေမှာ မှုန်ကုပ်ကုပ် မေးတေးတေးဖြစ်လို့ နေတယ်။ အရက်ဆိုင်ရောက်တော့ ကျွန်တော်တို့ဟာ ပုံမှန်ထိုင်နေကျ အရက်ဆိုင်နောက်ကျောက အိမ်သာနဲ့ အနီးဆုံးဝိုင်းမှာ ထိုင်တယ်။ တစ်ချက် တစ်ချက် လေအဝှေ့မှာ သေးနံ့စူးစူး လွင့်ပျံလာတတ်ပေမယ့် အဲဒီနေရာက အရက်ဆိုင်တစ်ဆိုင်လုံးမှာ လူအရှင်းဆုံးနေရာပဲ။ အရင်တုန်းက လေးယောက် ထိုင်၊ ဆူညံအော်ဟစ်ရယ်မောာ မူးယစ်ခဲ့တဲ့ အရက်ဝိုင်း။ ခုတော့ တိတ်နေ တယ်။ ဇော်ပိုင်ကလည်း ဖိုးသက်ကိုပဲ မကြာခဏ ကြည့်ကြည့်နေတယ်။

စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား ကျွန်တော့်အိတ်ကပ်ထဲက ငါးရာတန်

တစ်ရွက်နဲ့ နှစ်ရာတန်ကလေး နှစ်ရွက်ထုတ်ပြီး ဖိုးသက်နဲ့ ဇော်ပိုင်တို့ရှေ့ ထောင်ပြလိုက်တယ်။

မိတ္တူကူးဖို့သွားတာကွာ အလုပ်ရသွားတာနဲ့ မိတ္တူဖိုး မကုန် လိုက်ဘူး ဒီညငါတိုက်မယ်" လို့ ပြောပြီး ရယ်နေလိုက်တယ်။ တစ်ဆက် တည်း ဖိုးသက်ကိုပါ ကျွန်တော် အလုပ်ရပုံအကြောင်းကို စီကာပတ်ကုံး ပြောပြနေလိုက်တာ အရက်ပုလင်း၊ အရက်ခွက်သုံးခွက်၊ နှမ်းဖတ်ချဉ် အလကားရတဲ့ အမြည်းအစုံ စားပွဲပေါ်ရောက်ပြီး သောက်ဖို့ အဆင်သင့်ဖြစ်တဲ့ အထိပဲ။ ကျွန်တော်အလုပ်ရတယ်ပြောတော့ ဖိုးသက်ရဲ့ မျက်လုံးပြူးပြူးဟာ တစ်ချက်လက်သွားတယ်။ ဒါဟာ ထုတ်မပြောပေမယ့် ဝမ်းသာတယ်ကွာလို့ ပြောတဲ့သဘောပဲ။ ဒါပေမဲ့ မျက်နှာရိပ်ကတော့ သုန်သုန်မှုန်မှုန်ကနေ သိပ်ပြောင်းလဲမလာဘူး။ ကျွန်တော်လည်း ရယ်ရယ်မောမောပြောနေပေမယ့် ကြာတော့လည်း ဒီကောင့်ရှေ့မှာ ရယ်ရတာ အသက်မပါတော့ဘူး။

"ဘယ်လိုတွေဖြစ်နေလို့လဲ ပြောစမ်းပါဦး ဖိုးသက်ရာ၊ မင်းကြည့်ရ တာ ပင်ပန်းလိုက်တာ လို့ ဇော်ပိုင်က တဲ့တိုးပဲ မေးလိုက်တယ်။ ဖိုးသက်ရဲ့ဆံပင်က မညှပ်တာကြာလို့ နားရွက်ထိရောက်နေပြီ။ သူ့ဆံပင်တွေ ကို ထိုးဖွရင်း ခေါင်းကုပ်နေတယ်။ မီးရောင်အောက်မှာ နီကြောင်ကြောင်တချို့ အဖြူ အချို့ အမည်းတစ်ဝက် မာထောင်နေတဲ့ ဆံပင်တွေ ရှုပ်ထွေးလို့။ ဆံပင်တွေ ထိုးဖွပြီးတဲ့နောက် ဖိုးသက်ဟာ ညာဘက်လက်ကို ဘယ်ဘက် ပခုံးပေါ်ကနေ ကျောခွလို့ ကျောကုတ်နေတယ်။ ကုတ်တဲ့ဆီ လက်က မရောက်ဘူးနဲ့ တူပါတယ်။ တစ်ခါ ချိုင်းအောက်ကနေ နှိုက်ပြီးကုတ်ဖို့ ကြိုးစားပြန်တယ်။ ပြီးတော့ ကုပ်ကို ဆက်ကုတ်တယ်။ တကယ်ပဲ သူ့ တစ်ကိုယ်လုံး ယားယံနေလို့လား။ စိတ်ဂနာမငြိမ်လို့ပဲ တောကုတ် တောင်ကုတ်လုပ်နေသလားတော့ သူမှပဲ သိမယ်။

"ဘယ်လိုတွေ ဖြစ်နေလို့လဲ ပြောစမ်းပါဦး" လို့ ဇော်ပိုင် မေးလိုက် တဲ့အချိန်ကစပြီး ငါးမိနစ်လောက်အထိ ဖိုးသက်ဟာ ကုတ်နေတုန်း။ အကုတ် ရပ်သွားတော့ ဘီအီးထည့်ထားတဲ့ ပုလင်းစိမ်းစိမ်းကို အိမ်သာဘက်ကလာတဲ့မီးရောင်ရှေ့ထောင်ပြီး ပြည့်မပြည့် တစ်ချက်ထောင်ကြည့်တယ်။ ပြီးတော့ ကျွန်တော်တို့ခွက်တွေကိုပါ လိုက်လှဲပေးတယ်။ သူ့ခွက်ထဲက တစ်ပက်လောက် ရှိမယ့် အရက်ကို ရေမရောဘဲ စွတ်ခနဲမော့ချလိုက်ပြီးမှ ရေဘူးဖွင့်ပြီး ရေကို နောက်ကလိုက် မျှောချတယ်။ သူ့ရဲ့

အဲဒီလှုပ်ရှားနေပုံ အကုန်လုံးကို ကျွန်တော်ရော၊ ဇော်ပိုင်ပါ မျက်တောင်တစ်ချက်မခတ်ဘဲ ကြည့်နေခဲ့ကြတာ။ "ဂျီအမေ အကြွေးက လေးသိန်းလောက်ရှိတယ်တဲ့ကွာ..." ဆိုပြီး အသံတိမ်ဝင်သွားတယ်။ ဖိုးသက် ငိုပါတော့တယ်။ ဇော်ပိုင်ဟာ ခေါင်းငုံ့ပြီး ငိုနေတဲ့ ဖိုးသက်ရဲ့ ပခုံးကို တစ်ဖက်ကို ကိုင်ထားပြီး သူလည်းပဲ ခေါင်းငုံ့လို့နေတယ်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး ကျွန်တော် မျက်ရည် လည်လာတယ်။ ကျွန်တော်လည်း ခပ်မြန်မြန်ပဲ ဖိုးသက်သောက်သလို ရေမရောဘဲ တစ်ချက်တည်း မော့ချလိုက်တယ်။ လည်ချောင်းထဲ ပူနေတာပဲ။ ရေအတော်များများကို နောက်ကလိုက်ရတယ်။ သူတို့နှစ်ယောက် ခေါင်းငုံ့နေ တုန်း ကျွန်တော့်မျက်လုံးထောင့်စွန်းက မျက်ရည်တွေကို မသိမသာ ခိုးသုတ်လိုက်တယ်။ ဖိုးသက်ရဲ့ ငိုပုံက ကိုယ့်ဒုက္ခမှမဟုတ်ဘဲလို့ မနေနိုင် အောင် ဖြစ်ရတယ်။

ဇော်ပိုင်က ရေ့လျှောက် အရက်စွတ်မသောက်ဖို့ ညဘက် သောက်ရင်တောင် နေ့ဘက်တော့ မသောက်ဖို့ စသဖြင့် ဖျောင်းဖျဖို့လာတာပဲ။ လေးသိန်းဆိုတဲ့ ကိန်းဂဏန်းကိုကြားလိုက်တော့ ပြောစရာစကား ရှာမရသလို ဖြစ်ပြီး သူလည်းပဲ အရက်ချည်း ငုံ့သောက်နေတယ်။ အဲဒီနောက် တစ်ယောက် သုံးခွက်စီလောက် ဘာစကားမှမပြောဘဲ သောက်ကြတယ်။ နမ်းဖတ်ချဉ် တောင် အတော်နည်းသွားလို့ နောက်တစ်ပန်းကန်ပေးဖို့ မှာလိုက်ရတယ်။

"နှစ်လုံးနဲ့ပဲလား လေးသိန်းစလုံးက" လို့ ဇော်ပိုင် ထပ်မေးတယ်တယ်။ ဖိုးသက်က ခေါင်းပဲ ညိတ်ပြတယ်။ကျွန်တော်က သူတို့နှစ်ယောက် ပြောတာ နားထောင်၊ သူတို့နှစ်ယောက် မျက်နှာတွေပဲလိုက်ကြည့်ရင်း ငြိမ်သက်နေမိတယ်။ တစ်ခုခုတော့ ဝင်ပြောချင်စိတ်ရှိလို့ ဘာပြောရမယ် အပူတပြင်း စဉ်းစားနေပေမယ့် စကားကလေးတစ်ခွန်းတောင် စဉ်းစားလို့မရဘူး။ ဒီတော့ ကျွန်တော့်မျက်နှာကို ဖိုးသက် ကြည့်လိုက်တဲ့အခါတိုင်းမှာ..."ငါ နားလည်ပါတယ်ကွာ" ဆိုတဲ့ အဓိပ္ပာယ်မျိုးရှိမယ့် မျက်နှာ အမူအရာလုပ်ထားရင်း သူ့ကိုပဲ ငေးကြည့်နေလိုက်မိတာပေါ့။

"သုညပတ်တာတဲ့ကွာ..၊ သူဌေးမကြီးကျနေတာပဲကွာ...။ ဒုက္ခပါပဲကွာ..."

ဖိုးသက်ဟာ သူ့စကားတိုင်းရဲ့ အဆုံးသတ်တိုင်းကို "ကွာ" နဲ့ချည်း

ထပ်ခါထပ်ခါ ဆက်ပြောတယ်။ ကျွန်တော်က အဲဒီလေးသိန်းကို ဘယ်လို ရှင်းမှာပါလိမ့် လို့ မေးမယ်လို့ စိတ်ကူးနေတုန်း။ ဇော်ပိုင်က ဝင်မေးလိုက်လို့ အတော်ပဲဖြစ်သွားတယ်။

"ငပိုင်ရာ ဘယ်လိုရှင်းရမယ်ကို ငါမသိတော့ပါဘူးကွာ၊ ငါ့မ ကတော့ အိမ်ရောင်းမယ် ပြောတာပဲ၊ ငါတို့အိမ်ဝိုင်းက ရောင်းလို့ရလည်း လေးငါးဆယ်သိန်းထက် ပိုမရနိုင်ပါဘူးကွာ၊ ဒီမြို့စွန်ကြီး ချက်ချင်း ရောင်းထွက်ဖို့တောင် မလွယ်လောက်ပါဘူး"

ဖိုးသက်က မျက်မှောင်ကြုတ်ရင်း ခေါင်းကုတ်ရင်း နောက်တစ်ခွက် နိကစ်ပြန်တယ်။

"မင်းအမေနဲ့ ရန်ဖြစ်ရင်တော့ မင်းအမေကို ဆဲဆိုမနေပါနဲ့ကွာ၊ ငရဲကြီးပါတယ်" တဲ့ ဇော်ပိုင်က ပြောတယ်။ ဖိုးသက်က ဘယ့်နှယ့်မှ ခွန်းတုံ့မပြန်ဘူး။ အရက်တစ်လုံးကုန်လို့ နောက်တစ်လုံးထပ်မှာပြီးတဲ့အထိ ဖိုးသက်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် စကားတစ်ခွန်းမှကို ဝင်မပြောရသေး ဘူး။ ကျွန်တော်ဖတ်ဖူးခဲ့တဲ့ အပျော်ဖတ်ဝတ္ထုတွေထဲမှာ ဒီလိုအခန်းမျိုးများ ကြုံဖူးသလားလို့ ပြန်စဉ်းစားကြည့်နေမိသေးတယ်။ စိတ်လက်ပေါ့ပါးသွားစေ မယ့် စကားတစ်ခွန်းခွန်းတော့ ပြောကိုပြောတော့မယ်လို့ ဆုံးဖြတ်ရင်း စကားလမ်းကြောင်းနောက်ကို သတိကပ်ပြီး မေးလိုက်နေခဲ့တယ်။ စတဲ့ နောက်တဲ့ ရယ်စရာစကားကလေးတစ်ခွန်းပဲဖြစ်ဖြစ်။ စကားဝိုင်းမှာ ရယ်သံ နည်းနည်းလေး စွက်သွားရင် ပေါ့ပေါ့ပါးပါး ဖြစ်သွားမှာ။ ဒါပေမဲ့ တကယ် ပြောဖြစ်တဲ့အခါမှာတော့ မုန်းချက်နဲ့ နှမ်းထွက်က တက်တက်စင်အောင် လွဲသွားတဲ့အပြင် ပိုပြီးတော့တောင် ဝမ်းနည်းဖို့ကောင်းသွားရတယ်။ ကျွန်တော့် အပြစ်ပါပဲ။

"သောက်တော့ သောက်ပေါ့ကွာ၊ အလုပ်ကြီးပျက်လောက်အောင် တော့ မသောက်နဲ့ပေါ့၊ အကြွေးက ဆပ်ရင် ကျေပါတယ်ကွာ သိပ်ပူမနေစမ်းပါနဲ့ အကြွေးတင် ရှင်ဘုရင်ဆပ်လိမ့်မပေါ့" လို့ ဇော်ပိုင်က ပြောတော့ ဖိုးသက် မပြုံးပေမယ့် မျက်နှာ အကြောနည်းနည်းလျော့သွားတယ်။ အရက်သောက် ရေမော့ပြီးတဲ့နောက် ဒုတိယမြောက် နှမ်းဖတ်ချဉ်ခွက်က ကြယ်ပတ်လမ်းပမာ အမျှင်ကလေးတန်းနေတဲ့ နှမ်းဖတ်ချဉ်အကပ်ကို ဖိုးသက် လက်ညှိုးနဲ့ သပ်ယူပြီးစားနေတယ်။ ကျွန်တော်လည်း တစ်ချိန်လုံး ငြိမ်နေရာကနေ ပျော်ပါစေတော့ရယ်လို့ ဝင်နောက်လိုက်တယ်။ အမြည်းနော် ငါ့မြည်း အမြည်းဟာ။

မင်းဟာက ဗိုက်ဆာနေတာကျနေတာပဲ

"ဘာပြောတယ် ဟော့ရောင် ..."

ဖိုးသက်က နှမ်းဖတ်ချဉ်ခွက်ထဲက လက်ကိုရုပ်၊ အရက်ခွက်ကို မပြီး စားပွဲခုံပေါ် ဒုန်းခနဲ ဆောင့်ချလိုက်တယ်။ သူ့လက်ထဲက ဖန်ခွက်က မကွဲပေမယ့် ဆောင့်ချလိုက်တဲ့ အရှိန်ကြောင့် အရက်ပုလင်းလည်းလဲ၊ ဟင်းရည်ခွက်လည်း မှောက်သွားတယ်။ ကျွန်တော် ကြောင်သွားတယ်။ ပါးစပ်က

"ဟာ" ခနဲသာ ဖြစ်ပြီး မတ်တတ်ရပ်နေတဲ့ ဖိုးသက်ကို အံ့ဩခြင်း ကြီးစွာ ငေးကြည့်နေမိတယ်။ သူ မတ်တတ်ထရပ်လိုက်တဲ့ပုံက ကျွန်တော့်ကို ပုလင်းနဲ့ရိုက်တော့မယ့်ပုံ။

ဇော်ပိုင်က ဖိုးသက်ရဲ့ပခုံးကိုဆွဲချပြီး ပြန်ထိုင်ခိုင်းဖို့ လုပ်နေတယ်။ အံ့ဩစိတ်ဖြစ်ပြီးတဲ့နောက် အသိပြန်ဝင်လာတော့ ကျွန်တော် စဉ်းစားတယ်။ ဖိုးသက်နဲ့ ကျွန်တော် ပေါင်းလာတဲ့နှစ်တွေအတွင်း ဖိုးသက် ဒီလိုဒေါသထွက် တာ မမြင်ဖူးခဲ့ဘူး။ အခု စ,သလိုနောက်လိုက်တာမျိုးကလည်း အမြဲတမ်း နောက်ပြောင်နေကျ ဟာသမျိုး။ ခိုင်မြဲက ကျွန်တော် အမြည်းစားလွန်းလို့ အဲဒီလို ခဏခဏစနောက်နေကျ။ ဖိုးသက်လည်း အဲဒီအချိန်တွေမှာ ရှိနေခဲ့ တာပဲ။ သူ ဘာကို စိတ်ဆိုးတာပါလိမ့်လို့ စဉ်းစားလို့မရဘူး။ ဇော်ပိုင်ကဖိုးသက်ကို ပြောနေတယ်။

"ဟော့ရောင်... ကျော်ဇောက စတာလေကွာ၊ မင်းကလည်း ကျွတ်..

ဇော်ပိုင့်ရဲ့ ဖျန်ဖြေစကားကိုကြားမှ ဖိုးသက်ဟာ အသိပြန်ဝင်လာပုံ ရတယ်။ သူ့မျက်နှာကြီးကို ရှုံ့မဲ့ရင်း ထိုင်ချလိုက်တယ်။ ပြီးတော့ ကျွန်တော့် လက်ကိုကိုင်ပြီး သူ့လက်နှစ်ဖက်နဲ့ ညှစ်နေတယ်။ ပါးစပ်က တစ်ခုခုပြောချင် ပေမယ့် အသံထွက်မလာတဲ့ပုံမျိုး။

"ငါ စတာပါ ဖိုးသက်ရာ၊ အရင်လည်း ဒီလိုစနေကျပဲဟာကွာ..." လို့ ကျွန်တော်ပြောတယ်။ ကျွန်တော် အရမ်းဝမ်းနည်းသွားတယ်။ ကျွန်တော်

ဝမ်းနည်းလာတိုင်း မျက်ရည်က အလိုလိုကျလာတယ်။ ဖိုးသက်ကို ကြည့်နေ ရင်းက ကျွန်တော် မျက်နှာကို အောက်ငုံ့လိုက်တယ်။ ဖိုးသက်လည်း မျက်နှာ ကြီး ရှုံ့ရင်း မျက်ရည်ကျလာတယ်။

"ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ၊ ငါ ဘာဖြစ်သွားမှန်း မသိဘူး။ ငါ မင်းကို စိတ်ဆိုးလို့ မဟုတ်ပါဘူးကွာ" လို့ ငိုသံကြီးနဲ့ ပြောနေတယ်။ ကျွန်တော် မျက်ရည်ကျ ဝမ်းနည်းလာရင် ဘာဖြစ်လို့မှန်းမသိ ကျွန်တော့်ရင်ညွန့်ဟာ အောင့်အောင့်လာတတ်တယ်။ ပြီးရင် အသက်ရှူရ တာပါ ကျပ်ချင်လာတယ်။ ဝမ်းနည်းစိတ်ကို ကြိုးစား ဖျောက်နေပေမယ့် မရ။ မျက်ရည်တွေဟာ မေးစေ့ကနေ ပေါင်ပေါ်ထိကျအောင် စီးဆင်းနေဆဲ။

“ဖိုးသက်ရာ.. သူငယ်ချင်းရာ.. ငါက မင်းတို့ဆီကပဲ အမြဲတမ်း ကပ်သောက်နေရတဲ့ကောင်ပါကွာ” လို့ ပြောရင်း ကျွန်တော့်အသံက တိုးဝင် သွားတယ်။ ဖိုးသက်ဟာ ကျွန်တော့်ကို အတင်းဖက်ထားတယ်။

“တော်ပြီကွာ… တော်ပြီ၊ ဟော့ရောင်တွေ နှစ်ကောင်လုံးတော်တော့ မငိုနဲ့တော့ဟ လချီးတဲ့မှပဲ၊ အရက်ဆိုင်ကြီးမှာ မင်းတို့ကောင်တွေက”

ဇော်ပိုင်က အဲဒီစကားကိုပဲ နှစ်ခါ သုံးခါ ထပ်ပြီး ပြောနေတယ်။ မူးလည်းမူးနေကြပြီမို့ စိတ်ခံစားမှု ပြင်းထန်နေကြတာလည်းပါမယ်။ တော်တော်နဲ့ ကျွန်တော်တို့ အငိုရပ်လို့မရခဲ့ဘူး။ ပြီးတော့ အရက်ဖိုးရှင်းပြီး ပြန်ကြတယ်။ ဖိုးသက်ရဲ့ အိမ်ပေါက်ရောက်တဲ့အထိ သူက ကျွန်တော့်ပခုံးကိုဖက်ထားပြီး သူ့လက်သည်းတွေနဲ့ ညှစ်ထားတယ်။ ကျွန်တော်က သူ့ထက် အရပ်နည်းနည်းပုလို့ သူ့ခါးကိုပဲ ပြန်ဖက်ထားနိုင်တယ်။ လမ်းရောက်မှ ကျွန်တော်ပြောချင်တဲ့စကားတွေကို ပြောဖို့ဖြစ်သွားတယ်။ အရက်ကို အရမ်း သောက်မနေဖို့၊ အဲဒီလောက်ကြီးအထိလည်း စိတ်ညစ်မနေဖို့ စသဖြင့် ကျွန်တော်ပြောတယ်။

ဖိုးသက်ကတော့ ကျွန်တော်ဘာပြောပြော..

“အေးပါ သူငယ်ချင်းရာ၊ အေးပါ သူငယ်ချင်းရာ” လို့ပဲ ပြန်ပြော တယ်။ ကြာတော့ ဘေးက စက်ဘီးတွန်းလာတဲ့ ဇော်ပိုင်က…

“မအေရိုးတွေရေ… ခုမှ စောက်ရမ်းတွေ ချစ်မနေနဲ့" လို့ အော်တယ်။ ဖိုးသက်က…

“ယီးဖြစ်လား” လို့ ပြန်ဆဲတယ်။ မျက်ရည်တွေ မခြောက်သေး ပေမယ့် ကျွန်တော် ရယ်နိုင်သွားတယ်။ ဖိုးသက်က ကျွန်တော်တို့နှစ်ယောက် စလုံးကို သူ့အိမ်မှာ အိပ်လိုက်တော့၊ မပြန်ကြနဲ့တော့လို့ ပြောပေမယ့် ကျွန်တော်က . . .

“အလုပ်သစ်ရဲ့ ပထမဆုံးရက်မို့ မနက်ခင်း စောစောထသွားရမှာမို့ မအိပ်တော့ဘူးကွာ” လို့ ပြောလိုက်တယ်။ ဇော်ပိုင်ကလည်း… "ဟေ့ရောင်… ငါလည်း အစောကြီးထရတာ” လို့ ပြောပြီး ငြင်းတယ်။

ကွန်ပျူတာဆရာ ကိုမင်းက ကျွန်တော့်ကို ဆိုင်ရှင်ရဲ့လူလို့ပဲ ထင်တာလား။ သို့မဟုတ် ကျွန်တော့်ပုံ က လမ်းပေါ် ဂလေရိုက်တတ်တဲ့ ချာတိတ်မျိုး၊ အလုပ်ကို စိတ်ဝင်စားမယ့်ပုံမျိုးမဟုတ်ဘူးလို့ပဲ ထင်သလားတော့ မပြောတတ်ဘူး။ ပထမ တစ်လလောက်အထိ ပုံမှန် မှန်တမ်း၊ ခပ်စိမ်းစိမ်းပဲ။ မေးတစ်ခွန်း၊ ဖြေတစ်ခွန်း ဆက်ဆံရေးပဲပေါ့။ မိတ္တူကူးတဲ့အလုပ်ကလည်း ဘာမှ ခက်တာမဟုတ်ဘူး။ မှတ်ပုံတင်ကို ဟိုဘက်ဒီဘက် ညီအောင် ကျောကပ် ကပ်ပြီးကူးတာလောက်သာ ညီအောင်ထားရတာမို့ ပထမတစ်ရက်မှာ ခက်နေသေး တယ်။ ပလတ်စတစ်လောင်းရတာကမှ နည်းနည်း ဂရုစိုက်ရသေးတယ်။ ဒါပေမဲ့ အဲဒါလည်း တစ်ရက်ပါပဲ။

ကျွန်တော် မိတ္တူဆိုင်လုပ်တဲ့ အဲဒီဘက်နှစ်တွေ တုန်းက အခုခေတ်လို စကန်တစ်ချက်ဖတ်ရုံသာလိုတဲ့၊ ကျောကပ် သူ့ဟာသူ စက်ကကပ်ပေးတဲ့၊ ဗာဟီရမများ တဲ့ ဒစ်ဂျစ်တယ်စက်တွေ မရှိသေးဘူး။ ဆိုင်တိုင်း ဂျပန် မိတ္တူစက် တစ်ပတ်ရစ်အဟောင်းတွေ ဝယ်သုံးရတာ။

မိတ္တူ ရွက်တစ်ရာလောက်ကူးပြီးတိုင်း ဒရမ်လို့ခေါ်တဲ့ ပုံရိပ်ထင်တဲ့ လေဆာမှန်လုံးကြီးကို သုတ်သုတ်ပေးရတယ်။ အပေါ်ကြိုး အောက်ကြိုး ရှေ့ကြိုး စသဖြင့် စက်ထဲပါတဲ့ ကြိုးတွေကို ဆေးသားညီဖို့ ဂစ်တာကြိုးညှိသလို

အတင်းအလျော့ ညှိပေးရတယ်။ ဆေးကန်ထဲ ဆေးတစ်ခါဖြည့်ပြီဆိုရင် လုပ်ဖူးလုပ်စမရှိသူဆိုရင်တော့ အင်္ကျီတစ်ထည်လုံး ပစ်ရပြီသာမှတ်။

ကျွန်တော့်လက်သည်းကြားမှာဆိုရင် အမြဲတမ်း မိတ္တူဆေးတွေနဲ့ မည်းညစ်နေတာပဲ။ ဆိုင်ရှင်အဘွားကြီးကတော့ ကျွန်တော့်ကို တော်တော်သဘောကျ တယ်။ မနက်ခင်းဆိုရင် ကျွန်တော် အလုပ်လုပ်တာကြည့်ပြီး တပြုံးပြုံး လုပ်နေတတ်တယ်။ မနက်ခင်း ရှစ်နာရီဆို ကျွန်တော် ရောက်ပြီ။ ကျွန်တော် အလုပ်မဝင်ခင်ကဆိုရင် ဆိုင်ရှင်အဘွားကြီးရဲ့သား ရုံးဝန်ထမ်းတစ်ယောက်က မနက်ခင်းတိုင်း ဆိုင်ဖွင့်ပေးရတယ်။ ပြီးမှ သူ့ရုံးသွားစရာ ရှိတာသွားပေါ့။ ကျွန်တော်ရောက်တဲ့နေ့ပြီး ဒုတိယနေ့ကစလို့ နေ့တိုင်း ကျွန်တော်ပဲ ဆိုင်ဖွင့် တယ်။ ဆိုင်ရှေ့ရေလောင်း တံမြက်စည်းလှည်းတယ်။ ဆိုင်ခန်းက မှန်လုံခန်း အဲယာကွန်းနဲ့ ဆိုပေမယ့် ဖုန်တထောင်းထောင်း ကတ္တရာလမ်း နံဘေးမို့ မိတ္တူစက်၊ ကွန်ပျူတာတွေ နေ့တိုင်း ဖုန်သုတ်ရတယ်။ ရှစ်နာရီခွဲဆိုရင် တစ်ဆိုင်လုံး သန့်ရှင်းရေးလုပ်ပြီး ဆိုင်ဖွင့်ပြီးပြီ။ ကိုးနာရီထိုးမှ ကွန်ပျူတာဆရာ ကိုမင်းက ဆိုင်ကို ရောက်တယ်။

ပထမတစ်လကတော့ မိတ္တူကူးလိုက်၊ ကွန်ပျူတာရှေ့ အမြဲတမ်း ထိုင်နေတတ်တဲ့ ကိုမင်းလုပ်တာ ဘေးက ငေးကြည့်နေလိုက်ပဲ။ အလုပ်အရမ်း ရှုပ်တဲ့ အချိန်ဆိုတာ နည်းပါတယ်။ ကိုမင်းကတော့ ဘာအလုပ်မှမရှိလည်း ဖိုတိုရှော့ ဒီဇိုင်းတွေ လျှောက်လုပ်ချင်လျှောက်လုပ်၊ ဒါမှမဟုတ် အော်တိုကတ် နဲ့ တူးဒီ၊ သရီးဒီပုံတွေ ဆွဲနေလေ့ရှိတယ်။ ဘာမှနားမလည်သေးပေမယ့်လည်း သူလုပ်နေတာတွေကိုသာ ငေးကြည့်နေရတယ်။ ကိုမင်းက တစ်ချိန်လုံး န်ပျူတာရှေ့က မထတော့ ကွန်ပျူတာကိုင်ချင်တဲ့စိတ်ကို မနည်း ချိုးနှိမ် ထားရတယ်။ နှစ်ပတ်လောက်အထိ ကီးဘုတ်ကလေးကိုင်ကြည့်ဖို့ ဝေးလို့ ကွန်ပျူတာစဖွင့်တဲ့ ပါဝါခလုတ်အဝိုင်းကြီးကိုတောင် ပေးမထိဘူး။ ကျွန်တော့် - အဲဒီအဝိုင်းကြီးကို ထိုးနှိပ်ပြီး သူ့အတွက် ကွန်ပျူတာဖွင့်ပေးလိုက် ချင်တာ။ ပြောလည်းမပြောရဲတော့ဘေးကနေ ငုတ်တုတ်ပါပဲ။

နေ့လယ်ဆယ့်နှစ်နာရီဆိုရင် ကိုမင်းရော၊ ကျွန်တော်ပါ ထမင်းစားပြန်ကြတယ်။ အဲဒီအချိန်တော့ ရုံးကနေ ခဏပြန်ရောက်လာတဲ့ ဆိုင်ရှင်အဘွားကြီးရဲ့ သား ကိုခင်မောင်ထွန်းက ဆိုင်စောင့်ပေးတာပေါ့။ ကျွန်တော့်အိမ်နဲ့ ကွန်ပျူတာ ဆိုင် အကွာအဝေးက လမ်းလျှောက်ပြန်ရင် ဆယ့်ငါးမိနစ်ပဲ။ အသွားအပြန် နာရီဝက်။ ထမင်းခပ်သုတ်သုတ်စား။ ဆယ့်နှစ်နာရီ လေးဆယ့်ငါး ကျွန်တော်ပြန်ရောက်ပြီ။ အဲဒီတော့မှ လက်ဖက်ရည်ဖိုး

တစ်ရာတောင်း တစ်လမ်းတည်းမှာ ရှိပြီး ငါးမိနစ်လောက် လျှောက်လိုက်ရင်ရောက်တဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တစ်ခွက် ခပ်မြန်မြန်သောက်။ နေ့လယ်တစ်နာရီဆိုရင် ဆိုင်ထဲမှာ ထမင်းဆိပ်တက်ပြီး ငိုက်နေတတ်ပြီ။

ဒုတိယလရောက်တော့ ကိုမင်းက ကွန်ပျူတာကို အပိတ်အဖွင့် ကလေး သင်ပြလာတယ်။ အရင်ဆို တစ်နေ့လုံး စကားတစ်ခွန်းတလေမှ မပြောဘဲ ကွန်ပျူတာစခရင်ကိုကြည့်ပြီး လက်သည်းတွေညီအောင် ကိုက်ကိုက် နေတဲ့ ကိုမင်းဟာ ကျွန်တော့်ကို နည်းနည်း စနောက်လာတယ်။ အဲဒီဆိုင်မှာ ကျွန်တော် အတူတူလုပ်တဲ့အချိန်တုန်းက သူ့အသက်က နှစ်ဆယ့်ခြောက် လားပဲ ရှိဦးမယ်၊ ဒါပေမဲ့ ကွန်ပျူတာတော့ အတော်ကိုကျွမ်းတာ။ စာစီစာရိုက် ပေ့ဂျ်မိတ်ကာ၊ အီတ်ဆဲ၊ ဝါ့ဒ်၊ ပါဝါပွိုင့်၊ ကိုရယ်ဒရော စတဲ့ ဆော့ဝဲတွေက သူ့အတွက် ချာတိတ်သုံးလောက်ပဲ ရှိတယ်။ ဘာမှမဟုတ်ဘူး။ စာရိုက်တာ မြန်ချက်ကလည်း စာခေါ်ပေးတဲ့သူတောင် မောဖို့ရှိတယ်။ ကွန်ပျူတာ ကီးဘုတ်ကို လက်နှိပ်စက်ရိုက်သလို တတောက်တောက်နဲ့ ရိုက်တာ။ တော်ရုံတန်ရုံစက်ဆိုရင် ဟန်းသွားအောင်ကို မြန်တာ။

ဖိုတိုရှော့ကို ကျွမ်းကျွမ်းကျင်ကျင် သုံးနိုင်တယ်။ အော်တိုကတ်နဲ့ တူးဒီသရီးဒီ ဆွဲနိုင်တယ်။ မိတ္တူစက်လည်း နိုက်တတ်၊ ကလိတတ်သေး တယ်။ တော်ရုံတန်ရုံကတော့ စက်ပြင်ဆရာ ခေါ်စရာမလိုဘူး။ သူ့အတွက်က ကွန်ပျူတာအလုပ်နဲ့ ပတ်သက်လို့ ဒါ ပထမဆုံးဆိုင်လည်း မဟုတ်ဘူး။ ကျွန်တော့်အနေနဲ့ကတော့ သူလုပ်သမျှ ဘေးကကြည့်ရင်း ပါးစပ်အဟောင်း သားနဲ့ လေးစားပြီးရင်း လေးစားရင်းပဲ။ အဲဒီတုန်းက ကျွန်တော့်အသက် နှစ်ဆယ့်နှစ်လောက်တော့ ရှိပြီနဲ့တူတယ်။ ကိုမင်း ခိုင်းသမျှ အကုန်လုံးဂုဏ်တက်သလို ခံယူပြီးတော့ကို လုပ်တာ ကွမ်းယာစားလွန်းလို့ မပြတ်တမ်း ဝယ်ပေးရတယ်။ လက်ဖက်ရည်သောက်ရင် စီးကရက် ဖွာတတ်လို့ လက်ဖက်ရည်နဲ့ စီးကရက် ဝယ်ပေးတယ်။ဝယ်ပေးတာပါ။ပိုက်ဆံကတော့ သူပေးပေါ့။ အဲဒီလို ကျွန်တော့်ကို အရေးတယူလုပ်ပြီး ခိုင်းတာကို ကျွန်တော်က ဝမ်းသာတာ။ ဒါမှ သူ့ဆီက ကျွန်တော် ပညာ သင်နိုင်မှာလေ။

ဆိုင်ရှင်အဘွားကြီးကတော့ ကိုမင်းနဲ့ ကျွန်တော် နှစ်ယောက် အလုပ်လုပ်ပုံကို သူ့အိမ်ပေါ်ကနေ ဆိုင်ခန်းထဲ လှမ်းလှမ်းကြည့်ရင်း ကျေနပ်လို့ သာ

နေတော့တယ်။ ကိုမင်းကို အလုပ်လုပ်တာ ကျွမ်းကျွမ်းကျင်ကျင်ရှိလွန်းလို့ ကျေနပ်တာ။ သူရှိရာလိုက်လာတဲ့ အလုပ်တွေဆိုတာလည်း နည်းမှ မနည်းဘဲ။ ကွန်ပျူတာစာစီသမား အလုပ်ကလည်း မုန့်ဟင်းခါး ချက်တာ၊ ကွမ်းယာ ယာတာတို့နဲ့ ခပ်ဆင်ဆင်။ တစ်ယောက်နဲ့အဆင်ပြေရင် အဲဒီစာစီသမားရှိတဲ့ဆိုင် ပတ်လိုက်ကြတာ။ ကျွန်တော်ကိုကျတော့လည်း မိတ္တူကူးသူ အရမ်းများနေလို့ ဘယ်လောက်ရှုပ်ရှုပ် ဘယ်သူမှ ကူစရာမလိုဘဲ နိုင်နိုင်နင်းနင်း လုပ်နိုင်လို့။ ရိုကျိုး သေဝပ်လို့။

ကျွန်တော်တို့နှစ်ယောက် လုပ်အားကြောင့် ဆိုင်ကလည်း အရင်က ထက် သိသိသာသာ ပိုအလုပ်လုပ်လာရတာ သေချာတယ်။ အလုပ်ဝင်တာ တတိယလကျတော့ အဘွားကြီးက ကျွန်တော့်ကို တိတ်တိတ်ကလေးခေါ်ပြီး တစ်ရက်ကို သုံးရာ့ငါးဆယ်ကနေ လေးရာ တိုးပေးတယ်။ ကိုမင်းကို ပြောမနေနဲ့ဦးလို့ ကြိတ်မှာသေးတယ်။ သူ့အလုပ်သမား နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် လုပ်နေတာကိုကြည့်ပြီး အဘွားကြီးလည်း စိတ်လက်ချမ်းသာ နေတော့တာပေါ့။ ဒါပေမဲ့ သူ့မှာ ကြာကြာမကျေနပ်လိုက်ရပါဘူး။ ကျွန်တော် ဆိုရင် အလုပ်ကထွက်ဖို့ပြောတော့ တကယ်ပဲ အဘွားကြီးကို အားနာနေမိတာ။ သူက ကျွန်တော့်အလုပ်ရှင်ဆိုတာထက် ကယ်တင်ရှင်လို့ ပြောမယ်ဆိုရင် တောင် ကျွန်တော်ကတော့ စိတ်အရှုပ်ခံငြင်းနေမှာမဟုတ်ဘူး။ တစ်နှစ်နဲ့ နှစ်လကြာတော့ ကိုမင်းရော၊ ကျွန်တော်ပါ အလုပ်ကနေပြိုင်တူထွက်ကြတယ်။ အဘွားကြီးနဲ့ ဘာပြဿနာမှရှိလို့ မဟုတ်ဘူး။

ကိုမင်းဆီမှာ ဆောက်လုပ်ရေးလုပ်ငန်းအတွက် စာလာလာရိုက်တဲ့ ကိုမော်လင်း ဆိုတဲ့ လူတစ်ယောက်က

"ကွန်ပျူတာ၊ မိတ္တူဆိုင် ဖွင့်ချင်တယ်။ မင်း ဦးစီးပါ" လို့ သူ့ကိုခေါ်တယ်။ လက်ရှိရနေတဲ့ လစာထက်လည်း ပိုပေးတယ်ပြောတယ်။ အဲဒီတော့ ကိုမင်းကပါ ကျွန်တော့်ကို မင်း ဒီမှာပဲ ဆက်လုပ်မလား။ ငါနဲ့ လိုက်မလားလို့ မေးတယ်။ ငါနဲ့လိုက်ရင်တော့ လစာ ဒီလောက် ပေးချင်မှ ပေးနိုင်မယ်။ ဒါပေမဲ့ ပညာတော့ ငါသင်ပေးမှာပဲလို့ ဆွယ်တယ်။ ကျွန်တော် က သူ့အတွက်တော့ အလိုက်သိတဲ့ တပည့်ပဲလေ။ ခေါ်ချင်တာပေါ့။ ကျွန်တော် လည်း နှစ်ခါစဉ်းစားမနေပါဘူး။ အဲဒီအချိန်က ကျွန်တော့်အိပ်မက်က ကွန်ပျူတာ စာစီစာရိုက်သမားဖြစ်ဖို့ပဲ။ အဘွားကြီးကို အားနာနာနဲ့ပဲ အကျိုး အကြောင်းပြောပြပြီး ထွက်ခဲ့တယ်။ အလုပ်ကထွက်တဲ့နေ့မှာ အဘွားကြီးကို ထိုင်ကန်တော့ဖြစ်ခဲ့သေးတယ်။ ကျေးဇူးပါ အဘွားရေပေါ့ ။

တစ်နှစ်နဲ့ နှစ်လအတွင်းမှာ မနက်ခင်း ရှစ်နာရီ အလုပ်ဝင်၊ ညနေ ဆိုရင် ငါးနာရီခွဲ၊ ခြောက်နာရီမှ ပြန်ရတာဆိုတော့ ခွာညိုရုန့်လည်း မထိုင် ဖြစ်တော့ဘူး။ ခိုင်မြဲက မသွယ်နဲ့ ညားခါစကလို၊ သူ့သားလေးမွေးခါစကလို မဟုတ်ဘဲ အပြင်နေညနေည်း ပြန်ထွက်လာတယ်ဆိုပေမယ့် ဇော်ပိုင်နဲ့ပဲ ဆုံဖြစ်ပုံ ရပါတယ်။ သူနေတာကလည်း ကျွန်တော်တို့လမ်းထိပ်က သူ့အမေအိမ် မဟုတ်ဘဲ၊ ဘူတာလိုင်းထဲက သူ့ယောက္ခမအိမ်ဆိုတော့ ကျွန်တော်နဲ့ ဆုံစရာ မရှိဘူး။ ဖိုးသက်လည်း အရင်လို သောက်နေတုန်းပဲ နေမှာပါ။ သူတို့ သုံးယောက် လက်ဖက်ရည်ဆိုင်မှာ ဆုံရောဆုံဖြစ်ကြရဲ့လား မသိဘူး။ ဘယ်သူမှမရှိလည်း ကျွန်တော်တို့ထိုင်နေကျ ထိုင်ခုံမှာ ဇော်ပိုင်တော့ ရှိနေမှာ။ မဟုတ်ရင်တောင် သူ့ကွမ်းယာဆိုင်ကို လက်ဖက်ရည်ခွက်ယူပြီး သောက်နေ လိမ့်မယ်။ သူနဲ့ကတော့ မနက်ခင်း အလုပ်သွားတဲ့အချိန်တိုင်း တွေ့ဖြစ်တယ်။ အဲဒါကလည်း သွားပြီ ဟေ့ရောင်'၊ 'ငပိုင်ရေ သွားပြီဟေ့” ရယ်လို့ လှမ်းလက်ပြ နှုတ်ဆက်တာလောက်ပဲ။ ထိုင်ပြီး စကားလက်ဆုံ ပြောရ လောက်အောင် အချိန်မရဘူး။

ကျွန်တော့်မှာကလည်း ကိုယ့်အစွမ်းအစနဲ့ ကိုယ် ဝင်းဒိုးမီဒီယာ ပလေယာဖွင့်ပြီး သီချင်းနားထောင်နိုင်တာကိုပဲ အကျေနပ်ကြီး ကျေနပ်နေပြီးကို

ညညအိပ်မက်တွေထဲပါ ထည့်မက်နေတဲ့အချိန်ဆိုတော့ ကျန်တာတွေကို တကယ်ပဲ မေ့သလို ဖြစ်နေတယ်။ ညနေခင်း ကျွန်တော် ပြန်တဲ့အချိန်ကျတော့ ကွမ်းယာဆိုင်မှာ ဇော်ပိုင် မရှိတော့ဘူး။ သူ့အဖေဆီ သွားနေပြီထင်တယ်။ သူ့အမေပဲ ထိုင်နေပြီ။ ခိုင်မြဲကလည်း အိမ်ပြန်ရောက်နေလောက်ပြီ။ ဖိုးသက် ကတော့ ညနေခင်းတွေ လာရောလာသေးရဲ့လားတောင် မသေချာဘူး။ ပထမဆိုင်ကနေထွက် ဒုတိယဆိုင်ဖွင့်ဖို့ ဆိုင်ခန်းနေရာငှားပြီး ဆိုင်ခန်း ဆောက်နေတဲ့အချိန် ကြားထဲမှာ နှစ်ပတ်လောက် ကျွန်တော် အားသွားသေး တယ်။ ဒါတောင် အချိန်ပြည့်တော့ မဟုတ်ဘူး။ အချိန်အများစုက အဲဒီ ဆောက်နေတဲ့ ဆိုင်ခန်းသစ်နေရာကို သွားထိုင်နေလိုက်တယ်။ အရင် ကွန်ပျူတာဆိုင်နဲ့ တစ်လမ်းတည်းပဲဆိုပေမယ့် ဟိုဘက်ထိပ် ဒီဘက်ထိပ်။ ဆိုင်သစ်နေရာက လူပိုစည်တဲ့အခြမ်းပေါ့။ အဘွားကြီးကို အားနာစိတ်က ရှိနေသေးလို့ ဆိုင်ဟောင်းရှေ့က မဖြတ်ဘဲ တစ်ကွေ့တစ်ပတ်ကြီး ပတ်ပတ် သွားရတယ်။ ဆိုင်ခန်းမြေနေရာ ပိုင်ရှင်မိသားစု၊ ကိုမင်းနဲ့ ကွန်ပျူတာဆိုင်ရှင် ကိုမော်လင်းတို့က ကွန်ပျူတာဆိုင်အကြောင်း၊ ဆိုင်ခန်းအကြောင်း ပြောနေကြတဲ့အချိန် ဘေးကနေ စကားဝိုင်းထဲ ဝင်မပါဘဲ ထိုင်နေပေါ့။

ကျွန်တော်က ဆိုင်သစ်ရောက်တော့ မူလကတည်းက ဝေးသလိုဖြစ်နေတဲ့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပိုပိုပြီး ဝေးသွားရတယ်။ ဆိုင်မှာ တစ်နေ့လုံး အလုပ်လုပ်၊ ညကျတော့လည်း ဆိုင်ရှင်က ကျွန်တော့်ကို ဆိုင်စောင့်အိပ်ခိုင်း တယ်။ ကျွန်တော်ကိုက လိုလိုချင်ချင် အိပ်ချင်တာ။ ညဘက်တွေမှာ ကျွန်တော့် စိတ်ကြိုက် ကွန်ပျူတာကလိလို့ ရပြီလေ။ အဲဒီတော့ ကျွန်တော့် အိမ်ပြန်ချိန်ဟာ နေ့လယ်တမင်းစားချိန်နဲ့ ညစာထမင်းစားချိန်ပဲ ရှိတော့တယ်။ ဆိုင်ခန်းပိုင်ရှင် မိသားစုက ကျွန်တော့်ကို ရေချိုး၊ အိမ်သာ အသုံးပြုခွင့်လည်း ပေးထားတယ်။ ဆိုင်အနောက်ဝင် ကိစ္စရှင်းရုံပဲ။

ကျွန်တော်နဲ့ပိုပြီးဝေးသွားတဲ့အချိန်တွေမှာကျတော့်သူငယ်ချင်းတွေရဲ့ဘဝဇာတ်လမ်
အချိုးအကွေ့တွေ ပိုဖြစ်လာကြတယ်။ လူသတ်မှုနဲ့ နှစ်ရှည်ထောင်ကျနေတယ်ဆိုတဲ့ ဇော်ပိုင်ရဲ့အစ်ကိုဟာ လွတ်ရက် မစေ့သေးဘဲ ထောင်က လွတ်လာခဲ့တယ်။ ကျွန်တော်တို့အတွက် အဲဒါက အံ့ဩစရာဆိုပေမယ့် ဇော်ပိုင်အတွက်ကတော့ ကွမ်းယာဆိုင် ဂျူတီ ချိန် နည်းနည်းလျော့သွားဖို့ပဲဆိုတော့ လွတ်လွတ်လပ်လပ် ဖြစ်သွားသလို ထင်ရတာပေါ့။ ဒါပေမဲ့ အဲဒါ အချိန်နည်းနည်းလေးပါ။ များသောအားဖြင့် ကတော့ သူ့အစ်ကိုကလည်း မူးနေတာပါပဲ။ တစ်နေရာရာမှာ ဖင်ငြိမ်ငြိမ် ထိုင်ပြီး လုပ်စားချင်တဲ့ လူစားလည်း မဟုတ်လောက်ဘူးထင်တယ်။ ကွမ်းယာ ဆိုင် သူထိုင်တဲ့အချိန်တွေဆို ဆိုင်ကိုပစ်ပြီး အရက်သွားသောက်ချင် သွားသောက်နေတတ်သေးတာဆိုတော့ ဇော်ပိုင်တို့မိသားစုအတွက် ကြာလေ ဝန်ပိုလေပဲ ဖြစ်လာရတာပေါ့။

ခိုင်မြဲရဲ့ သားလေးဟာ နှစ်နှစ်အရွယ်လောက်တောင် ရှိလာပြီ ထင်တယ်။ အရင်တုန်းကတော့ ခိုင်မြဲက သူ့သားကလေးမွေးပြီးတာနဲ့ ညနေ ဘက် ကွမ်းယာဆိုင် ဖွင့်မလို့ပဲ။ ဒါပေမဲ့ မဖွင့်ဖြစ်ဘူး။ တစ်နှစ်ကျော်ကြာမှ ရွာကားတွေနဲ့ သုံးဘီးဆိုင်ကယ်တွေရပ်တဲ့ ဂိတ်နေရာမှာ ကွမ်းယာခုံကလေး အဖြစ်လောက်ရိုက်ပြီး ဆိုင်စဖွင့်တယ်။ သူ့ဆိုင်ကလေးနဲ့ ကျွန်တော် ပြောင်းလုပ်တဲ့ ကွန်ပျူတာဆိုင်သစ်နဲ့ဆိုရင် သိပ်မဝေးဘူး။ အဲဒီမတိုင်ခင် တုန်းက ကွန်ပျူတာဆရာ ကိုမင်းက ကွမ်းဝယ်ခိုင်းတိုင်း နီးစပ်ရာဆိုင် ပြေးဝယ်ပေးပေမယ့် နောက်ပိုင်း ညနေဘက်ဆိုရင် ခိုင်မြဲဆီပဲ သွားဝယ်လိုက် တယ်။ သူက ညနေခင်းပဲ ရောင်းတာကိုး။ အဲဒါလည်း ခဏပါပဲ။ သုံးလေးလတောင် မကြာလောက်ဘူး။ သိပ်မရောင်းရလို့ ဆိုပြီး ကွမ်းယာဆိုင် ပိတ်သွားပြန်တယ်။

အပေါ်ယံကြည့်ရင်တော့ အဲဒီအချိန်အထိ ခိုင်မြရဲ့ အိမ်ထောင်ရေးက သာယာလှပဆဲပဲ၊ ယောက္ခမတွေကလည်း သူနဲ့ အဆင်ပြေတယ်။ မသွယ်ရဲ့ အစ်ကိုတစ်ဝမ်းကွဲတွေဆိုတာ တစ်ခါတလေ သူတို့အိမ်လာရင် သူတို့တူလေးနဲ့ အူမြူးနေကြတာမျိုး။ စီးပွားရေး အခြေအနေလည်း မဆိုးဘူး။ အဝင်အထွက် သပွါယမျှတယ်။ မသွယ်က ဘွဲ့ရပြီးသားမို့ ရာထူးကလည်း ထပ်တက်ဖို့ သာပဲ။ ခိုင်မြအလုပ်အကိုင်ကလည်း အရင်ကထက် တိုးတက်လာတယ်။

သတင်းစာ စောင်ရေတိုးလွန်းလို့ "စက်ဘီးနဲ့လိုက်ပို့ရတာ မသက်သာ တော့ဘူးကွာ စူပါကပ်ဆိုင်ကယ်ကလေးဖြစ်ဖြစ် ဖြစ်ညှစ်ဝယ်နိုင်တို့ ပိုက်ဆံ စုနေရတယ်" လို့ ပြောတတ်တယ်။ အဲဒါအပြင် ညနေပိုင်းကို ဒီကောင်က ကွမ်းယာဆိုင်ဖွင့်ချင်သေးတယ်ဆိုတော့ ဒီကောင် ကြိုးစားလှချည်လား။ မယားနဲ့သားနဲ့ ဆိုတော့လည်း ဒီလိုပဲ စီးပွားရေးလောဘကြီးရတယ်နဲ့ တူပါ တယ်လို့ ထင်မိတာ။

သူ့သားလေး မမွေးခင်ကတော့ တကယ်ပဲ လောဘကြီးတာ၊ သူ့သားလေးရဲ့ ရှေ့ရေး၊ နောင်ရေး၊ ပညာရေး စသဖြင့် အဝေးကြီးက ကိစ္စတွေအထိ မျှော်မှန်းပြီး "ပိုက်ဆံရှာရမယ်ကွ၊ ပိုက်ဆံရှာရမယ်" လို့ အနာဂတ်မျှော်လင့်ချက်တွေနဲ့ ပြောခဲ့တာ။ ဒါပေမဲ့ သူတကယ် ကွမ်းယာဆိုင် ဖွင့်ဖြစ်တဲ့အချိန်မှာတော့ အဲဒီအပြောတွေက အပြောတွေသက်သက်ပဲ။ တကယ် က သူ အပြင်ထွက်ချင်လာတာ။ နှစ်နှစ်ကျော်ကျော်လောက် အိမ်ထဲမှာကပ်နေရတာ ဒီကောင် ငြီးငွေ့နေပြီ။

ညနေ ခြောက်နာရီ၊ ခြောက်ခွဲဆိုရင် ဒီကောင် အိမ်ပြန်ရောက်နေရ ပြီ။ အဘိုးကြီး၊ အဘွားကြီးလင်မယား ကိုရီးယားကားထိုင်ကြည့်တာကို ဝင်ငေးချင်ပေး၊ သူလည်း ကြည့်ချင်ကြည့်ပေါ့။ ဇာတ်လမ်းတွဲတွေပြီးတော့ ဒီကောင့်မှာ အိမ်ထဲ ဟိုလျှောက်ဒီလျှောက်လုပ်။ မိန်းမနဲ့ ထိုင်စကားပြော။ ယောက္ခထီးကြီးနဲ့ ထွေရာလေးပါလည်း ပြောချင်ပြောပေါ့။ ရှစ်ခွဲ၊ ကိုးနာရီ ရောက်တော့ အိပ်ရာဝင်။ ညားခါစမှာတော့ ပျော်ပါတယ်။ ပျော်မှာပါ။ သူ့သားလေး မွေးခါစမှာလည်း ပျော်တုန်းပဲ။ ဆက်လက်ပျော်နေတုန်းပဲ။ ဒါပေမဲ့ အဲဒီအတိုင်းချည်းပဲ နှစ်နှစ်က သုံးနှစ်၊ ငြိမ်နေရင် ဒီအတိုင်း လေး ငါး ခြောက်နှစ် ဖြစ်ဦးမှာဆိုတော့ အပြင်ထွက်ချင်လာတယ်။ ပိုက်ဆံရှာဖို့ ထွက်တယ်ဆိုတာ အကြောင်းပြချက်ကောင်းပဲမို့ ကွမ်းယာဆိုင် ထဖွင့်တာပါပဲ။ ခိုင်မြရဲ့ စိတ်အပြောင်းအလဲ မြန်ပုံကို အရင်ကတော့ တကယ်ကို မသိခဲ့တာ။ အင်းပေါ့လေ... လူတစ်ယောက်အကြောင်းကလည်း လုံးစေ့ ပတ်စေ့တော့ ဘယ်သူသိနိုင်မှာလဲ။

ဒီကောင်ဟာ ရုတ်ခြည်း ဆန့်ကျင်ဘက်ကို ချိုးကွေ့သွားတတ်လောင်အောင်ကို စိတ်အပြောင်းအလဲမြန်တာ၊ ငြီးငွေ့လွယ်တာကိုသိတော့ဒီကောင် ဒီလိုကြီးလားလို့တောင် အံ့ဩယူရတယ်။ သတင်းစာပို့တဲ့အလုပ်လောက် ပျင်းဖို့ကောင်းတာ၊ ငြီးငွေ့ဖို့ကောင်းတာ ရှိပါ ဦးမလား။ ထွေထွေထူးထူး မပြောင်းလဲတဲ့ လူရုပ်တွေ၊ သတင်းတွေကလည်း မနေ့ကဟာနဲ့ ဒီနေ့ဟာနဲ့ နေရာသာပြောင်းတယ် လူမပြောင်း အကြောင်းအရာ မပြောင်းတာတွေ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တွေ၊ ပြည်ပအားကိုးပုဆိန်ရိုးတွေ ဒါတွေချည်း ထပ်တလဲလဲဖြစ်နေတဲ့ သတင်းစာတွေကို၊ ပို့နေကျအိမ်တွေကို သွားနေကျ လမ်းအစဉ်အတိုင်း လိုက်ပို့။ နေ့စဉ် ဒီပုံစံ၊ ဒီလမ်းနဲ့ ဒီခရီးချည့်ပဲ၊ အဲဒီလို ချောက်ချားဖို့ကောင်းလောက်အောင် ငြီးငွေ့စရာအလုပ်ကို နှစ်များစွာ တစ်ရက်ကလေးတောင် မပျက်မကွက်လုပ်နေတဲ့ ဒီကောင်ဟာ အလွန်းငွေ့ လွယ်တဲ့ကောင်ပါလားလို့ သိရတာ မအံ့ဩဘဲနေပါ့မလား။

ဒီနေရာမှာ မသွယ်အကြောင်း နည်းနည်းပြောပြရမယ်ထင်တယ်။ မသွယ်က ခိုင်မြဲထက် သုံးနှစ်ကြီးတယ်။ အလှကြီးတော့လည်း မဟုတ်ပေ မယ့် အသားညိုစိမ့်စိမ့်နဲ့ အကြည့်ခံတဲ့ အလှမျိုး။ ညာဘက်မျက်လုံးကတော့ ဘာလို့မှန်းမသိ မျက်ခွံက အောက်ကို နည်းနည်းမေးကျနေလို့ မသိရင် မျက်လုံးတစ်ဖက်မေးသလိုမျိုး ဖြစ်နေတယ်။ အနေအထိုင်က ရိုးရိုးအေးအေး ပဲ။ ရုံးက သူ့ရာထူးအတိအကျကို ကျွန်တော် မခေါ်တတ်၊ မမှတ်မိပေမယ့် သတ္တဗေဒနဲ့ ဘွဲ့ရပြီးသားမို့ ဦးစီးမှူးအောက်ကပဲ။ တကယ်တမ်းဆိုရင် ခိုင်မြဲလိုကောင်ကို ယူတာတောင် စျေးတွက်တွက်ရင် သူ အ,လို့ပဲ။ ဒါတွေက ကျွန်တော်သိတဲ့ မသွယ်ရဲ့ အပေါ်ယံအမြင်တွေပဲ။ သူတို့လင်မယားနှစ်ယောက် ရဲ့ စကားပြောဆို ဆက်ဆံကြပုံ၊ အခေါ်အပြောလုပ်ကြပုံကြည့်ခြင်းအားဖြင့် ဘေးလူတစ်ယောက်အဖို့ ထူးထူးခြားခြားမှတ်မိနေစရာ ဘာအကြောင်းမှလည်း မရှိဘူး။ အကြောင်းရှာ အပြစ်ဖို့တာပဲလား၊ အဖြစ်အမှန်လား မသိဘူး။ ခိုင်မြဲအပြောအရ မသွယ်က ဩော်စီကွာတဲ့။ အပြင်ထွက်ရင်လည်း မကြိုက် ဘူး။ တစ်ခါတလေ မင်းတို့နဲ့ ညနေခင်းလက်ဖက်ရည်ဆိုင် သွားထိုင်ပြီး ပြန်လာရင်တောင် အိပ်ရာထဲအထိ တတွတ်တွတ်ပြောလို့မဆုံးဘူး ဖြစ်နေတော့ သတဲ့။ တကယ့်ကို စိတ်ပျက်လက်ပျက်ပုံနဲ့ သူပြောပြနေတာ။

ညနေဘက် ကျွန်တော့်ကွန်ပျူတာဆိုင်ပိတ်ပြီးတဲ့အချိန်တွေမှာ ခိုင်မြဲ ဆီ သွားသွားထိုင်ရင်း အဲဒါတွေ ကျွန်တော် နားထောင်ခဲ့ရတာ။ တစ်ခါကနေ နှစ်ခါ၊ နှစ်ခါကနေ သုံးခါပြီးတော့ အကြိမ်ကြိမ်ကြားလာရတဲ့နောက်တော့ ဒီကောင်တွေ

အိမ်ထောင်ရေး အဆင်မပြေဘူးလားလို့ ကျွန်တော် စတွေးလာ ခဲ့ပြီ။ ကျွန်တော့်အတွက် ထူးဆန်းနေတယ်။ ပါးစပ်က ထုတ်မပြောဖြစ်ပေမယ့် ဘယ်လိုဖြစ်တာလဲ ချစ်တာကလည်း မင်းတို့ပဲ၊ ခုတော့ ညားတာမှ မကြာသေးဘူး ဘာတွေဖြစ်ရပြန်ပြီလဲ” လို့ ခေါင်းရှုပ်စရာ ဖြစ်လာတယ်။

သူ့သားကလေး နှစ်နှစ်ကျော် သုံးနှစ်အရွယ်လောက်မှာပဲ ခိုင်မြဲဟာ မသွယ် မဟုတ်တဲ့ ချစ်သူအသစ် တွေ့နေခဲ့ပြီ။ မသွယ် ရှိနေလျက်နဲ့ ခိုင်မြဲရဲ့ ချစ်သူအသစ်လို့ ကျွန်တော်သုံးရတာ သိပ်တော့မကောင်းပေမယ့် နောက်ပိုင်းအခြေအနေတွေအရ အဲဒီကောင်မလေးကို သူ တကယ်ချစ်တာ တော့ ကျွန်တော်သိပါတယ်။ ဒါပေမဲ့လည်း မသွယ်တုန်းကလည်း ဒီကောင် တကယ်ချစ်ခဲ့တာပါပဲလေ။ ချစ်သူဆိုတာ အဲဒီလို နှစ်ယောက်ရှိလို့ရလား။ နှစ်ယောက်စလုံးကို တကယ်ပဲ အတူတူချစ်နိုင်သလား။ အဲဒါတွေကတော့ ကျွန်တော်လည်း နားမလည်ဘူး။ ကျွန်တော့်လို ရည်းစားတောင် မထားဖူးတဲ့ ကောင်က ဘယ်လိုလုပ် နားလည်အောင်ရှင်းပြနိုင်မှာလဲ။ သေချာတာကတော့ မသွယ်ကို ဒီကောင် ငြီးငွေ့သွားပြီ။

အနေနီးလို့ နေ့စဉ်မြင်တွေ့နေရလို့တော့ ပြောလို့မရဘူး။ ကောင်မလေး က ကျွန်တော်တို့မြို့ကတောင် မဟုတ်ဘဲ ကျွန်တော်တို့မြို့နဲ့ မိုင်သုံးဆယ် ကျော်ဝေးတဲ့ တိုင်းမြို့ကြီးက ဖြစ်နေတယ်။ သူ့ရုံးက အလုပ်နဲ့ တိုင်းရုံးကို ခဏခဏသွားရရင်း တိုင်းရုံးရှေ့ ထမင်းဆိုင်က ကောင်မလေးနဲ့ ရည်းစား ဖြစ်နေတာ။ ကောင်မလေးနာမည်က မိဖြူ တဲ့။ နာမည်အရတော့ ခပ်ရိုးရိုး တောသူပုံကလေးပဲ ထင်ပါတယ်။ တစ်ခါသားတော့ မူးမူးရူးရူးနဲ့ ကျွန်တော့်ကို အဲဒီကောင်မလေးဓာတ်ပုံ ပြဖူးတယ်။ ဖြူမဲပုံ ဝါးတားတားကလေးပါပဲ။ မြင်ဖူးနေကျသူကသာ ဒါဘယ်သူပါလိမ့် ပြောနိုင်မယ့်ပုံမျိုး။ ကျွန်တော့်အနေနဲ့ အဲဒီကောင်မလေးကို အပြင်မှာ တစ်ချိန်ချိန် ဆုံခဲ့ရရင်တောင် ဒါ ခိုင်မြဲကောင်မလေးပဲလို့ သိနိုင်မှာမဟုတ်ဘူး။

အဲဒီတုန်းကတော့ ဖုန်းဆက်ဖို့ဘာဖို့လည်း မလွယ်တဲ့ခေတ်ဆိုတော့ ရည်းစားဖြစ်နေတဲ့နောက် ခိုင်မြဲဟာ တစ်ပတ်တစ်ခါ စာရေးသတဲ့။ နောင်များကြာလေ အရူးရင့်လေ ကောင်မလေးနဲ့ အလွန်အမင်း ချစ်ဆိပ်တက်နေတဲ့ အချိန်ကျမှ ကျွန်တော် သိလာရတာတွေပါ။ အစကတော့ မိန်းမနဲ့ စိတ်ညစ်လို့ အပြင်မှာ ပွေ့ချင်ရှုပ်ချင်တာ၊ အပျော်သက်သက်လောက်ပဲလို့ ထင်ခဲ့တာ။ ဒီကောင်က အိမ်ယာသစ် ထူထောင်ချင်တာ ဖြစ်နေတယ်။ သူရဲ့ စိတ်ပျက် ညစ်ညူးဖွယ် ဘဝနိဂုံးနေ့ရက်များဆီ တည့်တည့်ထိုးဆင်းသွားအောင် အသေ အချာ

လမ်းရှေးမှားနေခဲ့တာ ဖြစ်နေတယ်။ အဲလိုသာ မဟုတ်ခဲ့ရင် ခိုင်မြဲအနေနဲ့ အိုနာကျိုးကန်း အဘိုးကြီးဖြစ်တဲ့အထိ ဆက်ရှင်သန်နေရဦးမှာ။

ဆိုင်သစ်မှာတော့ အလုပ်က အရမ်းများတယ်။ ဆိုင်ရှင် ကိုမော်လင်းရဲ့ ဆောက်လုပ်ရေး အက်စတီ မိတ်တွေ မိတ္တူကူးရတာကို တော်တော်များတယ်။ တစ်နေ့တစ်နေ့ မိတ္တူစက်ရှေ့မှာ နှစ်နာရီ၊ သုံးနာရီ ဆက်တိုက် မတ်တတ်ရပ်လို့ ကူးနေရတယ်ဆိုပေမယ့် ကျွန်တော်ကတော့ သီချင်းတအေးအေးပဲ။ ကျွန်တော့် အတွက် ပျော်ရွှင်စရာနေ့ရက်များပဲ။ ပေ့ချ်မိတ်ကာနဲ့ ရုံးအပေါ်စာကလေးတွေတော့ ရိုက်တတ်လာပြီ။ ကမ်းခြေ တိုက်ပွဲ၊ ဂျင်နရယ်၊ အင်ပါယာခေတ် စစ်ပွဲဂိမ်းတွေ ဆော့တတ်လာပြီ။ ည ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီအထိ ကွန်ပျူတာရှေ့မှာ ရွှေတူးတုန်း၊ ချူးကလီးယားဗုံး တည်ဆောက်တုန်း၊ ညတိုက်ပွဲ တိုက်နေတုန်း။ ကျေနပ် ဖွယ် နေ့ရက်တွေကို အငမ်းမရကို ဖြတ်သန်းနေရတယ်။ အဲဒီလို ကျေနပ်ဖွယ်ရာနေ့ရက်များကို ကျွန်တော်ဖြတ်သန်းနေရချိန်တွေ အခြားတစ်ဖက်မှာ ဖိုးသက်၊ ခိုင်မြဲ တို့ကတော့ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ နေ့ရက်တွေ ကို ရုန်းကန်ဖြတ်သန်းနေကြရပြီ။

ညနေခင်းတစ်ခုမှာ သီချင်းတအေးအေးနဲ့ မိတ္တူကူးနေတုန်း ဇော်ပိုင် ရောက်လာတယ်။

”ဟာ ငပိုင် ဘယ်ကလာတာလဲ ထိုင်ဦး ခဏ၊ ငါ ဒါလေး လက်စသတ်လိုက်ဦးမယ်” လို့ ပြောပြီး မိတ္တူ ဆက်ကူးနေရင်း ထူးထူး ဆန်းဆန်းပါလား။ ဒီကောင် ညနေခင်းဆိုရင် သူ့အဖေဆီပဲ သွားနေကျကောင်၊ သက်သက်လာလည်တာလားမသိဘူးလို့ တွေးမိတယ်။ ဇော်ပိုင်လည်း ဆိုင်ရှေ့က သစ်သားခုံလေးမှာ ထိုင်ရင်း လူစည်ကားနေတဲ့ လမ်းဘက်ကို ငေးရင်း စောင့်နေတယ်။

ဟေ့ရောင်... ဒီအချိန်ဆို ခိုင်မြဲ ကွမ်းယာဆိုင် ဖွင့်ပြီလား” အနည်းငယ်ကြာတော့ ဇော်ပိုင် ကျွန်တော့်ကို မေးတယ်။

အေး ဖွင့်လောက်ပြီထင်တာပဲ မင်း တစ်ချက်သွားကြည့်ပါ လား၊ ဟိုသံလမ်းဂိတ်နားလေးတင်ပဲ တွေ့ရင် ဒီခေါ်ခဲ့လေကွာ လက်ဖက်ရည် သောက်ရအောင်”

ခိုင်မြဲဆိုင်ဘက်ကို လက်ညှိုးထိုးပြရင်း ကျွန်တော်ပြောလိုက်တယ်။ ဇော်ပိုင် ထထွက်သွားတယ်။ ခဏနေတော့ ခိုင်မြဲကိုခေါ်ပြီး ပြန်ရောက်လာ တယ်။

"ငါ့ဆိုင် ခုမှ ဖွင့်တုန်းရှိသေးတယ်ဟ" လို့ ခိုင်မြဲက ရယ်ပြီး ပြောနေတယ်။

ကျွန်တော့်အရင်လုပ်ခဲ့တဲ့ မိတ္တူဆိုင်ဟောင်းတုန်းက နေ့လယ်ဘက် ထွက်ထွက်သောက်တဲ့ လက်ဖက်ရည်ဆိုင်ကလေးက ဒီဆိုင်နဲ့ကျတော့ လမ်းရဲ့ ဟိုဘက်ဒီဘက် မျက်စောင်းထိုးနေရာလေးမှာတင် ရှိတာ။ ဆိုင်ကို လာတဲ့ ဧည့်သည်အတော်များများကို ဆိုင်ရှင်ရော ကိုမင်းကပါ အဲဒီဆိုင်မှာ စာရင်းဖွင့်ထားပြီး လက်ဖက်ရည်ခေါ် တိုက်တတ်တယ်။ မနက် နေ့လယ် ကျွန်တော်သောက်သမျှ စားသမျှကိုလည်း ဆိုင်စာရင်းထဲမှာ ထည့်မှတ်ထားဖို့ ဆိုင်ရှင်က မှာထားပြီးသား။ မိတ္တူဆွဲတာပြီးတော့ ဇော်ပိုင့်နဲ့ ခိုင်မြဲကို အဲဒီဆိုင် ခေါ်သွားပြီး လက်ဖက်ရည်တိုက်တယ်။ စားပွဲမှာ ထိုင်လိုက်တာနဲ့ ဇော်ပိုင်က စကားတန်းပြောတယ်။

"နေ့လယ်က ဖိုးသက်အမေ လာသွားလို့ကွ"

"ဘာလာလုပ်တာတုံး အဲ့ဘွားတော်က" လို့ ခိုင်မြဲရော ကျွန်တော် ပါ ဖိုးသက်အမေကို စိတ်ပျက်တဲ့လေသံမျိုးနဲ့ တိုင်ပင်မထားဘဲ ပြိုင်တူ မေးဖြစ်သွားလို့ တစ်ယောက်မျက်နှာတောင် တစ်ယောက် လှမ်းကြည့်ဖြစ် လိုက်သေးတယ်။

"ဖိုးသက် အိမ်ပြန်မလာတာ တစ်ပတ်ရှိပြီတဲ့။ အဲဒါ ငါတို့ဆီများ လာသေးလားလို့ လာမေးတာ။ မင်းဆီကော ဒီကြားထဲ အဲဒီကောင် လာသေး လား

"မလာပါဘူးကွာ... ငါနဲ့လည်း မတွေ့တာကို ကြာလှနေပြီ။ မင်းတောင် ခုမှ ငါ့ဆီ လာဖူးတာကြီးကို

"ငါ့ဆီလည်း မလာပါဘူး။ နေ့လယ်ဘက်လာရင် ငပိုင် မင်းလည်း တွေ့မှာပဲကိုး၊ အေး... အဲဒီကောင် လက်ဖက်ရည်ဆိုင်မလာတာလည်း ကြာပြီထင်တယ်နော်"

"အေးကွာ... အဲ့ကောင် သူ့အိမ်လည်း ပြန်မအိပ်ဘူး။ ဘယ်သွားအိပ်မှန်းလည်း မသိဘူး။ တစ်ရက် နှစ်ရက် ဆိုလည်းထားတော့ ခုက တစ်ပတ်တောင် ရှိနေပြီတဲ့။ ထုံးစံအတိုင်း သူ့အမေနဲ့ ရန်ဖြစ်ပြီး ထွက်သွားတာတဲ့ကွာ၊ ပိုဆိုးတာက ဆိုက်ကားကို အုံနာဆီ မအပ်ခဲ့ဘူးတဲ့၊ ဒီကောင် ယူသွားတယ်"

ဇော်ပိုင်က စိတ်ပျက်လက်ပျက်လေသံနဲ့ ပြောပြနေတယ်။ "ဟာ... အဲဒါဆို အုံနာနဲ့ စောက်ပြဿနာတက်မှာပေါ့" လို့ ခိုင်မြဲက ဝင်မေးတယ်။

"အဲဒါကြောင့်ပေါ့ကွ၊ ဟိုလူက ရဲစခန်းသွားပြီး အမှုတောင် ဖွင့်ပြီးပြီတဲ့၊ သူ့အမေကလည်း အဲဒါကြောင့် ငါ့ဆီရောက်လာတာပေါ့ ၊ ဒီအတိုင်း ဖိုးသက်ချည့်သာ ပျောက်နေရင် လာမေးမယ့်ပုံတောင် မရှိပါဘူး ကွာ။ ငါတော့ ဖိုးသက်နဲ့ စိတ်ညစ်တာပဲ ဟူးဇော်ပိုင်ကတော့ ခေါင်းတခါခါနဲ့ မျက်နှာ တရှုံ့ရှုံ့နဲ့ပဲ။ ကျွန်တော်တို့ သုံးယောက် လက်ဖက်ရည်ဆိုင်မှာ ဖိုးသက်အကြောင်း အကြာကြီး ဆက်ပြော ဖြစ်ကြတယ်။ ဒီကောင့်အမေရဲ့ အကြွေးတွေကိစ္စ၊ အိမ်ရောင်းပြီး အကြွေး ဆပ်မယ်ဆိုတာလည်း မရောင်းဖြစ်ဖူးနဲ့ တူတယ်ဆိုတဲ့အကြောင်း၊ နောက်ပြီး ဒီကောင်သွားတတ်တဲ့နေရာတွေ စဉ်းစားကြည့်ကြတယ်။ တကယ်တမ်းကျတော့ ဒီကောင် ဘယ်တွေသွားတတ်လည်း ကျွန်တော်တို့လည်း မသိကြ ပါဘူး။ တစ်နာရီလောက်နေတော့ ခိုင်မြဲကလည်း ဆိုင်ဖွင့်ရမှာမို့၊ ကျွန်တော် ကလည်း ဆိုင်ပိတ်ချိန် နီးနေပြီဆိုပေမယ့် အဲဒီလောက်အကြာကြီး ထိုင်လို့ မဖြစ်တော့ ပြန်ကြတယ်။

"ငါလည်း ဟိုဟိုဒီဒီ မေးကြည့်ပါဦးမယ်ကွာ၊ မင်းတို့လည်း အားရင် နည်းနည်းစုံစမ်းကြည့်ပါဦး။ ဒီကောင် ဒီပြင့်မြို့များထွက်သွားသလားမသိပါဘူး" လို့ အပြန်မှာ ဇော်ပိုင်က မှာနေသေးတယ်။ "အေးပါ" လို့ ကျွန်တော်ရော ခိုင်မြဲပါ ပြန်ပြောလိုက်ပေမယ့် ခိုင်မြဲတော့ မသိဘူး။ ကျွန်တော်က ဘယ်လိုလုပ် ဘယ်ကို သွားစုံစမ်းရမှာ တုန်းလို့ စဉ်းစားနေမိတယ်။ ညကျတော့ ကျွန်တော်လည်း အရက်မသောက် တာကြာပြီမို့ သောက်ချင်စိတ်ဖြစ်နေတာရော၊ တစ်ပတ်တောင် အိမ်မပြန်ဘူး ဆိုပေမယ့် အရက်ဆိုင်ကိုတော့ ဖိုးသက် လာချင် လာနေမှာလို့ တွေးပြီး ဒေါ်မှန်းဆိုင် ရောက်သွားတယ်။ ဘီအီးတစ်ပိုင်းမှာပြီး အိမ်သာနားကဝိုင်းမှာ ထိုင်သောက်တယ်။ တစ်ယောက်တည်းဆိုတော့ မူးလို့သာလာတယ်

ကြောင်တက်တက် ဖြစ်နေတယ်။ သောက်ရတာ ဖီးလ်မလာဘူး။ ပြန်ခါနီးမှ ဒေါ်မုန်းကို မေးကြည့်တယ်။

"ကျွန်တော်တို့နဲ့အတူ လာလာသောက်တတ်တယ်၊ ဆိုက်ကား နင်းတယ်။ မျက်လုံးပြူးပြူး၊ ခါးကိုင်းကိုင်းနဲ့လေ ဖိုးသက်ဆိုတာ လာသေး လားလို့ မေးကြည့်တယ်။ ဒေါ်မုန်းက နည်းနည်းလေးစဉ်းစားတဲ့ ပုံတောင် မပြဘဲ တန်းဖြေတယ်။

”ဟဲ့ မှတ်မိတာပေါ့ အဲဒီကလေး၊ ပြီးခဲ့တဲ့ လေးငါးရက်ကမှ နေ့လယ်ဘက်ကြီး အရက်ရော အမြည်းတွေပါ ပါဆယ် ဝယ်သွားသေး တယ်လေ၊ အများကြီးပဲဝယ်တာ”“ဆိုက်ကားနဲ့ပဲလာတာလားဗျ"

“အေး ဆိုက်ကားနဲ့ပဲလေ” တဲ့။ မနက်ခင်းကျ တော့အဲဒီသတင်း ကို ဇော်ပိုင့်ကို ပြောပြဖို့လုပ်ပေမယ့် ဒီကောင်မရှိဘူး၊ ဆိုက်မှာ သူ့အစ်ကို ထိုင်နေတယ်။ ခိုင်မြဲကို ပြောဖို့ကျတော့လည်း ရုံးပိတ်ရက်ဖြစ်နေတာနဲ့ မပြောဖြစ်ဘူး။ အိမ်ကျတော့လည်း ကျွန်တော် မသွားချင်ဘူး။

ညနေခင်းကျတော့ ခိုင်မြဲကိုပါ ခေါ်ပြီး ဇော်ပိုင်ရောက်လာတယ်။ ကျွန်တော့်ဆိုင်မျက်စောင်းထိုးက လက်ဖက်ရည်ဆိုင်ပဲ တိုင်ကြတယ်။ တွေ့တွေ့ချင်းကတည်းက မနေ့က ဒေါ်မုန်းပြောပြတဲ့အကြောင်းပြောဖို့ လုပ်ပေ မယ့် ဇော်ပိုင်ကပဲ အရင်ဦးအောင်ပြောတယ်။

"နေ့လယ်က သူ့အမေဆီ ငါရောက်သေးတယ်။ ဒီတင်က အရင်ကုန်းကလည်း တစ်ခါတလေ ရန်ဖြစ်ပြီးရင် နှစ်ရက်၊ သုံးရက် ပြန်မအိပ် ဘူးတဲ့ဟ။ ဒီတစ်ခေါက်လည်း အဲ့လိုပဲ ပြန်လာမယ်ပဲ မှတ်နေတာတဲ့။ ဆိုက်ကားအုံနာ လာပြောမှ ဆိုက်ကားပါယူသွားမှန်း သူ့အမေကလည်း သိတာတဲ့။ အရင်အခေါက်တွေက အုံနာဆီ ဆိုက်ကားအပ်သေးတယ်တဲ့

ဇော်ပိုင် ပြောပြီးပြီးချင်း မက ဒေါ်မုန်းဆိုင် ရောက်ခဲ့တဲ့ အကြောင်းကို

ကျွန်တော်ပြောလိုက်တယ်။

“လေးငါးရက်ဆိုတာ သေချာပါ့မလားဟ”

ခိုင်မြဲက မေးတယ်။

“အဲဒါတော့ ငါလည်းမသိဘူးလေကွာ.. သူပြောတဲ့အတိုင်းပဲ ငါလည်းပြန်ပြောရတာပဲ”

“လေးငါးရက်သေချာရင် ဖိုးသက်က အရက်ဝယ်ပြီး တစ်နေရာရာ သွားသောက်နေတာပဲ ဖြစ်မှာ။ အများကြီး ဝယ်တာဆိုတော့ သူ့ဆိုက်ကားသမား ဘော်ဒါတွေနဲ့ အတူသောက်နေတာ ဖြစ်မယ်။ ဒီကောင်ကွာ ဆိုက်ကားလေး အပ်ထားခဲ့ရင် ပြီးနေတဲ့ဥစ္စာ။ငပိုင်. မင်း သူနဲ့ခင်တဲ့ ဆိုက်ကားဆရာတွေ မေးကြည့်သေးလား

“ဟီးထဲ... မင်းတို့သာ မရှာတာ ငါက အကုန်လိုက်မေးပြီးပြီဟ”ဇော်ပိုင်က ဖိုးသက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် သွေးအေးနေတယ်ထင်လို့ ဒေါသထွက်တယ်နဲ့ တူပါတယ်။ စိတ်ပေါက် ပေါက်နဲ့ ဆဲတောင်နေသေးတယ်။

ကျွန်တော်တို့သုံးယောက်စလုံးက အဲဒီအချိန်အထိ ဖိုးသက်နဲ့ ပတ်သက်ပြီး တခြားတွေးမပူတတ်သေးဘူး။ ဒီကောင်ပြန်ရောက်လာရင် ရဲက အချုပ်ထဲဆွဲထည့်ပြီး ခိုးမှုနဲ့ ထောင်တွေဘာတွေကျကုန်မှာကိုတော့ ပူပင်ရတယ်။ အဲဒီလိုနဲ့ ရက်တွေ တဖြည်းဖြည်း ကုန်သွားတယ်။ တစ်ခုခု ထူးရင် ဇော်ပိုင် လာပြောမှာပဲလို့ ကျွန်တော်ရော၊ ခိုင်မြဲပါ အေးအေးပဲ နေနိုင်ခဲ့တယ်။ ဒီအပြင်လည်း ကျွန်တော်တို့က ဘာတတ်နိုင်မှာလဲ။ ဒီနေရာမှာ ဇော်ပိုင့်ကိုတော့ ပိုပြီး လေးစားမိတယ်။ အဲဒီရက်တွေ ဒီကောင် ဆိုင်တောင် သိပ်မထိုင်ဘူးထင်တယ်။ စပ်မိစပ်ရာ ဟိုဟိုဒီဒီ မေးစမ်းတယ်။ ဖိုးသက် အမေဆီလည်း နှစ်ရက် တစ်ခါလောက်သွားပြီး ထူးရင် ကျွန်တော်တို့လည်း လှမ်းပြောပါဦးလို့ မှာထားတယ်တဲ့။ ဇော်ပိုင်က ဖိုးသက်ကို တကယ်စိတ်ပူပြီး တကယ်လိုက်ရှာတာ။

အေးတိအေးစက်ဆိုပေမယ့် ဇော်ပိုင်က အပေါင်း အသင်းတွေ ချစ်တတ်သားလို့ ကျွန်တော် လေးစားမိတယ်။

ဒါပေမဲ့ ဘယ်သူမှ ဘာမှမတတ်နိုင်ခဲ့ကြပါဘူး။ ဖိုးသက် ပျောက်နေ တာ ရက်နှစ်ဆယ်ပြည့်ဖို့ တစ်ရက်အလို နေ့လယ်မှာတော့ သတင်းဆိုးကို ဇော်ပိုင် ကျွန်တော့်ဆီ ယူလာခဲ့တယ်။ ငိုထားလို့ ဖောင်းအစ်နေတဲ့ မျက်လုံးတွေ နဲ့ အရမ်းကို တိုးတိတ်လွန်းပြီး တုန်ယင်နေတဲ့အသံနဲ့ ကျွန်တော်ကို ပြောတယ်။ “ကျော်ဇောရေ ဖိုးသက် သေပြီ” တဲ့။

ဆိတ်ကျောင်းသားတစ်ယောက်က သင်္ချိုင်းဟောင်းနဲ့ သိပ်မဝေးတဲ့ ဇီးပင်တွေအနားမှာ သူ့ဆိတ်တွေကို ကျောင်းထားရင်းနဲ့ ထိုင်နေတယ်။ လေပြင်းပြင်းတစ်ချက်တိုက်လိုက်တော့ ဆိုးဆိုးဝါးဝါးအပုပ်နံ့ကြီးက နှာခေါင်း ထဲ ဝင်လာလို့ အော်ကလီဆန်ပြီး ပျို့အန်မတတ်ဖြစ်သွားတယ်။ သူ့စိတ်ထဲခွေးသေတစ်ကောင်ကောင်တော့ အနားပတ်ဝန်းကျင်မှာ ရှိနေတယ်လို့ပဲ ထင်လိုက်တယ်။ လေတစ်ချက်တိုက်လိုက်မှ နှာခေါင်းထဲ ဝင်လာတယ် ဆိုပေမယ့် တစ်ခါအနံ့ရပြီးတဲ့နောက် အနံ့ဟာ နှာခေါင်းဝမှာ မပြတ်တော့ဘူး။ အဲဒါနဲ့ ဆိတ်ကျောင်းသားဟာ ခပ်ဝေးဝေးရောက်နေတဲ့ ဆိတ်တွေကို လှမ်းမောင်းပြီး ခေါ်တယ်။ တချို့အကောင်တွေက အုတ်ဂူတွေဘက်အထိ ရောက်နေတယ်။

"ဟဲ့ကောင်တွေ ရော်၊ အယ်၊ ဟာ၊ အသံမျိုးစုံနဲ့ ဆိတ်တွေကိုမောင်းရင်း ဆိတ်တွေအနားထိ တိုးကပ်သွား တော့ အနံ့က မခံမရပ်နိုင်လောက်အောင် ပြင်းလာလို့ အနံ့က ဘယ်ကလာနေ တယ်ဆိုတာ သူ သိသွားတယ်။

အနံ့လာတဲ့ အုတ်ဂူတွေဘက်ကို လှမ်းကြည့်လိုက်တော့ ချုံကြားမှာ ထောင်ရပ်ထားတဲ့ ယောကျ်ားစီး စက်ဘီးကြီးတစ်စီးတွေ့လို့ သူ အံ့ဩသွား တယ်။ စက်ဘီးကိုတွေ့လိုက်လို့ ဒီနေရာမှာ ဒီစက်ဘီးကြီးက ဘာလာလုပ် တာလဲ၊ လူတစ်ယောက်ယောက် ရှိနေတာလားလို့ စိတ်ဝင်စားလို့ အနားထိ ကပ်ကြည့်ဖို့လုပ်တော့ အနံ့က အဲဒီစက်ဘီး၊ မဟုတ်ဘူး ဆိုက်ကားကြီး။ ဆိုက်ကားကြီးကို ဒီကြားထဲ ဘာလို့ လာထိုးထားပါလိမ့်။ အနံ့က အဲဒီ ဆိုက်ကားကြီးနားကနေ လာနေတာ။ နှာခေါင်းကို လက်နဲ့ပိတ်ပြီး သူ

တိုးသွားတယ်။ ချုံတစ်စကိုဖယ်ပြီး အုတ်ဂူအခြေကို လှမ်းကြည့်လိုက်တယ်။ “အောင်မလေးဗျ ..” လို့ အော်ပြီး ဆိတ်ကျောင်းသားဟာ လန့်ပြေးတော့တယ်။ ကြောက်အားလန့်အားနဲ့မို့ ဆိတ်တွေကိုပါ မေ့သွားပြီး အိမ်အရောက် ပြန်ပြေးတာ။ လူသေအလောင်းကြီး ပုပ်ပွရဲ့ရွဲ ရုပ်ပျက်သလို တောင် ဖြစ်နေပြီ။ ရပ်ကွက်ထဲရောက်မှ ရပ်ကွက်လူကြီးတွေကို ပြောတယ်။ လူတွေစုပြီး အုတ်ဂူတွေအနား ပြန်လာခဲ့ကြတယ်။ ဆိတ်ကျောင်းသားဟာ ဖြစ်တဲ့ အလောင်းဆီကအပုပ်နံ့ဟာ တော်တော်ဝေးဝေးကတောင် ရနေခဲ့ပြီ။ လေတင်ကနေလို့သာ အနံ့ကို ချက်ချင်းမရခဲ့တာ။ တကယ်တော့ ပုပ်ပွနေပြီ ရက်ကြာပြီမို့ အလောင်းက လောက်တွေတောင် ထွက်နေခဲ့ပါပြီ။ အဲဒီ အလောင်းဟာ ကျွန်တော်တို့ရဲ့ချစ်သူငယ်ချင်း ဖိုးသက်ရဲ့အလောင်းပါ။

ကျွန်တော်တို့ ဖိုးသက်အိမ်ကို လိုက်သွားကြတယ်။ အိမ်နားမရောက် ခင်ကတည်းက သူ့အမေရဲ့ သူ့နာမည်ကို တပြီး အော်ငိုနေသံကို ကြားနေရ တယ်။ နာရေးကူညီမှုအဖွဲ့ဟာ အိမ်ရှေ့မှာ ကနဖျင်းထိုးပြီးပြီ။ အိမ်ပေါ်က ဖိုးသက်အမေနားမှာလည်း ယပ်တောင် ခတ်သူခတ်ပေး၊ ခြေမ ချိုးသူချိုးပေးနဲ့ လူတွေအများကြီးပဲ။ ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးခဲ့တဲ့လူတွေ။ ကျွန်တော်တို့ သုံးယောက်လည်း ဘာများကူညီပေးရမလဲလို့ နာရေးအဖွဲ့ကို မေးကြည့်တော့ ကူစရာက မရှိသလောက်ပဲ။ ရပ်ကွက်က အတော်များများ လုပ်ပေးခဲ့ပြီးပြီ။

ကျွန်တော်လည်း ဖိုးသက်အမေကို ငိုနေတာကို ကြည့်ရင်း အမုန်း စိတ်တွေက ထိန်းမရအောင် ဝင်လာတယ်။ ဇော်ပိုင်နဲ့ ခိုင်မြဲတို့ရဲ့ မျက်နှာကို ကြည့်လိုက်တော့လည်း သူတို့မျက်နှာအမူအယာက `သေမှ ငိုမနေပါနဲ့ တော့ဗျာ” လို့ ပြောနေသလိုပဲ။ ဘယ်တတ်နိုင်မှာလဲလို့ ကျွန်တော်လည်းပဲ စိတ်ဖြေကြည့်တယ်။ ဖိုးသက်နဲ့ နောက်ဆုံးတစ်ခေါက် အရက်သောက်ကြ တုန်းက သူ ကျွန်တော့်ကို စိတ်ဆိုးသွားတာကို သတိရမိတယ်။ ပြီးတော့ မျက်ရည်တွေနဲ့ သူကပဲ ကျွန်တော့်ကို ပြန်ချော့တယ်။ အဲဒီအကြိမ်ဟာ သူနဲ့ အရက် နောက်ဆုံးအတူတူသောက်ရတာပဲလို့ သိခဲ့ရင် သူ့အိမ်မှာပဲ ညအိပ်ခဲ့ပါတယ်လို့ နောင်တရစွာ တွေးမိတယ်။ ဖြေသိမ့်ဖို့ ကြိုးစားလေလေ ကျွန်တော် မျက်လုံးမှာ မျက်ရည်စို့လာလေလေ ဖြစ်နေတယ်။ ကနဖျင်းတိုင်မှာ ကပ်ထောင်ထားတဲ့ ဘလက်ဘုတ်က စာသားကိုပဲ မျက်ရည်တွေတွေနဲ့ ငေးကြည့်နေမိတော့တယ်။ “မောင်သက်ဝင်း(ခ)ဖိုးသက်၊ အသက် ၂၄ နှစ်” တဲ့။ ကျန်တဲ့စာတွေလည်း မမြင်ရတော့ပါဘူး။

ကျွန်တော် ငိုနေမှန်းသိလို့ ခိုင်မြဲနဲ့ ဇော်ပိုင်လည်း ငြိမ်နေကြတယ်။ ဖိုးသက်အမေဟာ သူ့သားရဲ့ သတင်းဆိုးကို စကြားကတည်းက ငိုနေတာ

ဖြစ်လောက်တယ်၊ ခုထိလည်း ရပ်ဦးမယ့် ပုံမရှိသေးဘူး။ လူးရင်းလွန့်ရင်း အားကုန်သွားတဲ့အခါ ငြိမ်ကျသွားလိုက်၊ တော်ကြာနေ ...

"အမယ်လေး ငါ့သားလေးရယ် အဖြစ်ဆိုးလှချည်လား" ရယ်လို့ တစ်ဖန်ပြန်အော်ငိုလိုက်။ ဆံပင်တွေလည်း ပြေလျော့ကျ၊ မျက်ရည်တွေလည်း ရင်ဘတ်အထိအောင် စိုစွတ်လို့နေ။ တစ်ချက်တစ်ချက် ဆန့်ငင်ဆန့်ငင်ဖြစ်ပြီးတက်သွားပြန်လိုက်။ သူ အရမ်းမောနေပြီဆိုတာ သိသာလှတယ်။ ဒါပေမဲ့ ငိုနေတုန်းပဲ။ အတော်ကြာတော့ ကျွန်တော်တို့လည်း ပြန်ကြတယ်။ ဖိုးသက် အိမ်မှာ ကျွန်တော်တို့ကူလုပ်ပေးစရာ ဘာမှမရှိဘူး။ ဖိုးသက်အမေ ငိုတာ ကြည့်ပြီး ဝမ်းနည်းနာကျင်ရတဲ့အပြင် မောပါ မောလာတယ်။ "ငါတို့ ဖိုးသက်သေတဲ့နေရာ သွားကြည့်ရအောင်ကွာ"

"သွားကွာ" ခိုင်မြဲနဲ့ ဇော်ပိုင်က အပြန်အလှန်ပြောပြီးတဲ့နောက် ထွက်သွားတယ်။ ကျွန်တော်လည်း ဘာမှပြောမနေဘူး။ သူတို့နောက်ကပဲ ခပ်ဖြည်းဖြည်း လိုက်သွားလိုက်တယ်။ ဖိုးသက်တို့အိမ်ကနေ လှမ်းမြင်နေရတဲ့ တဲတန်း ကလေး။ အဲဒီတဲတန်းကလေးရဲ့ ဟိုမှာဘက်။ ဆူးချုံတွေကြားက အုတ်ဂူ အကျိုးအပဲ့တွေ၊ ဖိုးသက်ရဲ့အလောင်း မရှိတော့တာတောင်မှ အဲဒီနေရာ ကလေးမှာ အပုပ်နံ့တွေစွဲနေတုန်း။ အုတ်ဂူနှစ်ခုကြားက မြေကွက်လပ် အလွတ်ကလေးတစ်ခုရှိတယ်။ ဖျာစုတ် အပိုင်းအစလေးတွေ ဟိုနားတစ်စ၊ ဒီနားတစ်စ။ ရေစိုနေတဲ့ ကျွတ်ကျွတ်အိတ်တွေ။ အုတ်ဂူနှစ်ခုရဲ့ ခေါင်းရင်း ဘက်မှာ ပုလင်းစိမ်းစိမ်းတွေကို တွေ့ရတယ်။ တချို့ပုလင်းတွေက ကွဲ၊ တချို့ပုလင်းတွေလည်း အကောင်းအတိုင်း ရှိနေသေးတယ်။ ဖိုးသက်ဟာ အဲဒီနေရာမှာ ထိုင်ရင်း သို့မဟုတ် လဲလျောင်းရင်း အရက်ကို တောက်လျှောက် ကြီး အလွန်အကျွံ သောက်မယ်။ မူးမယ်။ ဒါပေမဲ့ သေတဲ့အထိ ဘယ်လိုလုပ် ဖြစ်ရသလဲလို့ ကျွန်တော် စဉ်းစားလို့မရဘူး။ ဘယ်လောက်ပဲ အလွန်အကျွံ မူးတယ်ဆိုဆို ကောင်းကောင်းအိပ်ပြီးရင်တော့ အမူးပြန်ပြေသွားမှာပဲ။ ရက်များစွာ မထနိုင်လောက်အောင် မူးတာတော့ မဖြစ်နိုင်ဘူးလို့ ဖိုးသက် သေရခြင်းကို ကျွန်တော့် ဉာဏ်မီသလောက် ဆက်စပ်တွေးကြည့်နေမိတယ်။

"ဒီကောင် မူးပြီးတော့အိပ်၊ အအေးတွေဘာတွေမိပြီး မထနိုင် လောက်အောင် ပြင်းပြင်းထန်ထန် ဖျားတာမျိုး ဖြစ်မယ်။ အဲဒီလိုမဟုတ်လည်း အရက်သီးပြီးတော့များ သေသလား၊ စဉ်းတောင် မစဉ်းစားတတ်တော့ဘူး ကွာ" လို့

ခိုင်မြဲက ပြောတယ်။ သူလည်း ဘယ်လိုများ သေရပါလိမ့်လို မေးခွန်းထုတ်ကြည့်နေပုံပဲ။ ဇော်ပိုင်ကတော့ ဘာမှမပြောဘူး။ မြေကွက်လပ် ကလေးကိုပဲ တွေတွေကြီး ကြည့်နေတယ်။

"ဒီဘက်က ဘယ်သူမှ မလာဘူးလေကွာ၊ မြို့စွန်လည်း မြို့စွန်၊ သင်္ချိုင်းလည်း သင်္ချိုင်းဟောင်း၊ ဒီကောင် အော်ဟစ်အကူအညီတောင်းလို့ တောင် ကြားဖို့လူ မရှိဘူးလေ၊ ဒီကောင့်နှယ်ကွာ ဒီနေရာမှ လာသောက်ရ တယ်လို့"

"ငါတို့ ရင်ခွဲရုံ သွားကြည့်ရအောင်ကွာ""

ကျွန်တော် ပြောလိုက်တယ်။ ဒီနေရာမှာက အပုပ်နံ့အပြင် ဘာမှမရှိ တော့ဘူး။ ဖိုးသက်ရဲ့အရိပ်အငွေ့ ရှိသေးတယ်လို့ တွေးကြည့်ပြန်တော့လည်း အပုပ်နံ့ကပဲ လွှမ်းမိုးနေတယ်။ သေခြင်းတောင် မဟုတ်ဘူး။ သေခြင်းရဲ့ ဟိုမှာဘက်ရဲ့ အရိပ်အငွေ့ပဲ ရှိတော့တယ်။

"သွားကွာ"" လို့ ခိုင်မြဲ ပြောတယ်။

ကျွန်တော်တို့လည်း မြို့ထဲဘက်ကို ပြန်လှည့်ကြတယ်။ ဆေးရုံဝင်း ရဲ့အစွန်၊ ချောင်ကျလွန်းလှတဲ့ ရင်ခွဲရုံနားရောက်တော့ လူသူလေးပါး အစအနကလေးမှ မမြင်ရဘူး။ ဘယ်သူ့ကို မေးလို့ မေးရမယ်မှန်းမသိဘဲ ဆေးရုံထဲမှာ လည်တယ်တယ် ဖြစ်နေသေးတယ်။ ခိုင်မြဲက သူနဲ့ခင်တဲ့ ဆေးရုံအလုပ်သမားတစ်ယောက်ကို ရှာပြီး မေးကြည့်တော့မှ . . .

"အဲဒီအလောင်းက ခင်ဗျားတို့ ကြည့်လို့ရတော့မှာ မဟုတ်ဘူး။ မီးသင်္ဂြိုဟ်စက်ဆီ ပို့လိုက်ပြီ"" လို့ ဖြေတယ်။ အဲဒီအလုပ်သမားကပဲ တစ်ဆက်တည်း ဆက်ပြောတယ်။ "ကြည့်လို့ရလည်း ခင်ဗျားတို့ ကြည့်နိုင်မှာ မဟုတ်ဘူးဗျ၊ အလောင်းက ရွဲလွန်းလို့ ကိုင်ဖို့တောင် မလွယ်တော့တာ။ အပုပ်နံ့ကလည်း ရက်စက်တယ်"" တဲ့။ သူ အဲဒီလိုပြောနေတုန်း မျက်လုံး ပြူးပြူး၊ ဆံပင်ဖြူကွက်ကျား၊ ခါးကိုင်းကိုင်းနဲ့ ဖိုးသက်ရဲ့သွင်ပြင်က ကျွန်တော့် အာရုံမှာ လာပေါ်နေတယ်။ နောက်ပြီး အားရပါးရ ရယ်နေတဲ့ ဖိုးသက်ရဲ့ အဆီပြန်နေတဲ့ မျက်နှာ။ ခုတော့ မင်းကို ကိုင်ဖို့တောင် မလွယ်တော့ဘူးတဲ့ ဖိုးသက်ရေ။ ကျွန်တော် တရှုပ်ရှုပ် ငိုမိပြန်ရော။

ကျွန်တော် ငိုပြန်တော့ တင်းထားပုံရတဲ့ ဇော်ပိုင့်ဆီကပါ ငိုသံထွက်လာတယ်။

"ဖိုးသက်ရာ ... ဖိုးသက်ရာ ... မင်းကွာ" လို့ တိတ်တိတ်လေးညည်းရင်း ငိုနေတယ်။ ခိုင်မြဲလည်း ငိုတာပဲ။ ကျွန်တော်တို့ သုံးယောက် တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ငိုကြတယ်။

သုံးယောက်စလုံး တစ်ယောက်ပြီးတစ်ယောက် ဆက်ဆက်ငိုနေတာ ကို ကြည့်ပြီး ဆေးရုံအလုပ်သမားတောင် ကြောင်တက်တက်နဲ့ ထွက်သွား တယ်။ ကျွန်တော်လည်း ငိုနေရင်းမှ ဖိုးသက်အမေကို မုန်းနေမိတာကို နောင်တရမိတယ်။ ကျွန်တော်တို့ကမှ သူငယ်ချင်းသံယောဇဉ်ပဲရှိတယ်။ တကယ်တော့ ဖိုးသက်ဟာ သူ့ဝမ်းနဲ့ လွယ်မွေးထားခဲ့ရတဲ့ သူ့သားပဲ။ ကိုယ့်သားသမီး ဒီလို ရုပ်ပျက်ဆင်းပျက် လူမသိ သူမသိ သေရတဲ့အပေါ် ဘယ်မိဘက ရင်မကျိုးဘဲ နေနိုင်ပါ့မလဲ။ အန်တီရေ ငိုပါဗျာ။ ဝအောင်သာ ငိုပါတော့။

ဖိုးသက်ရဲ့ နာရေးကို ကျွန်တော်တို့သုံးယောက်စလုံး လိုက်ပို့ခဲ့ကြ ပေမယ့် နာရေးပို့တဲ့ကားတွေ သင်္ချိုင်းစက်ဆီ မရောက်ခင်ကတည်းက ဖိုးသက်ရဲ့အလောင်းကို မီးရှို့ပြီးနေကြပြီ။ သင်္ချိုင်းက ဇရပ်ပေါ်မှာ သရဏဂုံ တည်၊ ဘုန်းကြီး တရားဟောတာကို ကျွန်တော်တို့သုံးယောက်စလုံး ဇရပ်အပြင် ကနေပဲ ငေးကြည့်နေလိုက်ကြတော့တယ်။ ဖိုးသက်ရဲ့ ကိုယ်ခန္ဓာကို မီးရှို့တဲ့ ဆီကနေ ထွက်လာတဲ့ မီးခိုးကိုတောင် မြင်ခွင့်မရလိုက်ကြလို့ ဖိုးသက်အပေါ် တာဝန်မကျေသလိုမျိုး ခံစားခဲ့ကြရပါတယ်။ ဒါပေမဲ့ ဖိုးသက်ဟာ လွတ်မြောက် သွားတာပါ။ ကလေးဘဝအရွယ်မှာ ကလေးတစ်ယောက်လို ရှင်သန်ခွင့် မရခဲ့ဘူး။ ကလေးအရွယ်ကတည်းက ပိုက်ဆံရှာဖွေရတယ်။ လောကအမော ကို ခံစားရတယ်။ စားပွဲထိုး၊ ပန်းရံနောက်လိုက်၊ စပယ်ယာအလုပ်မျိုးစုံမှာ ကျင်လည်ခဲ့ရတယ်။ လူ့ပတ်ဝန်းကျင်မှာ အောက်ဆုံးအလွှာလူတန်းစားအဖြစ် အနှိမ်ခံရတယ်။ သူကျင်လည်ခဲ့ရာ ပတ်ဝန်းကျင်ဟာ ကျဉ်းကျဉ်းလေးရယ်။ အဲဒီကျဉ်းကျဉ်းလေးထဲမှာပဲ ပြင်းထန်စွာ ရုန်းကန်ရှင်သန်ခဲ့ရတယ်။ ထိုက်တန် တာဆိုလို့ တစ်ခုမှမရခဲ့ဖူးဘူး။ ခု သူသေပြီ။ ဒါဟာ သူ လွတ်မြောက်သွား တာပဲပေါ့။ အနည်းဆုံးတော့ ကျွန်တော်တို့ အဲဒီလို တွေးလို့ရတယ်။ အဲဒါအပြင် ကျွန်တော်တို့က ဘာတတ်နိုင်ဦးမှာလဲ။ ဘယ်တုန်းကမှလည်း ဘာမှမတတ်နိုင်ခဲ့ပါဘူး။

ဖိုးသက် သေပြီးတဲ့နောက်တော့ ကျွန်တော်တို့လည်း တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဖြစ်သလောက်ပဲ။ ခိုင်မြဲကလည်း သူ့ဇာတ်လမ်းသစ်နဲ့သူ

ရှုပ်ထွေးနေတယ်။ ဇော်ပိုင်လည်း သူ့ဆိုင်မှာသူပဲ။ သူ့အစ်ကို ပြန်ရောက်လာ လို့ သူ့အတွက် ဘာမှမထိခိုက်လှပေမယ့် သူ့အမေကတော့ စိတ်ညစ်နေရမယ် နဲ့ တူတယ်။ ဆိုင်ကူထိုင်တယ်ဆိုတာကလည်း ဆိုင်ထိုင်ချင်တာထက် ဆိုင်ကနေ အရက်ဖိုးယူဖို့ ခဏတဖြုတ် အပြကောင်းအောင် လုပ်သလောက်ပဲ။ ပြန်ရောက်ခါစမို့ ကြွင်ကြွင်နာနာ ချစ်ချစ်ခင်ခင်နေရမယ့်အစား ရန်လောက် ဖြစ်နေကြရတဲ့ သူ့အစ်ကိုနဲ့ သူ့အမေကြား အနည်းငယ်တော့ စိတ်ရှုပ်ရမှာပေါ့။ သူ့ညီလေးကလည်း အတန်းကြီးလာပြီး လူပျိုပေါက် ဖြစ်လာပြီ။

ကျွန်တော်ကျတော့လည်း နေ့လယ် ထမင်းစားတဲ့ အိမ်ပြန်ချိန်တောင် နည်းလာတယ်။ အလုပ်ရှုပ်တဲ့နေ့တွေဆို လက်ဖက်ရည်ဆိုင်မှာတင် မုန့်လိုလို၊ လက်ဖက်ထမင်းလိုလိုနဲ့ ပြီးလိုက်တယ်။ ဖိုးသက်ကို သတိရရနေလို့ ဒီကောင် တွေနဲ့ ဆုံရဖို့လည်း သိပ်မကြိုးစားဖြစ်တော့ဘူး။ ဒါပေမဲ့လည်း ဖိုးသက်သေပြီး သုံးလလောက်ရှိပြန်တော့ သင်္ချိုင်းကုန်း နောက်တစ်ခါသွားရဖို့ ဖြစ်လာပြန် တယ်။ ဒီတစ်ခါသေတာတော့ ဇော်ပိုင့်အဖေပါ။

ဇော်ပိုင်က ကျွန်တော်တို့နဲ့ အရင်တုန်းက လက်ဖက်ရည် တစ်နေ့ နှစ်ကြိမ်သောက်၊ ည တစ်ခါတစ်ရံ အရက်သောက်လုပ်နေကျအချိန်ကတည်း က ညနေခင်းတိုင်းလိုလို သူ့အဖေဆီတော့ ရောက်တယ်။ စားစရာအထုပ်နဲ့ တစ်နေ့တာ အရက်ဖိုးပဲဖြစ်ဖြစ် လိုတာသုံးရအောင် ပိုက်ဆံနည်းနည်း သွားသွားပေးတယ်။ ကျွန်တော်တို့က အဲဒီအကြောင်း မေးလည်း မမေး၊ စကားလည်း မစဖူးခဲ့ပေမယ့် ဒီကောင် သူ့အဖေဆီသွားဖို့တော့ ပျက်ကွက် ခဲတယ်ဆိုတာ သိတယ်။ အဲဒီလို တစ်ညနေ သူ့အဖေဆီသွားတော့ တောင်ခြေ က ဇရပ်မှာ သူ့အဖေဟာ သေနှင့်ပြီ။ မျက်ရည်လည်ရွှဲနဲ့ သူ့အမေဆီ ပြေးတယ်။

"အမေ အဖေတော့ သေရှာပြီဗျာ" လို့ ပြောတယ်။ သူ့အမေကို ဒီလို ပြန်ပြေးပြောတယ်ဆိုတာ သူ့မှာမျှော်လင့်ချက်တွေရှိလို့ပဲ။ ဒါပေမဲ့ သူ့ အမေက မတုန်မလှုပ် ကျောက်ရုပ်ပဲ။

"ဟုတ်လား" ရယ်လို့တောင် စကားတစ်ခွန်း မပြန်ဘူး။ တစ်ဖက် လှည့်သွားခဲ့တယ်။ ဇော်ပိုင် ပိုပြီး စိတ်ထိခိုက်ရတယ်။

"သေတဲ့လူက သေပြီအမေရယ်.. မကျေနိုင်တော့ဘူးလား" လို့ ငိုလျက်နဲ့

သူပြောတယ်။ ဒီတော့ သူ့အမေကလည်း တစ်ခွန်းပြန်ပြော တယ်။

"နင်မသိတာတွေ ငါ့ကို တရားလာချဖို့ ကြိုးစားမနေနဲ့ ငပိုင်၊ နင့်ဟာနင် နင့်အဖေမို့ သွားချင်သွား၊ အငယ်ကောင်တောင် ခေါ်မသွားနဲ့" တဲ့။ ဇော်ပိုင်ဟာ ငိုရလွန်းလို့ နှပ်တွဲလောင်းဖြစ်၊ မျက်နှာတစ်ပြင်လုံး စိုစွတ်၊ ပါးစပ်ဟောင်းလောင်းနဲ့ ပြန်ထွက်လာခဲ့ရတယ်။ သူ့ခမျာလည်း ဗျာများရရှာ တယ်။

သူ့အစ်ကိုကို ပြောဖို့ကြိုးစားပေမယ့် မူးပြီး ခေါင်းစိုက်နေတဲ့ သူ့အစ်ကိုဟာ ကမ္ဘာပျက်ရင်တောင် ထပြေးနိုင်မယ့်ပုံ မရှိလို့ မပြောတော့ဘူး။ သူ့အဖေဘက်က အမျိုးတွေဆိုတာလည်း သူနဲ့ အဝေးကြီး။ သူ့ဘာသာသူ တစ်ယောက်တည်းပဲ နာရေးကူညီမှုအသင်းဆီသွား အကူအညီတောင်းတယ်။ မီးသင်္ဂြိုဟ်ဖို့ကိစ္စအတွက် စည်ပင်ရုံးကို သွားတယ်။ ကိစ္စဝိစ္စတွေပြီးတော့ ဘယ်သူ့ကိုမှမခေါ်ဘဲ တစ်ယောက်တည်း အမူးသောက်ပြီး ပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်အောက် သွားအိပ်တယ်။ မနက်လင်းမှ ကျွန်တော်နဲ့ ခိုင်မြဲကို ခေါ်ပြီး. . .

"ငါတစ်ယောက်တည်းမို့ လိုက်ခဲ့ကြပါကွာ" လို့ ခေါ်ရှာတယ်။ မြို့နဲ့ သုံးမိုင်ကျော်ဝေးတဲ့ မီးသင်္ဂြိုဟ်စက်ထိအောင် ကျွန်တော်တို့ဟာ ခြေလျင်တစ်လှည့်၊ စက်ဘီးတစ်လှည့်နဲ့ သွားကြရတယ်။ နောက်ကယ်ရီယာခုံ မှာ ဇော်ပိုင်၊ ရှေ့ဘားတန်းမှာ ကျွန်တော်။ ခိုင်မြဲကတော့ ဒရိုင်ဘာပေါ့ ။နောက်တစ်နေ့ မနက်အစောကြီး ကတည်းက ရင်ခွဲရုံကနေ ဇော်ပိုင်အဖေရဲ့အလောင်းကိုတော့ နာရေးကူညီမှုအဖွဲ့က ရင်ခွဲရုံမှာ တစ်ညသိပ်ပြီး မီးသင်္ဂြိုဟ်စက်ဆီ ပို့ပေးခဲ့ပြီးပြီ။ သင်္ချိုင်းရောက်တော့ အလောင်းမီးရှို့တဲ့သူရယ်၊ ကျွန်တော်တို့သုံးယောက်ရယ်။ လူအရှင်လေးယောက်နဲ့ လူသေ တစ်လောင်းပဲရှိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးက ရှုခင်းပန်းချီကားကြီးတစ်ချပ်လို အသေ၊ အငြိမ်ကြီး။

ကျွန်တော်က ဇော်ပိုင့်အဖေကို ဘိလပ်မြေစက်ရုံအလုပ်လုပ်ခဲ့စဉ်က ကားပေါ်ကနေ လှမ်းတွေ့ဖူးခဲ့တာပဲ ရှိခဲ့တာ။ အနီးကပ်လျက် မြင်တော့မှ ဇော်ပိုင်ဟာ အဖေတူသားမှန်း သိရတယ်။ ဇော်ပိုင် အသက်ကြီးသွားတဲ့ ရုပ်မျိုးပဲ။ ကိုယ်ခန္ဓာပိုင်းကတော့ မတူပါဘူး။ ဇော်ပိုင့်အဖေရဲ့ လက်တွေမှာ လက်ချောင်းတွေ တစ်ချောင်းမှ မရှိတော့သလို၊ ခြေထောက်ဟာဆိုရင်လည်း ခြေချောင်းတွေ

မရှိတော့တဲ့အပြင် မြင်းခြေထောက်လို ငုံးတိကြီးတောင် ဖြစ်လို့နေတယ်။ နှာခေါင်းတောင်မှ နည်းနည်းတိုနေသလားလို့ စိတ်က ထင်မိတယ်။ အဲဒါတော့ မသေချာဘူး။ အလောင်းမီးရှို့သူဟာ ပုံမှန် အလောင်းကိုင်တဲ့အခါ လက်အိတ် စွပ်မစွပ်မသိပေမယ့် ဇော်ပိုင့်အဖေကို ကိုင်ဖို့တောင် အရက်ကိုလည်း မူးအောင်သောက်ထားရပုံပေါ်တယ်။ လက်အိတ်ကလည်း အထပ်ထပ်။

"ကဲ … ကဲ နောက်ဆုံးအနေနဲ့ ကန်တော့ကြဦးမှာမို့လား""

စိတ်မရှည်သံနဲ့ ကျွန်တော်တို့ကို ပြောတယ်။ ကျွန်တော်တို့ သုံးယောက်စလုံးဟာ ဒီအနူကြီးရဲ့သားလို့ ထင်ပုံပါပဲ။ ဇော်ပိုင်က မနေ့က ဝအောင် ငိုခဲ့ပြီးပြီမို့ မငိုတော့ပါဘူး။ တွေတွေကြီးကြည့်ရင်း ငုတ်တုတ်ထိုင်လို့ ဦးသုံးကြိမ်ချ ကန်တော့တယ်။ ပြီးတော့ ပြန်ထတယ်။ ထိုင်ဦးချတုန်းက ပုဆိုးရဲ့ ဒူးနေရာမှာ ပေသွားတဲ့ ဖုန်နဲ့ သဲကို လက်နဲ့ တစ်ချက် သပ်ချလိုက် တယ်။

"ရပါပြီဗျာ" လို့ ပြောရင်း မီးသင်္ဂြိုဟ်စက်အပြင်ကို ထွက်သွား တယ်။ သူထွက်သွားတော့ ကျွန်တော်တို့လည်း ဘာလို့နေတော့မလဲ။ လိုက်ထွက်ခဲ့တာပေါ့။ ဒီလူကြီးဟာ ဇော်ပိုင့်အဖေမဟုတ်ဘဲ တခြားလူ တစ်ယောက်ဆိုရင်တော့ ကျွန်တော့်စိတ်ထဲ ဒီလောက်နီးနီးကပ်ကပ်ကြီး မြင်နေရတာကို စိတ်ထဲ မသိုးမသန့်ဖြစ်မိမှာပါ။ ဒါပေမဲ့ ဇော်ပိုင့်အဖေမို့ ကျွန်တော့်စိတ်ထဲ ဘယ့်နှယ်မှမနေဘူး။

အပြင်ဘက်ရောက်တော့ ဇော်ပိုင်ဟာ…

အား ခနဲ သံရှည်ဆွဲပြီး ကျယ်ကျယ် လောင်လောင် အော်ဟစ်လိုက်တယ်။ နာကျည်းမုန်းတီးတဲ့အသံ၊ ဝမ်းနည်း ကြေကွဲတဲ့အသံ၊ နားမလည်နိုင်စရာ လောကကို မေးခွန်းထုတ်လိုက်တဲ့ အော်သံမျိုး။ သူ့ရဲ့အော်သံဟာ သင်္ဂြိုဟ်စက်အနောက်က တောင်နံရံတွေကို ရိုက်ခတ်ပြီး တုန်ခါလို့နေတယ်။

သေခြင်းတရားဟာ ဘယ်တော့မဆို လူကို တုန်လှုပ်စေတာ ချည်းပါပဲ။ တစ်ယောက်တည်းဆိုရင် အားငယ်စိတ်ပါ ဝင်တယ်။ ဘယ်ဘဝ ဟာ ဘယ်လောက်ခက်ခဲတယ်ဆိုဆို ကိုယ်ချစ်တဲ့သူတွေမရှိဘဲ ရှင်သန်ရမယ့် ဘဝဟာ

အခက်ခဲဆုံးပဲ။ ဇော်ပိုင့်ပခုံးကို ကျွန်တော် ဖက်လိုက်တယ်။ လက်နဲ့ပါ တစ်ချက်ညှစ်လိုက်သေးတယ်။ ခိုင်မြဲကပါ အဲဒီလို လိုက်လုပ် တယ်။ သူငယ်ချင်းကို အားပေးနှစ်သိမ့်တဲ့ သူငယ်ချင်းတွေရဲ့ လက်တွေပေါ့။ ပြီးတော့ ကျွန်တော်တို့သုံးယောက်သား လာခဲ့စဉ်ကအတိုင်း ဖုန်တထောင်း ထောင်း လမ်းကနေ တိတ်ဆိတ်စွာ ပြန်ခဲ့တယ်။

မိဖြူဆိုတဲ့ ကောင်မလေးနဲ့ အထိအတွေ့သစ်၊ နယ်ပယ်သစ်ကို အရူးအမူးဖြစ်ပြီး ခိုင်မြဲဟာ မသွယ်နဲ့ ကွာဖို့ ကြိုးစားတယ်။ ကွာဖို့ ကြိုးစားတယ်ဆိုပေ မယ့်လည်း ပါးစပ်ကနေ “ကွာပေးပါတော့ ငါ အသစ် တွေ့နေပြီ” လို့ အတိအလင်းထုတ်ပြောတာမျိုး မဟုတ်ဘဲ သွယ်ဝိုက်သောနည်းနဲ့ သူ့ဘာသာသူ တစ်ယောက်တည်း အားထုတ် ကြိုးစားနေခဲ့တာ။ ခိုင်မြဲလုပ်နေတာတွေကို ကြည့်ပြီး သူနဲ့ ပြောင်းပြန်အချိုးကျတဲ့ ကိုဝင်းသိန်းကို သတိရမိပြီး မသွယ်ကို ကျွန်တော် အားနာနေမိတယ်။ ဒါကြောင့်လည်း သူနဲ့ မသွယ် ကွာရှင်းပြီးတဲ့နောက် ခိုင်မြဲကို ကျွန်တော် ရှောင်တယ်။ အလုပ်က မရှိ၊ အရက် ကစွဲနေတော့ ကျွန်တော့်ဆီ အရက်ဖိုးတောင်းဖို့ ဆိုင်ကို မူးပြီးရောက်လာရင် မလာခဲ့နဲ့ကွာလို့ ကျွန်တော် ပြောလွှတ် တယ်။ မျက်နှာငယ်နဲ့ သူထွက်သွားမှ ကျွန်တော် တစ်ယောက်တည်း စိတ်မကောင်းဖြစ်ပြီး မျက်ရည် ကျရတယ်။

မသွယ် စိတ်ပျက်သွားအောင် သူလုပ်တာတွေက၊ သူ့ကိုယ်သူ ပြန်ပြီး မျှင်းသက်နေသတ်လို ဖြစ်နေခဲ့တာ သူ မသိဘူး။ ဒီကောင့်ခေါင်းထဲမှာ မိဖြူဆိုတဲ့ ကောင်မလေးပဲ ရှိတော့တယ်။။ သတင်းစာပို့တဲ့အလုပ်ကို မြန်းစား ကြီး ရပ်ပစ်လိုက်တယ်။ ညဘက်တွေမှာ သူ့အမေအိမ် အိပ်တာတွေက များလာတယ်။ တစ်ခါတလေမှ ယောကျ္ခမအိမ်ပြန် မသွယ်နဲ့ အိပ်တယ်။ အရက်ကို ဖိသောက်တယ်။ ရှဲ့တာထက် သူကိုယ်တိုင်က စိတ်ညစ်လို့ သောက်တာလည်း ပါမှာပေါ့။ နောက်ယူမယ့် မိဖြူနဲ့တွေ့ပြီး နှစ်နှစ်ကျော် ကျော်လောက်အထိ အရက်ကို နေ့စဉ်လိုလို မနက် နေ့လယ် မခွဲ သောက်နေ တော့တာမို့ မသွယ်နဲ့ မကွဲရသေးခင်အချိန်ကတည်းက ခိုင်မြဲဟာ မျက်နှာကြီး အမ်းနေခဲ့ပြီ။ အရက်စွဲစ ပြုနေပြီ။ ဝင်ငွေက အရင်လို မရှိတော့။

ကျွန်တော့်ကွန်ပျူတာဆိုင်ကို မူးမူးရူးရူးနဲ့ ရောက်ရောက်လာတိုင်း ကျွန်တော့်မှာ ဆိုင်ရှင်တွေ၊ ဆရာတွေ မျက်နှာမပျက်အောင် တစ်နေရာရာ ခေါ်သွားရတာ။ တော့်တော့်ကို မလွှယ်ခဲ့ဘူး။ ပြီးတော့ သူ့ကောင်မလေးကို သူ ဘယ်လောက်ချစ်ကြောင်း၊ ကောင်မလေးကလည်း သူ့ကို ဘယ်လောက် တောင် ချစ်တယ်ဆိုတဲ့အကြောင်း၊ မသွယ်ဟာ စောက်သုံးကို မကျတဲ့ အကြောင်း ဒီကောင်ပြောပြီ။ အဲဒီလိုနေ့တွေဆို ကျွန်တော့်မှာ တစ်နေ့လုံး ခွင့်ယူလိုက်ရပြီး

ဒီကောင့်နောက်ကိုလိုက် ဖျောင်းဖျစကားပြောရတယ်။

"ခိုင်မြဲရာ မင်းလုပ်ပုံကြီးက မဟုတ်သေးပါဘူးကွာ၊ မသွယ် စောက်သုံးမကျဘူးပဲ ထားပါဦး၊ မင့်သားလေးမျက်နှာကို မင်း မကြည့် တော့ဘူးလား၊ အိမ်ထောင်တစ်ခုကွဲဖို့ကို အဲဒီလောက် လွယ်လွယ်မစဉ်းစားနဲ့ လေကွာ။ မင်း ဒီကောင်မလေးကို ချစ်တယ်ပြောနေတယ်။ မသွယ်တုန်းက လည်း မရရင် သေတော့မယ်အတိုင်း ဖြစ်ခဲ့တာပဲလေ။ မိန်းမတွေဟာ ဒါချည်းပါပဲကွာ၊ မင်း ဘာတွေမွှန်နေတာတုံး" အစရှိသဖြင့် ရှည်ရှည် ဝေးဝေးတွေ ကျွန်တော် ပြောရတယ်။

"မင့်သားလေး မျက်နှာကြည့်ပါဦး၊ ကလေးက ဘာမှတောင် နားမလည်သေးဘူး" လို့ ပြောတဲ့ တစ်ချိန်လောက်သာ သူ့မျက်နှာမှာ တွေဝေသွားတဲ့ အရိပ်ကလေး မဆိုသလောက် မြင်လိုက်ရတယ်။ ဒီကောင်ဟာ ရှေ့ဆက်တိုးဖို့ကိုပဲ စဉ်းစားခဲ့တာ။ ကျွန်တော့်ကို သူ ပြောချင်ရာ ပြန်ပြောတယ်။ သူ့ပါးစပ်က ဘာတွေပဲထွက်ထွက် နောက်ဆုံးမှာ...

"ငါ့ အရက်တိုက်ဦးကွာ" ဆိုပြီး အရက်ဖိုးတောင်းတာနဲ့ အဆုံးသတ်သွားတယ်။ အရက်ဖိုးကို မသွယ်ဆီက တောင်းတယ်။ သူ့အမေ၊ အန်တီနွယ်ဆီက တောင်းတယ်။ ကျွန်တော့်ဆီက တောင်းတယ်။ တစ်ခါ တလေ ဖော်ပိုင်ဆီ သွားတောင်းတယ်။ အဲဒီလောက်အထိ ရှုးရှုးမူးမူး ဖြစ်နေ တာကြီးကို ကျွန်တော်တော့ နားကိုမလည်နိုင်တော့တာ။

ရုံးဘက်ကိုလည်း ခြေဦးတောင် မလှည့်တော့ဘူးဆိုတော့ ရုံးက လည်း အလုပ်ထုတ်လိုက်တယ်။ နေ့စဉ်ရက်ဆက် တစ်ယောက်မဟုတ် တစ်ယောက်ဆီက အရက်ဖိုးတောင်း၊ သောက်ပြီးရင်းသာသောက်ပြီး ခိုင်မြဲဟာ ဆိုးသွမ်းခွကျနေခဲ့တယ်။ မသွယ်ဟာ သူ့ကို အတော်သည်းခံခဲ့ပါတယ်။ ဘယ်လောက်အထိ သည်းခံခဲ့သလဲဆိုရင် ဘယ်လိုမှ ထိန်းလို့သိမ်းလို့ မရတော့တဲ့ အခြေအနေရောက်လို့ ကွာရှင်းပေးလိုက်ရတဲ့နေ့အထိ ခိုင်မြဲကို နင်ပဲငဆေ မပြောခဲ့ဘူး။ သူလည်း သူ့ယောက်ျား သူ့ ဆီ စိတ်ပြန်လည်လာ မလားလို့ မျှော်ရှာတယ်နဲ့ တူပါတယ်။ သူ့ယောက်ျားကို သူချစ်တယ်။ ကွာရှင်းပေးပြီး ခုနစ်လကြာတော့ ခိုင်မြဲနဲ့ နှုတ်ခမ်းထူပုံ၊ မျက်လုံး မျက်ခုံး ထူထဲပုံ၊ အသားညိုပုံကအစ ချွတ်စွတ်တူတဲ့ သမီးလေးတစ်ယောက်ကို မွေးခဲ့တာသာ

ကြည့်ပါတော့။

"ပါးစပ်ကနေ အဲဒီကောင်မ စောက်သုံးကိုမကျဘူး၊ စောက်သုံးကို မကျဘူး" လို့ အော်ရင်း ကွာရှင်းခါနီး လပိုင်းကလေးအတွင်းမှာ မသွယ် ဗိုက်ထဲ ကိုယ်ဝန်နှစ်လ ထည့်ပေးခဲ့သေးတဲ့ ခိုင်မြဲဆိုတဲ့ မအေဘေးကို ဘယ်လိုနားလည်ရမှန်းကို ကျွန်တော်မသိတော့တာ။ ကရုဏာလည်း မသက်နိုင်တော့ဘူး။ သူတို့ ကွဲကြပြီးနောက်ပိုင်း လမ်းမှာ မသွယ်နဲ့ မျက်နှာချင်းဆိုင် ဆုံရရင် ကျွန်တော့်မှာ နေရထိုင်ရကျပ်ပြီး အားနာနေမိတယ်။ ကလေးအတွက် မုန့်ဖိုးပေးရင်း "မသွယ် အဆင်ပြေရဲ့လား" လို့ မေးဖို့တောင် ကျွန်တော့်အတွက် အဆင်မပြေဘူး။

ခိုင်မြဲဟာ သူ့ နောက်မိန်းမ မိဖြူနဲ့ သူ့အမေအိမ်မှာပဲ နေတယ်။ ကောင်မလေးက သူ့အဒေါ်ထမင်းဆိုင်မှာ အလုပ်လုပ်တာဖြစ်ပြီး အဒေါ် မိသားစုနဲ့ အဆင်ပြေပုံမရဘူးနဲ့ တူပါရဲ့၊ ခိုင်မြဲ သွားခိုးလာပြီး ပြန်လည်း မအပ်ဘူး။ ဒီအတိုင်း ရုံးတက် လက်မှတ်ထိုး၊ ပေါင်းသင်းနေထိုင်ကြတယ်။ အန်တီနွယ်က သူ့ချွေးမဟောင်း မသွယ်ဘက်က ရပ်တည်ခဲ့တယ်ဆိုပေမယ့် အိမ်ပေါ်ကို နောက်ချွေးမအသစ် တင်ခေါ်လာပြန်တော့လည်း မကြည်ဖြူဘူး ဆိုပေမယ့် လက်ခံရတာပဲ။ အဲဒီဒဏ်ကို ခိုင်မြဲကတော့ ဘယ်မှာခံရမလဲ။ သူ့မိန်းမလေးပဲ စုပြုံ ပြုံးတေး ခံရတော့တာပေါ့။

မိဖြူဆိုတဲ့ ကောင်မလေးခမျာလည်း ကံဆိုးရှာတယ်လို့ ကျွန်တော် ပြောခဲ့တယ်။ တကယ်က အဲဒီထက်တောင် ပိုသေးတယ်။ ခိုင်မြဲမှာ မိန်းမတွေ၊ ကလေးတွေရှိတာကို ယောက္ခမအိမ်ပေါ်တက်နေတော့မှ သူ သိတယ်။ ဒါပေမဲ့ နောက်ကြောင်း ပြန်လှည့်လို့က မဖြစ်တော့ဘူး။ တစ်အိမ်တည်း နေရင်း အချိန်တိုင်း ယောက္ခမရဲ့ စောင်းမြောင်းရိလှေ့နေတဲ့ စကားလုံးတွေကို မကြားသလိုလုပ်နေရတယ်။ တစ်ခါတစ်ရံမှ လာတတ်တဲ့ ခိုင်မြဲအစ်မ ဖြစ်သူက လင်မယားနှစ်ယောက်စလုံး ဘာဖြစ်ဖြစ် မောင်းချလိုက်ဖို့ အန်တီနွယ်ကို ပေါ်ပေါ်တင်တင် တိုက်တွန်းတယ်။ လင်လုပ်စာ စားရဖို့ဝေးလို့ အရက်သမားဖြစ်နေပြီဖြစ်တဲ့ ခိုင်မြဲအတွက် အရက်တစ်လုံး ညနေတိုင်း ဆွဲလာပေးရသေးတယ်။ သူ့မှာပါလာတဲ့ ဆွဲကြိုးမျှင်မျှင်၊ လက်စွပ်ပါးပါး လေးတွေ ချွတ်ပြီး စျေးထဲမှာ ဆိုင်ခန်းကျဉ်းကျဉ်းလေးတစ်ခုငှား၊ ဟင်းသီး ဟင်းရွက် ကုန်ခြောက်ဆိုင်ကလေးဖွင့်ရောင်းတယ်။ ခိုင်မြဲ သေသာသွားခဲ့ တယ်။ မသေခင် တစ်နှစ်လောက် အလိုမှာ သည်းမခံနိုင်တော့တဲ့အဆုံး ကွဲခဲ့ကြတယ်။ ကောင်မလေးမှာ ယောက္ခမဆီကရော၊ ယောကျ်ားဆီကပါ ထိုက်တန်တာ တစ်ခုကလေးမှ မရခဲ့ဘူး။ ကံဆိုးထဲက ကံကောင်းလို့ ဆိုရမှာက ခိုင်မြဲနဲ့ ကိုယ်ဝန်မရခဲ့တာပဲ။ ၊

ခိုင်မြဲဟာ သူလိုချင်တဲ့ နောက်အိမ်ထောင်အသစ်ထူထောင်အဲဒီမိန်းကလေးနဲ့ပဲ ပျော်ရွှင်စွာ ပေါင်းဖက် ဇာတ်သိမ်းကြလေသတည်း ဆိုရင်တောင် ဒါ မဆိုးပါဘူး။ မသွယ်ကိုမှ သူမချစ်တော့ဘဲ မချစ်တာကြီးအတူနေတော့လည်း နှစ်ဖက်စလုံး အကျိုးယုတ်ဖို့ရှိတယ်လို့ ချင့်ချင့်ချိန်ချိန် တွေးပေးလို့ရသေးတယ်။ နောက်အိမ်ထောင်အပေါ်လည်း ခေါ်ပြီး ဒုက္ခပေး ခဲ့တာသက်သက်ပဲ။

မိန်းမပဟောင်းနဲ့ကွဲလို့ တစ်နှစ်ကျော် နှစ်နှစ်နေခါမှ အရက်စွဲပြီး လူပိုလိုဖြစ်နေတဲ့သူက တစ်ခါ သူ့ သားကလေး တွေ့ချင်ရဲ့၊ သူ့ သမီးကလေး ကို ပွေ့ဖက်ချင်လှချည်ရဲ့၊ သူမှားခဲ့တာတွေ မသွယ်ကို တောင်းပန်ချင်လှချည်ရဲ့ လို့ တစ်လမ်းထွင်ပြန်ပါလေရော။ ဒီကောင်လုပ်တာတွေဟာ တစ်ခုမှ အဓိပ္ပာယ်မရှိတော့ဘူး။ နောက်ပိုင်းမှာ ကျွန်တော်ပြန်ကြားရသလောက် ဒီကောင်ရဲ့ အဆိုးရွားဆုံး၊ ကျက်သရေအမဲ့ဆုံးနဲ့ အဓိပ္ပာယ်မရှိဆုံး လုပ်ရပ်က တော့ သူ့မိန်းမ မိဖြူဆီက ပိုက်ဆံတောင်းပြီး မသွယ်ကိုပေးဖို့ ရွှေနားကပ် တစ်ရံ ဝယ်တာပဲ။ မသွယ်ကို ပြန်ချဉ်းကပ်ဖို့တောင် လုပ်နေပုံရတယ်။ မသွယ်က ဘယ်ယူလိမ့်မလဲဗျာ။ မယူရုံတင်မဟုတ် အတွေ့တောင် မခံခဲ့ပါ ဘူး။ မိဖြူ တစ်ယောက်ပဲ ရင်နာဖို့ဖြစ်ရတာပေါ့။ ဘယ်သူမှ အကျိုးမရှိတဲ့ လုပ်ရပ်၊ တော်တော်ရူးနှမ်းတဲ့ လုပ်ရပ်မျိုးပါ။

ကလေးနှစ်ယောက်ကို တွေ့ချင်ပြန်တယ်ဆိုတော့လည်း မသွယ်က ကလေးတွေကို သူတို့အဖေပဲဆိုပေမယ့် အရက်သမား ငမူးနဲ့တော့ ဘယ်အတွေ့ခံလိမ့်မလဲ။ မသွယ် မှားတယ်မဆိုနိုင်ပါဘူး။ ခိုင်မြဲ အဲဒီလို ထိုးဇာတ်တွေ ခင်းလေလေ ကြားက အချောင်ဆားညပ်ခဲ့တဲ့ နောက်မိန်းမ မိဖြူခမျာလည်း မျက်ရည်နဲ့ မျက်ခွက်ဖြစ်လေ၊ ခိုင်မြဲဆိုတဲ့ကောင်ဟာလည်း အချိန်ပြည့်မူးနေဖို့ လိုအပ်လာလေလေ ဖြစ်လာခဲ့တာပဲ။

သူတို့လင်မယား ကွဲခါစမှာ ခိုင်မြဲကို ကျွန်တော် စကားမပြောတော့ ဘူးဆိုပေမယ့် နောက်ပိုင်း ကျွန်တော့်မြို့ကို တစ်ခါတလေ ပြန်ရောက်တိုင်း ခိုင်မြဲအိမ် ကျွန်တော်သွားတယ်။ သူ့အိမ်ကလည်း လမ်းထိပ်တင်ပဲလေ။ ကျွန်တော်ရောက်သွားတိုင်း နေ့လယ်ဘက်ဆိုတော့ ဈေးရောင်းထွက်နေတဲ့ သူ့မိန်းမ မိဖြူနဲ့တော့ တစ်ခါမှ မဆုံခဲ့ဖူးဘူး။ အဲဒါလည်း ကျွန်တော့်အတွက် ကောင်းပါတယ်။

သူ့မိန်းမအဟောင်း မသွယ်ကို မျက်နှာပူရသလိုမျိုးပဲ။ သူ့မိန်းမ မိဖြူကို ဘယ်လိုမျက်နှာနဲ့ နှုတ်ဆက်ရမယ် ကျွန်တော်မသိဘူး။

ဒီကောင်နဲ့တွေ့ရတိုင်း ဘယ်လိုပဲဖျောင်းဖျဖျ ပုံပြောင်းမလာတဲ့အပြင် အရက်နွံထဲက ရုန်းမထွက်နိုင်မှန်း ကျွန်တော်သိလာလို့ မသွားချင်တော့ ရင်တောင် မရဘူး။ ကျွန်တော်ရောက်နေမှန်းသိရင် အခေါ်လွှတ်တယ်။ သူ့အမေ အန်တီနွယ်က

"ခိုင်မြဲက နင့်ကိုတွေ့ချင်လို့ လာခဲ့ပါဦးပြောနေတယ်" လို့ လာလာပြောတယ်။ အန်တီနွယ် အဲဒီလို လာပြောတဲ့အချိန်တွေမှာ ခိုင်မြဲဟာ အိပ်ရာပေါ်မှာ အများစု အချိန်ကုန်နေရပြီ။ နှစ်ဖာလုံသာသာလောက်မှာရှိတဲ့ အရက်ဆိုင်ကို နာရီဝက်လောက်ကြာအောင် တုတ်ကောက်နဲ့ သွားနေရပြီ။

သူ အဲဒီလို တုတ်ကောက်ကိုအားပြုလို့ တစ်လှမ်းချင်းရွှေ့ရင်း အရက်ဆိုင်သွားနေတာကို သူ မမြင်အောင် နောက်ကနေ ချောင်းကြည့်နေခဲ့ ဖူးတယ်။ တော်တော်ကြေကွဲရတယ်ဗျာ။ ကျွန်တော် မခံစားနိုင်ဘူး။ ကျွန်တော် တို့ နှစ်ယောက်အတူ ဖြတ်သန်းခဲ့တဲ့ ပျော်ရွှင်ခဲ့ရတဲ့ နေ့ရက်တွေကို သူ ပင်ပန်းတကြီး သွားနေတာကိုကြည့်ရင်း မြင်ယောင်လာတယ်။ သူ့ကိုကြည့်ပြီး ပင်ပန်းလိုက်ရတာ။ နွေနေပူမှာ ခရုတစ်ကောင်လို တရွေ့ရွေ့သွားနေတဲ့ ခိုင်မြဲ။ ကျွန်တော်ရဲ့ အချစ်ဆုံးသူငယ်ချင်း ခိုင်မြဲဟာ ပြန်လမ်းမဲ့နေခဲ့ပြီ။ အသွားလမ်းကလည်း ဆုံးနေခဲ့ပြီပေါ့။

အဲဒီအခြေအနေလောက် မဆိုးသေးခင် အချိန်တွေတုန်းကတော့ ကျွန်တော်ရောက်သွားတိုင်း ဒီကောင့်ကို အားပေးတယ်။ နှစ်သိမ့်ကြည့်တယ်။ စိတ်အားတက်ကြွစေမယ့် စကားတွေပြောတယ်။

"ခိုင်မြဲရာ လျှော့သောက်ပါ။ တတ်နိုင်ရင် ဖြတ်လိုက်ကွာ၊ မသွယ် က မင်းနဲ့ မဆိုင်တော့ဘူးဆိုပေမယ့် ကလေးတွေအတွက်က မင်းက အဖေပဲ လေ။ မင့်သားလေးသမီးလေးတွေက ကြီးပြင်းလာကြဦးမှာ။ အလုပ်ပြန်လုပ် နိုင်အောင် ကြိုးစားကွာ။ ပိုက်ဆံစုကွာ။ ကျောင်းစရိတ်ပဲဖြစ်ဖြစ် ထောက်ပံ့ ကွာ။ မင်းယူထားတဲ့ မိန်းမအပေါ်လည်း မင်း တာဝန်မကျေသေးဘူး။ မင်းမှာ လုပ်စရာတွေ အများကြီးရှိတယ်။ အရက်နဲ့တော့ ဘဝကို မနစ်မွန်းပါ စေနဲ့ကွာ ငါတောင်းပန်ပါတယ်။ ဖိုးသက် ဘယ်လိုသေခဲ့ရလဲ မင်းလည်း သိသားနဲ့"

အဲဒီလိုတွေ ကျွန်တော်ပြောတဲ့ အချိန်တိုင်း ခိုင်မြဲဟာ မျက်ရည်တွေနဲ့ နားထောင်တယ်။

“အေးကွာ သူငယ်ချင်းရာ ငါကြိုးစားပါ့မယ်” လို့ မျက်ရည်တွေနဲ့ ပြောတယ်။ ပြီးတော့ မျက်ရည်တွေနဲ့ပဲ “သူငယ်ချင်းရေ . .. ကျော်ဇောရေ မင်းကို ငါချစ်တယ်ကွာ၊ လက်ဖက်ရည်ဖိုး ပေးခဲ့ဦး” လို့ပြောပြီး အရက်ဖိုး တောင်းတာပါပဲ။ ကျွန်တော် သိနေခဲ့တယ်။ တုတ်ကောက်တစ်ချောင်းနဲ့ အရက်ဆိုင်ကို သွားနေရစဉ်အချိန်ကတည်းက ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ခိုင်မြဲဟာ လူ့လောကမှာ နေရဖို့ သိပ်မကျန်တော့ဘူးလို့ သိနေခဲ့တယ်။ အဲဒီကနောက်တော့အရက်ဆိုင်တောင် မသွားနိုင်တော့လို့ အိပ်ရာပေါ်တင် ပါးစပ်ထဲ အရက်လောင်းထည့်ပေးရတဲ့ဘဝ ရောက်သွားတော့တာပါပဲ။

အခန်း(၃)

နိဂုံးရဲ့နိဂုံး

မီးသဂြိုလ်စက်ခေါင်းတိုင်က ထွက်နေတဲ့ ခိုင်မြဲ ရဲ့ မီးခိုးတွေကို ကားပေါ်ကနေ လည်ပြန်ငေးကြည့်ရင်း ကိုဝင်းသိန်း၊ ဖိုးသက်တို့ရဲ့ မီးခိုးတွေကိုလည်း ကျွန်တော် သတိရနေမိတယ်။ အဲဒီခေါင်းတိုင်နောက်က တောင်ကတုံး လေးမှာ သူတို့ရဲ့ မီးခိုးကနေ စွဲခဲ့တဲ့ မီးခိုးမှိုင်းတွေ၊ ကျပ်ခိုး တွေလည်း ရှိနေမှာ။ ဖိုးသက် မရှိတော့ဘူး။ ခိုင်မြဲလည်း ထွက်ခွာသွားခဲ့ပြီ။ ကျွန်တော့် ဟိုတုန်းကနေ့ရက်များ ရှိခဲ့ခြင်းကို သက်သေထူဖို့ ဇော်ပိုင်တစ်ယောက်တော့ ရှိသေးတယ်လို့ ကျွန်တော် တွေးနေမိတယ်။ ဇော်ပိုင် တစ်ယောက်တော့ မသေလောက်သေးဘူးလို့ မဝံ့မရဲ မျှော်လင့်မိပါရဲ့။

ဒါပေမဲ့ ဇော်ပိုင့်ကိုလည်း ကျွန်တော် မမျှော်လင့် ရဲတော့ဘူး။ သူ့အဖေ သေပြီးတဲ့နောက် စိတ်ဓာတ် ပျက်ယွင်းသလိုဖြစ်သွားခဲ့တဲ့ ဇော်ပိုင်ဟာလည်း သူ့အစ်ကို နဲ့ အပြိုင်သောက်နေနိုင်ခဲ့ပြီ။

ကွမ်းယာဆိုင်ကလေးလည်း မဖွင့်နိုင်ကြတော့ဘူး။ ခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းတောင် ကျွန်တော် မသိတော့ဘူး။

ခိုင်မြဲအသုဘပို့ရာက အပြန်လမ်းမှာ ဇော်ပိုင် ဘယ်တွေများရောက်လို့ ဘာတွေလုပ်နေမှာပါလိမ့်လို့ ကျွန်တော် တွေးနေမိတယ်။ အမေ့အိမ် ပြန်ရောက် တော့ အိမ်အောက်က ခုတင်မှာ လှဲရင်း နဖူးပေါ်လက်တင်လို့ အရင်တုန်းက နေ့တွေကို လွမ်းဆွေးအောက်မေ့နေမိတယ်။ ညနေ ကျောင်းဆင်းချိန် ရောက်တော့ အမေ့အိမ်ဆိုင်ကလေးထဲ ကလေးတွေ အော်ဟစ်လို့ ဝင်လာကြ တယ်။ အမေကတော့ ဟိုးအရင်တုန်းကလိုပဲ ကလေးတွေနဲ့ ရန်ဖြစ်နေရဆဲပဲ။ ဒီနှစ်ပိုင်းအတွင်း ကျွန်တော်တို့ လမ်းကလေးလည်း နည်းနည်းဖွံ့ဖြိုးလာပြီး နည်းနည်းငြိမ်သက်သွားတယ်လို့ ပြောရမယ်။ ပျံကျဈေးသည်၊ ကျပန်း အလုပ်သမား စသဖြင့်သော အိမ်ငှားတွေ နည်းသွားတယ်။ မူလပိုင်ရှင်တွေက မြေတွေ ရောင်းပစ်လိုက်လို့ အိမ်ရှင်အသစ်တွေ ရောက်လာကြတယ်။ သူတို့က အိမ်တွေဆောက် ကိုယ်တိုင်နေကြတော့ အငှားသမားတွေ နည်းကုန်ကြတာ ပေါ့။

ညနေငါးနာရီလောက်ကျတော့ ကျွန်တော့်အစ်ကိုနဲ့ သူ့မိန်းမဟာ သူ့သားလေးကို မူကြိုကနေကြိုပြီး ပြန်လာတယ်။

ဦးဦး ရမုန့်ကား ဝယ်ပေး” လို့အော်ပြီး ကျွန်တော့်ဆီ ပြေးလာတဲ့ ကျွန်တော့်တူလေးကို ချီလိုက်ရင်း ဒီနှစ်ပိုင်းအတွင်းတွေမှာ အချိန်တွေဟာ မြန်လှပါလားလို့ ပိုပြီး သတိထားမိလာတယ်။ ကျွန်တော့်အစ်ကို မိန်းမ ရတယ်။ သူ့သားလေးတောင် မူကြိုတက်တဲ့အရွယ် ရှိပြီ။ မိန်းမရတဲ့နောက် ခြံအလုပ်ကနေ ထွက်လိုက်ပြီး အလုပ်စုံအောင် လျှောက်လုပ်ရင်း ရုန်းကန်ခဲ့ရ သေးတယ်။ ခုတော့ သုံးဘီးဆိုင်ကယ်ကြီးတစ်စီးနဲ့ ရွှေလျားကွမ်းယာဆိုင်ကို ဘူတာရှေ့မှာ ညလုံးပေါက် ဖွင့်ရောင်းတယ်။ မနက်ခင်း အိပ်တယ်။ ရွှေလျား ကွမ်းယာဆိုင်ကလေးဆိုပေမယ့် သူ့ဆိုင်မှာ ဖုန်းဘေလ်အစုံရတယ်။ ရေသန့်၊ အအေး ရတယ်။ အခြား တောက်တိုမယ်ရတွေပါ ရနိုင်သေးတယ်။ သူ့မိန်းမ က ကျွန်တော်တို့ လမ်းထိပ်ထွက်ပြီး နေ့လယ်ခင်းတစ်ပိုင်း ထမင်းဆိုင် ဖွင့်တယ်။ သူတို့ အဆင်ပြေနေကြပါတယ်။ အမေကတော့ အကြော်ဆိုင်ကိုနားလိုက်ပြီး အိမ်ဆိုင် တစ်ခါပြန်ဖွင့်တယ်။ ရောင်းကုန်ကို စုံစေ့အောင် တင်နိုင်တာရော၊ ဟိုအရင်တုန်းကလို အကြွေးသိပ်မကျတော့တာရောကြောင့် ဆိုင်က အလုပ်ဖြစ်လာတယ်။ အမြတ်ကြီးမဟုတ်ပေမယ့်လည်း ရောင်းရငွေထဲ ကနေ အိမ်အသုံးစရိတ်အဝဝကို ကောင်းကောင်းယူသုံးနိုင်တဲ့ အခြေအနေပေါ့။

"ဇော်ပိုင့်ကို မင်းသိတယ်မို့လား” လို့ ကျွန်တော့်အစ်ကိုကို မေးကြည့်တယ်။

“အရင်တုန်းက ကျောင်းထောင့်မှာ ကွမ်းယာဆိုင်ဖွင့်တဲ့ မင်းသူငယ်ချင်း ကို ပြောတာမို့လား” လို့ သူက ပြန်မေးတယ်။

“ဟုတ်တယ်လေ... အဲဒီကောင် မင်း မြို့ထဲတွေ့မိသေးလား” ““မတွေ့မိပါဘူးကွာ ဘာဖြစ်လို့လဲ”

“ဘာမှမဟုတ်ပါဘူးကွာ၊ ငါလည်း မတွေ့ရတာကြာလို့ သတိရလို့"

ခိုင်မြဲအသုဘပို့ဖို့ အလုပ်ကနေ တစ်ပတ်ခွင့်ယူပြီး ကျွန်တော် ပြန်လာ ခဲ့တာ။ ဒုတိယကွန်ပျူတာဆိုင်မှာ ခြောက်နှစ်ကျော်ကြာ ကျွန်တော် လုပ်ခဲ့ တယ်။ ကျွမ်းကျင်တဲ့ ကွန်ပျူတာစာစီစာရိုက်သမား ဖြစ်လာတယ်။ ဆိုင်မှာ စာလာရိုက်နေကျ အင်ဂျင်နီယာတစ်ယောက်နဲ့ ကျွန်တော် ရင်းနှီးသွားတယ်။ သူ့အလုပ်အတွက်ခေါ်လို့ ကွန်ပျူတာဆိုင်အလုပ်ကနေ ကျွန်တော် ထွက်လိုက်တယ်။ အဲဒီကနေ နောက်နှစ်များမှာ အင်ဂျင်နီယာတာဝန်ကျရာ မြို့တွေ၊ နယ်တွေနောက်လိုက်ပြီး အလုပ်လုပ်နေရတယ်။ လုပ်ငန်းခွင်ရောက်တော့ အလုပ်သမားခေါင်း၊ ရုံးစတက်ပိုင်းကျတော့ စာစီစာရိုက်သမားပေါ့။ မြို့နဲ့ လည်း ထင်မထားအောင် အဆက်ပြတ်၊ ဝေးသွားခဲ့တယ်။ တစ်နှစ်မှ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲ ပြန်ဖြစ်တယ်။ တချို့နှစ်တွေမှာ မပြန်ဖြစ်ဘူး။

နောက်နှစ်တွေမှာ လက်ရှိလုပ်နေတဲ့မြို့ကနေ အခြားမြို့တစ်မြို့ကို ပြောင်းရလိမ့်ဦးမယ်။ အဲဒီမြို့က ကျွန်တော့် မြို့လေးနဲ့ ပိုပိုပြီး ဝေးသွားမှာ။ တော်တော်နဲ့ ပြန်ဖြစ်ဖို့မလွယ်တော့ဘူး။ ဒီတော့ ကျန်တဲ့ရက်တွေမှာ ကျွန်တော် ဇော်ပိုင့်ကို ရှာတယ်။ အရင်တုန်းက ဇော်ပိုင်အိမ်ကို ကျွန်တော်သွားတယ်။

သူတို့အိမ်နေရာမှာ တိုက်အိမ်ကလေး ဖြစ်နေပြီ။ သူတို့ရောင်းပစ်ခဲ့တာ ကြာလှပြီတဲ့။ ကျောင်းထောင့်က သူတို့ကွမ်းယာဆိုင်ကလေးနေရာမှာ စတိုးဆိုင် တစ်ဆိုင် ဖွင့်ထားလို့ ဆိုင်ရှင်ကို မေးကြည့်တယ်။

"အိမ်လည်းရောင်း၊ ဆိုင်နေရာလည်းရောင်းပြီး သူတို့ ပြောင်းသွား ကြတာ ကြာပြီညီလေးရ၊ စက်မှုဇုန်ဘက်ကို ပြောင်းတယ်ဆိုလား၊ ရွာပဲ ပြောင်းကြတယ်ဆိုလားပဲ အစ်ကိုလည်း သေချာမသိဘူး" တဲ့။ ဆိုင်ရှင်က ဝေဝေဝါးဝါး ပြောတယ်။ အရက်သိပ်မသောက်ဖြစ်ပေမယ့် သောက်ရင်တောင် ဘီအီးတော့ မသောက်တော့ဘူးလို့ ရွေးချယ်ခွင့်ကလေးရနေပြီဖြစ်တဲ့ ကျွန်တော် ဟာ ညနေခင်း မှောင်စပျိုးချိန် ဒေါ်မုန်းဆိုင် ရောက်သွားခဲ့တယ်။ ဒေါ်မုန်းက တော့ ရှိနေဆဲပဲ။ ဇော်ပိုင်များ ရှိနေမလားလို့ ဆိုင်ထဲဝင်ပြီး ဝိုင်းတွေ လိုက်ကြည့်တယ်။ မတွေ့တာနဲ့ ကျွန်တော်လည်း ပြန်ထွက်ခဲ့တယ်။

"ဟိုကလေးဝိုင်းရှိတယ်လေ၊ လာပါ... ဘာလို့လဲ ထိုင်ပါ၊ ဒီနေ့ တောကြောင်သား ရှိတယ်" လို့ ဒေါ်မုန်းက ကျွန်တော့်ကို လှမ်းခေါ် တယ်။ ဒီတော့မှ ဒေါ်မုန်းကိုမေးလည်း ရနိုင်တာပဲလို့ တွေးမိလို့ မေးကြည့် တယ်။ ဆိုင်လာသမျှလူတွေကို ဒေါ်မုန်းက မှတ်မိပုံရတယ်။ ဇော်ပိုင့်ကို သူ သိတယ်။ ဒါပေမဲ့

အဲဒီကလေး မလာတာဖြင့် ကြာလှပြီ။ လေး ငါးနှစ်တောင် မကတော့ဘူးလို့ ပြောတယ်။ အဲဒီလောက်ကြာအောင် မှတ်မိနေ တာကိုက ချီးကျူးစရာ။ ဒါပေမဲ့ သူ ကျွန်တော့်ကိုတော့ မှတ်မိပုံမရပါဘူး။

တစ်ပတ်လုံးလုံး မြို့ထဲကို ဆိုင်ကယ်တစီးနဲ့ပတ်ရင်း ဇော်ပိုင့်ကို ကျွန်တော်ရှာတယ်။ သိမယ်ထင်လောက်တဲ့လူကို မေးစမ်းကြည့်တယ်။ အရက်ဖြူ ဆိုင်ကလေးတွေ တွေ့ရင် ဆိုင်ကယ်ခဏရပ်ပြီး အတွင်းထဲကို လှမ်းငေးကြည့်တယ်။ တစ်မြို့လုံး အတော်ကလေးနှံ့အောင် ရောက်ပေမယ့် ဘယ်မှာမှ ရှာမတွေ့ဘူး။ နောက်ဆုံးတော့ တော်ပါပြီ။ အချိန်တွေ ရှိပါသေး တယ်။ နောက်တစ်ခါ အိမ်ပြန်ရောက်တော့ နောက်တစ်ခေါက် ရှာသေးတာ ပေါ့။ မသေသေးရင် တွေ့မှာပါ။ ကျွန်တော်တို့မြို့က ကျဉ်းကျဉ်းလေးပဲလို့ မှတ်ယူလိုက်တယ်။

နောက်တစ်နေ့မှာ မြို့ဝင်ကားဂိတ်ကနေ လက်မှတ်ဖြတ်လို့ အံ့စာတုံး မှန်လုံကားလေးနဲ့ ကျွန်တော်ပြန်တယ်။ ကားလမ်းကို ဟိုဘက်ဒီဘက် လွန်းထိုးဖြတ်နေတဲ့ လူတွေ၊ ဆိုင်ကယ်တွေကို မှေးစောင့်ရင်း ကားက မြို့ထဲကနေ ဖြည်းဖြည်းချင်း ဖြတ်သန်းသွားနေရတယ်။ မြို့ထွက်နား ရောက်ခါ ကားလမ်းဟာ ရှင်းလာလေလေ ကားက ပိုမြန်လာလေလေ ဖြစ်လာ တယ်။ ကျွန်တော့်စိတ်ထဲမှာလည်း ကြီးစွာသော လစ်ဟာမှုတစ်ခုခုကို ခံစားနေရတယ်။ အတိတ်ဟောင်းကို လွမ်းတဲ့စိတ်တွေပါပဲ။ နီးလေ

မြို့ထွက်ဂိတ်ကိုရောက်တော့ လူတစ်ယောက် ကားရှေ့ကနေ ဖြတ်ကူးလို့ အရှိန်ရနေစ ကားက သိသိသာသာ ပြန်နှေးသွားတယ်။ ကတုံးနဲ့ စွပ်ကျယ်နဲ့ ပုဆိုးတိုတိုနဲ့ လူတစ်ယောက်။ ပိန်ငေါငေါ၊ မေးချွန်ချွန်နဲ့ မှုန်ကုပ်ကုပ်။ အဲဒီလူဟာ “ကားကို မြို့ထဲ အရှိန်နဲ့ မောင်းရပါ့မလား” ဆိုတဲ့ မျက်နှာပေးနဲ့ ကားသမားကို ဘုကြည့် လှမ်းကြည့်တယ်။ ကားသမား က ခေါင်းထွက်ပြီး လှမ်းဆဲတယ်။

.. “ယီးလိုလျှောက်နေတာလား ငါရိုးမ..အရက်သမား”

“ငပိုင်”

ကျွန်တော့် ပါးစပ်က ထွက်သွားတယ်။ ကားထဲကနေ ကျွန်တော်

နောက်ပြန်လှည့်ကြည့်တယ်။ ဟုတ်တယ်… အဲဒါ ကျွန်တော့်သူငယ်ချင်း ဇော်ပိုင်ပဲ။ တွေ့မယ့်တွေ့တော့ ကားပေါ်ရောက်မှပဲ တွေ့တော့တယ်။ ဇော်ပိုင် က လမ်းပေါ်ကနေ ကားသမားကို လှမ်းဆဲနေသေးတာကို မြင်နေရတယ်။ ကားသမားကို ကျွန်တော် ရပ်ခိုင်းတယ်။

“ဟေ့လူ ရပ်၊ ရပ်ပါဦးဗျ”

ကားသမားဟာ လမ်းပေါ်က အရက်သမားကို သူက ဦးအောင် ဆဲခဲ့ပြီးတော့မှ အရက်သမားက ရပ်ပြီး ပြန်လှမ်းဆဲနေတော့ ရန်လုပ်ခံရမှာ ကြောက်တယ်နဲ့တူပါတယ်။ တွန်းမောင်းနေတယ်။ ကျွန်တော် စိတ်တိုတိုနဲ့ ထပ်အော်တယ်။

"ဟေ့လူ… ရပ်ဦးဗျလို့ ပြောနေတာ”

ကားသမားက ရပ်တယ်။ မှန်ထဲကနေ လှမ်းကြည့်ပြီး

“ဘာလုပ်မလို့လဲဗျ” လို့ မေးတယ်။ "နေဦးဗျ ခဏဆင်းဦးမယ်။ ကျွန်တော့်သူငယ်ချင်း တွေ့လိုက်လို့

ကားသမားက သိပ်မကြည်တဲ့ပုံနဲ့ ကားထဲက ထွက်တယ်။ ကားတစ်ဖက်ကို လာပြီး လျှော့တံခါးကို တွန်းဖွင့်ပေးတယ်။ ကျွန်တော်လည်း ဆင်းတယ်။ တော်တော်တောင် ဝေးသွားပြီ။ ဒါပေမဲ့ လှည့်ထွက်သွားပြီဖြစ်တဲ့ ဇော်ပိုင့်နောက်ကျောကိုတော့ လှမ်းမြင်နေရတုန်း။

“နေပါဦး ခဏလေးစောင့်ပါဗျာ ခဏကလေးပဲ၊ မတွေ့တာကြာတဲ့ သူငယ်ချင်း လှမ်းတွေ့လိုက်လို့”

““ဟာ အဲ့လိုတော့ စောင့်လို့မရဘူးလေဗျာ၊ ဒီမှာ ခရီးသည်တွေ လည်း ပါနေတာ”

"အဲဒါဆိုလည်း မစောင့်နဲ့တော့ဗျာ၊ စိတ်မရှိပါနဲ့ .. ကျွန်တော် လိုက်လို့မဖြစ်တော့ဘူး"

ကျွန်တော်လည်း ကားပေါ်က ကျောပိုးအိတ်ကိုပါ လှမ်းယူလိုက် တယ်။ ဇော်ပိုင့်ကို လှမ်းကြည့်တယ်။ မြင်နေရတုန်းပဲ။ မိန်းလမ်းမကြီးကနေ လမ်းသွယ်လေးထိပ်တစ်ခုကိုရောက်နေပြီ။ ချိုးတော့မယ်။

"ကားခတော့ ပေးခဲ့ဦးလေဗျာ"

"ဟာ ခင်ဗျားကလဲဗျာ မြို့ဝင်ကမှစီးလာတာ မြို့ထွက်မှာဆင်းတာ ကားခပေးရဦးမှာလား" လို့ ကျွန်တော်ပြောတယ်။ ပြောနေရင်း ဇော်ပိုင့်ကို လှမ်းကြည့်တော့ လမ်းသွယ်ထဲ ချိုးကွေ့ဝင်သွားတာတွေ့လိုက်ရလို့ အရစ် ရှည်မနေချင်တော့လို့ ပိုက်ဆံအိတ်ထုတ်ပြီး ပိုက်ဆံတစ်ထောင် ပေးလိုက်တယ်။

"တစ်ထောင်တည်း မရဘူးလေ၊ လေးထောင် ပေးရမှာ" "ဟေ့လူ ဂိတ်စကနေ ဂိတ်ဆုံးထိမှ လေးထောင်လေ၊ ခင်ဗျား လောဘကြီးလှချည်လား"

"မရဘူးလေဗျာ ခင်ဗျားက ဂိတ်ကနေ ခုံချန်ထားခိုင်းပြီး စီးတာ၊ ခင်ဗျားလိုက်မယ်ဆိုလို့ ကျွန်တော်တို့ ခုံမရောင်းတော့တာ။ အခု ခင်ဗျား ဆင်းတော့ အဲဒီနေရာ ခရီးသည်ရချင်မှရတော့မှာလေ"

ကားသမားက မချိုမချဉ်မျက်နှာနဲ့ ကျွန်တော့်ကို ရစ်နေတယ်။ သူပြောတာ နည်းလမ်းကျတယ်ဆိုပေမယ့် လေးထောင်ကြီးတော့ မတောင်း သင့်ဘူး။ အဲဒါကျတော့ အရမ်းများတယ်။ ကျွန်တော်လည်း အခုချိန်မှာ အချေအတင်လုပ်ပြီး ပြဿနာတက်နေလို့ မဖြစ်ဘူး။ ပြဿနာလည်း မတက် ချင်ဘူး။

"ဟေ့လူ ခင်ဗျား ခုမှစထွက်လာတာ၊ ဘယ်တုန်းကများ ခုံ လူမပြည့်ဘဲနဲ့ ခင်ဗျားတို့ အစအဆုံး မရပ်မနား မောင်းဖူးလို့လဲ။ ဒီလိုင်း ကျွန်တော်စီးနေကျဗျ။ ခင်ဗျားတို့ လူမပြည့်မချင်း စောင့်တင်နေတာပဲဟာ။ ကိုယ့်လူ ဒီမှာ ကျွန်တော်လည်း

ပြဿနာမတက်ချင်ဘူး၊ ကျွန်တော့်အမှားပဲထား။ ဒါပေမဲ့ လေးထောင်တော့ မပေးနိုင်ဘူး။ နှစ်ထောင် ယူလိုက်” ကားသမားလက်ထဲ ထောင်တန်နှစ်ရွက် ထိုးထည့်ခဲ့ပြီး ကျွန်တော် ထွက်လာခဲ့တယ်။ အပြေးတစ်ပိုင်းပဲ။ ကားသမားလှမ်းခေါ်နေမှာစိုးလို့ မဟုတ်ဘူး။ လမ်းသွယ်ထဲကို ဇော်ပိုင် ချိုးကွေ့သွားတာ ကြာနေပြီမို့ မမီမှာ စိုးလို့ပဲ။ ဇော်ပိုင်ဝင်သွားတဲ့ လမ်းသွယ်ရောက်တော့ ကျွန်တော်လည်း လမ်းထဲ ဝင်လိုက်တယ်။ လမ်းသွယ်ဆိုပေမယ့် တော်တော်ရှည်တယ်။ လမ်းသွယ်ကို ကန့်လန့်ဖြတ်ထားတဲ့ နောက်ထပ် လမ်းသွယ်လေးတွေကလည်း အများကြီး။ ကိုယ့်မြို့ပဲ ဆိုပေမယ့် ဒီဘက်တွေကို ကောင်းကောင်းမရောက်ဖူးလို့ လမ်း မကျွမ်းဘူး။ ဇော်ပိုင့်ကိုလည်း မမြင်တော့ဘူး။ အလယ်မှာ မြောင်း ခပ်သေးသေးကို ဖြတ်ဆောက်ထားတဲ့ တံတားတစ်ခုတွေ့တယ်။ တံတားကို ဖြတ် ဟိုကြည့် ဒီကြည့် လုပ်ရင်း ဆက်သွားတယ်။

လမ်းသွယ်ရဲ့အဆုံးကိုရောက်တော့ လမ်းမကြီးတစ်ခုပေါ်ကို ရောက်သွားပြန်တယ်။ ဒီလမ်းကိုတော့ ကျွန်တော် မှတ်မိလိုက်တယ်။ ဒါ အရင်တုန်းက ကျွန်တော် ဖြတ်သန်းသွားနေကျ စက်ရုံတွေဆီသွားတဲ့ လမ်းမ ကြီးပဲ။ ဇော်ပိုင်ကိုတော့ လုံးဝမတွေ့ရတော့ဘူး။ သွားပြီ။ ဒီကောင် ဘယ်နေမှန်းမသိလို့ ဘယ်ရှာရမှန်းလည်း မသိဘူး။ လမ်းသွယ်လေးရဲ့ လမ်းသွယ်လေး တွေထဲပဲ ဝင်သွားလေသလားမသိ။ စက်မှုဇုန်ကိုသွားတဲ့ ထော်လာဂျီဂိတ်ကို သွားကြည့်တယ်။ မတွေ့ဘူး။ ကျွန်တော် တော်တော်စိတ်ဓာတ်ကျသွားတယ်။ အရစ်ရှည်နေတဲ့ ကားသမားကိုတောင် ဆဲလိုက်မိတယ်။ ခွေးသူတောင်းစား အချောင်သမား သူ့ကြောင့် ဇော်ပိုင့်ကို ကျွန်တော် မမီလိုက်တာ။

လာလမ်းအတိုင်း ကျွန်တော် ပြန်လှည့်တယ်။ လမ်းသွယ်ကလေး တွေတွေ့တိုင်း လမ်းအဆုံးကို လှမ်းလှမ်းကြည့်သေးတယ်။ မတွေ့တော့ပါဘူး။ မိန်းလမ်းမကြီးပေါ် ကျွန်တော် ပြန်ရောက်လာတယ်။ ကားတစ်စီးစီး တားစီးပြီး ပြန်ဖို့ပဲ ရှိတော့တယ်။ တစ်ပတ်လုံးရှာနေတုန်းကမတွေ့ဘဲ ကားပေါ်ကျမှ လာတွေ့ရတော့သလား ဇော်ပိုင်ရာလို့ မချိတင်ကဲ ဖြစ်မိတယ်။ ဒီကောင် ဘာတွေလုပ်နေပါလိမ့်။ ကားပေါ်ကနေ ကြည့်လိုက်တုန်းက လှမ်းမြင်ရ သလောက် မျက်နှာပုံစံ၊ ကိုယ်ခန္ဓာ အနေအထားအရတော့ ဒီကောင်လည်း အရက်သမားဖြစ်နေပြီနဲ့တူတယ်။

ငါ့သူငယ်ချင်းတွေ ဘာဖြစ်လို့ ဒီထဲမှာပဲ ဝဲလှည့်ရင်း နစ်မွန်းနေကြ ရတာလဲလို့ နာကျင်စွာ တွေးမိတယ်။

ပူပြင်းတဲ့ နေရောင်အောက်တည့်တည့် ကားတွေ တဝူးဝူး ဖြတ်မောင်းနေတဲ့ မိန်းလမ်းမကြီးနံဘေး ကျောပိုးအိတ်တစ်လုံးလွယ်လို့ ကျွန်တော် မတ်တတ်ရပ်နေတယ်။ ဇော်ပိုင့်ကို ရှာမတွေ့တော့ဘူး။ ဖိုးသက် မရှိတော့ဘူး။ ခိုင်မြဲ မရှိတော့ဘူး။

လင်းခါး

စာပြီးရက် ၂၄-၁-၂၀၁၉

Whisper Of Words